# ဗုဒ္ဓဝါဒနှင့်ဗုဒ္ဓတရား

ရှင်ရာဟုလာ

ဓမ္မဒါန

၁၀၁၂၄

ရှင်ရာဟုလာ

# ဗုဒ္ဓဝါဒနှင့်ဗုဒ္ဓတရား

| | |
|---|---|
| ရေးသူ | ရှင်ရာဟုလာ |

ဓမ္မဒါန

| | |
|---|---|
| အုပ်ရေ | ၂၀၀၀ |
| အကြိမ် | ပထမအကြိမ် |
| ခုနှစ် | ၁၉၇၇-ဩဂုတ်လ |
| အဖုံးပန်းချီ | ဦးမြင့်မောင် |
| အဖုံးရိုက် | ကာလာမောင်ဝင်း |

ဘာသာရေးဆိုင်ရာ ခွင့်ပြုချက်အမှတ် ( ၉ဂ၁ဂ )

ကင်းလွတ်ခွင့်အမှတ် .... .... ( ၀၃၉၁၃ )

စာအုပ်အမည် .... ဗုဒ္ဓဝါဒနှင့် ဗုဒ္ဓတရား

ထုတ်ဝေသူ။ ။ဦးဝရာလင်္ကာရ (ဓမ္မာစရိယ–ရှင်ရာဟုလာ)
အောင်ရာမြေကျောင်းတိုက်၊ ကျိုက္ကဆံအရှေ့ပိုင်း၊
ဆ ၇/ခ ရပ်ကွက်၊ သင်္ကန်းကျွန်း၊ ရန်ကုန်မြို့။

ပုံနှိပ်သူ။ ။ဦးခင်ဝင်း (မြ–၀၁၄၁၅) သူရိန်ပုံနှိပ်တိုက်၊
အမှတ်-၁၃၊ ဝတ်ကျောင်းလမ်း၊ ရေကျော်၊ ရန်ကုန်မြို့။

# သတိရပါသည်

ဘုရားရှင်၏ ဂုဏ်တော်၊ တရားတော်၏ဂုဏ်တော်၊ သံဃာတော်များ၏ ဂုဏ်တော်တို့အား လည်းကောင်း၊ အသက်ထင်ရှား ရှိကြကုန်သော မိဘနှစ်ပါးဖြစ်ကြသည့် ဦးမောင်အေး ဒေါ်အေးခိုင်တို့အား လည်းကောင်း၊ စာပေဗီဇကို ပြုစုပျိုးထောင်ပေးသော မန္တလေးမှ လူထုဦးလှအားလည်းကောင်း၊ အဆက်မပြတ် စာရေးဖြစ်အောင် လမ်းခင်းပေးသော ဗုဒ္ဓဓမ္မလောက စာစောင်အား လည်းကောင်း၊ စာအုပ်လောကသို့ ခြေချမိအောင်ကူညီပေးသော ရန်ကုန်မှ ဝင်းမော်ဦး စာပေဖြန့်ချိရေး ဦးတင်မောင်အား လည်းကောင်း၊ စာမူများကို ကူးပေးလေ့ရှိသော အစ်မကြီး ဒေါ်ခင်ညွန့်အား လည်းကောင်း၊ စာပေပြုစု ရေးသားတိုင်း သတိရကြောင်း အခွင့်သင့်၍ ဤနေရာမှ ဖော်ပြအပ်ပါသည်။

ရှင်ရာဟုလာ

၂၀၊ ၇၊ ၇၇

# မာတိကာ


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၁။ | ဗုဒ္ဓဝါဒနှင့် သတ္တလောက | ၁၇ |
| ၂။ | ၃၁-ဘုံနှင့် ဗုဒ္ဓဝါဒ | ၂၅ |
| ၃။ | ရုပ် နာမ် သဘာဝနှင့် ဗုဒ္ဓအယူအဆ | ၃၉ |
| ၄။ | ဒိဋ္ဌိနှင့် အယူဝါဒ ပြဿနာများ | ၇၁ |
| ၅။ | ပဋိစ္စသမုပ္ပါဒ် | ၉၅ |
| ၆။ | ထေရဝါဒနှင့် သံသရာ | ၁၁၇ |
| ၇။ | ရုပ်သဘာဝ | ၁၄၁ |
| ၈။ | နိဗ္ဗာန် | ၁၈၁ |
| | (က) နိဗ္ဗာန်လော့လာချက် | ၁၈၂ |
| | (ခ) သမထကျင့်စဉ်များ | ၂၀၁ |
| | (ဂ) ဝိပဿနာကျင့်စဉ်များ | ၂၁၁ |
| | (ဃ) ပွားများခြင်း၊ နိဗ္ဗာန်ကို မြင်ခြင်း | ၂၂၉ |
| | (င) ရဟန္တာ | ၂၆၅ |
| ၉။ | မဟာယာနနိဗ္ဗာန် | ၂၇၅ |
| ၁၀။ | ကျမ်းကိုးစာရင်း | ၃၀၄ |

## " မိတ်ဆက် "

ဒုတိယ ကျမ်းစာအဖြစ် ဤစာအုပ်ကို ထုတ်ဝေပါသည်။ ဤစာအုပ်၌ အဓိကအားဖြင့် ဗုဒ္ဓ၏ သတ္တလောကအပေါ် သုံးသပ်ချက်ကို အဓိက ဦးတည်ဖော်ပြပါသည်။ ယင်းသို့ ဖော်ပြရာ၌ အကြောင်းအရာအားဖြင့် မူလရှိပြီးဝါဒများ၊ လူသားဝါဒများ၊ သံသရာနှင့် ၃၁-ဘုံ၊ ဗုဒ္ဓသည် ဗြဟ္မဏများက သတ္တဝါသည် သေပြီးနောက် ဖြစ်သေးသလား၊ မဖြစ်တော့ဘူးလား အမေးကို ဘာကြောင့် မဖြေခဲ့သည် စသည်များနှင့် သံသရာ ဆိုသည်မှာ အဘယ်နည်း၊ သံသရာမှ ထွက်မြောက်ရာ·နည်းလမ်းမှာ အဘယ်နည်း၊ နိဗ္ဗာန်၊ သမထ စသည်တို့ကိုပါ ထေရဝါဒ ပိဋကတ်နှင့် ထေရဝါဒ အဋ္ဌကထာ၊ ဋီကာကျမ်းမှ လေ့လာသုံးသပ်၍ တင်ပြပါသည်။

ယင်းသို့ တင်ပြရာ၌ အခက်အခဲ အမျိုးမျိုး ရှိသည့်အနက်၊ အကြီးမားဆုံးသော အခက်အခဲမှာ ပါဠိဘာသာကို မြန်မာသို့ ပြန်ဆိုရာ၌ အခက်အခဲရှိခြင်းနှင့် ရှေးက မြန်မာပြန်ဆိုထားသော စကားလုံး အဓိပ္ပာယ်များကို ယခုခေတ် သုတေသီများ၊ ဗုဒ္ဓ ဘာသာကို လေ့လာလိုသူများ၊ ဗုဒ္ဓဘာသာဝင်များ နားလည်ရန် ခက်ခဲခြင်းဟူ၍ နှစ်မျိုး တွေ့ရပါသည်။ တခြား စာအုပ် စာတမ်းများကို ဘာသာပြန်ဆိုခြင်းမှာ အနည်းငယ် အဓိပ္ပာယ် လွဲသွားသော်လည်း၊ မူလ ဆိုလိုရင်း အဓိပ္ပာယ်ကို မထိခိုက်လျှင် အပြစ်မရှိနိုင်သော်လည်း ဘာသာရေး ကျမ်းစာများကို ဘာသာ

ပြန်ဆိုရာ၌မူ၊ မူလ ကျမ်းရင်း၏ အဓိပ္ပာယ် ဆိုလိုချက်ကို လုံးဝ မထိခိုက်အောင် သတိပြု၍ ဘာသာပြန်ရခြင်းမှာ လွယ်ကူသည် မဟုတ်ပါ။

ယင်းသို့ မူရင်းကျအောင် ဘာသာပြန်ဆိုပါကလည်း ယခုခေတ်လူငယ်များ နားလည်ရန် ခဲယဉ်းနေတတ် ပြန်ပါသည်။ ယခုခေတ်လူငယ်များ ဗုဒ္ဓ၏ အဘိဓမ္မာ၊ ဒဿန အမြင်ကိုကျွန်ုပ်တို့ စာပြုသူများက သိရှိအောင် မပြုနိုင်ပါကလည်း စာပြုရကျိုးနပ်မည်မဟုတ်ပါ။ ယခုခေတ်လူငယ်များသည် ဘာမဆို စေ့စေ့စပ်စပ် နားလည်လိုကြသည်။ ယောင်ဝါးဝါး အဓိပ္ပာယ်မျိုးကို လက်မခံတတ်ပါ။ ကျွန်ုပ်တို့ ကြုံနေရာ၌ သတိပြုရမည့် အချက်တခုမှာ၊ ကျွန်ုပ်တို့ တင်ပြသော စာအုပ်စာတန်းများကို အပိုးကြီး အဖွါးကြီးများအတွက်သာ မဖြစ်စေဘဲ၊ လေ့လာလိုသူ၊ သိလိုသူ လူငယ်လူရွယ်များအတွက်ပါ ထည့်သွင်း စဉ်းစားမှု ပို၍ ပြည့်စုံမည်ဆိုသော အချက်ဖြစ်ပါသည်။ လူငယ် လူရွယ်များ နားလည်အောင် အရေးအသားကအစ၊ အဓိပ္ပာယ်အယူအဆပါ မူရင်း အဓိပ္ပာယ်ကို မပျောက်စေဘဲ ခေတ်နှင့်အညီ တင်ပြနိုင်မှသာ လူငယ်များ ဘတ်ချင်လာမည်၊ နားလည်လာမည် ဖြစ်ပါသည်။ "မိမိ ဗုဒ္ဓဘာသာအကြောင်း မိမိသိထားရမည်" ဟူ၍ နားလည်ကြသော်လည်း ကျမ်းစာအုပ်ကြီးများမှာ၊ လိုရင်းအဓိပ္ပာယ်ကို လေးနက်သော စာသားများဖြင့် ဖော်ပြထားသောကြောင့် လူငယ်များ မကိုင်ရဲအောင် ရှိနေကြပါသည်။

ထိုအခက်အခဲကို ကျော်လွှားနိုင်အောင် ကျွန်ုပ်တို့က ထင်ရှားသော အသုံးအနှုန်းများဖြင့် ဗုဒ္ဓတရားတော်ကို ချပြကြရပါမည်။ ယင်းအထက်ပါ ရည်ရွယ်ချက်ကို ဦးတည်၍ စာပြုသောအခါ၊ ဗုဒ္ဓစကားတော်များနှင့်တကွ၊ ပိဋကတ် စာသားများကို တပျက်ကယက် မလုပ်မိအောင်ဟူ၍ သတိထားရပြန်ပါသည်။ ထို့ကြောင့် ဘီရိုထဲ၌ ခန့်ညားစွာ ထားရန်မဟုတ်သော ဘတ်ပြီးရင်း ဘတ်ရမည်ဖြစ်သော ကာလ ဝတ္ထုစာအုပ်များနှင့် အတူယှဉ်တွဲ၍ နေရာယူနိုင်သော ဘာသာရေး စာအုပ်များကို ပြုစုကြသူတို့အဘို့ မလွယ်ကူပါ။ ဤစာတမ်း၏ အစပိုင်းကို ဗုဒ္ဓမမ္မသောကစာစောင်၌ ဖော်ပြစဉ်က၊ စာဘတ်သူများထံမှ တင်ပြသော အကြောင်းအရာများ ရှိခဲ့ပါသည်။ ယင်းမှာ အရှိစိတ်ကို ဖော်ပြရာ၌ ရှေးအရေးအသားမျိုးမဟုတ်ဘဲ၊ ထင်လွယ်၊ မြင်လွယ် သိလွယ်သော စကားများဖြင့် ဖော်ပြထားသည်ကို အချို့ စာဘတ်သူများက၊ အယူအဆ လွဲမှားသည်ဟု ထင်သောကြောင့် အကြံပြုခြင်းအချို့ ရှိခဲ့ပါသည်။

တခြားချီးကျူးစရာများ၊ အကြံပြုစာများနှင့် လွဲမှားသွားသည့်အချက်တို့ကို ထောက်ပြစာများ လက်ခံ ရရှိခဲ့သောကြောင့် ဝမ်းသာရပါသည်။ စာပြုသူများဆိုသည်မှာ တတ်လွန်း၍ ရေးခြင်းမျိုးကားမဟုတ်ပါ။ သူသိ၊ ငါသိ အကြောင်းများကို တင်ပြတတ်သူများသာဖြစ်ကြပါသည်။ ကျမ်းစာအုပ်များထဲမှ တို့စိတို့စိများကို ရွေးထုတ်၍ စာအုပ်စာတမ်းဖြစ်အောင် ပြုစုရသည်မှာပင် မလွယ်ကူသောအလုပ် ဖြစ်ပါသည်ဆိုလျှင် ဘာ

သာရေးသဘောတရားများကို လူအများနားလည်အောင် ရေး
သားပြုစုရသည်မှာ ပို၍ပင် ခဲယဉ်းပါလိမ့်မည်။

ဗြဟ္မဏ အယူအဆဟောင်းဆိုသည်မှာ ရှေးဟောင်းခေတ်မှ အိန္ဒိယ ပြည်သူများ လက်ခံယုံကြည်သော ဝါဒဖြစ်ပါသည်။ ယင်း ရှေးအစဉ်အလာကို ယုံကြည်ခြင်းကို ကျွန်ုပ်တို့က အပြစ် တခုဟူ၍ မယူဆလိုပါ။ သတ္တလောကသည် မူလအားဖြင့် အသိ ဉာဏ် နုခဲ့ကြသူများဖြစ်ပါသည်။ တဖြည်းဖြည်း တွေးဆကြံစည် ရာမှ တိုးတက်လာခြင်း ဖြစ်ပါသည်။ တဖြည်းဖြည်း တိုးတက် အောင် လူသားများကပင် ကြံစည်ကြပါသည်။ ဗုဒ္ဓမပွင့်မီခေတ် အိန္ဒိယနှင့် တခြား အာရှနိုင်ငံများမှာ တိုးတက်သောအယူအဆ များ ရှိလာပြီးဖြစ်ကြောင်း တွေ့ရပါသည်။ ဥရောပတိုက်နှင့် အာရှအနောက်ဒေသမှာလည်း ပညာရှင်ကြီးများ ပေါ်ထွက်နေ ကြပါပြီ။

ဗုဒ္ဓခေတ်မှာလည်း အိန္ဒိယဒ္ဓီပူရာဏကဿပ၊မက္ခလိဂေါသာလ နှင့် ဂျိန်းဟု လူသိများသော နိဂဏ္ဌနာဋ်ပုတ်ဆရာကြီးများသည် လည်းကောင်း၊ တရပ်ပြည်၌ ကွန်ဖူးရှပ်စသော ဆရာကြီးများ ပေါ်ထွက်လာကြပါသည်။ ထိုပုဂ္ဂိုလ်များသည် မိမိတို့အယူအဆ များကို လူသားများသိရှိနိုင်ရန်ဖြန့်ချိခဲ့ကြပါသည်။ အချို့သော ထိုခေတ်ပညာရှင်များမှာ လူ့ထု အကျိုးပြု လုပ်ငန်းများအတွက် ဆောင်ရွက်ခဲ့ကြသလို နက္ခတ်နှင့်ပတ်သက်သော အတတ်ပညာ များ၊ အတွေးအခေါ်နှင့်ပတ်သက်သော ပညာများ၊ သိပ္ပံနှင့်

ပတ်သက်သော ပညာများ၊ စသည်ဖြင့်ပို့ချခြင်း၊ ဖြန့်ချီခြင်း ပြုလုပ်ခဲ့ကြပါသည်။ လွန်ခဲ့သော နှစ်ပေါင်း နှစ်ထောင့်ငါးရာ သုံးထောင်လောက် ပတ်ဝန်းကျင်မှစ၍ ကမ္ဘာကြီးသည် ထိုထို ပညာရှင်များ ပေါ်ထွက်လာခြင်းကို အထောက်အကူ ပြု၍ အဘက်ဘက်မှာ တိုးတက်စ ပြုလာခဲ့ပါသည်။

တဆင့်ပြီးတဆင့် ကြိုးစားလာရာမှ ကမ္ဘာကြီးသည် ပို၍ တိုးတက်လာခဲ့ရာ ယခုအခါ အရာဝတ္ထုတိုင်းကို အသုံးချ၍ရ သော၊ အကြောင်းအရာတိုင်းကို ဆင်ခြင် ဆုံးဖြတ်တတ်သော ပညာအရပ်ရပ်သည် ပြည့်စုံလာပြီးဖြစ်ပါသည်။ ကျွန်ုပ်တို့ ကိုး ကွယ်ဆည်းကပ်နေကြသော ဗုဒ္ဓအမည်ခံတော်မူသည့် ဂေါတမ နွယ်ဖွား သိဒ္ဓတ္ထမင်းသားသည် ထိုထိုသော ပညာရှင်များအနက် တဦးအပါအဝင် ဖြစ်ပါသည်။ ဗုဒ္ဓအမည်ကိုမခံယူမီ ယောဂါ ဝစရ (တရားကျင့်နေစဉ်) အချိန်က သူ့အား အဘိဓမ္မာပညာ ရှင်အဖြစ် ခံယူပါရန် သူ၏ ပထမဆရာ၊ ဒုတိယဆရာများဖြစ် ကြသည့် အာဠာရ ရသေ့နှင့် ဥဒကရသေ့တို့က တိုက်တွန်းခဲ့ သည်ကို လက်မခံခဲ့ကြောင်း ပိဋကတ်မှာတွေ့ရပါသည်။ ထို့ပြင် မင်းသားဘဝက သူငယ်ချင်းဖြစ်ဘူးသည့် ကောသလမင်းကြီး က သူ့နန်းတော်ထဲ လာနေရန်နှင့် ပညာရှင်အဖြစ် ခံယူရန် တိုက်တွန်းခဲ့သည်ကိုလည်း ဗုဒ္ဓကလက်မခံခဲ့ကြောင်း တွေ့ရပါ သည်။ ဗုဒ္ဓအဖြစ် ခံယူပြီးနောက်တွင်လည်း ဗြဟ္မဏဆရာကြီး ပညာရှင်များက ဗုဒ္ဓအား လူနှင့် လူ့ပတ်ဝန်းကျင်နှင့် ပတ်သက် သော အယူအဆများကို မေးမြန်းခဲ့ကြောင်း တွေ့ရပါသည်။

ဥပမာအားဖြင့် မင်္ဂလသုတ်၊ သိင်္ဂါလောဝါဒသုတ်စသည်များ၌ လူနှင့် လူ့ပတ်ဝန်းကျင်တို့၏ လိုက်နာကျင့်သုံးရမည့် အခြေခံသဘောတရားများစွာတို့ကို ဖြေဆို ရှင်းလင်းထားကြောင်း တွေ့ရပါသည်။

ထို့အပြင် ရဟန်းအချင်းချင်း၊ လူအချင်းချင်း၊ တဦးနှင့်တဦး မေတ္တာထားရန် အရေးကြီးကြောင်းကိုလည်း အခါအားလျော်စွာ ဗုဒ္ဓ ညွှန်ကြားခဲ့ပါသည်။ လူမှုရေးနယ်ပယ်သည် သတ္တလောကအတွင်း မရှိလျှင်မဖြစ်သော အကြောင်းအရာများ ဖြစ်ကြောင်း ဗုဒ္ဓနားလည်ခဲ့သည်မှာ ထင်ရှားပါသည်။ ထို့အပြင် ဗုဒ္ဓသည် လူအများနှင့် စကားပြောရာ၌ ဥပမာကို အခြေခံအားဖြင့် သုံးစွဲခဲ့ကြောင်းကိုလည်း တွေ့ရပါသည်။ အကြောင်းအရာတခုခုကို ဥပမာအားဖြင့် ရှင်းလင်းပြောဆိုပါက လူသားများ နားလည်တတ်ကြောင်း ဗုဒ္ဓကမြင်ခဲ့ပါသည်။

သို့သော် ဗုဒ္ဓ၏ ရည်ရွယ်ချက်များကား လောကီ လူမှုရေးနယ်ပယ်မျှဖြင့် လမ်းမဆုံးပါ။ “လောကကြီးသည် ပျော်စရာကောင်းသောကြောင့် လူသားများ ပျော်ကြသည်၊ လောကကြီးသည် ငြီးငွေ့စရာကောင်းသောကြောင့်၊ ငြီးငွေ့ကြသည်၊ လောကကြီးသည် ချမ်းသာစရာရှိသောကြောင့် ချမ်းသာကြသည်၊ လောကကြီးသည် ဆင်းရဲစရာ ရှိသောကြောင့် ဆင်းရဲကြသည်၊ လောကကြီးသည် ထွက်မြောက်စရာ ရှိသောကြောင့် ထွက်မြောက် ကြသည်ဟု မြင်ခဲ့ပါသည်။ သတ္တလောကကို ဒဿနိကပညာဖြင့် ဗုဒ္ဓသုံးသပ်ထားသော အထက်ပါစကားစု

၂၆၊၇၇

မှာ ဗုဒ္ဓ၏ အရေးအကြီးဆုံး ပုံသေနည်းပင် ဖြစ်ပါသည်။ လောကကြီး၏ ပျော်စရာနှင့် စိတ်ပျက်စရာကို အမှန်တရားဟူ၍ သမုဒယသစ္စာနှင့် ဒုက္ခသစ္စာ အမည်ပေးထားပါသည်။ ပျော်စရာကောင်းသည်မှာ အမှန်တရား (သမုဒယသစ္စာ)။ စိတ်ပျက်စရာကောင်းသည်မှာ အမှန်တရား (ဒုက္ခသစ္စာ)။ ဟူ၍ သတ်မှတ်ပါသည်။

ပျော်စရာနှင့် စိတ်ပျက်စရာမဟုတ်သော လောကမှ ထွက်မြောက်ရာနည်းလမ်းကို ဆရာ့ဆရာများထံ၌ နည်းနာခံ၍ -၆- နှစ်ကြာထိ ရှာဖွေစုံစမ်းခဲ့ပါသည်။ ထိုသို့စုံစမ်းရာ၌ ထိုဆရာကြီး၏ လက်တွေ့အကျင့်ကို ကိုယ်တိုင်ကျင့်၍ ရှာဖွေခြင်းဟူ၍ နှစ်မျိုးစလုံးဖြင့် ကြိုးပမ်းခဲ့ပါသည်။ ထိုသို့ -၆- နှစ်ကြာထိ ရှာဖွေခဲ့သော်လည်း လောကမှ ထွက်မြောက်ရာ နည်းလမ်းကို မတွေ့ခဲ့ပါ။ နောက်ဆုံး မဟာဗောဓိပင်၌ လောကမှ ထွက်မြောက်ရာ အမှန်တရားကို ရှာဖွေတွေ့ရှိခဲ့ပါသည်။ လောကမှ ထွက်မြောက်ကြောင်း အကျင့်ကို မဂ္ဂသစ္စာဟူ၍ သတ်မှတ်ပြီး လောကမှ ထွက်မြောက်ခြင်းကို နိရောဓသစ္စာဟူ၍ သတ်မှတ်ပါသည်။ သို့ဖြင့်သစ္စာလေးပါးသည် ပေါ်ထွက်လာခဲ့ပါသည်။ ဗုဒ္ဓ၏ပထမ ပုံသေနည်းမှာ သတ္တလောက၌ ကျင်လည်စရာရှိသောကြောင့် သတ္တဝါများ ကျင်လည်ကြရသည်။ သတ္တဝါများ သတ္တလောကမှ ထွက်မြောက်စရာ ရှိသောကြောင့် ထွက်မြောက်ကြရသည်" ဟူ၍ဖြစ်ပါသည်။

ကျင်လည်စရာရှိခြင်းကို အထူးလေ့လာစရာမလိုပါ၊ လူနှင့်သတ္တလောကသား ရရှိထားသော ကြားစရာ၊ မြင်စရာ၊ နံစရာ၊

စသည်များမှ အမြင်၊ အကြား၊ အနံ့စသည်တို့ကြောင့် နှစ်သက်ခြင်း မနှစ်သက်ခြင်းသည် ဖြစ်ပေါ်လာရပေရာ၊ ယင်း အာရုံငါးပါး ရှိနေသမျှ၊ ကျင်လည် ကြရ ဦးမည် ဖြစ်ပါသည်။ အကယ်၍ ထို မျက်စိ၊ နား၊ နှာ၊ လျှာတို့ မရှိအောင် လှီးဖြတ်သဖြင့်လည်း သံသရာမှ ထွက်မြောက် နိုင်မည် မဟုတ်ပါ။ ထို ဣန္ဒြေငါးပါးမရှိအောင်၊ နောက်ထပ် မရအောင်၊ မလိုချင်မှ ဖြစ်ပါမည်။ မလိုချင်အောင် ဆောင်ရွက်ရန် နည်းလမ်းမှာ၊ အလေ့အကျင့် (အကျင့်တရား)များဖြင့် စိတ်ကို ပြောင်းယူရမှ ဖြစ်ပါမည်။ သို့ဖြစ်၍၊ မဂ္ဂင် (၈) ပါးဖြင့် ကြိုးစားသူအား မလိုချင်သော စိတ်များ ဖြစ်လာနိုင်ကြောင်း ဗုဒ္ဓ တွေ့ရှိခဲ့ပါသည်။ ယင်းတရားများကို လေ့လာရန်၊ အားထုတ်ရန်၊ ၄၅-ဝါတိုင် မနားမနေလူသားများအတွင်းပို့ချခဲ့ပါသည်။ ယင်းသို့အဘိဓမ္မာ တရပ် အသစ်ထူထောင်သူ တဦးအဖြစ် ကမ္ဘာ့လူသားများက ဗုဒ္ဓကို အသိအမှတ် ပြုလာကြပါသည်။

**အမှန်အားဖြင့်ဗုဒ္ဓသည်** အဘိဓမ္မာပညာရှင် ဒဿနိကတဦး ဖြစ်ပါသည်။ သူ၏ ဒဿနိကသဘောမှာ- စိတ်နှင့်ရုပ်တို့ကို စိတ်ဖြင့် ခွဲခြမ်းစိတ်ဖြာသော နည်းလမ်းဖြင့် အမှန်တကယ် သဘာဝကို တွေ့ရှိနိုင်သည်ဟူ၍ ဖြစ်ပါသည်။ ကျွန်ုပ်တို့ ယခု ခေတ်အမြင် သမားများအနေဖြင့် "မှန်းဆ၍ ခွဲစိပ်နည်း" ဟူ၍အမည်ပေးရန် ကြိုးစားနေသော်လည်း ဗုဒ္ဓကမူ သူ၏ နည်းနာနိဿယနှင့်ပတ်သက်၍ အဆိုအမိန့် တခုမှာ "သဗ္ဗိဋ္ဌိကော၊ အကာလိကော ဧဟိပဿိကော" ဟူ၍မိန့်ကြားထားပါသည်။ဆိုလိုသည်

မှာ သူ၏ နည်းလမ်းသည် ဟုတ်မဟုတ် လက်တွေ့စမ်းသပ်ပါ ဟူ၍ ဖြစ်ပါသည်။ ဗုဒ္ဓခေတ်ပညာရှင်ကြီး အများအပြားလက်ခံခဲ့ကြပါသည်။ ခေတ်အဆက်ဆက် ပညာရှင်များစွာတို့ကလည်း ဗုဒ္ဓ၏အမြင်ကို ထောက်ခံခဲ့ကြပါသည်။

တခြား လေ့လာစရာ တခုမှာ ဗုဒ္ဓသည် ၄၅ ဝါ တိုင်တိုင်လူသား များစွာတို့နှင့် တွေ့ထိခဲ့ပါသည်။ မနားမနေ တရားဓမ္မများကို ဟောကြားခဲ့ပါသည်။နိကာယ်ငါးရပ်၊ပိဋကတ်-၃-ပုံအားဖြင့် ဓမ္မက္ခန္ဓာပေါင်း ရှစ်သောင်းလေးထောင်ရှိသည်ဟု အမှတ်အသား ပြုကြပါသည်။ ကျွန်ုပ်တို့ သိရှိ နားလည်သမျှဆိုလျှင် စာအုပ်ပေါင်း ၅၀ ကျော်ရှိနေပါသည်။ ထိုထို ဟောကြားချက်များမှာ ဗုဒ္ဓလက်ထက်က အစီအစဉ်တကျ မရှိခဲ့ဘဲ ပရိနိဗ္ဗာန်ပြုပြီး ရှင်မဟာကဿပ အမှူးရှိသော သံဃာတော်များက စုစည်းရာမှ အစုအစည်းအဖြစ် ပိဋကတ်အဖြစ် ဖြစ်ပေါ်လာခြင်းဖြစ်ပါသည်။ အဋ္ဌကထာကျမ်းများက "လက်ရှိပိဋကတ်မှာ ဘုရား ဟောခဲ့သမျှ အားလုံးပါဝင်သည်။ အကြွင်းအကျန် မရှိပါ" ဟု ဆိုထားသော်လည်း ၄၅ ဝါ တိတိ ဟောကြားချက် ညွှန်ကြားချက် အဆိုအမိန့်ဟူသမျှကုန်ချင်မှကုန်ပါမည်။အကြွင်းအကျန်ရှိကောင်း ရှိနေမည်ဟုသံသယဝင်နိုင်ပါသည်၊ မည်သို့ပင်ဆိုစေကာမူ၊ ဘုရား ဟောကြားခဲ့သော သုတ္တန်၊ အဘိဓမ္မာ၊ ဝိနည်းဟူသော ပိဋကတ် -၃-ပုံစာအား ကျယ်ဝန်းလှပါသည်။

ဗုဒ္ဓက တပည့် ရဟန်းတော်များ၊ လူဥပါသကာများလေ့လာ၍မကုန်၊ မှတ်သား၍ မကုန်နိုင်အောင် ရှိပါသည်။ တခြားပညာရှင်များစွာတို့လည်း အချိန်မရွေး လေ့လာနိုင်ပါသည်။

ဗုဒ္ဓ၏ မူလ ရည်ရွယ်ချက်ဖြစ်သော "ငါ၏တရားဓမ္မကို မည်သူမဆို လေ့လာနိုင်သည် ချွင်းချက်မထား" ဟူသော အဆိုအမိန့်ကို သာသနာဝင်အားလုံးက လက်ခံပြီး လမ်းဖွင့် ပေးခဲ့ကြပါသည်။ မည်သူ မကြည့်ရ၊ မည်သူ မဘတ်ရ၊ မည်သူက ဘတ်နိုင်လေ့လာနိုင်သည်ဟူသော အကန့်အသတ်မျိုးကို ဗုဒ္ဓဝါဒီများမည်သည့်ကာလကမျှ မတားဆီးခဲ့ကြပါ။ သို့ကြောင့် ကမ္ဘာ့ပညာရှင်ကြီးများသည် သူတို့၏ အမြင်ကို ပွင့်လင်းစွာ တင်ပြသည်မှာလည်း ဗုဒ္ဓ၏ ရည်ရွယ်ချက်အောင်မြင်သည်ဟု ဆိုနိုင်ပါသည်။ ပိဋကတ်ကို အခြေတည်၍ လေ့လာခဲ့ကြသော စာအုပ်စာတမ်းများကို စာရင်း ပြုလုပ်မည်ဆိုပါက-သိန်းသန်းကုဋေချီ၍ ရှိလာလိမ့်မည်။ နောက်ထပ်လည်း လေ့လာကြဦးမည်ဖြစ်ပါသည်။ လေ့လာ၍ မှတ်သား၍ စာအုပ်စာတမ်း ပြုစု၍ဗုဒ္ဓ၏ ပိဋကတ်သည် မည်သည့်အခါမှ ကုန်နိုင်လိမ့်မည် မဟုတ်ပါ။

ဤစာအုပ်၌ ထေရဝါဒပိဋကတ်နှင့် အဋ္ဌကထာကျမ်းများ၊ ဋီကာကျမ်းများ၏ အဆိုအမိန့်တို့ကို စုစည်း၍ လက်လှမ်းမှီသမျှ တင်ပြထားပါသည်။ ဗုဒ္ဓက "သတ္တဝါသည် သေပြီးနောက် ဖြစ်သေးသလား-မဖြစ်တော့ဘူးလား" ဟူသော တိတ္ထိဂိုဏ်းသားနှင့်တကွ ပညာရှင်များ၏ အမေးကို မည်သည့်အခါမှဖြေဆိုခြင်းမပြုခဲ့ပါ။ ထို့ကြောင့် ဗုဒ္ဓသည် ယင်းကိစ္စ၌ မကျွမ်းကျင်ဟူ၍ယူဆသူများ ဗုဒ္ဓခေတ်ကလည်း ရှိခဲ့ပါသည်။ နောင်ကာလ၌ပညာရှိများက သံသယ ရှိခဲ့ကြပါသည်။ ဤစာအုပ် တအုပ်လုံးကို

ဘတ်ရှုပြီးလျှင် ဗုဒ္ဓက ယင်းကိစ္စကို ဘာ့ကြောင့် မဖြေခဲ့သနည်း ဟူသော မေးခွန်းသည် ပြေလည်ကောင်း ပြေလည်သွားပါလိမ့်မည်။ အကယ်၍ နားမရှင်းသေးပါက၊ ဤစာအုပ်၏နောက်ဆုံး၌ ဖော်ပြထားသော ဝဇီရာဘိက္ခုနီမ၏ စကားဖြင့် နားလည်နိုင်လိမ့်မည်ဟု မျှော်လင့်ပါသည်။

ဤစာအုပ်၌ အဓိက ဖော်ပြချက်များမှာ ထေရဝါဒ ပိဋကတ်လာ အဓိပ္ပာယ်များ ဖြစ်ပါသည်။ စာဘတ်သူများ ဗဟုသုတအလို့ငှာ မဟာယာနပိဋကတ်လာ အယူအဆများကိုလည်း လက်လှမ်းမှီသမျှ စုဆောင်း၍ နောက်ဆက်တွဲအဖြစ် ဖော်ပြထားပါသည်။

ဤစာအုပ်၏ အမည်ကို "ဗုဒ္ဓ၏လောကအမြင်" ဟူ၍ အမည်ပေးထားပါသည်။ ပိဋကတ်များ၌ အဘိဓမ္မာ ဟူသောစကား၊ ဝိပဿနာဆိုသော စကားများအစား "ဉာဏဒဿန" ဟူ၍ တွေ့ရပါသည်။ သို့ကြောင့် မူရင်းစကားကို ပြန်ဆိုထည့်သုံးထားခြင်း ဖြစ်ပါသည်။

ရှင်ရာဟုလာ

၁၀-၁၂-၇၆

# ဗုဒ္ဓဝါဒနှင့်သတ္တလောက

လောဘ ဒေါသ မောဟ ဖြင့် ပြွန်းတီးနေသော ဤလောကသားတို့အား တရားဓမ္မကို ဟောကြားသဖြင့် အဘယ်အကျိုးရှိအံ့နည်း။ ငါသည် ဤလောကသားတို့အား တရားဓမ္မကို မဟောတော့ပြီဟု လောကရှိလူသားတို့ကို စတင်သုံးသပ်စဉ်က ဗုဒ္ဓမြင်ခဲ့သည်။ အမှန်တကယ် ဆိုရလျှင် လူသားလောကနှင့် ဗုဒ္ဓတရားဓမ္မများ ဖီလာဆန့်ကျင်နေသည်။ သို့ဖြစ်ရာ အကယ်၍ လူသားလောကအတွင်း မိမိ၏တရားကို ပို့ချခြင်းဖြင့် အကျိုးမများဘဲ ပင်ပန်းရုံမျှသာရှိမည်ဟု ဗုဒ္ဓတွေးမြင်သည်။

ဗုဒ္ဓသည် ယင်းသို့လျှင် လူသားလောကအကြောင်း သိမြင်ပြီးဖြစ်နေသည်။ သို့ရာတွင် ယင်းသို့ငြီးငြူမိသော စိတ်ဓါတ်များ တာရှည်စွာ ဗုဒ္ဓ၏ကိုယ်တွင်း၌ ရပ်တန့်မနေခဲ့ရချေ။ ခဏတာမျှ ဝင်လာမိသော ယင်းလောကကို အရှုံးပေးရမည့်၊ လောကကို လက်မြှောက်ရမည့် စိတ်ဓါတ်များကို အမြန်ဆုံး မောင်းနှင်ထုတ်ပယ်နိုင်ခဲ့ပေသည်။ လောကမှထွက်မြောက်ရာဖြစ်သော မိမိ၏တရားသစ် တရားထူးများဖြစ်ကြသည့် လောကုတ္တရာလမ်းစဉ်က လွှမ်းမိုးသွားခဲ့လေပြီ။

သို့ ဗုဒ္ဓသည် ဘုရားဟူသောအမည်ကို ဝန်ခံစ ခါသမယဖြစ်သော မဟာဗောဓိ၌သာ ယင်းအထက်ပါ ငြီးငြူခြင်းမျိုးကို ငြီးငြူမိဘူးပေသည်။ မဟာဗောဓိမှသည် ကုသိနာရုံထိ ၄၅ နှစ်ကာလပတ်လုံး တလျှောက်၌မူကား ယင်းငြီးငြူမှုမျိုး မကြုံခဲ့ရချေ။ တရက်ပြီးတရက် တလပြီးတလ တနှစ်ပြီးတနှစ် အရှိန်အဟုန်ပြင်းစွာဖြင့် တရားဓမ္မကိုဟောခြင်း၊ ရဟန်းသံဃာများကို ဆုံးမခြင်း စသောအလုပ်တို့ဖြင့် အချိန်များကို ကုန်လွန်စေခဲ့လေသည်။ ဤလောက၌ ခြေသလုံးအိမ်တိုင်လုပ်၍ အလုပ်ကို အလုပ်ဆုံးပုဂ္ဂိုလ်တဦးကို ညွှန်ပြပါဆိုလျှင် ဗုဒ္ဓဂေါတမမှတပါး တခြား မည်သူမျှ ရှိနိုင်မည်မဟုတ်ချေ။

ဗုဒ္ဓသည် အခိုက်အတန့်အားဖြင့်သော်ငြား၊ စည်းစိမ်ခံနိုင်သော အခွင့်အလမ်းများရှိသည်မှာ ယုံမှားဖွယ်ရာမရှိချေ။ ယခုခေတ်၌ ကျောင်းထိုင်ဆရာတော်များ၊ အသက်ကြီးဆရာတော်များ စသည့်ပုဂ္ဂိုလ်များ ဆွမ်းခံမစားကြချေ။ "ရှေးဘုန်းရှေးကံရှိမှ ဆွမ်းခံစားစရာမလို" ဟူသော ဆောင်ပုဒ်ကိုငြား၊ "အလုပ်များသည်" ဟူသော အကြောင်းပြချက်ကိုငြား၊ ညွှန်ပြထားကြလေသည်။ ဗုဒ္ဓသည် အလုပ်အများဆုံးပုဂ္ဂိုလ်ဖြစ်သည်။ ဘုန်းအကြီးဆုံးပုဂ္ဂိုလ်ဖြစ်သည် ဟူသောအချက်ကို ကျွန်ုပ်တို့ အကယ်၍ လက်ခံထားကြပါမူ ယခုခေတ်ပုဂ္ဂိုလ်များ၏ အကြောင်းပြချက်မှာ မလုံလောက်တော့ချေ။

ဗုဒ္ဓသည် မိမိ၏အယူဝါဒကို တည်ထောင်ရာ၌ အောင်မြင်သော ပုဂ္ဂိုလ်ထူးတယောက်ဖြစ်သည် မှာ မှန်၏။ သို့သော်လည်း ဗုဒ္ဓအတွက် စည်းစိမ်ဟူသမျှ အရသာဟူသမျှ ပယ်ထားပြီးဖြစ်

ရကား တိုတောင်းသော အနားယူချိန်၌ ဗုဒ္ဓ၏အနီး၌ ထူးခြား၍ အရသာရှိသော အဖျော်ယမကာများ မရှိချေ။ နူးညံ့၍ အိစက်သော အိပ်ယာညောင်စောင်းမရှိချေ။ နောက်တနေ့ အစားအစာမှာ မည်သည့်အစားအစာသာ ဖြစ်ရမည်ဟုရင်း၊ နောက်တကြိမ်တရားပွဲမှာ မည်သည့်နေရာ၌ကျင်းပမည်ဟူ၍ရင်း၊ အစီအစဉ်မရှိသော ဗုဒ္ဓအဖို့ စည်းစိမ်ခံခြင်းဟူသမျှ မလိုအပ်တော့ချေ။

လောကသားအတွင်းသို့ မိမိသိမြင်ထားသော တရားဓမ္မများကို ပို့ချရန် ဆုံးဖြတ်လိုက်သည့် နောက်ပိုင်း၌ ပထမဦးဆုံးတရားဦးကို တချိန်ကသူ၏တပည့်များ ဖြစ်ခဲ့ဘူးသော ပဉ္စဝဂ္ဂီငါးဦးတို့အား ဝါဆိုလပြည့်နေ့၌ စတင်ဟောကြားခဲ့လေသည်။ ယင်းဓမ္မစကြာတရား၌ လိုရင်းပဓာနကျသော အချက်များမှာ ကာမဂုဏ်ကိုခံစားခြင်းတရား၊ မမှန်မကန်ကျင့်ခြင်းတရားနှင့် ယင်းနှစ်ခုအကြား ဖြစ်သော "အမှန်တရား" ဟူ၍ ဖြစ်လေသည်။

သတ္တဝါလောကသားများသည် နည်းမျိုးစုံဖြင့် ကာမဂုဏ်ကို ခံစားကြသည်။ အပျော်တရားနှင့် အလိုတရားများကို နှစ်သက်နေကြသည်။ ယင်းတို့ကို စွဲလန်းခြင်းဥပါဒါန်တရားများဖြင့် တုပ်နှောင်ထားကြသည်။ မပိုင်သောအနာဂတ်ကို မျှော်မှန်းရင်း၊ သို့မဟုတ် ပြီးခဲ့သောအတိတ်ကို လွမ်းဆရင်း နစ်မြုပ်၍ နေကြသည်။ ရရှိထားသောဘဝနှင့် ရလတ္တံ့သော ဘဝများအတွက် လုံးပန်းရင်း အချိန်များကို အလဟဿ ဖြုန်းတီးနေကြသည်။

အချို့သော သတ္တဝါလောကသားများသည် မမှန်ကန်သော လမ်းစဉ်ဖြင့် စိတ်ပျက်စရာကောင်းသည်ဟု ထင်မြင်ယူဆသော လောကမှ ထွက်မြောက်ရန် ကြိုးပမ်းနေကြသည်။ လောကသည် စိတ်ပျက်စရာကောင်းသည်ဟု မြင်တွေးမိသော်လည်း ထိုစိတ်ပျက်စရာကောင်းသော လောကမှ ထွက်မြောက်ရန်နည်းလမ်း မမှန်ကန်သဖြင့် ယောဂီဟောင်းများ၏ ကျင့်စဉ်များ မှားယွင်းနေသည်ဟု ဗုဒ္ဓမြင်သည်။

သို့ဖြစ်ရာ ဗုဒ္ဓက ကာမဂုဏ်ခံစားခြင်း စသည်များ မမှန်ကန်သလို ယောဂီများ၏ ကျင့်စဉ်ဟောင်းသည်လည်း မှားယွင်းနေသည်ဟု ဆိုသည်။ ထို့ကြောင့် ယင်းနှစ်ခုအကြား "မှန်ကန်သော" မဇ္ဈိမပဋိပဒါလမ်းစဉ်ကို စတင်ညွှန်ကြားလေသည်။

"အရှင်ဘုရား၊ တပည့်တော်သည် မိုက်သည့်အလျောက် မလိမ်မာသည့်အလျောက် မိမိ၏အဖအရင်းဖြစ်သော ဗိမ္ဗိသာရမင်းကြီးကို သတ်မိပါပြီ။ နောင်တကြိမ် ယင်းသို့မဖြစ်ရအောင် တပည့်တော် စောင့်ထိန်းပါမည်။ တပည့်တော်အား ထိုအပြစ်မှ ခွင့်လွှတ်တော်မူပါ" (အဇာတသတ်မင်း)

"ဒါယကာ၊ အကြင်သူသည် မိုက်သည့်အလျောက် မလိမ်မာသည့်အလျောက် မကောင်းမှုကို ပြုလုပ်မိ၏။ မိမိအပြစ်ကိုလည်း အပြစ်ဟု ဝန်ခံ၏။ နောင်ကိုလည်း မကျူးလွန်ပြီ။ ထိုပုဂ္ဂိုလ်အား တိုးပွားခြင်းသာဖြစ်နိုင်၏။ ဆုတ်ယုတ်ခြင်းမဖြစ်နိုင်၊ ထို့ကြောင့် သင်ဒါယကာမင်းကြီးသည် စောင့်စည်းလေလော့" (ဗုဒ္ဓ)

အဇာတသတ်မင်း ဘုရားရှင်အနီးမှ ထွက်ခွာသွားပြီးနောက် ရဟန်းများသို့ "ရဟန်းတို့၊ အဇာတသတ်မင်းကား ပျက်စီးလေပြီ" ဟုမိန့်တော်မူ၏။ (သာမညဖလသုတ်)

အဇာတသတ်မင်းကဲ့သို့ပင် အချို့ အပြစ်ကျူးလွန်သူများ အားကိုးတကြီးဖြင့် ဗုဒ္ဓထံလာရောက်ကြပြီး မိမိတို့ကျူးလွန်မိသောအပြစ်မှ ခွင့်လွှတ်ပါရန် လာရောက် အကူအညီတောင်းခံသူများရှိကြောင်း ပိဋကတ်၌တွေ့ရ၏။

လူသားဆိုသည်မှာ မိမိကျူးလွန်မိသော အကြောင်းအရာများကို ကျူးလွန်စဉ်အတွင်း သို့မဟုတ် ကျူးလွန်အံ့ဆဲဆဲအချိန်တို့၌ အပြစ်ဟူ၍ မမြင်တတ်ကြချေ။ ကျူးလွန်ပြီး နောက်မှသာ မိမိပြုလုပ်ခဲ့သည်မှာ မှားယွင်းသွားပြီဟု မြင်တတ်ကြလေသည်။ ယင်းသို့ မှားယွင်းခဲ့ကြောင်း မြင်သိလာသောအခါ၌ အကူအညီကို ရှာတတ်သည်မှာ လောကလူသားတို့၏ နိယာမဖြစ်နေလေသည်။ ဗုဒ္ဓသည် လောက၌ အသိဆုံး အမြင့်ဆုံး အမြတ်ဆုံးဟု ကျေညာထားပြီး ဖြစ်ရကား ထိုပုဂ္ဂိုလ်များအဖို့ ဗုဒ္ဓမှတပါး အားကိုးမရှိတော့ချေ။ သို့ဖြစ်ရာ မိမိကျူးလွန်ပြီးသော အပြစ်မှ ခွင့်လွှတ်ပါရန် ဗုဒ္ဓထံ အသနားခံသည်မှာ သဘာဝ ကျလှပေသည်။ သို့ရာတွင် ဗုဒ္ဓသည် အပြစ်ရှိသူများကို ကယ်တင်ရန် ဤလောက၌ ပွင့်ပေါ်လာသူကား မဟုတ်ချေ။

"ဖောင်နှင့်တူသော တရားဓမ္မများကို ငါဟောကြားတော်မူမည်။ ထို တရားဓမ္မများသည် ကူးမြောက်ရန်အတွက်ဖြစ်သည်။ ဦးခေါင်းပေါ်၌တင်၍ ရွက်ထားရန်မဟုတ်၊ တထာဂတဗုဒ္ဓသည် လမ်းညွှန်သူသာဖြစ်သည်။ ထိုလမ်းပေါ်သို့ လျှောက်ရမည့်သူမှာ

သင်တို့သာဖြစ်သည်။ ဗုဒ္ဓသည် ဤလောကသို့ အပြစ်ရှိသော သူတို့ကို ကယ်တင်ရန် ကြွလာခြင်းမဟုတ်၊ အကျိုးအပြစ်ကို လမ်းညွှန်သူသာဖြစ်သည်။"

ယင်းသို့လျှင် ဗုဒ္ဓကိုယ်တိုင် သူတပါး ပြုလုပ်မိသမျှကို တာဝန်မယူနိုင်ကြောင်း မိမိမှတပါး တခြားတစုံတယောက်မျှ ဝင်ရောက် တာဝန်မယူနိုင်ကြောင်း ဝန်ခံထားလေသည်။ ထို့နှင့် တဆက်တည်းမှာပင် တစုံတယောက်သည် တစုံဘခုသော အပြစ်မျိုးကို ကျူးလွန်မိ၏။ ထို ကျူးလွန်မိသော အပြစ်များကို တခြားတစုံတယောက်က တာဝန်ယူနိုင်သည်ဆိုသော ဝါဒကို ဗုဒ္ဓလက်မခံချေ။ အမှန်အားဖြင့် ဗုဒ္ဓ၏ ဝါဒလမ်းစဉ်၌ သဘာဝနှင့်ဆန့်ကျင်သော အယူအဆများကို လက်ခံရန် နေရာမရှိချေ။

"မိမိသည်သာလျှင် မိမိ၏ ကိုးကွယ်ရာအားထားရာ ဖြစ်၏။ သူတပါးသည် မိမိ၏ ကိုးကွယ်အားထားရာ အဘယ်မှာ ဖြစ်နိုင်အံ့နည်း။ မိမိသည် ကောင်းစွာယဉ်ကျေးသဖြင့် ရခဲလှသော အားကိုးရာအစစ် အရဟတ္တဖိုလ်ကို ရနိုင်၏။ (ဓမ္မပဒ-၁၆၀)

ထို့ပြင်မ ဇ္ဈိမနိကာယ်ဒေဝဒူတသုတ်၌ ယမမင်းက "သင်၏ မကောင်းမှုကံကို သင်၏ အမိအဖများကမပြု၊ သင်၏ညီအကို မောင်နှမများကလည်း မပြု။ ထိုမကောင်းမှုကံဟူသမျှကို သင်သာပြုလုပ်ခဲ့၏။ ထို့ကြောင့် ထိုမကောင်းမှုကံ၏ အကျိုးကို သင်သာလျှင် ခံစားရလတ္တံ့" ဟုဆိုလေသည်။

သို့ဖြစ်ရာ ဗုဒ္ဓဝါဒအရ မိမိကျူးလွန်မှု ဟူသမျှကို မည်သည့် အကျိုးအပြစ်ကိုမျှ မည်သူကမျှ အစားထိုး တာဝန်မယူနိုင်ချေ။ သို့ဖြစ်လျှင် ဗုဒ္ဓကို ကိုးကွယ်သူ တဦးတယောက်က သော်လည်း

ကောင်း၊ တစုံတဦးကသော်လည်းကောင်း၊ ဗုဒ္ဓကို ကိုးကွယ်ခြင်းသည် အဘယ်အကျိုးရှိအံ့နည်း။ ဗုဒ္ဓဝါဒကို လက်ခံယုံကြည်ခြင်းသည် အဘယ်အကျိုးရှိအံ့နည်း ဟူသော စောဒကများ ဝင်လာနိုင်၏။

ကျွန်ုပ်တို့သည် ဗုဒ္ဓဝါဒကို လက်ခံယုံကြည်ရာ၌ မိမိတို့၏ ကောင်းကျိုး ဆိုးကျိုးကို ကူညီ ဆောင်ရွက် ပေးနေသူတဦးဟု အမြင်ရှိလျှင် သော်လည်းကောင်း၊ အပြစ်ဟူသမျှ ကာကွယ်တားဆီးပေးနေသူ၊ အကျိုးဟူသမျှ ဆောင်ရွက်ပေးနေသူတဦးဟု ယုံကြည်၍ ဗုဒ္ဓကို ကိုးကွယ်နေခဲ့သော်လည်းကောင်း များစွာ မှားယွင်းသွားပေလိမ့်မည်။ အမှန်စင်စစ် ကျွန်ုပ်တို့ ဗုဒ္ဓဝါဒကို လက်ခံယုံကြည်ထားကြသည်မှာ ကယ်တင်ရှင်တဦးဟု ယုံကြည်၍ မဟုတ်ဘဲ လမ်းညွှန်ပြသူတဦးအဖြစ် အသိအမှတ်ပြု ကိုးကွယ်ကြရမည်သာ ဖြစ်လေသည်။

ဤကိုစ္စနှင့် စပ်လျဉ်း၍ မကြာမီက အဖြစ်အပျက်တခုမှာ စိတ်ဝင်စားဖွယ် တွေ့ရှိရ၏။ သီဟိုဝန်ကြီးချုပ် မစ္စတာဘန္ဒရာနယကေးကို လုပ်ကြံသတ်ဖြတ်ခဲ့သော ဗုဒ္ဓသာသနာဝင်ရဟန်းတော်တပါးသည် ကြိုးစင်မတက်ရမီ ၃ရက်ခန့်အလိုက ဗုဒ္ဓဝါဒကို စွန့်လွှတ်၍ ခရစ်ယန် အယူဝါဒသို့ ကူးပြောင်းသွားသည်ဟု ဆိုသည်။ အဘယ်ကြောင့်ဆိုသော် သူ၏ ကျူးလွန်မိသမျှ အပြစ်များကို ဗုဒ္ဓဝါဒက မကူညီနိုင်ဘဲ အပြစ်ရှိသူဟူသမျှကို ကယ်မရန် ကြွလာသော ယေရှုခရစ်တော်ကသာ ကူညီပေးနိုင်သောကြောင့်ဟု ဆိုလေသည်။

# သုံးဆယ့်တဘုံနှင့်ဗုဒ္ဓဝါဒ

ဗုဒ္ဓသည် စုန်းအတတ်၊ နတ်အတတ်၊ ပယောဂအတတ်ပညာများနှင့် ဗေဒအတတ်ပညာ၊ ဆေးကုခြင်းအတတ်ပညာများကို မနှစ်သက်ချေ။ ယင်းအတတ်ပညာများနှင့် ပတ်သက်၍ အစုံအလင်ဆုံး ဖော်ပြထားသော သုတ္တန်မှာ ဒီဃနိကာယ်ပြဟ္မဇာလသုတ်ဖြစ်၏။

ထိုခေတ် အိန္ဒိယယောဂီများ ပညာရှင်များတို့သည် မှော်သွင်းခြင်း၊ နတ်မေးခြင်း၊ ဗေဒပညာ၊ နက္ခတ်ပညာ၊ လက္ခဏာပညာ၊ အင်္ဂဝိဇ္ဇာပညာ စသော အတတ်များဖြင့် နာမည်ကြီးနေကြလေသည်။ ဗုဒ္ဓသည် ယင်းလောကီပညာဟူသမျှကို သံသရာဝဋ်မှထွက်မြောက်နိုင်သောပညာများ မဟုတ်ကြ၊အချည်းအနှီးပညာများသာ ဖြစ်သည်ဟု အတိအလင်းမိန့်ကြားခဲ့လေသည်။ အမှန်အားဖြင့် ဗုဒ္ဓအဖို့ စိတ်ကူးယဉ် ဝါဒဆံသော ယင်းလုပ်ရပ်ဟူသမျှနှင့် ဖီလာဖြစ်ရသည်မှာ အံ့ဩဖွယ်ရာ မရှိချေ။

စုန်း၊ နတ်၊ ပယောဂအတတ်ပညာကို ဗုဒ္ဓလက်မခံသည် မှန်၏။ သို့ရာတွင် စုန်း၊ နတ်၊ ပယောဂ၊ အင်းအိုင် လက်ဖွဲ့ပညာနှင့် နတ်ပြဟ္မာများ ဤလောက၌ ရှိနေကြောင်း ဗုဒ္ဓလက်ခံခဲ့

သည်မဟုတ်လော။ လောကီပညာများသည် တကယ်အမှန် ရှိကြောင်းကိုလည်းကောင်း၊ ထိုပညာရပ်များနှင့် ဆက်နွယ်သော ဇော်ဂျီတပသီများ၊ ထွက်ရပ်ပေါက် ပုဂ္ဂိုလ်များ၊ ပြိတ္တာသင်းကွဲများ၊ နာနာဘာဝ ဝိနာဘာဝများ ရှိသည်ဟူသော အယူအဆကိုလည်းကောင်း၊ နတ်ဗြဟ္မာများ ရှိသည်ဟူသော အယူအဆကိုလည်းကောင်း အဘယ့်ကြောင့် ဗုဒ္ဓ လက်ခံယုံကြည်ခဲ့သနည်း။

သမိုင်းအထောက်အထားအရ သော်လည်းကောင်း၊ ပိဋကတ်စာပေများ၌ ဖော်ပြထားသော နတ်ဗြဟ္မာများအကြောင်း၊ အစိမ်းသရဲ သင်းကွဲပြိတ္တာများ အကြောင်းကိုလည်းကောင်း၊ လေ့လာ တွေ့မြင် နေရသည်ဖြစ်ရကား ဗုဒ္ဓသည် ယင်း ဝိညာဉ်လောကသားများ အမှန်တကယ် ရှိနေကြသည်ဟူသော အယူအဆကို လက်ခံထားသည်မှာ သံသယရှိစရာ မလိုချေ။

သို့ရာတွင် နတ်ဗြဟ္မာများ ရှိနေသည်ဟူ၍ လက်ခံထားခြင်းသည် လည်းကောင်း၊ အစိမ်းသရဲ ရှိနေသည်ဟူ၍ လက်ခံထားခြင်းသည်လည်းကောင်း၊ ယင်း ဝိညာဉ်သားတို့ကို နိုင်နင်းနိုင်သော ပယောဂအတတ်ပညာများ ရှိနေသည်ဟူ၍ လက်ခံထားခြင်းသည်လည်းကောင်း၊ ထိုပညာကို အသိအမှတ်ပြုခြင်းမျှသာ ဖြစ်လေသည်။ ထိုပညာကို ကျင့်သုံးခြင်းနှင့် ဘာမျှမပတ်သက်ချေ။ ယိုထက် ထိုပညာရပ်များကိုလည်းကောင်း၊ ထိုနတ်ဗြဟ္မာများကို ပူဇော်ပသခြင်းကိုလည်းကောင်း၊ ဗုဒ္ဓကိုယ်တိုင် မနှစ်သက်သည်မှာ ထင်ရှားလှသည်။

ဤ၌ ဆွေးနွေးရန် အချက်များစွာ ဖြစ်ပေါ်လာခဲ့၏။ ယခု ခေတ် ပညာရှင်သုတေသီများ၊ ဗုဒ္ဓသာသနာကို လေ့လာသော သုတေသီများသည် ဗုဒ္ဓအကြောင်း လေ့လာကြရာ၌ ဗုဒ္ဓနှင့် နတ်ဗြဟ္မာပြဿနာ၊ ဗုဒ္ဓနှင့် လောကီပညာစသည့် ပြဿနာများ၌ တွေ့ဝေနေကြသည်ကို တွေ့ရပေသည်။ သို့မဟုတ် လက်တွေ့ လေ့လာ၍ ရရှိသော အမြင်ကိုမှ လက်ခံသော ဗုဒ္ဓသည် မမြင်ရသော ဝိညာဉ်လောကသားများနှင့် လောကီ ပညာများကို အဘယ့်ကြောင့် လက်ခံခဲ့သနည်းဟု ဝေဖန်ကြပြီးလျှင် ယင်း နတ်ဗြဟ္မာများ၊ လောကီပညာရပ်များသည် ဗုဒ္ဓယုံကြည်သော အယူအဆများ မဟုတ်ကြဘဲ ဗုဒ္ဓပရိနိဗ္ဗာန်ပြုပြီး နောက် နှစ် ပေါင်းအတန်ကြာမှ ပိဋကတ်ထဲသို့ ရဟန်းများက ထည့်သွင်း ထားခြင်း ဖြစ်သည်ဟု စောဒကတက်ကြလေသည်။ ယူဆကြ လေသည်။

ယင်း ခေတ်ပညာရှင်များ၏ အယူအဆသည် တိုးတက်လာ သော သိပ္ပံပညာရှင်၏ အယူအဆကို ဗုဒ္ဓဝါဒနှင့် မဆန့်ကျင် စေရန် ဗုဒ္ဓဝါဒဘက်မှ ကာကွယ်လိုသဖြင့် ပိဋကတ်ကို စီစဉ် ခဲ့သော ရဟန်းများအား အပြစ်ဖို့၍ ချေပထားသော အယူအဆ သစ်များ ဖြစ်ရာ ဗုဒ္ဓဝါဒကို တဖက်သတ် ကာကွယ်ထားခြင်း မျှသာ ဖြစ်ပေလိမ့်မည်။ ပိဋကတ်အရင်းကျမ်းမြောက်များစွာကို ဖတ်ရှု လေ့လာခြင်းဖြင့် ခေတ် သုတေသီတို့၏ အယူအဆ သစ်သည် မှန်ကန်သော ချဉ်းကပ်ချက်များမဟုတ်ကြောင်း ထင် ရှားလေသည်။

မဟာယာန ပိဋကတ်ကို ဖြစ်စေ၊ ထေရဝါဒ ပိဋကတ်ကို ဖြစ်စေ၊ ဖတ်ရှုလေ့လာကြည့်မိပါက ယင်း ပိဋကတ်တို့၌ ဖော်ပြထားသော သုတ္တန်တို့၏ ဆယ်ပုံခုနစ်ပုံမျှသော သုတ္တန်တို့၌နတ်ပြဟ္မာအကြောင်း ပါဝင်လျက်ရှိ၏။ အဘိဓမ္မာ ပိဋကတ်များ၌ ၃၁-ဘုံပါဝင်နေကြောင်း တွေ့မြင်နေရ၏။ ဝိနည်းပိဋကတ်၌ နတ်ပြဟ္မာအကြောင်း နေရာအတော်များများ၌ ဖော်ပြထား၏။ သို့ဖြစ်ရာ ယင်း ပိဋကတ်တို့၌ ဖော်ပြထားသော နတ်ပြဟ္မာအကြောင်း၊ ၃၁-ဘုံအကြောင်းများကို ပယ်ထုတ်ပစ်ရန်မှာ သဘာဝ မကျတော့ချေ။

ထိုသို့ ပိဋကတ်တို့၌ နတ်ပြဟ္မာများအကြောင်း ဖော်ပြရာနေရာဒေသ၊ အခေါ်အဝေါ်၊ ဒေသစကားဖြင့် ကွဲပြားခြားနားချက်များ ရှိမည်မှာ အမှန်ပင် ဖြစ်ပေလိမ့်မည်။ ဒေသစကားလုံးများခြားနားခြင်းဖြင့် ယင်းကိုအထောက်အကူပြု၍ပိဋကတ်၌လာသော နတ်များ၊ ပဃောဂပညာများသည် တချို့ပိဋကတ်၌ အမည်တမျိုး ရှိ၍ တချို့ပိဋကတ်၌ အမည်တမျိုး ရှိသောကြောင့် နတ်ပြဟ္မာနှင့် လောကီပညာရပ်များ အကြောင်းမှာ ဗုဒ္ဓကိုယ်တိုင် လက်ခံထားခြင်းမျိုး မဟုတ်ဘဲ နောက်မှ ပိဋကတ်ထဲသို့ ဝင်လာခြင်းဖြစ်သည်ဟု ယူဆခြင်းမှာ ယုတ္တိမတန်သော ခေတ်ပညာရှင် သုတေသီတို့၏ အယူအဆမျှသာဖြစ်ပေသည်။

ဗုဒ္ဓဝါဒီတဦး သို့မဟုတ် ပိဋကတ်ကို လေ့လာသော သုတေသီတဦးသည် ပိဋကတ်ကို အစုံအလင် လေ့လာပြီးပါက ဗုဒ္ဓဝါဒသည် ဝိညာဉ်လောကရှိသည်ဟူသောအယူအဆကို လက်ခံသည်

ဟူ၍လည်းကောင်း၊ လောကီပညာရပ်များ (ဗေဒင်-ပယောဂ) ရှိသည်ဟူသော အယူအဆကို လက်ခံသည်ဟူ၍ လည်းကောင်း၊ ၃၁-ဘုံရှိ သည်ဟူသော အယူအဆကို လက်ခံသည်ဟူ၍ လည်းကောင်း ယုံကြည်သွားခြင်းမှာ မှန်ကန်သောအမြင်ဖြစ်ပေလိမ့်မည်။

ကျွန်ုပ်တို့ နေ့စဉ် ရွတ်ဖတ် သရဇ္ဈာယ်နေကြသော ပရိတ်ကြီးပါဠိဟု မြန်မာများ ခေါ်တွင်သော သုတ္တန်များမှာ သုတ္တနိပါတ်ပါဠိတော်နှင့် တခြားသုတ္တန်ပိဋကတ်များမှ ထုတ်နုတ်ထားသော သုတ္တန်များ ဖြစ်ကြ၏။ ယင်း သုတ္တန်အားလုံးလိုလိုမှာ နတ်ပြဿာအကြောင်း၊ ပယောဂအကြောင်း၊ အစိမ်းသူရဲသင်းကွဲပြိတ္တာအကြောင်းများချည်း ပါဝင်ပတ်သက်လျက်ရှိ၏။ ထို့ပြင် အောက်ပါ သုတ္တန်အချို့မှာလည်း နတ်ပြဿာများ ရှိကြောင်း သာဓကများ ဖြစ်လေသည်။

"အို၊ တောင်စောင့်နတ်။ ငါတို့သည် ရာဂမကုန်သေးသော ကာလ၌ တရားဓမ္မများကို ရွတ်ဖတ်လိုသောဆန္ဒ ဖြစ်ပေါ်၏။ ရာဂ ကုန်ခမ်းသောအခါ၌မူကား ထိုရွတ်ဖတ်သရဇ္ဈာယ်မှု ပယ်ခြင်းကိုသူတော်ကောင်းများ ချီးမွမ်း နှစ်သက်ကြကုန်၏။
(သဂါထာဂဂ္ဂသံယုတ်သဇ္ဈာယဗဟုလသုတ်)

မာရ်နတ်သည် "ဂေါဓိကမထေရ်၏ဝိညာဉ်သည် အဘယ်အရပ်၌နည်း"ဟု မထေရ်၏ဝိညာဉ်ကို ရှာ၏။
(မာရသံယုတ်ဂေါဓိကထေရသုတ်)

"ကဿပ-ငါဘုရားသည် အချို့သောပုဂ္ဂိုလ်များ ခေါင်းပါးသော အကျင့်များကိုကျင့်ပြီး သေလွန်သောအခါ ချမ်းသာသော သုဂတိဘဝသို့ရောက်ရသည်ကိုမြင်တော်မူ၏။ အချို့သော ပုဂ္ဂိုလ်များသည် အကျင့်တရားများကို အားထုတ်ခြင်းမရှိဘဲ သေလွန်သွားကြကုန်၏။ ထိုပုဂ္ဂိုလ်များသည် မကောင်းသော ဒုဂ္ဂတိဘုံများသို့ ရောက်ရသည်ကို မြင်တော်မူ၏"
(ဒီဃနိကာယ်မဟာသီဟနာဒသုတ်)

မင်္ဂလသုတ်မှာ မထင်ရှားသော နတ်သားတယောက် လျှောက်ထားခြင်းကြောင့် ဖြစ်ပေါ်လာရသည်ဟု ယင်းသုတ်၏ နိဒါန်း၌ ဖော်ပြထား၏။ များစွာသော အစိမ်းသူရဲများ၊ ပြိတ္တာများ၊ နတ်ဘီလူးများတို့က ဝေသာလီပြည်သူအပေါင်းတို့ကို မနေနိုင်အောင် ချောက်လှန့်ဖမ်းစားရာမှ ရတနသုတ် ပေါ်လာရသည် ဆို၏။ တောမှပုဂ္ဂိုလ်များကို နတ်ဆိုးနတ်ယုတ်များက ချောက်လှန့်သဖြင့် မေတ္တာသုတ်ပေါ်လာရ၏။ သိကြားမင်းနှင့် အသုရာနတ်မင်းတို့ စစ်ထိုးခြင်းအကြောင်းကို ဓဇဂ်သုတ်၌ ဖော်ပြထားပြီး နတ်အမည်များစွာတို့ကို အာဋာနာဋိယသုတ်၌ ဖော်ပြထား၏။

သို့ဖြစ်ရာ ဗုဒ္ဓဝါဒအရ နတ်ပြဟ္မာများရှိကြောင်း အထူးယုံမှားဖွယ် မရှိချေ။ ထို့ပြင် ဝိညာဉ်လောကအကြောင်း၊ လောကီပညာအကြောင်း၊ ယခုခေတ် သိပ္ပံပညာရှင်များ၏ စောဒကတက်မှုကိုလည်း ဗုဒ္ဓဝါဒအရ ငြင်းဆိုနိုင်စွမ်း မရှိချေ။ အမှန်အားဖြင့် ဗုဒ္ဓဝါဒသည် ပေါ်လာသောဝါဒများနှင့် ညှိနှိုင်းခြင်း

ကိုလည်းကောင်း၊ထိုထိုဝါဒလမ်းစဉ်သစ်များ၏ ပေတန်၊ဒေါက်တိုင် မဟုတ်သည်ကိုလည်းကောင်း၊ ထိုဝါဒလမ်းစဉ်သစ်များနှင့် ရောထွေးပြီးသွားခြင်းကိုလည်းကောင်း မပြုသင့်ချေ။ ဗုဒ္ဓဝါဒသည် လွတ်လပ်စွာ အထီးထီးရပ်တည်နေသောဝါဒဖြစ်ကြောင်း ကျွန်ုပ်တို့ သတိချပ်သင့်ကြလေသည်။

ကျွန်ုပ်တို့၏ ဗုဒ္ဓဝါဒသည် နတ်ပြဟ္မာ၊ ပယောဂ၊ ဗေဒ စုန်းနတ်တစ္ဆေစသောဝိညာဉ်လောကနှင့်ယှဉ်းဝိညာဉ်ဆိုးများကို နှိမ်နင်းနိုင်သော ပယောဂပညာနှင့် ရှေ့ဖြစ်နောက်ဖြစ် အတတ်ပညာများဖြစ်ကြသည့် ဗေဒနှင့် အင်္ဂဝိဇ္ဇာ နက္ခတ်ပညာများကို ဤလောက၌ အမှန်တကယ်ရှိ၏ဟု ယူဆခဲ့သည်မှာ ထင်ရှားလေပြီ။

ထိုသို့ ယင်း လောကီပညာရပ်များနှင့် ဗုဒ္ဓဝါဒ မည်သို့ ခြားနား သနည်း၊ သို့မဟုတ် ယင်း ပညာရပ်များ၊ နတ်များ စသည့် အယူအဆနောက်သို့ ဗုဒ္ဓဝါဒီများ ကောက်ကောက်မပါအောင် လိုက်နာရမည်လော။ သို့မဟုတ် ငှက်ပျောပွဲ အုန်းပွဲများ အိမ်ဦး၌ ထား၍ ကိုးကွယ်ရမည်လော။ ဗုဒ္ဓဝါဒီတဦးဖြစ်လာသူသည် ဗုဒ္ဓနှင့် ထပ်တူထပ်မျှ နတ်များ၊ ပယောဂများကို လေးစား ကိုးကွယ်ရမည်လော။ ဗုဒ္ဓ၏ တရားဓမ္မများကို နာယူ မှတ်သားသကဲ့သို့ အင်း အိုင် ဂါထာ မန္တရားများကို နာယူမှတ်သားနေရမည်လော၊ ဗုဒ္ဓ၏ နှုတ်ခပါဠိတော်များကို သင်အံ လေ့ကျင့်သကဲ့သို့ ပယောဂ ဂါထာများ ဗေဒပညာများနှင့် အင်္ဂဝိဇ္ဇာ အတတ်ပညာများ ပါဝင်သော ကျမ်းစာများကို သင်အံ လေ့ကျင့် နေရမည်လော။

ယင်းအထက်ပါ မေးခွန်းများကိုမဖြေဆိုမီ ဝိညာဉ်လောက သည် အမှန်တကယ် ရှိသလားဆိုသော ပြဿနာကို အကျဉ်းချုံး၍ ဖော်ပြလိုပေသည်။ အိန္ဒိယ၏ ရှေးကျသော အယူအဆများ အရ လည်းကောင်း၊ အနောက်တိုင်းမှ ထင်ရှားသော သမိုင်း ဟောင်းများ၌ လည်းကောင်း၊ အနောက်တိုင်း၏ ရှေးဟောင်း အယူအဆများ၌ လည်းကောင်း၊ စုန်းနတ်တစ္ဆေများရှိကြောင်း ဖော်ပြထားကြရာ လူသားများ ဤလောကသို့ စတင် ဝင်ရောက် သည့် နေ့ကစ၍ ယင်းအယူအဆများ ရှိနေကြောင်း ထင်ရှား လေသည်။

ယနေ့ခေတ်သည် တိုးတက်နေသော သိပ္ပံခေတ်၏ အစ ဖြစ် သည်ဟု ခေတ်ပညာရှင်များက သတ်မှတ်ထားကြ၏။ ခေတ် ပညာရှင် များစွာတို့သည် (၃၁)ဘုံဟူသော အယူအဆများ၊ စုန်းနတ်ပယောဂများ၊ အင်္ဂဝိဇ္ဇာနှင့် ဗေဒပညာများကို ခါး သည်းစွာ ပုတ်ခတ် ဝေဖန်နေကြလေသည်။ သို့ရာတွင် အများစု ကြီးသည် အယူဟောင်းများကို တင်းကြပ်စွာ ဆုပ်ထားလျက် ရှိ သည်။ ထိုထက် ဆိုးသည်မှာ ခေတ်သစ်ပညာရှင်များ၊ တွေးခေါ် ရေး သမားများသည် ထိုအယူဝါဒဟောင်းကို ခါးသည်းစွာငြင်း ပယ်ပြီးနောက် သူတို့ကိုယ်တိုင် ယင်း အယူအဆဟောင်းများနှင့် ပတ်သက်၍ များစွာ သံသယ ရှိနေသည်ဟူသော အချက် ဖြစ် လေသည်။

အရုပ်မျက်နှာများကို ရှိခိုးနေသော သိဂ်ါလ သူကြွယ်သား အား ဗုဒ္ဓက အဘယ့်ကြောင့် အရုပ်မျက်နှာများကို ရှိခိုးနေ

သနည်းဟု မေး၏။ ထိုအခါ သိင်္ဂါလ သူကြွယ်သားက သူ၏ အဖေ မသေမီက မှာကြားထားခဲ့သဖြင့် အဖေ၏ စကားအရ၊ အရပ်မျက်နှာများကို ရှိခိုးနေကြောင်း လျှောက်ထား၏။

ဗုဒ္ဓက အရိယာပုဂ္ဂိုလ်များသည် အရပ်မျက်နှာများကို ရှိခိုးလေ့မရှိကြောင်းနှင့် အကျင့်များသာ အရေးကြီးကြောင်း မိန့်ကြားလေသည်။ ထိုနောက်သိင်္ဂါလ သူကြွယ်သားအား 'ဒုက္ခရောက်သူသည် အကြောင်းကိစ္စ ကူလာသောအခါ အဖော်သဟဲရ၏။ ထိုသူသည် မိတ်ဆွေအစစ်ဖြစ်၏''စသည်ဖြင့် ဟောကြားတော်မူ၏။ ထိုနောက် မယားဝတ်ငါးပါး၊ လင့်ဝတ် ငါးပါး၊ စသည်ဖြင့် မိန့်ကြားတော်မူ၏။ (သိင်္ဂါလောဝါဒသုတ်)။

နတ်၊ ဗြဟ္မာ၊ စုန်း၊ နတ်၊ ပယောဂ၊ တစ္ဆေများကိုပူဇော်ပသ ကိုးကွယ်ခြင်း မပြုရ။

ဗုဒ္ဓဝါဒသည်''နတ် ဗြဟ္မာရှိသည်ဟူသော အယူဝါဒကို လက်ခံသည် မှန်၏။ သို့ပါသော်လည်း ထို နတ် ဗြဟ္မာနှင့် စုန်း၊ နတ်၊ ပယောဂ တစ္ဆေများကို ပူဇော်ရမည်။ ပသ ကိုးကွယ်ရမည် ဟု မည်သည့် သုတ္တန်ကမျှ ဖော်ပြမထားချေ။ အကယ်၍ နတ်များ၊ ပယောဂများ၊ အစိမ်း၊ မြေဘုတ်များက လူသားများကို နည်းတမျိုးမျိုးဖြင့် ခြောက်လှန့်သည် ဖမ်းစားသည် ဖြစ်အံ့။ ထိုသူများကို အမျှအတန်း ပေးဝေရမည်။ မောင်းထုတ် ပစ်ရမည်ဟုသာ ဟောကြားထား၏။

အကယ်၍ နတ်အကြောင်း၊ စုန်းအကြောင်းနှင့် ပတ်သက်၍လည်းကောင်း၊ တမလွန် လောကအကြောင်းများနှင့် ပတ်သက်၍ လည်းကောင်း၊ တစုံတယောက်က ဗုဒ္ဓထံ မေးလျှောက်သည်

ဖြစ်အံ့။ ထိုအမေးနှင့် ပတ်သက်၍ မည်သည့်အခါမျှ ဗုဒ္ဓဖြေကြား လိမ့်မည် မဟုတ်ချေ။ ယင်းကိစ္စကို အဓိကထား၍ စဉ်းစား နေသဖြင့် အကျိုးမရှိကြောင်းနှင့် အကျိုးရှိသော လက်တွေ့ကျသော ယုတ္တိယုတ္တာရှိသော အကျင့်များ၊ အလုပ်များကိုသာ ကျင့်ကြံသင့်၊ အားထုတ်သင့်၊ ဆောင်ရွက်သင့်ကြောင်း မိန့်ကြားပေလိမ့်မည်။

သံယုတ်ပါဠိတော် များစွာ၌ ဖော်ပြထားသော အကြောင်းအရာတို့မှာ နတ်သား နတ်သမီးများနှင့် ဗုဒ္ဓသည် သော်လည်းကောင်း၊ ဗုဒ္ဓ၏ တပည့်သာဝကများသည် သော်လည်းကောင်း၊ အပြန်အလှန် စကားပြောကြသော အကြောင်းအရာများ ပါရှိရာ "နတ်လောကသည် အမှန်တကယ် ရှိသည်" ဟု ကျွန်ုပ်တို့ယူဆရပေမည်။ ထိုအပြင် နတ်ဆိုးအချို့၊ ရဟန်း သံဃာများကို ခြောက်လှန့်၏။ မာရ်နတ်သည် ရှင်မောဂ္ဂလာန် စင်္ကြံ သွားနေစဉ် ရှင်မောဂ္ဂလာန်၏ ဝမ်းထဲ ဝင်နေ၏။ ထို့ကြောင့် မောင်းထုတ် လိုက်ရ၏။ (မာရတဇ္ဇနီယသုတ် မူလပဏ္ဏာသ) စသည်ဖြင့် ပိဋကတ်၌ လာ၏။

ဗုဒ္ဓသည် သတ္တဝါများကို လောကမှ ထွက်မြောက်သော တရားဓမ္မများကို ဟောကြားရန် ဤလောက၌ ဖြစ်ပေါ်လာသည် ဆိုလျှင် လောကီရေးရာ အယူဝါဒ အားလုံးသည် ဗုဒ္ဓနှင့် လုံးဝ ဆန့်ကျင်နေလေပြီ။ သို့ဖြစ်ရာ ဗုဒ္ဓသည် သူ၏လောကုတ္တရာ လမ်းစဉ်နှင့် ပတ်သက်၍သာ အဓိကမဏ္ဍိုင်ထားလျှက် လောကီရေးရာ ပြဿနာ များစွာတို့ကိုမူကား (မေးလာသမျှသော အမေးများကို) ဖြေကြားရန် အားမထုတ်တော့ချေ။ ထို့အပြင်

ခေတ်ကာလနှင့် ပတ်သက်၍လည်းကောင်း၊ လူတို့ ယုံကြည် စွဲလန်းချက်များနှင့် ပတ်သက်၍လည်းကောင်း မိမိ အယူဝါဒကို မထိခိုက်သမျှ ဆန့်ကျင်ဖက် မပြုချေ။ ပုဂ္ဂိုလ်၏ အလိုဆန္ဒ အလျှောက်သာလျှင် မိန့်ကြားလေ့ ရှိသည်။

နတ်ပြဟ္မာနှင့် ၃၁ ဘုံ ဝါဒများ ထိုခေတ်က ခေတ်စားလျက်ရှိရာ သေလွန်သောသူသည် မည်သည့်ဌာနသို့ ရောက်နေသနည်း ဟူသော အမေးကိုလည်းကောင်း၊ နတ်ဆိုးများ၊ ဇုန်းအဘိတ်၊ ပယောဂအတတ်များ ရှိ သည် မရှိ သည် မေး လာ သော်လည်းကောင်း၊ ယင်း အမေးအားလုံးကို ဗုဒ္ဓ ဖြေကြားတော်မမူဘဲ သူနှင့်သူ၏ သာဝကများတို့သည်နတ်အမျိုးမျိုးနှင့်စကားပြောခဲ့ကြောင်း ထင်ရှားစေလေသည်။

ပယောဂအတတ်ပညာများစွာတို့သည် ထိုခေတ်က ထင်ထင်ရှားရှား ခေတ်စားနေကြောင်း ပိဋကတ်၌ ဖော်ပြထားသော်လည်း ရဟန်းတပါးပါးသော်မျှ ထိုအတတ်ပညာများဖြင့် ရောဂါသည်တဦးဦးကို ကုသပေးကြောင်း ပါဠိတော်၌ ရှာဖွေမတွေ့ရချေ။ ထိုအယူအဆများကို လက်ခံလိုသောရဟန်းများ ရှိပါကလည်း ထိုအယူအဆများကို ဗုဒ္ဓရဟန်းတော်များအတွင်း မဝင်လာရအောင် လုံးဝ တားမြစ်ထားလေသည်။ ယင်း ဝါဒသည် မိစ္ဆာဒိဋ္ဌိဝါဒဖြစ်ကြောင်း ညွှန်းပြထားလေသည်။

နတ်များသည် လူသတ္တဝါများလောက် မမြတ်ကြောင်း၊နတ်ကို ကိုးကွယ်ရန်မလိုကြောင်း၊ နတ်များသည် အဟိတ် တိရစ္ဆာန်များဖြစ်ကြောင်း ပိဋကတ်၌ ဖော်ပြထားသည်။ ရဟန်းဘောင်သို့ ဝင်ရောက်လိုသူသည် လူသားစင်စစ်သာဖြစ်ရပြီး၊ ဖန်ဆင်း

တတ်သော နတ်နဂါး တိရစ္ဆာန်များ မဖြစ်ရချေ။ ဆိုလိုသည်မှာ ရဖာန်းဘောင်ဝင်မှု၌ နတ်များသည် တိရစ္ဆာန်အုပ်စုထဲ၌ ပါဝင်နေ၍ ရဟန်းခံခွင့်မရချေ။ သို့ဖြစ်ရာ နတ်သည် လူလောကမြတ်ကြောင်း ထင်ရှားသည်။ လူသားများစွာ သွားလာ ရာ၌ နတ်ကောင်းနတ်မြတ်များ စောင့်ရှောက်လိုက်ပါကြောင်းဖော်ပြထားရာ နတ်ဟူသည် လူ၏အစေအပါး၊ လူသားတို့ကို စောင့်ရှောက်ရသော သတ္တဝါဖြစ်ကြောင်း ထင်ရှားလေသည်။

ယခုခေတ် ပညာရှင်များသည် ဗုဒ္ဓဝါဒနှင့်ပတ်သက်၍ လေ့လာရာ၌ ပိဋကတ်တွင် ဖော်ပြထားသော နတ်ပြဟ္မာအကြောင်းများကို လေ့လာခွင့် ရကြလေသည်။ ထို နတ်ပြဟ္မာဝါဒသည် ပိဋကတ်ထဲသို့ နောက်မှရောက်လာသည်။ ဗုဒ္ဓဝါဒမဟုတ် စသည်ဖြင့် ဝေဖန်ကြလေသည်။ ထိုပုဂ္ဂိုလ်များ၏ လေ့လာခြင်းသည် ပိဋကတ်ကို စေ့စေ့ငုငု သေချာစွာ မလေ့လာမိခြင်း ဖြစ်ပေလိမ့်မည်။ အကယ်၍ ပိဋကတ်ကို သေချာစွာလေ့လာပါက ယင်းသို့ အဖြေများထွက်လာလိမ့်မည် မဟုတ်ချေ။

(၁) ဗုဒ္ဓသည် စုန်း နတ်ပယောဂ အင်းအိုင်အတတ်များ၊ ဗေဒအတတ်များ အင်္ဂဝိဇ္ဇာအတတ်များသည် အမှန်တကယ် ရှိသည် ဟူ၍လည်းကောင်း၊ နတ်ပြဟ္မာနှင့် ငရဲ တိရစ္ဆာန်စသော ၃၁- ဘုံ ရှိသည်ဟူလည်းကောင်း လက်ခံထားသည်။

(၂) ဗုဒ္ဓသည် ထိုစုန်းနတ်ပယောဂ အင်းအိုင်အတတ်များ ဗေဒအတတ်များ အင်္ဂဝိဇ္ဇာ အတတ်များဖြင့် အသက်မွေးဝမ်းကြောင်း ပြုခြင်းကိုလည်းကောင်း၊ ထိုပညာကို သင်ယူခြင်းကိုလည်းကောင်း၊ ထိုပညာရပ်ကို ယုံကြည်စွာ အားထားခြင်းကို

လည်းကောင်း လက်မခံချေ။ ထို့ပြင် မိမိဂိုဏ်းအတွင်း ထိုပညာရပ်များကို လုံးဝပိတ်ပင်ထားသည်။ ဗုဒ္ဓဝါဒီအတွင်း ထိုပညာရပ်များအမြစ်မတွယ်မိစေရန် တားဆီးထားသည်။

(၃) နတ်ဗြဟ္မာနှင့် ၃၁ ဘုံ ဝါဒနှင့် ပတ်သက်၍ ပြဿနာဖြစ်ပေါ်ခဲ့သော်ပဋိစ္စသမုပ္ပါဒ်နည်းဖြင့် ဗုဒ္ဓကိုယ်တိုင် ရှင်းလင်းပြ၏။

ရဟန်း သာတိသည် ဤသို့ ယူဆလေသည်။ သတ္တဝါသည် တဘဝမှတဘဝသို့ ပြောင်းနေကြသည်။ ထို ဝိညာဏ်သည်ပင်ပြောင်း၏ ကျင်လည်၏ ဝိညာဏ်မှတပါး တခြားအယူ မရှိ။ ဝိညာဏ်ဆိုသည်မှာ ပြောဆိုတတ်သောသဘော၊ သိတတ်သောသဘော၊ ထိုထိုဘဝတို့၌ ကုသိုလ်ကံ အကုသိုလ်ကံတို့၏အကျိုးကို ခံစားတတ်သောသဘောတို့ ဖြစ်ကြ၏ဟု ယူဆထားလေသည်။ ယင်းအကြောင်းဗုဒ္ဓကြားသောအခါ၌ဗုဒ္ဓက သာတိမထေရ်၌ သာသနာတော်၏ အငွေ့အသက်မျှမရှိတော့ကြောင်း မိန့်ကြားလေသည်။ ထို့နောက် ဤသို့ ဟောကြားတော်မူလေသည်။

ရဟန်းတို့ အကြင်အကြောင်းကိုစွဲ၍ ဝိညာဏ်သည်ဖြစ်ပေါ်၍လာ၏။ ထိုအကြောင်းဖြင့် ဝိညာဏ်ဟု ခေါ်ဝေါ်ခြင်းသို့ရောက်၏။ မှန်၏၊ အကြင်အကြောင်းကိုစွဲ၍ သိမှုဝိညာဏ်သည်ဖြစ်ပေါ်လာ၏။ အကြောင်းကင်း၍ဝိညာဏ် ဖြစ်ပေါ်သည်မည်သည် မရှိ။

(မဟာတဏှာသင်္ခယသုတ် မူလပဏ္ဏာသ ၃၃၀) (အကျယ်နောက်ပိုင်း၌ရှု)

ဗုဒ္ဓ ဟောကြားသော တရားမွေများသည် များစွာ ခက်ခဲနက်နဲရကား တထိုင်တည်းဖြင့် ဗုဒ္ဓအယူအဆကို သိရန် မလွယ်ကူ

ချေ။ ကုသိုလ် အကုသိုလ်ကံများကို ဟောကြားလက်ခံထားသော ဗုဒ္ဓဝါဒသည် တမလွန်ဘဝရှိသည်ဟူသော အယူအဆများ ပေါ်လွင် ထင်ရှားနေလေသည်။ သို့ရာတွင်တမလွန်လောကအကြောင်း ဗုဒ္ဓဝါဒီတဦးက ယုံကြည်စွာ လက်ခံထားသည်ဖြစ်အံ့၊ ယင်းသည် လည်းမှန်ကန်လိမ့်မည် မဟုတ်တော့ပြန်ချေ။ ဗုဒ္ဓဝါဒနှင့် ဖြောင့်ဖြောင့်ဆန့်ကျင်သွားပြီသာ ဖြစ်ပေလိမ့်မည်။ သို့ဖြစ်ရာ အချို့ ပညာရှင်များက ဗုဒ္ဓသည် တမလွန်လောကနှင့်လည်းကောင်း၊ နတ်ဗြဟ္မာ ဝါဒနှင့်လည်းကောင်း၊ ၃၁ ဘုံ ဝါဒနှင့် ပတ်သက်၍ လည်းကောင်း၊ ဝိညာဏ်လောကနှင့် ပတ်သက်၍လည်းကောင်း ဗေဒနှင့် ပတ်သက်၍လည်းကောင်း၊ ပယောဂပညာနှင့် ပတ်သက်၍လည်းကောင်း ပြတ်သားမှု မရှိချေဟု ဝေဖန်ကြလေသည်။ အမှန်အားဖြင့် ယင်းပညာရှင်များသည် ဗုဒ္ဓဝါဒကိုစေ့ငှသေချာစွာ မလေ့လာဘဲ တထောင့် တနေရာမျှကိုသာ လေ့လာ၍ ဝေဖန်ခြင်းမျိုး ဖြစ်ပေလိမ့်မည်။

မည်သည့်အယူဝါဒကိုဖြစ်စေ၊ မည်သည့်ဘာသာတရားများကိုဖြစ်စေ ကိုယ်မကျွမ်းကျင်ဘဲ ပြစ်တင်ဝေဖန်ခြင်းမျိုးသည် မလိုမုန်းတီးခြင်းကြောင့်ဖြစ်သည်။ အမှန်မှာ မည်သည့်အယူဝါဒမဆို၊ မည်သည့် ဘာသာရေး ယုံကြည်မှုမဆို အနှစ်သာရအားဖြင့် လူသားသတ္တဝါများ လက်ခံနိုင်လောက်အောင် ထူးခြားချက်ပါဝင်နေတတ်ကြောင်း သတိပြုရပေလိမ့်မည်။

# ရုပ်နာမ်သဘာဝနှင့် ဗုဒ္ဓအယူအဆ

ဗုဒ္ဓသည် "ရုပ်နာမ်သဘာဝတရားများ၏ အညမညတရား ဆက်စပ်မှုရှိပုံနှင့် ယင်းတို့သည် သဟဇာတကျစွာပါဝင်ပတ်သက်မှုရှိနေကြသည်" ဟူ၍ လက်ခံထားသည်ဖြစ်ရာ၊ ဗုဒ္ဓအဘိဓမ္မာအရ ယင်းတို့သည် မည်သို့မည်ပုံ ဖြစ်ပျက်နေကြသည် မည်သို့မည်ပုံ ဆက်စပ်မှုရှိကြသည်ဟူသော အယူအဆကို လေ့လာကြရပေလိမ့်မည်။ စိတ်တို့၏သဘာဝ၊ စိတ်အကြောင်း အကျိုးဆက်စပ်မှု၊ ရုပ်တို့၏သဘာဝ၊ ရုပ်တို့၏ အကြောင်းအကျိုး၊ ယင်းစိတ်များ ရုပ်များသည် မည်သို့အကူးအပြောင်းရှိသည် စသည်များကို ဗုဒ္ဓ၏ အဘိဓမ္မာအယူအဆအရ နည်းလမ်းကျနစွာ လေ့လာကြရပေလိမ့်မည်။ ယင်းသို့လေ့လာမည်ဆိုလျှင်၊ အောက်ပါအချက်များကို သတိပြုသင့်ကြပေသည်။

၁။ စိတ် ဟူသောအမည်သည် အဘယ်နည်း။

၂။ အသိသည် စိတ်လော၊ သို့မဟုတ် တခြားစီလော။

၃။ စိတ်သည် တည်မြဲနေသော တရားစုလား။

၄။ စိတ်အသိသည် ပြောင်းရွှေ့နေသည်။ တခုပြီးတခု တမျိုးပြီး တမျိုး ဖေါက်ပြန်နေသည် ဆိုလျှင် မည်သို့ မည်ပုံ ဖေါက်ပြန် ပြောင်းရွှေ့နေသနည်း။ စိတ်အသိ စဘင်ဖြစ်ပေါ်လာသောနေရာ။

၅။ ရုပ်တို့၏သဘာဝနှင့် ရုပ်တို့ ရွှေ့လျားနေပုံများ။

၆။ ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယောဟုဆိုအပ်သော မြေဓာတ်၊ ရေဓာတ်၊ မီးဓာတ်၊ လေဓာတ်တို့၏ သဘာဝ တရားများ။

၇။ ရုပ်နှင့် နာမ်တို့သည် မည်သို့ဆက်စပ်မှုရှိသည်။

၈။ ပဋိစ္စ သမုပ္ပါဒ် အစဉ်ကြီး၏ သဘာဝသတ္တိများ။

၉။ နာမ်လောက ရုပ်လောကဟူသည် အဘယ်နည်း။

၁၀။ ဝိညာဏ်လောကဟူ၍ အမှန်ဘကယ် ရှိအပ် မရှိအပ်။

ယင်းတို့ကို အခြေခံကျစွာ နားလည်ထားနိုင်မှ ဗုဒ္ဓအယူဝါဒ၏ တစွန်းတစကို တီးမိခေါက်မိ နိုင်ပေလိမ့်မည်။ ပိဋကတ်၌ပြန့်နေသော ဗုဒ္ဓ၏ စကားတော်ထဲမှ စုပေါင်းထုတ်နှုတ် အဖြေရှာနိုင်မှ ဗုဒ္ဓ၏အယူဝါဒ တစွန်းတစကို နားလည်နိုင်မည် ဖြစ်သောကြောင့် ကျွန်ုပ်တို့သည် ဗုဒ္ဓဝါဒကို လေ့လာကြမည်ဆိုလျှင် အခြေခံ အရင်းအမြစ်ကို စုံစမ်းလေ့လာ မှတ်သား၍ အခြေခံမှ တဆင့် အဖြေမှန် ထုတ်ကြရပေလိမ့်မည်။

ပျော်ရွှင်ခြင်း၊ ဝမ်းနည်းခြင်း၊ နှစ်သက်ခြင်း စသည်တို့သည် မူလအာရုံနှင့် အပြင်မှအာရုံနှစ်မျိုး ဖြစ်ပေါ်လာရန်အတွက် ရုပ်နှစ်ခုတိုက်ဆိုင်ရာမှ ဖြစ်ပွားလာခြင်း၊ ပေါက်ဖွားလာခြင်းမျိုး ဖြစ်၏။

ရုပ်တမျိုးနှင့် တမျိုးတို့ ထိခိုက်မှုကြောင့် ဖြစ်ပေါ်လာသော စိတ်မျိုးကို အဖြစ်စိတ်ဟု ခေါ်ဝေါ် သတ်မှတ်ထားလေသည်။ ယင်းအဖြစ်စိတ်များသည် မျက်စိ၊ နား၊ နှာ၊ လျှာ ခန္ဓာကိုယ်နှင့် မနောစိတ်ဟူသော အာရုံရုပ်များ၊ စိတ်များသို့ အပြင်မှဝင်လာသော ရူပါရုံ၊ အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ တွေ့ထိစရာရုပ်ဝတ္ထု၊ ဓမ္မာရုံဟူသော အာရုံပြုစရာ ဝတ္ထုများနှင့် တိုက်ဆိုင်ရာမှ ပေါက်ဖွားလာကြသောကြောင့် သင်းတို့သည် အဖြစ်တရားစုများဟု သတ်မှတ်ထားကြလေသည်။ ယင်းအဖြစ်စိတ်များသည် တခုမဟုတ် တခု ဝင်ရောက်နေတတ်ကြပြီး အပြိုင် သို့မဟုတ် အဖြစ်စိတ်များသည် စိတ်တခုနှင့်တခု တပြိုင်တည်း အတူ ကွ မဖြစ်ကြဘဲ တခုပြီးတခု အစီအစဉ်မဲ့စွာ လူ့စိတ်၌ ဖြစ်ပွားနေကြလေသည်။ ယင်းသို့ တခုပြီးတခု ဖြစ်ပေါ်လာပြီးပျက်စီးသွားခြင်းသည် စိတ်သဘာဝ၏ ပဓာနကျစွာ ပြောင်းလဲနေခြင်းဖြစ်သည်။ အဖြစ်စိတ်တို့သည် တခုနှင့်တခုအကြား၌ အခြားမရှိ ဖြစ်ပေါ်ပြီး ပျက်စီးဆုံးရှုံးနေကြသလို မဖြစ်မပျက်ဘဲ နေသော ကာလဟူ၍လည်း မရှိဟု ဗုဒ္ဓအဘိဓမ္မာက ခံယူထားလေသည်။

ယင်းသို့လျှင် စိတ်ဟူသောအရာသည် အစဉ်အမြဲ ရပ်တည်နေသော အခြင်းအရာမဟုတ်သည်မှာ ထင်ရှားသည်။ အာရုံများသည် ပျောက်ဆုံးပျက်စီးနေသည်မှာ ထင်ရှားသည်ဖြစ်ရာ စိတ်ဟူသောအမည်သည် အမှန်စင်စစ်အားဖြင့် အသိဓာတ်တမျိုးဟု အဓိပ္ပါယ်ရပြီး ယင်းသည် အမြဲ ဖေါက်ပြန် ပျက်စီးနေသော တရားစုများဟု မှတ်ယူကြရပေလိမ့်မည်။ စိတ်၊ သို့မဟုတ် အသိဓာတ်ဟူသော သဘာဝနိယာမ အရ အာရုံ ၆-မျိုးကို အခြေခံ၍

ပေါ်ပေါက်လာသော အဖြစ်တရားစုံများဟု အဓိပ္ပါယ်ရရှိပေရာ အသိနှင့်စိတ်သည် ခြားနားသည်ဟု မဆိုနိုင်ချေ။

ပိဋကတ်၌ မနောစိတ္တ၊ မနာယတန၊ မနောဝိညာဏ်၊ ဝိညာဏ်စသည်ဖြင့် မနောနှင့်ပတ်သက်သော စကားလုံးများကို အနှံ့အပြား တွေ့ရှိကြမည်ဖြစ်၏။ သို့ရာတွင် ယင်းစကားလုံးများတို့သည် အဓိပ္ပါယ်အားဖြင့် တူညီကြလေသည်။ ကျွန်ုပ်တို့သည် အထက်၌ 'အဖြစ်စိတ်'ကို သီးခြားခွဲထား၍ သုံးသပ်ခဲ့ကြပြီး ဖြစ်၏။ သို့ဖြစ်ရာ အဖြစ်စိတ်တို့၏ သဘာဝသည် ရုပ်နှစ်ခုတို့၏ ထိခိုက်မှုမှ စတင်ခြင်းကိုလည်း နားလည်ကြပြီးဖြစ်၏။ ထို့ပြင် 'အရှိစိတ်' ဟူသော ပြဿနာတရပ် ကျန်နေသေးကြောင်း ဆင်ခြင်ကြရပေလိမ့်မည်။ ယင်း 'အရှိစိတ်' ကို မဝေဖန်မီ ဝိညာဏ်အသိစိတ်အကြောင်းကိုလည်းကောင်း၊ ယင်းနှင့်ပတ်သက်သော သိစရာပြဿနာများကိုလည်းကောင်း၊ သိရန် လိုအပ်မည်ဖြစ်ရာ ဗုဒ္ဓမိန့်ကြားခဲ့သော သာဓကတခုကို ဤ၌ အပြည့်အစုံထုတ်နှုတ်၍ ဆင်ခြင်သုံးသပ်သင့်ကြပေသည်။

ဗုဒ္ဓသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ သီတင်းသုံးနေ၏။ ထိုအချိန်၌ တံငါသည်၏သား သာတိမည်သော ရဟန်းတပါးသည် ဤသို့ကြံမိလေ၏။ 'ဝိညာဏ်သည်ပင် ပြောင်း၏။ ကျင်လည်၏။ ဝိညာဏ်မှတပါး တခြားသော ပြောင်းရွှေ့တတ်သောတရားဟူ၍ မရှိ။ ဤသို့ မြတ်စွာဘုရား ဟောကြားသည်ကို ကျွန်ုပ်တို့ နားကြား မှတ်သားဘူး၏။ ယင်းသည် မှန်ကန်၏။ ယင်းသို့ယူဆလျက် နေရာအနှံ့အပြား၌ရှိကြသော လူဥပါသကာတို့အား ဟောကြားလေ၏။

ရဟန်းများ ကြားသိသောအခါ တားမြစ်ကြသော်လည်း လက်မခံဘဲ ဗုဒ္ဓထံမှ အတိအကျ သိရသော တရားဖြစ်သည်ဟု အကြောင်းပြ၏။ ထို့ကြောင့် ရဟန်းအချို့က ထိုကိစ္စကို ဗုဒ္ဓအား လျှောက်ထားကြ၏။ ဗုဒ္ဓက သာတိမည်သော ရဟန်းအား ခေါ်ယူ၍....

ဗုဒ္ဓ။ ။ဝိညာဏ်သည်ပင် ပြောင်း၏ဟု ဟောသည်မှာ မှန်သလား။

သာတိ။ ။မှန်ပါသည်။ အရှင်ဘုရားထံမှ တပည့်တော် ကြားသိရဘူးပါသည်။

ဗုဒ္ဓ။ ။သာတိ ငါဘုရားသည် ယင်းသို့ တကြိမ်တခါမှ မဟောပါတကား။ သို့ဖြစ်ရာ သင်ပြောသော ဝိညာဏ်သည် ပြောင်း၏။ ကျင်လည်၏ဆိုရာ၌ ဝိညာဏ်ဆိုသည်မှာ အဘယ်ကို ခေါ်သနည်း။

သာတိ။ ။ပြောဆိုတတ်သော သဘော၊ သိတတ်သော သဘောနှင့် ထိုထိုဘဝတို့၌ ကုသိုလ်ကံ အကုသိုလ်ကံ၏ အကျိုးကိုခံစားတတ်သောသဘောတို့ ဖြစ်ကြပါသည်ဘုရား။

ဗုဒ္ဓ။ ။အချည်းနှီးဖြစ်သောယောကျ်ား၊ ငါဘုရားမည်သူ့ကို ယင်းတရားမျိုးကို ဟောဘူးသနည်း။ ဝိညာဏ်ဆိုသည်မှာ အကြောင်းကိုစွဲ၍ဖြစ်၏။ အကြောင်းကင်း၍ ဝိညာဏ်ဖြစ်သည် ဆိုသည်မှာ မရှိနိုင်ဟူ၍သာ ငါဘုရားဟောကြားခဲ့ဘူး၏။ သင် သာတိမည်သောရဟန်းသည် ငါဘုရားကို တမင်သက်သက် စွပ်စွဲဘိ၏။ မိမိကိုယ်ကိုလည်း ဖျက်စီးနေဘိ၏။ ယုတ်မာသော

ရဟန်း သင်သည် ရှည်စွာသော ကာလပတ်လုံး အကျိုးမဲ့နေခဲ့၏။ အကုသိုလ်ဖြစ်နေခဲ့၏။

ထိုနောက် ဗုဒ္ဓက ရဟန်းများကို ဤသို့ မိန့်ကြားလေ၏။

ရဟန်းတို့ သာတိမည်သော ရဟန်းသည် ရဟန်း၏အငွေ့ အသက်မျှ ရှိသေးရဲ့လား။

ရဟန်းများ။ ။ရဟန်း၏ အငွေ့အသက်၊ သာသနာတော်၏ အငွေ့အသက်မျှ မရှိတော့ပါ။

ရဟန်းတို့ ကောင်းလေစွ၊ သင်တို့သည် ငါဘုရား ဟော ကြားတော်မူသည့်အတိုင်း သိထားကြပေသည်။ မှတ်သားထား ကြပေသည်။

ရဟန်းတို့ အကြင်အကြောင်းကိုစွဲ၍ဝိညာဏ်ဖြစ်ပေါ်လာ၏။ ထိုအကြောင်းဖြင့် ဝိညာဏ်ဟု ခေါ်ဝေါ်ခြင်းသို့ ရောက်၏။ မှန်၏။ အကြင်အကြောင်းကိုစွဲ၍ သိမှုဝိညာဏ်သည် ဖြစ်ပေါ် လာ၏။ အကြောင်းကင်း၍ ဝိညာဏ် ဖြစ်ပေါ်လာသည် မည်သည် မရှိ။ ယင်းသို့သာ ငါဘုရား ဟောကြားခဲ့၏။

ရဟန်းတို့ မျက်စိဖြင့် အဆင်းကိုစွဲ၍ သိမှုဝိညာဏ် ဖြစ်ပေါ် လာ၏။ မျက်စိသိဟု ခေါ်ဆိုခြင်းသို့ ရောက်၏။ နား၊ နှာ၊ လျှာ၊ ကိုယ် တို့သည် သဒ္ဒရုပ် အနံ့အရသာ၊ အတွေ့တို့ကြောင့် သိမှု ဝိညာဏ်သည် ဖြစ်ပေါ်လာ၏။ ၎င်းတို့ကို နားသိ၊ နှာသိ၊ လျှာ သိ၊ ကိုယ်သိဟု ခေါ်ဝေါ်၏။ စိတ်နှင့် သဘာဝဓမ္မတို့ကို စွဲ၍ သိမှုဝိညာဏ် ပေါ်လာ၏။ ယင်းကို စိတ်သိဟု ခေါ်ဝေါ်ရ၏။

ရဟန်းတို့ ဥပမာသော်ကား အကြင် အကြောင်းကိုသာလျှင် စွဲ၍ မီးသည် တောက်လောင်၏။ ထိုအကြောင်းကိုစွဲ၍ ခေါ်

ဝေါကြ၏။ သစ်သားထင်းကိုစွဲ၍ လောင်သောအခါ သစ်သားမီး၊ ဝါးကို လောင်သောအခါ ဝါးမီး၊ မြက်ကို လောင်သောအခါ မြက်မီး၊ နွားချေး၊ ဖွဲ၊ အမှိုက်စသည်ကို လောင်သောအခါ နွားချေးမီး၊ ဖွဲမီး၊ အမှိုက်မီးဟု ခေါ်ဝေါ် သုံးစွဲကြ၏။ ရဟန်းတို့ ယင်း ဥပမာအတိုင်းသာတည်း။

ရဟန်းတို့ သင်တို့သည် "ဤခန္ဓာသည် ဖြစ်ပေါ်လာ၏" ဟူ၍ မြင်ကြကုန်သလော။

ရဟန်းများ။ ။ရှုမြင်ကြပါသည် ဘုရား။

ဗုဒ္ဓ။ ။ထိုခန္ဓာကိုယ်သည် အကြောင်းကြောင့် ဖြစ်ပေါ်လာ၏ဟု ရှုမြင်ကြသလော။

ရဟန်းများ။ ။ရှုမြင်ကြပါသည်ဘုရား။

ဗုဒ္ဓ။ ။ဤခန္ဓာသည် ဖြစ်ပေါ်လာ၏ဟု အမှန်အတိုင်း သိသူအား မိမိကိုယ်စွ ကင်းပျောက်ရာသလော။

ရဟန်းများ။ ။ကင်းပျောက်ပါသည် အရှင်ဘုရား။

ဗုဒ္ဓ။ ။ထိုအကြောင်း ချုပ်ခြင်းကြောင့် ဖြစ်ပေါ်လာသော ခန္ဓာသည် ချုပ်ခြင်းသဘော ရှိ၏ဟု အမှန်အတိုင်း သိသူအား ဝိစိကိစ္ဆာ ကင်းပျောက်သလော။

ရဟန်းများ။ ။ကင်းပျောက်ပါသည် အရှင်ဘုရား။

ဗုဒ္ဓ။ ။သာဓု၊ သာဓု၊ သာဓု။

ထိုနောက် ပဋိစ္စသမုပ္ပါဒ်ကို အနုလုံ ပဋိလုံဖြင့် ဟောကြားတော်မူ၏။

(မူလပဏ္ဏာသမဟာတဏှာသင်္ခယသုတ် ၃၃၀)

စိတ်သည် အမှန်စင်စစ်အားဖြင့် တကြိမ်တည်း၌ နှစ်မျိုး ပြိုင်၍မဖြစ်သလို ယင်း စိတ်ဟူသော အသိဓာတ်သည် တမျိုးပြီးတမျိုး ပြောင်းလဲနေကြောင်း ဗုဒ္ဓအဘိဓမ္မာက ဝန်ခံထားလေသည်။ အသိဓာတ်သည် တနေရာမှ တနေရာသို့ ပြောင်းရွှေ့နေသော အရာမဟုတ်သလို ပြောဆိုတတ်သောသဘော၊ သိတတ်သောသဘော၊ ထိုထိုဘာဝတို့၌ ကုသိုလ်ကံ၊အကုသိုလ်ကံ၏အကျိုးကို ခံစားတတ်သော သဘောများလည်း မဟုတ်ကြောင်း ဗုဒ္ဓကိုယ်တိုင် ငြင်းဆိုထားလေသည်။ ယင်း အယူအဆများသည် အမှန်စင်စစ်အားဖြင့် ဗုဒ္ဓ၏ မဇ္ဈိမ ပဋိပဒါလမ်းစဉ်နှင့် ဖီလာဆန့်ကျင်လျက် အစွန်းငြိသော သဘာဝ ယူဆချက်သာ ဖြစ်ကြောင်း ဗုဒ္ဓနှင့် ဗုဒ္ဓသာဝကများက ဖွင့်ဆိုထားကြလေသည်။

စိတ်သဘာဝဟူသည် အကြောင်းကိုစွဲ၍ ဖြစ်ပေါ်လာသော အသိဉာဏ်တမျိုးသာ ဖြစ်ချေသည်။ အကြောင်းကိုစွဲ၍ ဖြစ်ပေါ်လာသော အသိဉာဏ်ဟူသည် ရုပ်နှစ်ခု သို့မဟုတ် ရုပ်နှင့်နာမ်တို့ ပေါင်းဆုံရာမှ သို့မဟုတ် နာမ်ချင်းချင်း ပေါင်းဆုံမိရာမှ ဖြစ်ပေါ်လာသော အသိစိတ်တမျိုးမျိုးသာ ဖြစ်ချေသည်။ မှန်၏၊ ရူပါရုံနှင့်မျက်စိ၊ သဒ္ဒါရုံနှင့်နား၊ ဂန္ဓာရုံနှင့် နှာခေါင်း၊ ရသာရုံနှင့်လျှာ၊ ဖောဋ္ဌဗ္ဗာရုံနှင့် ခန္ဓာကိုယ်၊ ရုပ် စသည်တို့သည် အကြင်အခါ တွေ့ဆုံမိကြ၏။ ယင်းသို့ တွေ့ဆုံမိရာသော အခါ၌ အသိစိတ် ဖြစ်ပေါ်လာ၏။ ထိုအသိစိတ်များသည် ရုပ်ချင်းတွေ့ဆုံမိရာမှ ဖြစ်ပေါ်လာသော အသိစိတ်မည်၏။

အကြင်အခါ၌ မျက်စိရုပ်နှင့် ရူပါရုံရုပ်တို့ တွေ့ဆုံမိကြ၏။ ထိုသို့တွေ့ဆုံမိသောအခါ တွေ့မြင်ရသော ရုပ်ဝတ္ထုကို သိမှု ဖြစ်

ပေါ်လာ၏။ ထိုမှတဆင့် ယခင်က တွေ့ဘူးသော အကြောင်းအရာတခုကို ယခုတွေ့ရ၏။ ရုပ်ဝတ္ထုမှ ဆက်နွယ်၍ ပြန်ပေါ်လာတတ်၏။ ယခုတွေ့ရသော ရုပ်ဝတ္ထုကို ကျော်လွှား၍ ယခင်ကတွေ့ဘူးသော အကြောင်းများ ထင်လာခြင်းမှာ ရုပ်မှ နာမ်သို့ ကူးပြောင်းလာသော အသိဓာတ်မည်၏။

အကြင်အခါ၌ မျက်စိ စသည် တို့သည် မမြင် စေကာမူ ယခင်က တွေ့ဘူးကြုံဘူးသော အကြောင်းအရာများသည် စိတ်အသိသို့ ပြန်လည်ထင်ဟတ် လာတတ်၏။ ယင်းတို့သည် အသိဟူသော နာမ်ချင်းချင်း ပေါင်းမိရာမှ ပေါ်ပေါက် လာသော အသိဉာဏ်မျိုး ဖြစ်ချေ၏။

မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ မနဟုဆိုသော လက်ခံစရာသို့ ရူပါရုံ၊ သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရသာရုံ၊ ဖောဋ္ဌဗ္ဗာရုံ ဓမ္မာရုံတို့ ဝင်လာရာမှ ဖြစ်ပေါ်လာသော အသိစိတ်များကို "အဖြစ်စိတ်" များဟု မှတ်သားကြရပေလိမ့်မည်။ ထိုသို့ အာရုံပြုစရာ ဝင်လာမှ အသိစိတ်များ၊ သို့မဟုတ် ဝိညာဏ်ခေါ် နာမ်တရားများ ဖြစ်ပေါ်လာနိုင်သည်ဆိုလျှင် အိပ်ပျော်နေသောအခါ၊ မိန်းမောနေသောအခါ၊ အဆိပ်တက်၍ သတိလစ်နေသော အခါ စသည်တို့၌ အာရုံများ မဝင်လာနိုင်၊ လက်မခံနိုင်သဖြင့် ထိုပုဂ္ဂိုလ်သည် ဝိညာဏ်ဟုခေါ်သော စိတ်မရှိဘဲ မှတ်ရမည်လော။ ထို့အပြင် ဗုဒ္ဓအဘိဓမ္မာအရ၊ ရုပ်နာမ်နှစ်ပါး ရှိနေမှသာ လျှင် အသက်ရှင် နေသည်။ ရုပ်သော်လည်းကောင်း၊ နာမ်သော်လည်းကောင်း တမျိုးမျိုးကင်းနေပါက ထိုပုဂ္ဂိုလ်သေသွားရမည် ဆိုနေသဖြင့် ထိုကဲ့သို့ မိန်းမောတွေဝေ အိပ်မော ကျနေသော

ကာလ၌ မျက်စိနားစသည်တို့ မမြင်မကြားနိုင်ခြင်းကြောင့် စိတ်မဖြစ်ပေါ်နိုင်ပါက အဘယ့်ကြောင့် အသက်မသေရ သနည်းစသည်ဖြင့် မေးခွန်းပေါင်းများစွာ ဖြစ်ပေါ်လာနိုင်ပေသည်။

ကျွန်ုပ်တို့သည် 'အရှိစိတ်' ဟူသောနာမ်တရားမျိုးကို ဤနေရာ၌ နားလည်ကြရပေဦးမည်။ အရှိစိတ်ဆိုသည်မှာ ယင်း မျက်စိ နား နှာ စသည်တို့က လက်မခံနိုင်သော ကာလတို့၌ မနေဒွါရဟုခေါ်သော ဟဒယဝတ္ထုကိုမှီနေသော ဘဝင်စိတ်တမျိုးက ရုပ်နှင့်စိတ်တို့ကို သဟဇာတကျစွာ ထိန်းသိမ်းထားလေသည်။ ယင်းဘဝင်စိတ်သည် ဟဒယဝတ္ထုဟုခေါ်သော နှလုံးသားကိုမှီ၍ ကမ္မသတ္တိအားလျော်စွာ အစဉ်အမြဲရှိနေလေသည်။ ယင်းဘဝင်စိတ်သည် နှလုံးသားနှင့် ထွက်လေဝင်လေကိုအမှီပြု၍ စိတ္တဇဝါယောဓာတ်ကို ဖြစ်စေလေသည်။ ထွက်လေ ဝင်လေနှင့် နှလုံးသားကို အမှီပြုနေသော ဘဝင်စိတ်သည် သတ္တဝါတိုင်း၏ ပင်ကိုယ်အရှိစိတ်ဖြစ်လေသည်။

ပင်ကိုယ်အရှိစိတ်ဖြစ်သော ဘဝင်စိတ်သည် ပစ္စုပ္ပန်ဘဝ၌ သတ္တဝါတို့အား ကောင်းကျိုးဆိုးကျိုးများကို ပေးစွမ်းနိုင်သည် မဟုတ်ချေ။ ကမ္မသတ္တိနှင့် ဗီဇသတ္တိများကို နိယာမသဘောအရ စောင့်ရှောက်ထိန်းသိမ်းထားသောနာမ်တရားသာဖြစ်ချေသည်။ ဘဝင်စိတ်သည် သတ္တဝါတို့၏ ခန္ဓာကိုယ်တခုလုံး၌ ပျံ့နှံ့တည်သောတရားစုဖြစ်သဖြင့် နာရီပေါင်းများစွာ အသက်မရှူနိုင်ခဲ့သော်လည်း ဘဝင်စိတ် ရှိနေသမျှကာလပတ်လုံး သတ္တဝါမသေသွားချေ။ အကယ်၍ ဘဝင်စိတ် ချုပ်ပျောက် ခဲ့ပါမူကား သတ္တဝါသည် သေခြင်းသို့ ရောက်သွားရပေလိမ့်မည်။

ထိုကဲ့သို့ အဖြစ်စိတ်နှင့် အရှိစိတ် နှစ်မျိုးကိုနားလည်သဘော ပေါက်ထားနိုင်ကြပါက ဗုဒ္ဓ အဘိဓမ္မာ၏ နာမ်ပိုင်းဆိုင်ရာများ၌ အနည်းငယ် တီးမိခေါက်မိနိုင်ကြပေလိမ့်မည်။

အရှိစိတ်အဖြစ် စိတ်တို့သည် သာမညအားဖြင့် ကွဲပြားခြား နားကြသော်လည်း ယင်းတို့သည် အမှန်စင်စစ်အားဖြင့် ဖြစ်ပြီး ပျက်ဆီးနေကြသည်ဟု ယူဆထားလေသည်။ အဖြစ်စိတ်များ၏ နိယာမသည် ရုပ်ဝတ္ထုချင်း တိုက်ဆိုင်တွေ့ထိရာမှ ဖြစ်ပွားလာ ခြင်းမျိုးဖြစ်ပြီး အရှိစိတ်ဆိုသည်မှာ ဖြစ်ပြီးပျက်နေသော ခန္ဓာ စုတခု ကာလအပိုင်းအခြားအထိ ရပ်တည်နိုင်အောင် နိယာမ သတ္တိအရ ဆက်စပ်လျက် ဖြစ်ပေါ်နေသောစိတ္တဇဝါယောဓာတ် ဟုခေါ်သော ထွက်လေဝင်လေပင် ဖြစ်လေသည်။

ထွက်လေဝင်လေသည် အမှန်စင်စစ်အားဖြင့် ရုပ်တရားဟု ထင်ရသော်လည်း ယင်း၌နိယာမနာမ်များ ပါဝင်နေလေသည်။ ယင်း နာမ်တရားစုများမှာ ပဋိသန္ဓေယူသော သတ္တဝါတို့၏ ပဋိသန္ဓေစိတ် (၁၉)မျိုးဖြစ်ခဲလသည်။ ဆိုလိုသည်မှာ သတ္တဝါ တဦးသည် မူလ ပဋိသန္ဓေယူစိတ်တမျိုး ရှိခဲ့၏။ ထို ပဋိသန္ဓေယူ စိတ်သည် ပဝတ္တိကာလ၌ ထွက်လေဝင်လေဖြင့် နိယာမသတ္တိ သဘောအရ ပါဝင်နေသည်ဟု ဆိုလိုသည်။ သတ္တလောကသား အားလုံးတို့၏ စုစုပေါင်း ပဋိသန္ဓေယူစိတ်များသည် (၁၉)မျိုးရှိ နေသည်ဖြစ်ရာ သတ္တဝါတဦးအတွက် တမျိုးသာဖြစ်လေသည်။ ယင်းစိတ်များသည် သတ္တဝါတဦး၏ ကမ္မသတ္တိအတိုင်းအတာထိ ထွက်လေဝင်လေနှင့်အတူ ခန္ဓာကိုယ်ကို စောင့်ရှောက် ထိန်းသိမ်း နေလေသည်။ (သင်္ဂဟနှင့် သင်္ဂဟဋီကာများအယူအဆ)

ဤ၌ သတ္တလောကသားတို့၏ ပဋိသန္ဓေယူပုံ ရုပ်တို့၏ ဖြစ်စဉ်ကြီးများကို ဗုဒ္ဓ အဘိဓမ္မာ အရ သိရှိ နားလည် ထားသင့်ပေသည်။

၁။ သံသေဒဇ၊ ပိုးလောက်စသော အညီမျှားစသည်၌ ဖြစ်သော သတ္တဝါ။

၂။ ဩပပါတိက၊ ကိုယ်ထင်ရှားဖြစ်သော နတ်စသော သတ္တဝါ။

၃။ ဇလာဗုဇ၊ လူစသော သားအိမ်၌ဖြစ်သော သတ္တဝါ။

၄။ အဏ္ဍဇ၊ တိရစ္ဆာန်စသော ဥခွံဖြင့် ပဋိသန္ဓေယူသော သတ္တဝါ။

သံသေဒဇ သတ္တဝါများနှင့် ဩပပါတိက သတ္တဝါများကို ချန်လှပ်၍ ဇလာဗုဇ သတ္တဝါနှင့် အဏ္ဍဇ သတ္တဝါတို့မှာ အမိဝမ်း၌ ပဋိသန္ဓေယူသော သတ္တဝါများဖြစ်ကြလေသည်။

ပိုး လောက် စသော သတ္တဝါများအကြောင်းကို ဗုဒ္ဓနှင့် ဗုဒ္ဓ၏ တပည့်များစွာတို့သည် အနုစိပ် ဖေဖန်သုံးသပ်မှု မပြုကြချေ။ သို့ရာတွင် လူသားများသည်ပင် ယင်းသို့ သန္ဓေယူနိုင်ကြောင်း ဝေဠုဝတီမင်းသမီးဇာတ်တော်နှင့် စိဥ္စမာန ဝိကာတို့ဖြင့် သက်သေတူကြလေသည်။ ဝေဠုဝတီမှာ ဝါးပင်၌ သန္ဓေယူသူဖြစ်၏။ စိဥ္စမာနဝိကာမှာ မန်ကျည်းပင်၌ ပဋိသန္ဓေယူသည်ဟုဆိုသည်။ ထို့အပြင် ပဒုမ္မဝတီစသော ဇာတ်တော်များလည်း ရှိသေးသည်။ သို့ဖြစ်ရာ သံသေဒဇ ပဋိသန္ဓေဖြစ်ပွားပုံကို အတိအကျ ဖေဖန်ယူဆချက်မရှိသော်လည်း လူသားများပင် သံသေ

ဧဇ ပဋိသန္ဓေယူနိုင်ကြောင်းကိုမူ ဗုဒ္ဓသာသနာဝင်များ အစိုင်အမာ ယူဆထားကြလေသည်။

ဩပပါတိက ပဋိသန္ဓေအကြောင်းမှာ 'ကမ္မသတ္တိ အလျောက်ဘွားကနဲ ပေါ်ပေါက်လာသည့် သတ္တဝါမျိုး' ဟုဆိုလေသည်။ ယင်းမှာ နတ်များဖြစ်လေသည်။ ဗုဒ္ဓနှင့် ဗုဒ္ဓ တပည့်များသည် နတ်ပြဟ္မာလောကကို လက်ခံထားကြလေသည်။ အချို့သော ယခုခေတ် ဗုဒ္ဓအဘိဓမ္မာကို လေ့လာသူပညာရှင်များက 'နတ်ပြဟ္မာလောကကို ဗုဒ္ဓခေတ်က ဗုဒ္ဓကိုယ်တိုင် လက်ခံခြင်းမျိုး မဟုတ်ဘဲပြဟ္မဏများ၏ အယူအဆများသာဖြစ်သည်။

ဣန္ဒိယ ပြဟ္မဏ ဝါဒများသည် ဗုဒ္ဓ သက်တော်ထင်ရှားရှိစဉ် ဗုဒ္ဓသာဝကများ အကြား၌ ငုတ်လျှိုးနေသော်လည်း ဗုဒ္ဓ ပရိနိဗ္ဗာန်ပြုပြီးနောက်၌မူ ဗုဒ္ဓ၏သာဝကအကြားသို့ ပြန်လည်ဝင်ရောက်လာခြင်းဖြစ်ပြီး နောက်ပိုင်း၌မူ ပိုမို အားကောင်းလာခဲ့သည်။ ယင်းမှတဆင့် နတ်ပြဟ္မာအယူအဆများ ပိဋကတ်ထဲသို့ အလုံးအရင်းနှင့် ဝင်လာခဲ့ကြကုန်၏ဟု ယူဆကြလေသည်။

ကျွန်ုပ်တို့သည် ခေတ်အမြင်ရှိသော သုတေသီ ပညာရှင်များ၏ အယူအဆကို ငြင်းဆိုရန် အားမထုတ်လိုချေ။ သို့ရာတွင် အလွန်ခိုင်ခန့်ပြီး ရှေးကျသည်ဟု အမှတ်ပြုထားကြသော သုတ်သီလက္ခန် သုတ် မဟာဝါစသော ပိဋကတ်များ၌ နတ်ပြဟ္မာ အကြောင်းအများပါဝင်နေကြောင်း သတိပြုကြရပေလိမ့်မည်။ ဓမ္မပဒစသော စာကိုယ်များ၌လည်း ထင်ထင်ရှားရှား ဖော်ပြထားလေသည်။

ယင်းသို့လျှင် ဝိညာဏ်လောကဖြစ်သော နတ်လောကသည် အမှန်အားဖြင့် ရှိနေသည်ဟု ဗုဒ္ဓနှင့် ဗုဒ္ဓသာဝကများက ယူဆထားသည်မှာ ခိုင်မာသောအချက် ဖြစ်နေလေသည်။ သို့ရာတွင် နတ်လောကသည် အမှန် စင်စစ်အားဖြင့် ဝိညာဏ်လောကမျိုး မဟုတ်ချေ။ ယင်းတို့သည် ရုပ်ဝတ္ထုများကို လူသားများနှင့်အတူ ရရှိသူများဖြစ်ကြလေသည်။ ထူးခြားသည်မှာ ယင်းသတ္တဝါတို့သည် သူ၏ ကမ္မသတ္တိအားလျော်စွာ ဘွားကနဲ အရွယ်ရောက်သူအဖြစ် ပေါက်ဖွားပေါ်ပေါက်ခြင်း၊ ဖြုတ်ကနဲ သေဆုံးပျောက်ကွယ်သွားခြင်း၊ သူတို့ခန္ဓာကိုယ်၊ နေရာစသည်များကို လူသားလောကမှ မမြင်နိုင်ခြင်းစသော ကမ္မသတ္တိရှိသူများ ဖြစ်ကြလေသည်။

ကျွန်ုပ်ပတ်ဝန်းကျင်၌ တွေ့ရသော သတ္တဝါအမျိုးမျိုးတို့၏ မျိုးစုအလိုက် စွမ်းအင်များတို့ကဲ့သို့ နတ်ပြဟ္မာလောကသားတို့၏ မျိုးစုသတ္တိစွမ်းအင် ရှိလိမ့်မည်ဖြစ်ကြောင်း ကျွန်ုပ်တို့ ခန့်မှန်းရပေသည်။

ရဟန်းတို့ အကြောင်းသုံးရပ် ပေါင်းဆုံမိခြင်းကြောင့် ကိုယ်ဝန်တည်ခြင်းသည် ဖြစ်ပေါ်လာ၏။

၁။ အမိအဖ ပေါင်းဆုံခြင်း။

၂။ အမိ၌ ဥတုလာခြင်း။

၃။ အမိဝမ်းတွင်းသို့ ရောက်မည့် သတ္တဝါ အဆင်သင့်ဖြစ်နေခြင်း ဤသုံးပါး ပေါင်းဆုံမိသော် ကိုယ်ဝန်သည်ဖြစ်ပေါ်လာ၏။ (မဟာတဏှာသင်္ခယသုတ်၊ မူလပဏ္ဏာသ)

သားအိမ်ဖြင့် ပဋိသန္ဓေယူသော လူ စသော သတ္တဝါနှင့် ဥဒ္ဓဖြင့် ပဋိသန္ဓေယူသောအချို့တိရစ္ဆာန်သတ္တဝါများတို့၏ ပဋိသန္ဓေယူပုံကို ဗုဒ္ဓက အထက်ပါအတိုင်း မိန့်ကြားခဲ့၏။ ယင်းကို ဗုဒ္ဓ၏သာဝကကျမ်းပြုများက ရှင်းလင်းဖွင့်ဆိုကြလေသည်။

အမိအဖ ပေါင်းဆုံခြင်းဆိုသည်မှာ မိဖနှစ်ပါးတို့၏ သွေးများပေါင်းမိခြင်းဖြစ်၍ မိခင်ဥတုလာပြီး၊ သို့မဟုတ် မိခင်၏ဟောင်းနွမ်းသောသွေးများ ကျဆင်းပြီး သွေးသစ်များ ရှိနေချိန်ဖြစ်ခြင်း၊ သတ္တဝါတဦး စုတေပြီး ထို မိဖနှစ်ပါးတို့၌ လာရောက် ဖြစ်ပွားမည့်အချိန်အခါ၌ အံဝင်ဂွင်ကျ ကိုက်ညီခြင်း။ ယင်းသို့ အကြောင်းသုံးမျိုးစလုံး အတိအကျ ကိုက်ညီမှု ရှိပါက ကိုယ်ဝန် တည်နိုင်ကြောင်း ပြဆိုထားလေသည်။ အထက်ပါ အကြောင်းသုံးမျိုး တမျိုးမျိုး ချွတ်ယွင်းပါက ကိုယ်ဝန်မတည်နိုင်ချေ။ ချွတ်ယွင်းမှုသာရှိသည်။ အမြဲမဟုတ်၍ မရှိချေ။

ယခုခေတ် သိပ္ပံပညာရပ်များသည် ထူးခြားသော ရုပ်ဝတ္ထုတို့၏ ဖြစ်စဉ်များကို စူးစမ်း ရှာဖွေကြလေသည်။ သိပ္ပံပညာရပ်ဟူသည်မှာ မူလ ဒြပ်များကို မူလအရှိအတိုင်း ပြန်လည်ဖော်ထုတ်နိုင်အောင် ကြိုးပမ်းသော ပညာများ ဖြစ်လေသည်။ ဥပမာ ရုပ်ဝတ္ထုဒြပ်တခုကို ယင်းတို့၏ အစစ္စာဖြစ်သော မူလဒြပ်များကို ခွဲစိတ် ထုတ်ယူ၍ တခုချင်း သီးခြား ခွဲထုတ်ပြီး အခြေခံချင်း မတူသော ရုပ်စုတို့၏ ပေါင်းစုံခြင်း သဘောများကို ရှာဖွေကြလေသည်။

ပထဝီ တေဇော ဝါယော အာပေါ စသော ရုပ် သီးခြားများ စွာတို့ ပေါင်းစပ်ခြင်းမှ အထည်ဒြပ်တခု ဖြစ်ပေါ်လာသည်။

ယင်း အထည်ဒြပ်တို့၏ မူလ အခြေခံများကို စက်မှုပညာ အကူ အညီဖြင့် ခွဲစိတ်ကြပြီး တခုချင်းများအဖြစ် ခွဲဝေ သတ်မှတ်ကြ လေသည်။ ယနေ့ သိပ္ပံခေတ်၌ ရုပ်ဝတ္ထုတို့၏ ပင်ကိုယ်များကို အတိအကျ ခွဲစိတ်၍ မရကြသေးချေ။ ယနေ့ အမှန်ကန်ဆုံးဟု သတ်မှတ်ထားသော ရုပ်စုတခုကို အခြားသိပ္ပံပညာရှင်တဦးက ထပ်မံ ခွဲစိတ်ပြလိုက်ခြင်းဖြင့် ပျက်ပြယ်သွားလေသည်။

ယင်းသို့ အမှန်တရားရုပ်စုများ တဆင့်ပြီးတဆင့် အဖြေရှာ နေသော သိပ္ပံပညာရှင်များသည် တခြားတဖက်မှ "ရုပ်လောက ကို ဖန်တီးမှုဖြင့် နာမ်တရားစု ရရှိရေး" ဟူသော ဆောင်ပုဒ်ဖြင့် ကြိုးပမ်းနေကြလေသည်။ လူသားနှင့်တကွ သက်ရှိသတ္တဝါများ ပေါက်ဖွားလာရခြင်းတို့၌ သိပ္ပံပညာရပ်များ အကူအညီဖြင့် သားစမ်းမွေးဖွားခြင်း၊ ဖလ်ပြွန်အတွင်း၌ လူသားနှင့် သက်ရှိ သတ္တဝါ ဖန်တီးပေါက်ဖွားခြင်း၊ နှလုံးသား အစားထိုးပေး ခြင်း စသည်တို့ကို အောင်မြင်စွာ ဆောင်ရွက် နိုင်ကြလေပြီ။

ကျွန်ုပ်တို့ ဘာသာရေးက ယင်း သိပ္ပံပညာရပ် များကို အားပေးအားမြှောက် ပြုထားလေသည်။ ကျွန်ုပ်တို့ ဗုဒ္ဓအဘိဓမ္မာ အရ သည် သိပ္ပံပညာများနှင့် မဆန့်ကျင်ကြောင်းကိုလည်း အခိုင်အမာ အာမခံ ထားကြလေသည်။

ပေါက်ဖွားမှု၏ သဘာဝသည် ဖိုဓာတ်မဓာတ်တို့၏ ပေါင်း ဆုံခြင်းမျိုးဖြစ်ပြီး မျှတသော ဓာတ်သဘာဝများ စုဝေးပေါင်း ဆုံမိရာမှ သတ္တဝါတဦး ဖြစ်ပွားလာခြင်းမျိုးဖြစ်ရာ ဖိုဓာတ် မ ဓာတ်တို့သည် မည်သည့်နေရာ၌ ပေါင်းဆုံ ကိန်းဝပ် နေကြစေ ကာမူ ပတ်ဝန်းကျင် အဖျက်အဆီးများ ကင်းဝေးပါက သတ္တဝါ

များ ဖြစ်ပွားနိုင်ကြောင်း ပဋိသန္ဓေ လေးမျိုးကို သဘောပေါက်အောင် လေ့လာပါက နားလည်နိုင်ကြပေသည်။

ရုပ်နာမ် သဘာဝများသည် လူသားနှင့် သက်ရှိသတ္တဝါတို့၌ ခွဲ၍မရသော နိယာမသဘော ဖြစ်လေသည်။ ယင်း နိယာမသဘာဝဖြင့် ရုပ်နာမ်တို့သည် အမှန်စင်စစ်အားဖြင့် ဘူတ လေးမျိုးနှင့် နာမ်တရားစုများ ပေါင်းဆုံရာမှ ဖြစ်ပေါ်လာခြင်းမျိုး ဖြစ်လေသည်။ အမှန်သဘာဝသည် သိပ္ပံဖြစ်၍ သိပ္ပံ၏ အလုပ်သည် အမှန်တရားကို ရှာဖွေသောအလုပ် ဖြစ်လေသည်။

ယနေ့ သိပ္ပံပညာ ဆရာများသည် ရပြီးသော အဖြေမှန်ကို အခြေခံ၍ပိုမိုမှန်ကန်အောင်ပြန်လည် တည်းဖြတ်နေကြလေသည်။ လူသားလောကမှ ပေါက်ဖွားလာသော ဗုဒ္ဓသည်လည်း အမှန်တရားကို ဖော်ထုတ်ခဲ့သူဖြစ်ကြောင်း နားလည်ထားကြသည် ဆိုလျှင် သိပ္ပံအလုပ်ကို ဗုဒ္ဓဝါဒက မကန့်ကွက်သည်မှာ ထင်ရှားနေသည်။

သို့ရာတွင် ဗုဒ္ဓဝါဒဆိုသည်မှာတွေးခေါ်မြော်မြင်ရေးမှတဆင့် အကျင့်တရားကို အခြေခံသော ဘာသာရေးဖြစ်ပြီး သိပ္ပံပညာဆိုသည်မှာ တွေးခေါ်မြော်မြင်ရေးကို အခြေခံ၍ အမှန်တရားကို ဖော်ထုတ်သော လက်တွေ့ လောကီပညာ ဖြစ်လေသည်။

သို့ဖြစ်ရာ ဗုဒ္ဓဝါဒနှင့် သိပ္ပံပညာသည် တဦးနှင့်တဦး ပဋိပက္ခ ဖြစ်စရာ မလိုသလို အပေးအယူ မျှတစွာ ဆက်ဆံနိုင်ရေး အတွက် အားထုတ်ရန်လည်း မလိုအပ်ချေ။

ရုပ်တရားစု နာမ်တရားစုများကို အနယ်ကျအောင် နားလည်ထားသော သူတဦးအဖို့ ဗုဒ္ဓ၏ အရေးတကြီး မြွက်ကြားထား

သော ပဋိစ္စသမုပ္ပါဒ်ကို နားလည်ရန် မခက်ခဲတော့ချေ။ ပဋိစ္စသမုပ္ပါဒ်ဆိုသည်မှာ သံသရာဆိုသော စကား၏ အစွယ်အပွားမျှသာ ဖြစ်သည်။ အကယ်၍ သတ္တလောကသားတဦးသည် အကျိုးဖြစ်ထွန်းရာ အကြောင်းများကိုသာ ဖန်တီးသည်ဖြစ်အံ့၊ သူ့အတွက် အကျိုးတရားများ ရရှိမည်မှာ သေချာနေသည်။

ဥပမာ-သီးပင်စားပင်များစွာကို စိုက်ပျိုးသူ၏ ရည်ရွယ်ချက်မှာ ပင်ကိုယ်အားဖြင့် ထိုအပင်မှ အသီးအပွင့်စသည်ကို လိုလားသောကြောင့် စိုက်ပျိုးခြင်း ဖြစ်သည်။ အချို့အပင်များ သေဆုံးခြင်း၊ ပျက်စီးခြင်း ရှိနေကြစေကာမူ များစွာသော အပင်တို့မှ အသီးအပွင့် စသည်အကျိုးတရားများကို ရရှိကြပေလိမ့်မည်။

ပိုးကိုက်၊ လောက်ထိုးများနှင့်တကွ မိမိမလိုလားသော အပင်များလည်း ထိုနေရာအနီးတဝိုက်တို့၌ ပေါ်ပေါက် လာကြပေဦးမည်။ စိုက်ပျိုးသူ၏ အပင်မျိုးသည် ခါးသောအပင်၊ သို့မဟုတ် ချိုသောအပင်၊ သို့မဟုတ် ငန်သောအပင်တို့တွင် တမျိုးမျိုး ဖြစ်လိမ့်မည်။ အငန်မကြိုက်သူက အငန်ကို မစိုက်ရန် တိုက်တွန်းပေလိမ့်မည်။ အချိုမကြိုက်သူက အခါးစိုက်ပါဟု တိုက်တွန်းကောင်း တိုက်တွန်းပေလိမ့်မည်။

သို့ရာတွင် စိုက်ပျိုးသူ စားသုံးသူတို့သည် အရသာတမျိုးမျိုးကို ကြိုက်မည်မှာ ထင်ရှားနေရကား မည်သည့် အရသာရှိသောအပင်မျိုးကို စိုက်ပျိုးစေကာမူ စိုက်ပျိုးသူအဖို့ အကျိုးရှိမည်မှာသေချာသည်။ ထို့ပြင် စိုက်ပျိုးသူကြိုက်သော အရသာကို တခြားထောက်ခံမည့် ပုဂ္ဂိုလ် အမြောက်အများ ရှိနေမည်မှာလည်း သေချာနေလေသည်။

အကြင် သတ္တလောကသားတဦးသည် သင်္ခါရဟု ခေါ်သော လုပ်ငန်းတခုခုကို လုပ်ကိုင်လိမ့်မည်။ သူသည် ဘုရားတကာကျောင်းတကာအလုပ်၊ သို့မဟုတ် သားသတ်တံငါအလုပ်၊ ပုတီးကိုင်သော အလုပ်၊ သို့မဟုတ် လိမ်လည် လှည့်ဖျားသောအလုပ်၊ အများကောင်းစားရေးအလုပ်၊ သို့မဟုတ် အမျိုး အကျိုးယုတ်စေသော အလုပ်၊ စသည်တို့ကို ကာယကံ၊ ဝစီကံ၊ မနောကံတို့ဖြင့် တခုမဟုတ် တခု ဆောင်ရွက်မည်ဖြစ်၏။

မကောင်းသောအလုပ်ဟု သတ်မှတ်ထားသော အလုပ်များကို ထောက်ခံသူ ရှိမည်ဖြစ်သလို ကောင်းသောအလုပ်ဟု သတ်မှတ်သမုတ်ထားသောအလုပ်ကို ထောက်ခံသူများလည်း ရှိနေပေလိမ့်မည်။ ယင်း ကောင်းမကောင်း အလုပ်ဟူသမျှသည် သင်္ခါရ မည်တော့၏။ သင်္ခါရဆိုသည်ကို ပြုလုပ်နေသမျှ သို့မဟုတ် သင်္ခါရစေတနာ ကုသိုလ် အကုသိုလ်တမျိုးမျိုးကိုပြုလုပ်နေသမျှ သို့မဟုတ် ယင်း သင်္ခါရ အကြောင်းတရားကို ပြုလုပ်နေသမျှ ကာလပတ်လုံး အကျိုးကိုကား ရမည်မှာ သေချာနေသည်။ အကြောင်း သင်္ခါရကြောင့် အကျိုးဝိညာဏ် ရသည်ဟု မှတ်သားရလေသည်။

သင်္ခါရစေတနာ ကုသိုလ်အကုသိုလ် အကြောင်းတရားဟူသော အမည်များသည် အဓိပ္ပာယ်အားဖြင့် တူညီသော စကားများသာ ဖြစ်ရာ မျိုးစေ့စိုက်ပျိုးခြင်း၊ အကြောင်းကို ပြုလုပ်ခြင်း၊ ဆောင်ရွက်ခြင်းများ ဖြစ်၏။ ကာယကံ၊ ဝစီကံ၊ မနောကံတို့ဖြင့်သတ်မှတ်ပိုင်းခြားရသည်ဟု အဓိပ္ပာယ် ကောက်ယူရလေသည်။

သတ္တလောကသား တဦးသည် အလုပ်လုပ်နေသူများ ဖြစ်ရာ အလုပ်ဟူသမျှကို သင်္ခါရဟု သတ်မှတ်ထားသဖြင့် တခုမဟုတ်တခု

လုပ်နေမည်။ အကြောင်းဖန်တီးမှုရှိနေမည်။ ကုသိုလ် အကုသိုလ် တခုနှင့် ပေါင်းသင်းနေမည်မှာ သေချာနေတော့သည်။ ယင်းသို့ ရှိနေသမျှ အကျိုးရရှိမည်မှာလည်း လူနှင့်အရိပ်လို တွဲလျက် နေပြန်လေသည်။

အကျိုးရရှိခြင်းကို သံသရာလည်သည်ဟု ခေါ်သည်။ ပဋိစ္စသမုပ္ပါဒ်လည်သည်ဟု ခေါ်သည်။ ၃၁ ဘုံ၌ကျင်လည်သည်ဟုခေါ်သည်။ သို့ဖြစ်ရာ သံသရာလည်မှု သည်အကျိုးရရှိမှုကို ခေါ်ခြင်းဖြစ်သဖြင့် ယင်းကို အဘိဓမ္မာစကားက "ဝိပါက်" ဟု သုံးစွဲ ခေါ်ဝေါ်ထားသည်။ အကြောင်းပြုပြင်မှုကြောင့် အကျိုး ဝိပါက်ခန္ဓာကိုယ်ကို ရသည်ဟု သုံးနှုန်းသည်။

အကြောင်းပြတ်မှ အကျိုးရပ်မည်ကို နားလည် လာခဲ့သော ယောဂီဂိုဏ်းများသည် နည်းမျိုးစုံဖြင့် အကြောင်းရပ်ရန် ကြံဆခဲ့ကြသည်။ ဗုဒ္ဓက ယင်းဂိုဏ်းအသီးသီးတို့၏ ကြံဆချက်များကိုပထမဆုံး တရားပွဲဖြစ်သော မိဂဒါဝုန်တရားပွဲ၌ အတ္တကိလမထနုယောဂ ကာမသုခလ္လိကနုယောဂ ဟူသော လက်ဝဲ လက်ျာ လမ်းစဉ်များ အမည်တပ်၍ ပယ်ချခဲ့လေပြီ။

အကျိုးရပ်ရန် အကြောင်းကိုဖြတ်ရမည်ကို ဗုဒ္ဓက လက်ခံခဲ့သည် ဖြစ်ရာ သူ၏ဖြတ်နည်းကား မဇ္ဈိမပဋိပဒါ လမ်းစဉ်ပင် ဖြစ်လေသည်။ ဆိုလိုသည်မှာ အလယ်လမ်းဖြစ်သည် ဟူသတည်း။

ရဟန်းတို့။ ။ဤအယုတ်တရားနှစ်ပါးကို မမှီဝဲ မပွားများကြကုန်လင့်။ ယင်းအယုတ်တရား နှစ်ပါးဟူသည် အဘယ်နည်း။ အကြင် ကာမဂုဏ်ကိုခံစားတတ်သော အလေ့အကျင့် သည် ရှိ၏။ ယင်းသို့ ကာမဂုဏ်ကိုခံစားခြင်းအကျင့်သည်ယုတ်မာ၏။ရွာသူတို့၏

အလေ့အကျင့်မျှသာ ဖြစ်၏။ထိုအကျင့်ကိုမကျင့်အပ်၊ မမှီဝဲအပ်၊ အရိယာလမ်းစဉ် မဟုတ်ကုန်။

ရဟန်းတို့- နောက်တမျိုးကား ကိလေသာ ခေါင်းပါးရန်အတွက် ခန္ဓာကိုယ်ကို နှိပ်စက်ခြင်း၊ ညှဉ်းပန်းခြင်း၊ မမှန်မကန် ကျင့်ခြင်း စသည်တို့သည် ရှိကုန်၏။ ယင်း နည်းများ အကျင့်ကိုလည်း မမှီဝဲကောင်း၊ မကျင့်အပ်၊ ယင်းအကျင့်များသည် ယုတ်မာ၏၊ ကိလေသာကုန်ရန် ကျင့်စဉ်မျိုး မဟုတ်ကုန်။ အရိယာလမ်းစဉ် မဟုတ်ကုန်။ ရဟန်းတို့- ယင်းအယုတ်တရား နှစ်ပါးကို မမှီဝဲ မပွားများကြကုန်လင့်။

ယင်း အထက်ပါ စကားစုများမှာ လူသိများသော ဓမ္မစကြာ သုတ်မှဖြစ်၏။ ဗုဒ္ဓ၏ ပဋိစ္စသမုပ္ပါဒ် တရားများ၏ မူလအခြေခံသည် ဓမ္မစကြာဖြစ်ရာ အကြောင်းအကျိုးဖြစ်ပွားပုံ ပြတ်သွားပုံများအတွက် မဂ္ဂင်ရှစ်ပါးကို ဗုဒ္ဓက အစဖြမှန် ထုတ်ထား၏။

အထက်၌ဆိုခဲ့သည့်အတိုင်း အလုပ်ဟူသမျှ၏နောက်၌ အကျိုး ပါဝင်နေသည်ဟု ဆိုထားရာ အကျိုးပြတ်ရန် အကြောင်းကို သတ်ရမည်ဖြစ်၏။ အကြောင်းကို သတ်ရာ၌ နည်းလမ်းမှန်ကန် ရှိဦးမည်ဖြစ်၏။ နည်းမှန်သော အကြောင်းသတ် ဟူသည်မှာ မဂ္ဂင်ရှစ်ပါးဖြစ်ဟု၏ ဗုဒ္ဓကမြွက်၏။ မဂ္ဂင်ရှစ်ပါး၌ သီလမဂ္ဂင် သမာဓိမဂ္ဂင်နှင့် ဘာဝနာမဂ္ဂင်ဟူ၍ သုံးမျိုးပါဝင်နေလေသည်။

ကာယဒွါရဖြင့် မကောင်းမှုကို မကျူးလွန်၊ ဝစီဒွါယဖြင့် မကောင်းမှုကိုမကျူးလွန်၊ ယင်းသည် သမ္မာဝါစာ သမ္မာကမ္မန္တ မည်၏။ ယင်းနှစ်ပါးနှင့် ပြည့်စုံခြင်းသည် သမ္မာအာဇီဝ မည် တော့၏။

စိတ်ဖြင့် မကောင်းမှုကိုမကျူးလွန်၊ ယင်းသည် သမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပ သမ္မာဝါယာမ သမ္မာသတိ သမ္မာသမာဓိ မည်၏။ ထို့ကြောင့် မဂ္ဂနာကံမဂ္ဂင် (၅) ပါး၊ ကာယကံတပါး၊ ဝစီကံတပါး၊ ကာယကံ ဝစီကံတပါးဟု ကံသုံးမျိုးဖြင့် ခွဲပြနိုင်သည်။ (အဋ္ဌသာလိနီ-၁၃၂)

(၁) သမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပသည် ပညာမဂ္ဂင်။

(၂) သမ္မာဝါစာ သမ္မာကမ္မန္တ သမ္မာအာဇီဝသည် သီလမဂ္ဂင်။

(၃) သမ္မာဝါယာမ သမ္မာသတိ သမ္မာသမာဓိသည် သမာဓိမဂ္ဂင်။

မဂ္ဂင်ဟူသော အမည်သည် မဂ်တခုရရှိရန် အားထုတ် ရာ၌ လိုအပ်သောအရာများ၏ အစိတ်အပိုင်း တမျိုးမျိုးကို ခေါ်လေသည်။ သောတာပတ္တိမဂ်ကို ရရန် အားထုတ်သူတဦးအဖို့ အင်္ဂါ (၈) ပါးနှင့် ပြည့်စုံစွာ အားထုတ်ရမည်။ အင်္ဂါ(၈)ပါးဟူသည် မဂ္ဂင်(၈)မျိုးကို ဆိုလိုသည်ဖြစ်ရာ ယင်း(၈)မျိုးထဲမှ သမ္မာဒိဋ္ဌိသည် အစိတ်အပိုင်းတခုဖြစ်၍ ယင်းသည် မဂ္ဂင်ဖြစ်၏။ အင်္ဂါ (၈)မျိုးလုံးကို ပြည့်စုံစွာ ရရှိထားသူကို မဂ်ရသူဟု ခေါ်လေသည်။

မဂ်ကိုရရန် အားထုတ်လိုသူသည် အင်္ဂါ(၈)မျိုးနှင့် ညီညွတ်လာသည်အထိ အားထုတ်နေရမည်ဟု အဓိပ္ပါယ်ရရှိသည် ဖြစ်ရာ ယင်း(၈)မျိုး၏ အတိမ်အနက်ကို ကျွန်ုပ်တို့ လေ့လာကြရပေလိမ့်မည်။

အထက်၌ ဖော်ပြခဲ့သည့်အတိုင်း ကံအားဖြင့် သုံးမျိုးစလုံး ပါဝင်နေပြီး သီလ သမာဓိ ပညာနှင့် ပြည့်စုံရမည်ဟု ဆိုထား လေသည်။ သို့ဖြစ်ရာ သံသရာမှ ထွက်မြောက်လိုသူ တဦးသည် ကိုယ်အားဖြင့် နှုတ်အားဖြင့် စိတ်အားဖြင့်ပွားများရမည်။ သီလ ရှိရမည်။သမာဓိရှိရမည်။ ပညာဟုဆိုအပ်သော လက္ခဏာရေး (သို့မဟုတ်) နာမ်ရုပ်ကို ကွဲပြားစွာ ဆင်ခြင်နိုင်ရမည် ဖြစ်လေ သည်။ ဆိုလိုသည်မှာ သီလနှင့် ပြည့်စုံပြီး သမာဓိအားကောင်း သော ယောဂီသည် ကိုယ်ရောစိတ်ပါ လက္ခဏာရေး ထင်လာ အောင် ဆင်ခြင်ပွားများရမည်ဟု နားလည် ကြရပေလိမ့်မည်။

ဗုဒ္ဓ၏ ဆင်ခြင်ပွားများနေရမည်ဟူသော စကားသည် စိတ် ပိုင်းဆိုင်ရာ အလုပ်ဖြစ်ကြောင်း နားလည်သည် ဆိုလျှင် ဤ ဝိပဿနာ ပွားများသောအလုပ် (သို့မဟုတ်) မဂ္ဂင်ရှစ်ပါးနှင့် အညီ အားထုတ်သောအလုပ် (သို့မဟုတ်) သံသရာမှ ထွက် မြောက်သောအလုပ် (သို့မဟုတ် )ပဋိစ္စသမုပ္ပါဒ်ဖြတ်ရန် အလုပ် ဆိုသည်မှာ စိတ်အလုပ်ဖြစ်ကြောင်း သိနားလည်ရပေလိမ့်မည်။

အကျိုးရပ်ရန် အကြောင်းဖြတ်ရမည်ဟု ဆိုခဲ့သည်၊ လူနှင့် သက်ရှိများသည် ကာယကံ ဝစီကံ မနောကံမှုကို ပြုနေကြသဖြင့် ယင်းအကျိုးကိုရရှိနေကြပြီး ဝိပါက်ဟုခေါ်သော သံသရာလည်မှု ဖြစ်ရသည်ဟု အထက်၌ဆိုခဲ့သည်။

သို့ဖြစ်ရာ သံသရာလည်သော အလုပ်သည်လည်း၊ ကာယကံ ဝစီကံ မနောကံ အလုပ်များဖြစ်ပြီး သံသရာပြတ်သော အလုပ် သည်လည်း ကာယကံ ဝစီကံ မနောကံ အလုပ်သာဖြစ်နေသည် မဟုတ်ပါလား။ မည်သည့်အကြောင်းများသည် မည်သို့အဓိပ္ပါယ်

ရှိနေသည်ကို ဗုဒ္ဓကခံယူထားသနည်းဟူ၍ ကျွန်ုပ်တို့ ဦးနှောက်အတွင်း၌ မေးခွန်းပေါင်းများစွာ ထွက်ပေါ်လာခဲ့ လေသည်။

မှန်၏၊ လမ်းစဉ်သုံးမျိုးဖြစ်သော လက်ဝဲလမ်း၊ လကျ်ာလမ်း အလယ်လမ်းတို့ကို အောက်ပါအတိုင်း ပထမ နားလည်ထားရ ပေလိမ့်မည်။

၁။ အလုပ်တမျိုးမျိုးကို ဆောင်ရွက် ပြုလုပ် ကြံစည်ရာ၌ မျှော်လင့်ချက်များ၊ လိုလားချက်များတို့ဖြင့် ဆောင်ရွက်ခြင်း၊ ပြုလုပ်ခြင်း၊ ကြံစည်ခြင်း။

၂။ အစွဲအလမ်းဖြင့် ဆောင်ရွက်ခြင်း ပြုလုပ်ခြင်း ကြံစည် ခြင်း။

၃။ မလိုလား မစွဲလမ်းသော်လည်း စွဲလမ်းလိုလားသော အဓိပ္ပါယ်သက်ခြင်း။

၄။ တုပခြင်း၊ မကြေနပ်ခြင်း၊ ရရှိသောအရာကို မစွန့်လွှတ် လိုခြင်းတို့ဖြင့် တမ်းတမျှော်လင့်လျက် ဆောင်ရွက်ခြင်း၊ ပြုလုပ် ခြင်း၊ ကြံစည်ခြင်း။

၅။ နောက်တဆင့်တက်လိုသဖြင့် ဆောင်ရွက်ခြင်း၊ ပြုလုပ် ခြင်း၊ ကြံစည်ခြင်း။

ယင်း အထက်ပါ လုပ်ငန်းများနှင့် ဆက်နွယ်သမျှသော ဆောင်ရွက်မှုဟူသမျှကို လက်ဝဲလမ်းဟု သတ်မှတ်ရသည်။ ကာမ သုခလ္လိကာနုယောဂ လမ်းစဉ်ဖြစ်၏။

၁။ နည်းလမ်းမမှန်သော ယောဂီကျင့်စဉ်များ ဖြစ်ကြသည့် အဝတ်မဝတ်သောအကျင့်များ၊ လူ့လောကနှင့် ရုပ်ဝတ္ထုများ ကင်းအောင်ကျင့်ခြင်းများ။

၂။ ကိလေသာကင်းစင်ရန်အတွက် မိမိ ခန္ဓာကိုယ်ကို ညှဉ်းပန်းသော အကျင့်များ။

၃။ လူနှင့် လူ့ပတ်ဝန်းကျင်နှင့်တကွ သတ္တလောက တခုလုံး၏ ယဉ်ကျေးမှု၊ လူမှုစသည်တို့ကို ပစ်ပယ်၍ အစီအစဉ်မရှိသော မိမိ၏ စိတ်ကူးယဉ်ဖြင့် ကျင့်ခြင်း၊ ဆောင်ရွက်ခြင်း၊ ပြုလုပ်ခြင်း၊ ကြံစည်ခြင်းများ။

ယင်း အထက်ပါ လုပ်ငန်းကို ကာယကံ ဝစီကံ မနောကံတို့ဖြင့် ဆောင်ရွက် ပြုမူ ကြံစည်ခြင်းသည် လောကမှ ထွက်မြောက်ရန် ရည်ရွယ်ချက်အားဖြင့် မှန်ကန်သော်လည်း ကျင့်နည်းမမှန်ကန်သောကြောင့် အတ္တကိလမထ အကျင့်၊ (သို့မဟုတ်) လက်ျာလမ်းစဉ်ဟု ဗုဒ္ဓက အမည်ပေးထားလေသည်။

အထက်ပါနှစ်မျိုးအနက် ပထမအမျိုးအစားမှာ သမရိုးကျသတ္တလောကသားတို့၏ အပြုအမူများဖြစ်ကြပြီး၊ ဒုတိယအမျိုးအစားမှာ သမရိုးကျမှ ရုန်းထွက်လိုရာမှ ပေါက်ဖွားလာသောကျင့်စဉ်များ ဖြစ်ကြသည်ဟု ကျွန်ုပ်တို့ မှတ်သားကြရပေမည်။

ရိပ်သာများ၊ ကျောင်းများ၊ သာလာယံများ၊ ဇရပ်များစသည့် အဆောက်အဦးများစွာတို့၌ယောဂီများစွာတို့ကိုကျွန်ုပ်တို့ အရှေ့တိုင်း အနောက်တိုင်း တို့နှင့်တကွ ကမ္ဘာအရပ်ရပ်တို့၌ တွေ့မြင်နေကြရသည်။ ယင်း ယောဂီများစွာတို့ကို ကျွန်ုပ်တို့၏ မျက်စိဖြင့် မြင်ကောင်းသော ရုပ်ဝတ္ထုအပိုင်းတို့၌ ယောဂီများဟူသော ကျွန်ုပ်တို့ မြင်တွေး ခန့်မှန်းနိုင်သော်လည်း အမှန်စင်စစ် ထိုပုဂ္ဂိုလ်သည် မည်သည့်အလုပ်ကို လုပ်ကိုင်နေကြောင်းမသိနိုင်ချေ။

အဘယ့်ကြောင့်ဆိုသော် သံသရာမှထွက်မြောက်ရန် ကြိုးစားနေသည်ဟူသော အဓိပ္ပါယ်မှာ စိတ်ပိုင်းဆိုင်ရာအလုပ်သာ ဖြစ်သဖြင့် ထိုပုဂ္ဂိုလ်၏စိတ်ကိုမသိနိုင်သောကြောင့် ဖြစ်ပေသည်။ ရုပ်နှင့်စိတ်သည် ဒွန်တွဲနေသည်ဟူသော အယူအဆကို ဗုဒ္ဓ လက်ခံထားသည်မှန်သော်လည်း စိတ်သည် တန်းအားအများဆုံး ပါဝင်နေသောကြောင့် စိတ်ပိုင်းဆိုင်ရာသည်သာ အဓိက ပဓာနအခန်းမှ ပါဝင်နေလေသည်။

ကျွန်ုပ်တို့သည် လျင်မြန်သော စိတ်ကူးများအားလုံးကို ယေဘုယျအားဖြင့် အကောင်အထည် မဖေါ်နိုင်သည်မှာ ထင်ရှား၏။ သို့ဖြစ်ရာ စိတ်ပိုင်းဆိုင်ရာအလုပ်ဖြစ်သော ယောဂီ၏ အလုပ်များသည်လည်း ပြန့်နှံ့နေသော အကြိမ်များစွာ အကူးအပြောင်းမြန်သော စိတ်ကို ထိန်းချုပ်ရာ၌ အလွန်ခဲယဉ်းကြောင်း ယောဂီအလုပ်ကို ကိုယ်တိုင် ကြိုးပမ်းခြင်းဖြင့် သိသာနိုင်လေသည်။

သမရိုးကျ သတ္တလောကသားများ၏အလုပ်၊ ထိုမှရုန်းထွက်လိုသော် ယောဂီကျင့်စဉ်များ၏ အကျင့်စသည်တို့ကို လေ့လာပြီးနောက် တတိယနည်းဖြစ်သော မဂ္ဂင်လမ်းစဉ်အလုပ်တို့ကိုဆက်လက် လေ့လာကြရပေမည်။

ယင်းသို့မလေ့လာမီ ပထမ နားလည်ထားရမည့် အချက် (၃) ချက်ကို သတိမူကြရပေလိမ့်မည်။

(၁) စားသောက်ရန်၊ နေထိုင်ရန်၊ ကြီးပွားရန်၊ ကာယကံမှု၊ ဝစီကံမှု၊ မနောကံမှုတို့ဖြင့် ဆောင်ရွက်ကြရသော သက်ရှိသတ္တလောကသားတို့ဖြင့် ဤသတ္တလောကကို တည်ဆောက်ထားသည်။

(၂) ယင်းသို့ တည်ဆောက်ထားရသော သတ္တလောကသား တို့သည် အလုပ်မလုပ်ဘဲ မနေနိုင်။ မစားသောက်ဘဲ မနေနိုင်။ မဝတ်ရုံဘဲ မနေနိုင်၊ ခေတ်ကာလ၏ ယဉ်ကျေးမှု လူမှုရေးတို့ဖြင့် နှစ်မွန်းနေကြရသည်။

(၃) ထိုလောကကြီးကို ကာယကံ ဝစီကံ မနောကံတို့ဖြင့် တည်ဆောက်ထားသည်ဖြစ်ရာ၊ ထိုလောကမှ ရုန်းထွက်ရန် ကြိုးပမ်းလိုသူသည် ကာယကံ ဝစီကံ မနောကံတို့ဖြင့် နည်းလမ်းမှန်သော အကျင့်များဖြင့် ကျင့်ကြံကြိုးကုတ် အားထုတ်ကြရမည် ဖြစ်သည်။

ယင်း အထက်ပါ (၃)ချက်ကိုကြည့်လျှင် သတ္တလောကသား တို့သည် ကိုယ်နှုတ်စိတ်ဟူသော အလုပ်သုံးမျိုးအနက် တမျိုးမျိုး ကို အစဉ်အားဖြင့် လုပ်ကိုင်နေကြသည်ဟု နားလည်ကြရပေ မည်။ ဗုဒ္ဓက "ပြုလုပ်နေရသမျှတို့သည်ဒုက္ခမည်၏" ဟု ညွှန်ကြား ခဲ့၏။ သို့ဖြစ်ရာ ဒုက္ခမှလွတ်လိုသူသည် မည်သည့်အလုပ်မှ လုပ်ရန် မလိုဟု အဓိပ္ပါယ်သက်ရောက်သဖြင့် အလုပ်မလုပ်နိုင်လျှင် သုခသို့ ရောက်မည်ဟု ယူဆလာကြ၏။ အမှန်စင်စစ်အားဖြင့် သတ္တဝါ သည် ကာယကံအလုပ်၊ ဝစီကံအလုပ်၊ မနောကံအလုပ် တမျိုးမျိုး ကိုကား လုပ်ကိုင်လျက်ရှိချေ၏။ အသက်ရှိသမျှ မလုပ်ဘဲနေ၍ ရကောင်းသည် မဆိုနိုင်ချေ။

သံသရာဟူသော ဝိပါက်ရှိနေလျှင် သံသရာမှ လွတ်သော ကြိယာအမှုအရာများလည်း ရှိရမည်ဟု ယူဆလျက် ယင်းသံသရာ လွတ်အလုပ်ကို ရှာကြံခဲ့သော ဗုဒ္ဓသည် သံသရာမှ လွတ်သော

စိတ်ပိုင်းဆိုင်ရာ အလုပ်ဖြစ်သည့် မဂ္ဂင်(၈)ပါးကို မဖောဘဗောဓိ၌ တွေ့ရှိခဲ့ပြီးမိဂဒါဝုန်တွင် ပဉ္စဝဂ္ဂီ(၅)ဦးတို့အားညွှန်ပြခဲ့လေပြီ။

မဂ္ဂင်အလုပ်သည် စိတ်ပိုင်းဆိုင်ရာ မနောကံအလုပ် ဖြစ်သည် ဟုဆိုလျှင် ဒုက္ခကိုရရန် အလုပ် လုပ်ရသလို ဒုက္ခမှလွတ်ရန်လည်း အလုပ်လုပ်ရမည်ဖြစ်ကြောင်း သံသယ ဝင်ရန် မလိုအပ်တော့ချေ။

ဤ၌ မဂ္ဂင်ဟူသော အလုပ်သည် အစိတ်အပိုင်း အလုပ်၏ အမည်ဖြစ်၍ ယင်းသည် အကြောင်းတရားမျှသာဖြစ်လေသည်။ မဂ္ဂင်(၈)ပါးလုံးကို တပြိုင်တည်း ရသောအခါ၌မူကား မဂ်ဟု ခေါ်လေသည်။ ယင်းသည် အပေါင်း၏ အမည် ဖြစ်လေတော့သည်။

ဆိုလိုသည်မှာ စိတ်ပိုင်းဆိုင်ရာတို့ဖြင့် ပွားများ နေသော ယောဂီသည် အကြင်အခါ၌ မဆုတ်မနစ်သော လုံ့လ ဝီရိယများဖြင့် ပွားများနေ၏။ ထိုသည် သမ္မာဝါယာမအင်္ဂါတပါးနှင့် ပြည့်စုံနေ၏။ ကျန်(၇)ပါးကိုကား မရသေးချေ။ အားထုတ်ဖန်များလာသော ယောဂီအဖို့ နှစ်ပါးနှင့်လည်းကောင်း၊ သုံးပါးနှင့်လည်းကောင်း၊ ပြည့်စုံလာတတ်၏။ သူ့ကို မဂ်ရသည် ဟု မခေါ်နိုင်သေးဘဲ အင်္ဂါအစိတ်အပိုင်း တမျိုးမျိုးတို့နှင့် ပြည့်စုံနေပြီး ရနေပြီဟူသာ သတ်မှတ်ရ၏။ ယင်းသည် မဂ္ဂင်မည်၏။ အကြင်အခါ ထိုယောဂီအတွက် အစိတ်အပိုင်း (၈) မျိုးလုံးနှင့် ပြည့်စုံနေ၏။ ထိုအခါ ထိုပုဂ္ဂိုလ်ကို မဂ်ရပြီဟု သတ်မှတ်ရသည်။ မဂ္ဂင်သည် အစိတ်အပိုင်းတခုစီ၏ အမည်ဖြစ်ပြီး မဂ်သည်(၈)မျိုးလုံး၏ အပေါင်းအစည်းဖြစ်လေသည်။

မဂ္ဂင် (၈)မျိုးနှင့်အညီအားထုတ်ရမည်ဟု ဆိုရာ၌ အားထုတ်မှုဆိုသည်မှာ စိတ်ပိုင်းဆိုင်ရာ အလုပ်မျိုးဖြစ်ရကား ရပ်နေသောအခါ၊ သွားနေသောအခါ၊ ထိုင်နေသောအခါ လျောင်းနေသောအခါ၊ဟု သတ္တဝါတို့၌ ဣရိယာပုထ် လေးမျိုးရှိသည့်အနက် ကြုံရာနှင့် အားထုတ်နေရမည်။ ထိုင်၍သာ အားထုတ်ရမည်။ အိပ်၍သာအားထုတ်ရမည်ဟု ကန့်သတ်ချက်မရှိချေ။

အားထုတ်မှု (သို့မဟုတ်) ပွားများမှုဆိုသည်မှာ စိတ်ဖြင့်ဆောင်ရွက်ရသော စိတ်ဖြင့်လုပ်ရသော အလုပ်ဖြစ်သောကြောင့် ယိုယွင်းနေသော သာမန်လူ့စိတ်ကို တည့်မတ်အောင် ပြုပြင်ခြင်းမှတဆင့် အမှန်တရားကို ရှာဖွေသော အလုပ်ဖြစ်လေသည်။

''အို၊ ဗာဟိယ ဤသို့ကျင့်လေ။ မျက်စိဖြင့် မြင်သောအခါ၌ မြင်ကာမျှဖြစ်စေလေ။ နား နှာ လျှာ ကိုယ် စိတ်ဖြင့် ထိုထိုအာရုံကို စိတ်ကူးသိကာမျှ သိလေ။ အို ဗာဟိယ ယင်းသို့ ကျင့်ခဲ့သည်ရှိသော် အပြင်အာရုံနှင့် အတွင်းအာရုံတို့သည် တစုံတရာ ဆက်စပ်မှု မဖြစ်တော့ချေ။ ထိုသို့ ဆက်စပ်မှုမရှိခဲ့သော် ထိုထိုအာရုံတို့၏ တည်နေရာဘုံဘဝတို့၌ မဖြစ်တော့ချေ။ ထိုသို့ဘုံဌာနတို့၌ မတည်ခဲ့သော် မဖြစ်ခဲ့သော် ယင်းသည် ဆင်းရဲချုပ်ရာ နိဗ္ဗာန်မည်တော့၏။ (ဗာဟိယသုတ်)

''မင်းကြီး အကြင်ရဟန်းသည် သတိနှင့်ပြည့်စုံသည် ဖြစ်၍နေ၏။ ထိုရဟန်းသည် ရှေ့သို့တက်ရာ နောက်သို့ဆုတ်ရာ သတိဖြင့် သွားလာ၏။ တစောင်းကြည့်ရာ၊တူရူကြည့်ရာသတိဖြင့်ကြည့်၏။ အင်္ဂါ ခြေလက် ခေါင်း ခါးတို့ကို ဆန့်ရာ ခွေရာတို့၌ သတိဖြင့်နေ၏။ ကျင်ကြီး ကျင်ငယ် စွန့်ရာ၌ သတိဖြင့် သွားလာ၏။ ထိုင်

သွားအိပ်နိုး စကားပြောရာတို့၌ သတိဖြင့် ဆင်ခြင်၍ နေ၏။ ယင်းသည်သာတိနှင့်ပြည့်စုံ၍ တရားကျင့်နေသည်မည်၏။

( သုတ်သီလက္ခန်သာမညဖလသုတ် ၆၇)

တရား အားထုတ်ခြင်းသည် စိတ်ပိုင်းဆိုင်ရာ အလုပ်ဖြစ်ကြောင်း။ ရုပ်ဝတ္ထုအားဖြင့် မည်သည့်ပုံစံမျိုး ရှိနေစေကာမူ အားထုတ်ရမည်ဖြစ်ကြောင်း ပိဋကတ် သာဓကများဖြင့် ထင်ရှား၏။

ထို့ပြင် ရှင်အာနန္ဒာသည် ညလုံးပေါက် စင်္ကြံသွားရင်း တရားအားထုတ်ကြောင်း။ နံနက်အာရုံတက်၌ အိပ်တော့မည်ဟု ခေါင်းအုံးသို့ ခေါင်းကိုချစဉ် ခေါင်းအုံးနှင့်ဦးခေါင်း မထိခိုက်မီကာလအကြား၌ ရဟန္တာဖြစ်သွားကြောင်း။ရဟန်းတပါးသည် သတိဖြင့် ဆွမ်းခံသွားရင်း ရဟန္တာဖြစ်သွားဘူးကြောင်း စသည်ဖြင့် သုတ်သီလက္ခန်နိဒါန်း သတိသမ္ပဇဉ်အဖွင့်တို့၌ ဖော်ပြထား၏။

သို့ဖြစ်ရာ တရားအားထုတ်ခြင်းဟူသည် ရုပ်ပိုင်းအလုပ်မဟုတ်မူပဲစိတ်ပိုင်းဆိုင်ရာ အလုပ်သာဖြစ်ပြီး ရုပ်ပိုင်းအားဖြင့် မည်သည့် အနေအထား ရှိနေစေရမည်ဟု မသတ်မှတ်ရသည်မှာ ထင်ရှားသည်။

မိမိ၏စိတ်ပိုင်းဆိုင်ရာ လှုပ်ရှားမှုမျိုးကို အစပထမ၌ ငြိမ်းလာအောင် အားထုတ်ရသောအလုပ်ကို သမာဓိအလုပ်ဟု ခေါ်၍ ထိန်းသိမ်း၍ ရလာသော မိမိ၏စိတ်ကို အမှန်တကယ် ရုပ်ဝတ္ထုနှင့် စိတ်တို့၏ ပြောင်းရွှေ့ပုံများကို မြင်တွေ့သည်အထိ အား

ထုတ်ရသည့်အလုပ်ကို ဝိပဿနာအလုပ် ကမ္မဋ္ဌာန်းအလုပ် ဘာဝနာ အလုပ်ဟု ခေါ်လေသည်။

ယင်းသို့အားထုတ်ရာ၌ အောက်ပါအချက်များကို ပြန်လှန်သတိပြုရပေဦးမည်။

၁။ သတ္တ လောကသားများတို့၏ စရိုက်သည် လောဘ ဒေါသ မောဟဟူသော စရိုက်တမျိုးမျိုးတို့၌ လွန်ကဲမှုရှိနေတတ်ပြီး အားထုတ်သောပုဂ္ဂိုလ်၏ တရားအစဉ်နှင့် စရိုက်များ ကိုက်ညီမှုမရှိသောကြောင့် ကြာမြင့်စွာ အားထုတ်ရတတ်ခြင်း။

၂။ မူလအားဖြင့် ဉာဏ်ပညာ အားနည်းသူ ဖြစ်သောကြောင့် တရားအားထုတ်ရာ၌ စိတ်ပိုင်းဆိုင်ရာ အပျက်အစီးများခြင်း၊ ဝီရိယလျော့ခြင်း၊ လုပ်ငန်းကို ဖေါ်၍တွက်တတ်ခြင်း။ မိမိစိတ်ဝင်စားမှု နည်းပြီး ခိုင်းသမျှလုပ်နေတတ်ခြင်း။

၃။ သမာဓိ အားနည်းခြင်းဟု ဆိုအပ်သော စိတ်ပြန့်လွင့်မှု အားကြီးခြင်း။

၄။ အကုသိုလ်အလုပ်၊ ကုသိုလ်အလုပ်များ၏ ပိုမို အားသန်ခြင်း စသည်တို့သည် ယောဂီပုဂ္ဂိုလ်အား ကြီးစွာသော အနှောင့်အရှက်များ ဖြစ်လေသည်။ ယင်းသို့မဟုတ်မူဘဲ အကြိမ်များစွာ ပွားများသော ယောဂီသည် ချမ်းသာသော နိဗ္ဗာန် (သို့မဟုတ်) မဂ် (သို့မဟုတ်) သံသရာ မလည်သော အကျိုးကို ရရှိပေလိမ့်မည်။ ယင်းကို ပဋိစ္စသမုပ္ပါဒ် စက်ရဟတ် ပြတ်သည်ဟု ခေါ်လေသည်။

ဆိုလိုသည်မှာ-လောကအမြင် စိတ်များကို ခဝါချလိုက်ပြီး ဖြစ်သော ယောဂီအဖို့ လောက၌ မြင်သမျှ ကြားသမျှ စသည်

တို့၌ လိုချင်သောတရား၊ မလိုလားသော တရားများ ဖြစ်ပွားတတ်သော စိတ်အစဉ်သည် မရှိ။ ယင်းလိုချင်မှု၊ မလိုချင်မှု မရှိအောင် စိတ်ကို ပြုပြင်ပေးရသဖြင့် လိုချင်မှုလည်းမရှိ၊ မလိုချင်မှုလည်း မရှိတော့သော စိတ်ကို မဂ်ဖိုနိဗ္ဗာန်ရသည့် စိတ်ဟုခေါ်လေရာ၊ လိုချင်မှု၊ မလိုချင်မှု ချုပ်သွားအောင်၊ ပျောက်သွားအောင်၊ နောက်ထပ်မပေါ်အောင် ကြိုးပမ်းခြင်းသည် ဝိပဿနာဘာဝနာအလုပ် မည်တော့သည်။

တပ်မက်စွဲလမ်းခြင်း၌ မှီသူအား စိတ်လှုပ်ရှား၏။ မမှီသူအား မတုန်လှုပ်၊မလှုပ်ရှား၊ တုန်လှုပ်မှု မရှိသော်၊ အေးမြငြိမ်းအေးချမ်းသာသော် ညွတ်ကိုင်းခြင်း မဖြစ်။ ညွတ်ကိုင်းခြင်းမရှိသော် ဖြစ်ပွားခြင်းမရှိ။ ဖြစ်ပွားခြင်းမရှိသော် မစုတိ။ မစုတိသော်ဤလောက၌လည်း မဖြစ်။ တပါးသော လောက၌လည်း မဖြစ်။ မည်သည့် သတ္တလောကသားမျှ မဖြစ်။ ဤကား ဆင်းရဲဆုံးရာ (သံသရာဆုံးရာ ဝတ်ပြတ်ရာ) နိဗ္ဗာန်တည်း။ (အနိဒဿနသုတ်)

ပဋိစ္စသမုပ္ပါဒ်သံသရာဟူသည် အဘယ့်ကြောင့် ဖြစ်သနည်း၊ ကုသိုလ် အကုသိုလ်ကံအထူးကြောင့်ဖြစ်၏။ ယင်းကံအထူးဖြစ်ရခြင်းကား ပူပန်မှု လိုလားမှု တောင့်တမှုတည်းဟူသော တပ်မက်ခြင်းဘဝတဏှာလျှင် အခြေခံဖြစ်၏။ ဘဝတဏှာသည် သခ်ါရလောကကြီးနှင့် ဒုက္ခကိုယ်ကောင်အမျိုးမျိုးကို ဖြစ်စေ၏။ သို့ဖြစ်ရာ တပ်မက်မှုကင်းအောင် မဂ္ဂင်လမ်းစဉ်ဖြင့် ပွားများရမည်ဟု ဗုဒ္ဓက အခိုင်အမာ မိန့်ကြားထားလေသည်။

# ဒိဋ္ဌိနှင့် အယူဝါဒ ပြဿနာများ

ဗုဒ္ဓ ပထမဆုံးဟောကြားခဲ့သော တရားမှာ ဓမ္မစကြာတရားဖြစ်၏။ ယင်းဓမ္မစကြာဒေသနာတော်၌ လမ်းမှားနှစ်မျိုး လမ်းမှန်နှစ်မျိုးကို ထုတ်ပြခဲ့၏။ လမ်းမှားနှစ်မျိုးမှာ သဿတဒိဋ္ဌိလမ်းစဉ်နှင့် ဥစ္ဆေဒဒိဋ္ဌိလမ်းစဉ်များ ဖြစ်ကြ၏။ ကာမသုခလ္လိကလမ်းစဉ်ဖြစ်သော ကာမဂုဏ်ခံစားခြင်းလမ်းစဉ်ကို သဿတဒိဋ္ဌိဟု မှတ်၍၊ ဘဝပြတ်ရန် ကြိုးစားသော လမ်းစဉ်ကို ဥစ္ဆေဒဒိဋ္ဌိဟု သတ်မှတ်၏။

ကာမဂုဏ်ခံစားခြင်းလမ်းစဉ်ဆိုသည်မှာ အဘယ်နည်း၊ ဘဝပြတ်ရန်ကြိုးစားသော လမ်းစဉ်ဆိုသည်မှာ အဘယ်နည်း၊ ထို့ပြင် ဒိဋ္ဌိသည် ၆၂-မျိုးရှိကြောင်း ဟောကြားခဲ့ပေရာ၊ ယင်းတို့အားလုံးသည်သဿတဒိဋ္ဌိ ဥစ္ဆေဒဒိဋ္ဌိများ၌ အကျုံးဝင်မှုရှိမရှိ၊ ထို့ပြင် သက္ကာယဒိဋ္ဌိဆိုသည်မှာ အဘယ်နည်းစသည်ဖြင့်ဒိဋ္ဌိပြဿနာများသည် နောက်ပိုင်း၌ ကျယ်ပြန့်စွာ ရှုပ်ထွေးလာခဲ့ချေ၏။

ယင်းဒိဋ္ဌိအားလုံး၏ သဘာဝတရားကို ကျွန်ုပ်တို့ ရှင်းလင်းစွာ သဘောမပေါက်သမျှ ကာလပတ်လုံး မဇ္ဈိမပဋိပဒါလမ်းစဉ်

(၀၁) ပဋိစ္စသမုပ္ပါဒ်လမ်းစဉ်(၀၁) မဂ္ဂင်လမ်းစဉ်ကိုနားလည်နိုင်ရန် လွယ်ကူလိမ့်မည် မဟုတ်ချေ။ သို့ဖြစ်ရာ သဿတဒိဋ္ဌိဥစ္ဆေဒဒိဋ္ဌိ ၆၂-ပါးတို့ကို အပြည့်စုံဆုံး ဖော်ပြထားသော သုတ်သီလက္ခန် ဗြဟ္မဇာလသုတ်ကို ပထမဆုံး လေ့လာသင့်ကြပေသည်။

၁။ ရဟန်းတို့-စူဠသီလ၊ မဇ္ဈိမသီလ၊ မဟာသီလမှ တပါးကုန်သော၊ အလွန်လျှင် နက်နဲသော၊ သိမ်မွေ့သော တရားများကိုလည်း ငါဘုရားသည် ထူးသောဉာဏ်ဖြင့် သိခဲ့လေပြီ။

၂။ ရဟန်းတို့-တချို့သောသမဏဗြာဟ္မဏတို့သည် သက္ကာယဒိဋ္ဌိဟုဆိုအပ်သော ရှေ့အဖို့ကို ကြံ၍ယူတတ်သော ရှေးလွန်လေပြီးသောအဖို့ကို အစဉ်လိုက်ဘတ်သော နာမပညတ်အစုနှင့်တကွ ဖြစ်သောမိစ္ဆာအယူကို ပြတတ်သော စကားတို့ကိုအစွဲပြု၍ပြောဆိုတတ်ကြကုန်၏။ ယူတတ်ကြကုန်၏။

မှတ်ချက်။ ။ ဤစကားစုအရ ရှေ့ဘဝရှိသည်ဟု အောက်မေ့ခြင်း နာမပညတ်သည် သက္ကာယဒိဋ္ဌိ မည်ကုန်၏။ (စာပြုသူ)

ရဟန်းတို့- အချို့သောသမဏဗြာဟ္မဏတို့သည် ခန္ဓာပဥ္စကဟုဆိုအပ်သော လောကကိုလည်းကောင်း၊ သင်္ခါရ လောကကိုလည်းကောင်း မြဲ၏ဟု ယူဆတတ်ကြကုန်၏။ ထိုသမဏဗြာဟ္မဏတို့သည် ပြင်းစွာသော လုံ့လဝီရိယ ရှိကုန်လျက်၊ အဖန်ဖန်အထပ်ထပ် အားထုတ်ကုန်လျက်၊ ကောင်းသောနှလုံးသွင်းကုန်လျက်၊ ပုဗ္ဗေနိဝါသာနုဿတိဉာဏ်နှင့် ပြည့်စုံစွာနေ၏။ ထိုမိစ္ဆာအယူရှိသော ပုဂ္ဂိုလ်သည် ရှေးက ခံစားခဲ့ဘူးသော ဘဝများစွာကို အောက်မေ့နေ၏။ တဘဝ၊ နှစ်ဘဝ တထောင်မကသော ဘဝများကို အောက်မေ့နေ၏။ ဤမည်သော ဘဝ၌ ဤသို့ အဆင်း

လှခဲ့၏။ ဤသို့ ဥစ္စာပစ္စည်း ပေါများခဲ့၏။ ဤသို့အမည်ရှိခဲ့၏။ စသည်ဖြင့် ဆင်ခြင်နေ၏။ ထိုဘဝမှ စုတိ၍ ဤခုသည်သော ဘဝသို့ ရောက်ခဲ့၏။ စသည်တို့ကိုလည်း ဆင်ခြင်၏။

ရဟန်းတို့- ထိုမိစ္ဆာအယူရှိသော ပုဂ္ဂိုလ်သည် ဤသို့ ပြောဆိုလေ၏။ ဤသတ္တလောက သင်္ခါရလောကသည် မြဲ၏။ တောင်ထွတ်ကဲ့သို့ တည်၏။ ကျောက်ဆောင်ကဲ့သို့ မတုန်မလှုပ်တည်၏။ ထိုထိုသတ္တဝါတို့သည် ထိုဘဝမှ ဤဘဝ၊ ဤဘဝမှ ထိုဘဝသို့ ပြောင်းနေကြ၏။ စုတိနေကြ၏။ ပဋိသန္ဓေနေကြ၏။ အမြဲတည်၍ မြေကြီးမြင့်မိုရ်တောင်နှင့်တူသော ခန္ဓာကိုယ်သည်လည်း ရှိသည်သာလျှင်တည်း။ ယင်းတို့ကား အားထုတ်မှုဖြင့် ပုဗ္ဗေနိဝါသာ နုဿတိဉာဏ်ကိုရယူပြီးတဘဝ နှစ်ဘဝ အထောင်မကသော ဘဝကို မြင်၏။ ဤသို့အယူရှိခဲ့၏။ ရုပ်ရည်ရှိခဲ့၏။ အမျိုးအနွယ်ရှိခဲ့၏ စသည်ဖြင့် ရှေ့ဘဝများစွာတို့ကို အဖန်ဖန်အောက်မေ့နေ၏။ ဤသို့ ပထမဌာနဖြစ်သော အကြောင်းကြောင့် အချို့သော ရဟန်းပုဏ္ဏားများသည် သဿတဝါဒကို လက်ခံယုံကြည်ကြလေကုန်၏။

အချို့သော ရဟန်း ပုဏ္ဏားများသည် လောကကြီးသည် မြဲ၏ဟု ယူလေ့ရှိကြသည်။ သူတို့သည် ရှေးဘဝကို အောက်မေ့နိုင်သော ပုဗ္ဗေနိဝါသာနုဿတိ ဉာဏ်ကို ရစေ၍ တက်ကပ်ဆုတ်ကပ်အစုတို့ကို ဆင်ခြင်နိုင်၏။ တက်ကပ်ဆုတ်ကပ် အစုတို့၌ ကျင်လည်ခဲ့သမျှကို အောက်မေ့လျက် ဤသို့ အနွယ်ရှိခဲ့၏။ ဤသို့အမျိုးရှိခဲ့၏။ ဤသို့ရုပ်ရေရှုပ ရှိခဲ့၏ စသည်ဖြင့်ဆင်ခြင်၏။

ဤသို့ ဆင်ခြင်လာရာမှ လောကသည်မြဲ၏။ မြင့်မိုရ်တောင်ကဲ့သို့ ရှိ၏။ စသည်ဖြင့် ဆင်ခြင်နေ၏။

အချို့သော ရဟန်းပုဏ္ဏားတို့သည် ကြံဆ၍ ဆင်ခြင်၍နေ၏။ ထိုယောဂီ သမဏဗြဟ္မဏတို့လည်း မိမိတို့အထင်ကိုအတည်ပြုကြလေ၏။ လောကသည်မြဲ၏။ မြဲ၏။တောင်ထွတ်ကဲ့သို့ ရှိ၏။ ထို့ကြောင့်သဿတဟုဆို၏။

ရဟန်းတို့— ဗုဒ္ဓသည် ဤသို့ သမဏဗြဟ္မဏများယူ ဆ သော မိစ္ဆာအယူကိုလည်း ခွဲခြား၍သိပြီ။

ရဟန်းတို့—အချို့သော သမဏဗြဟ္မဏတို့သည် အချို့သော သတ္တဝါ သင်္ခါရတို့သည်မြဲ၏။ အချို့သော သတ္တဝါ သင်္ခါရတို့သည် မမြဲဟု ယူဆကြကုန်၏။ ဤလောကသည် ပျက်ပြီးနောက် သတ္တဝါတို့သည် အာဘဿရဘုံ၌ နေထိုင်ကြကုန်၏။ ပီတိတည်းဟူသော အစာရှိကုန်၏။ စျာန်စိတ်ဖြင့် ဖြစ်ကုန်၏။ မိမိ ခန္ဓာကိုယ်အလင်းရောင်ရှိ၏။ ကောင်းကင်၌ ကျက်စားနိုင်ကုန်၏။ တင့်တယ်သော ဥယျာဉ်ဗိမာန် ပဒေသာပင်ရှိ၏။ အသက်အလွန်ရှည်လျား၏။ ထိုမှတပါး ဤလောကကြီးသည် ပျက်စီးပြီးနောက် တည်၏။ ထိုအခါ အာဘဿရဘုံမှ သက်ဆင်း၍ ဒုတိယ ဗြဟ္မာဘုံ၌ နေရ၏။ ထိုသို့ဒုတိယ ဗြဟ္မာဘုံ၌ တဦးတည်း နေထိုင်ရသဖြင့် ငြီးငွေ့လာ၏။

တစုံတဦးရောက်လာမူ ကောင်းလေစွဟု တောင့်တ၏။ ထိုအချိန်၌ တဦးသော သတ္တဝါသည်လည်း ကံအားလျော်စွာ ထိုဘုံသို့ရောက်လာ၏။ အရင် ရောက်နေပြီးသော ဗြဟ္မာက "ငါသည် အကြီးအမှူးဖြစ်၏။ ငါသည်မြတ်၏။ ငါ၏ တောင့်တ

သောကြောင့် ဤဗြဟ္မာငယ် ရောက်လာ၏” ဟု ကြံအောက်မေ့လေ၏။ နောက်မှ ရောက်သော ဗြဟ္မာငယ်ကလည်း “ဤပုဂ္ဂိုလ်ကား ငါ့ထက်အရင်ရောက်လာ၏။ သူ့ အခိုင်းအစေအဖြစ်သော ငါရောက်လာရခြင်းဖြစ်၏။ သူသည် ငါ့အား ဖန်ဆင်းခြင်းဖြစ်၏။ စသည်ဖြင့် နှလုံးသွင်းလေ၏။ ယင်းဗြဟ္မာ နှစ်ဦးတို့တွင် ရှေးဦးစွာရောက်သော ဗြဟ္မာက အသက်ရှည်၍ နောက်မှရောက်သော ဗြဟ္မာက အသက်တိုလေ၏။

တကြိမ်တခါ၌မူ ဗြဟ္မာတဦးသည် ထိုဗြဟ္မာဘုံမှ စုတိ၍ လူ့ပြည်၌ဖြစ်၏။ သူသည် ရှေးဦးစွာ ယောဂီအကျင့်ကို ကျင့်နေ၏။ ထိုသူသည် အားထုတ်မှုအလျောက် ပုဗ္ဗေနိဝါသာနုဿတိ ဉာဏ်ကိုရ၏။ ထိုဘဝထက်အလွန်ကား မရနိုင်။

ထိုသတ္တဝါက ဤသို့ဆို၏။ ထိုဗြဟ္မာသည် အမှန်စင်စစ် အားဖြင့် ကြီးမြတ်သူ၊ ဖန်ဆင်းတတ်သူ၊ ပြုပြင်စွမ်းရှိသူ၊ ဗြဟ္မာများ၏ အဘအရာ၌တည်သူ စသည့် ဂုဏ်ပုဒ်များနှင့် ပြည့်စုံသူဖြစ်၏။ သို့ဖြစ်ရာ အသက်ဘမ်းများစွာ ရှည်သော ထိုဗြဟ္မာများသည် မိမိကိုယ်ကို ငါသည် အမြဲတည်သူဖြစ်၏ဟု တွေးတွေး ကြံနေသဖြင့်လည်းကောင်း၊ သူ့အောက်ငယ်သူ ဗြဟ္မာများသည် သက်တမ်းအားဖြင့် တိုသူများ ဖြစ်သဖြင့်လည်းကောင်း အချို့သည်မြဲ၏။ အချို့သည်မမြဲဟု ယူဆကြလေသည်။ ယင်း အယူအဆကို “ကေစ္စသဿတဝါဒ” ဟု ဗုဒ္ဓက မိန့်ကြားခဲ့လေသည်။

အန္တာနန္တဝါဒဆိုသည်မှာ လောကကြီးကို အဆုံးရှိ၏။ အဆုံးမရှိဟု သတ်မှတ်သောဝါဒမျိုးဖြစ်၏။ လောကကြီးသည် လုံး၏

လောကကြီးသည် သမိုင်းအခြားမရှိ စသည်ဖြင့် ကြံဆ၍ယူသော အယူအဆမျိုးဖြစ်၏။

အမရာဝိက္ခေပဒါဒ ဆိုသည်မှာ– ဂိုဏ်းတခု၏ အယူအဆများသည် မိမိတို့ဂိုဏ်းအတွင်း၌ ခိုင်လုံသော ဆုံးဖြတ်ချက်များ ခိုင်လုံသောခံယူချက်များ၊ မရှိသဖြင့် စိတ်တုန်လှုပ်ခြင်း၊ နှုတ်တုန်လှုပ်ခြင်း စသည်များ ဖြစ်လာကြ၏။ ဆိုလိုသည်မှာ တစုံတဦးက "ယခုပြုသမျှသည် ကုသိုလ်လော၊ အကုသိုလ်လောဟု မေးသောအခါ၌ ကုသိုလ်ဟူ၍လည်းမသိ အကုသိုလ်ဟူ၍လည်း မသိပါဟု ပြောကြားရ၏။ ထို့ကြောင့် မိမိယုံကြည်ချက် အတိအကျမရှိဟု ဆိုလေသည်။ အမိစ္စသမုပ္ပန္နဝါဒဆိုသည်မှာ သတ္တလောကနှင့် သင်္ခါရ လောကတို့အကြောင်းကင်း၍ဖြစ်၏ဟုယူဆသော အယူဝါဒဖြစ်၏။ ရှေ့နောက် အကြောင်းကစုံတရာမရှိဘဲ လျက်သတ္တဝါသည် ဖြစ်၏ဟု ယူဆသော အယူအဆများဖြစ်၏။

နောက်ဘို့ဟုဆိုအပ်သော အနာဂတ်ကို ကြံစည်ခြင်းဝါဒ၊ သတ္တဝါသည် စုတိပြီးနောက် မသေတော့ဟု ယူဆသော သညီဝါဒ၊ စုတိပြီးနောက် ဘာမှမရှိတော့ဟု ယူဆသော အသညီဝါဒ၊ ဖြစ်ချင်သလို အစီအစဉ်မဲ့စွာ ဖြစ်နေသည် ဟူသော ဝါဒ၊ သတ္တဝါသည် သေလျှင်ပြတ်ပြီ၊ သတ္တဝါသည် ပခက်မှစတင်၍ လုပ်တိုင်း၌ အဆုံးရှိသည်ဟုယူဆသော ဥစ္ဆေဒဝါဒ၊ လောကီ ကာမဂုဏ်စည်းစိမ် အပြည့်အစုံကို ရသူသည် နိဗ္ဗာန်သို့ ရောက်သည်မည်၏ဟု ယူဆသောဒိဋ္ဌဓမ္မနိဗ္ဗာနဝါဒ စသည်ဖြင့် မိစ္ဆာဒိဋ္ဌိအယူဝါဒ များစွာရှိကြောင်း ဗုဒ္ဓမိန့်ကြားခဲ့လေသည်။

(ဗြဟ္မဇာလသုတ်အကျဉ်း)

ဗြဟ္မဇာလသုတ် တခုလုံးကို ခြုံ၍ ဆိုရလျှင် အကြင် ယောဂီ တဦးသည်

(၁) လောကီသမထ တရားများကိုအားထုတ်၍ နောက်ဆုံး စတုတ္ထဈာန် ရသည်အထိ ပေါက်မြောက် အောင်မြင်၏။ ဘဝ ပေါင်းများစွာကို မြင်စွမ်းနိုင်သောဒိဗ္ဗစက္ခု၊ ဒိဗ္ဗသောတစသော အကြားအမြင် ဉာဏ်များကိုပင် ရရှိ၏။ ယင်းသို့ ရရှိခြင်းသည် မိစ္ဆာအကျင့်၊ မိစ္ဆာအမြင် (သို့မဟုတ်) ဒိဋ္ဌိ မလွတ်သေးသော အမြင်မျှသာ ဖြစ်၏။

(၂) ယောဂီတဦးသည် သမထ တရားများကို အားထုတ် ရာမှ အယူအဆ အမျိုးမျိုးကို ကြံဆ၍ ယူ၏။ ယင်းအယူအဆ များသည်လည်း မိစ္ဆာအယူမျှသာ ဖြစ်၏။

(၃) သမထ ကမ္မဋ္ဌာန်းများကိုသာ အားထုတ်သူသည် သံသရာမှ လွတ်မြောက်ရာ နိဗ္ဗာန်ရောက်ရာ လမ်းစဉ် မဟုတ် သောကြောင့် ဒိဋ္ဌိလွတ်သော ကျင့်စဉ်ကို ကျင့်သူမဟုတ်။

၃၁ ဘုံဆိုသည်မှာ သတ္တလောကသားများအဖို့ ရောက်ထိုက် သော ရောက်ရန်သင့်သော နေရာမျိုးမဟုတ်။ မရောက်ထိုက် မရောက်ကောင်းသော နေရာမျိုးသာ ဖြစ်သည်ဟု အသိအမှတ် ပြုထားသော ဗုဒ္ဓအဖို့ ၃၁ ဘုံ၌ ကျင်လည်ရသော ဈာန်လုပ်ငန်း၊ အကြားအမြင်လုပ်ငန်း၊ သက်ရှည်၊ ရုပ်လှ၊ ဘဝကူး လုပ်ငန်း များကို ဒိဋ္ဌိလုပ်ငန်းဟု ဆတ်မှတ်လိုက်သည်မှာ သဘာဝကျလှ ပေသည်။ ခြောက်နှစ်ပတ်လုံး အမှားလမ်းစဉ်ကို လိုက်မိခဲ့ကြောင်း ဗုဒ္ဓ ဝန်ခံခဲ့သည်မှာလည်း အမှန်တရားကို သတ္တ လောကသား များသိသာရန် ဖော်ပြခြင်းမျိုး ဖြစ်လေသည်။ ဗုဒ္ဓ၏အယူအဆ

အရ သံသရာမှ မထွက်မြောက်နိုင်သော လုပ်ငန်းဟူသမျှကို မိစ္ဆာဒိဋ္ဌိလုပ်ငန်းဟု သတ်မှတ်ရန်မှတပါးတခြားယူဆစရာအကြောင်း မရှိချေ။

ဤ၌ စဉ်းစားရန် အချက်တခု နှစ်ခုကို ကျွန်ုပ်တို့ စဉ်းစားရလိမ့်မည်။ ယင်းမှာ သမထ ဘာဝနာဟူသော စကားနှစ်ခု ဖြစ်၏။ အထက်၌ ပြဆိုခဲ့သော သမထလမ်းစဉ်သည် ဗုဒ္ဓ အယူအဆအရ မိစ္ဆာဒိဋ္ဌိ စာရင်းဝင်များ ဖြစ်ကြ၏။ သို့ရာတွင် ပိဋကတ်၌ တရားအားထုတ်သော ရဟန်းများအကြောင်း၊ တရားကျင့်ပုံကျင့်နည်းနှင့် ပတ်သက်၍ ဗုဒ္ဓမိန့်ကြားသော အကြောင်းများကို လေ့လာကြည့်ပါက သမထမှတက်နည်း၊ ဘာဝနာမှ တက်နည်းဟူသော နည်းနှစ်နည်း အနက် သမထမှ တက်နည်းကို ဦးစားပေး ညွှန်ကြားထားသည်ကို တွေ့ရပေလိမ့်မည်။

“ရဟန်းသည် သီလ(၃)မျိုးနှင့် ပြည့်စုံစေပြီး ဣန္ဒြေကို လုံခြုံစွာ ထားလျက် သတိသို့ ရှေးရှုနေရမည်။ သတိ ပြည့်စုံသော ရဟန်းသည် တော၊ သစ်ပင်ရင်း၊ တောင်၊ ရေတွင်း၊ ချောက်ကမ်းပါး၊ တောင်စောင်း၊ သုသာန်၊ တောချုံ၊ လွင်တီးခေါင်၊ ကောက်ရိုးပုံစသည့် နေရာတမျိုးမျိုးကို ရွေးချယ်ရမည်။ ရဟန်းသည် ဆွမ်းစားပြီးနောက် ခန္ဓာကိုယ်ကို ပလ္လင် ဖွဲ့ခွေ ထိုင်ပြီးနောက် ခန္ဓာကိုယ်ကို ဖြောင့်စွာထား၍ ကမ္မဋ္ဌာန်းသို့ရှေးရှု သတိကို ဖြစ်စေလျက် အားထုတ်ရမည်။ ယင်းသို့ အားထုတ်သော ရဟန်းအား အားထုတ်ဖန် များလာသည်နှင့်အမျှ စိတ်ကြည်လင်လာပေမည်။ အကုသိုလ်စိတ် ကင်းမဲ့လာပေမည်။ အနာ ရှိသူသည် ယင်းအနာမှ ပျောက် စေ လို သော ဆန္ဒ ရှိ သ ကဲ့ သို့

လည်းကောင်း၊ နှောင်အိမ်တွင်း ကျနေသူသည် နှောင်အိမ်မှ လွတ်စေလိုသောဆန္ဒ ရှိသကဲ့သို့လည်းကောင်း၊ ကျွန်ဖြစ်သော သူသည်ကျွန်အဖြစ်မှလွတ်ချင်သောစိတ်ရှိသကဲ့သို့လည်းကောင်း၊ ကြွေးမြီ ရှိသော သူသည် ကြွေးမြီမှ ကင်းစေ လိုသကဲ့သို့ လည်းကောင်း၊ ထိုရဟန်းသည် သံသရာမှ လွတ်ချင်စိတ်ဖြင့် ပြင်းပြင်းထန်ထန် ဖြစ်ပေါ်လာ၏။ ဆက်လက် အားထုတ်သဖြင့် ပထမဈာန်။ စတုတ္ထဈာန်သို့ ရောက်လာ၏။ ထိုမှတဆင့်ဝိပဿနာ ဉာဏ်များသို့ အစဉ်ရောက်လာ၏။ ထို့နောက် အာသဝက္ခယဉာဏ် သို့ ရောက်ပြီး မဂ်ဖိုလ်သို့ ရောက်၏။ (သာမညဖလသုတ်)

အမှန်စင်စစ်အားဖြင့် သောတာပတ္တိမဂ်သို့ မရောက်မချင်း ကျင့်စဉ်ဟူသမျှသည် မုချအားဖြင့် မိစ္ဆာဒိဋ္ဌိ နယ်ပယ်အတွင်း၌သာ ရှိသေးပြီး မဂ်သို့ ရောက်ပြီးမှ သမ္မာဒိဋ္ဌိလမ်းသို့ တိုက်ရိုက် ရောက်သည်ဆိုလျှင် ပိုမို၍ ရှင်းလင်းပေလိမ့်မည်။ ဘာဝနာမှ ကူးသော ရဟန်းနှင့် သမထမှကူးသောရဟန်း နှစ်မျိုး အနက် ဘာဝနာမှ တိုက်ရိုက် မဂ်သို့ရောက်သော ပုဂ္ဂိုလ် များသည် ဈာန် အကြားအမြင် စသည်များ အားနည်းပြီး သမထမှတဆင့် ပြီးတဆင့် တက်သော ပုဂ္ဂိုလ်များသည် ဈာန် အကြားအမြင် များပါ ပူးတွဲ ခံစားကြရလေသည်။

ဗုဒ္ဓသည် အစကနဦး ဟောကြားခဲ့သော ဓမ္မစကြာ တရား တော်၌ ဒိဋ္ဌိကို သဿတဒိဋ္ဌိနှင့် ဥစ္ဆေဒ ဒိဋ္ဌိဟူ၍ နှစ်မျိုးသာဟော ကြားခဲ့၏။ သတ္တဝါများစွာတို့၏ အယူအဆပေါင်း များစွာ တို့ကို အကြောင်းခံ၍လည်းကောင်း၊ ဂိုဏ်းဆရာ များစွာတို့၏ အယူအဆပေါင်းများစွာတို့ကို အကြောင်းခံ၍ လည်းကောင်း၊

ယင်းတို့ကို သိမ်းကြုံး၍ဗုဒ္ဓသည် နောက်ပိုင်း၌ ဒိဋ္ဌိအမျိုးမျိုးကို ရှင်းလင်းရပေသည်။ အမှန်စင်စစ်အားဖြင့်ယင်းတို့အားလုံးသည် သဿတဒိဋ္ဌိနှင့် ဥစ္ဆေဒ ဒိဋ္ဌိ၌ ပါဝင် နေကြောင်း ကျွန်ုပ်တို့ သတိပြုကြရပေလိမ့်မည်။

သဿတဒိဋ္ဌိဆိုသည်မှာဘဝမြဲသည်ဟု ယူဆသော အယူအဆ မျိုး ဖြစ်၏။ လောဘတရားအခြေခံ၏။လူနှင့်သက်ရှိသတ္တဝါများ သည် ရရှိသော မိမိဘဝကို အခြေခံ၍ ထိုထက်တဆင့် တက်လို သောဆန္ဒ ပြင်းပြကြ၏။ ရရှိထားသော အဝတ်တန်ဆာများကို အခြေခံ၍ ထိုထက်ပိုမိုသော အဝတ်တန်ဆာများကို ရယူလိုကြ ၏။ ရရှိထားသော ရုပ်ရည်ရူပများ၊ ရရှိထားသော အသက် အပိုင်းအခြားများကို အခြေခံ၍ ထိုထက် တိုးတက်ပွားများ ရန် ဆန္ဒ ရှိကြ၏။ သို့ဖြစ်ရာ လူအများတို့၏ လိုလားသော စိတ်နေသဘောထားများကို အခြေခံ၍ ဘဝသည် ဖြစ်ပေါ် လာ၏။ ကာမတဏှာ၊ ဘဝတဏှာသည် အမည်သစ်အမည်ဆန်း ဖြစ်လာရ၏။ လူနှင့် သက်ရှိများသည် လောဘ(သို့မဟုတ်)ကာမ တဏှာ၊ ဘဝတဏှာ(သို့မဟုတ်) သဿတလမ်းစဉ်ဖြင့် ချဲ့ထွင်၍ စခန်းသွားကြလေသည်။ ယင်းသို့လျှင် လူနှင့်သက်ရှိ သတ္တဝါ များ၏ ဆန္ဒများသည် အကောင်အထည် ဖြပ် အမည်ပညတ်ထူး ဖြင့် လူနှင့်သက်ရှိလောက၌ ထင်ရှားလာလေသည်။

သဿတဒိဋ္ဌိကို တီထွင်သူများမှာ ယေဘုယျအားဖြင့် လူသား များသာဖြစ်ကြ၏။ လူသားသည် သတ္တလောကသားများအနက် အချက်အချာကျသော အုပ်စုဖြစ်၏။ ချဲ့ထွင်ရာမှ တိုးတက်လာ၏။ ကြံစည်ရာမှ စည်ပင်လာ၏။ တီထွင်ရာမှ အောင်မြင်လာ၏။ ယင်း

သို့ဖြင့် သက်ရှိသတ္တဝါများအနက် လူသည် အောင်မြင်လာသော သတ္တဝါများဖြစ်လာ၏။ တိုးတက်ထွန်းကားလာသော သတ္တဝါများဖြစ်လာ၏။ တိုးတက်စည်ပင်လာလေလေ၊ သဿတဝါဒသည် ပိုမိုအားကောင်းလာလေ ဖြစ်ပေလိမ့်မည်။

ဥစ္ဆေဒဝါဒဆိုသည်မှာ ဒေါသအခြေခံ၏။ ရုပ်ကြမ်းဘူတိကဝါဒ ဟူ၍လည်း သတ်မှတ်ရ၏။ "သတ္တဝါသည် အမိအဘတို့၏ သုတ်သွေးမှဖြစ်၏။ ထမင်းအစာအာဟာရကြောင့် ကြီးထွား၏။ ပုခက်မှစ၍လုပ်တိုင်း၌ အဆုံးသတ်၏။ အလုပ်လုပ်သဖြင့် လုပ်ခရ၏။ ကောင်းသောအမှု၊ မကောင်းသောအမှုကြောင့် အကျိုးတရား ဖြစ်ထွန်းရသည်ဟု မခံယူကြချေ။ ဤအယူအဆများသည် သာမန်လူသားများက ဖန်တီးထားသော အယူအဆများမဟုတ်ကြဘဲ ဘာသာရေးခေါင်းဆောင်များ၊ အဘိဓမ္မာပညာရှိအမည်ခံသူများက တီထွင်လိုက်သော အမည်သာ ဖြစ်ပေလိမ့်မည်။

သတ္တဝါသင်္ခါရသည် မြဲ၏ ဟူသော သဿတဝါဒ၏ အခြေခံအကျဆုံးမှာ စည်းစိမ်ခံဝါဒ ချဲ့ထွင်ဝါဒဖြစ်ရာ ယင်းကို လူသားအများက လက်ခံနေပြီဖြစ်သဖြင့် ယင်းဝါဒသာ တည်မြဲနေပါက ရရှိသောစည်းစိမ်ကို မပျက်စေလိုခြင်း၊ ရရှိသောရုပ်ရည်ဂုဏ်သိရ်များ မဆုံးရှုံးလိုခြင်းဖြင့် လူသားလောကနှင့် သက်ရှိလောက၌ အမြစ်တွယ်နေပေလိမ့်မည်။ သို့ဖြစ်ရာ ယင်းဝါဒမှ ဖြစ်ထွန်းလာမည့် ဆိုးကျိုးများကို ကာကွယ်ရန်အတွက် အဘိဓမ္မာပညာရှင်များ ဘာသာရေးခေါင်းဆောင်များသည် ဥစ္ဆေဒဝါဒကို တီထွင်ရပေလိမ့်မည်။

ဘာသာရေး ခေါင်းဆောင်များသည် စည်းစိမ်ခံ ဝါဒကို ငြီးငွေ့သူများဖြစ်ရာ ယင်းမှတဆင့် ကျော်လွှားနိုင်သော အပြု အမူအကျင့်အကြံများကိုကိုယ်တိုင်လေ့လာခြင်းဖြင့် မှတ်တမ်းတင် ပြပေလိမ့်မည်။ သတ္တလောက၏ အစအဆုံးများကိုလည်းကောင်း ဖြစ်ပေါ်လာရသော အကျိုးဆက်များ၏ နောက်ကြောင်း အကြောင်းတရားများကိုလည်းကောင်း ရှာဖွေကြပေလိမ့်မည်။ ယင်းသို့ လေ့လာစူးစမ်းအပြီး၌ ဥစ္ဆေဒဝါဒသည် ထူးခြားစွာ ထွက်ပေါ်လာခဲ့ခြင်းဖြစ်၏။

ထို့ပြင် အဘိဓမ္မာပညာရှင်များကြောင့်လည်း ဥစ္ဆေဒဝါဒ သည် ထွန်းကားလာခြင်း ဖြစ်ပေလိမ့်မည်၊ တွေးခေါ်မြော်မြင် ရေး ပုဂ္ဂိုလ်များဆိုသည်မှာ လူနှင့် သက်ရှိသတ္တဝါများသည် အစအဆုံး ရှိမရှိစသည်တို့ကို လေ့လာသုံးသပ်တတ်သော ပုဂ္ဂိုလ် များဖြစ်ကြ၏။

အကယ်၍ သတ္တလောကသည် တည်မြဲနေသည်ဆိုလျှင် လော ကသားများသည် အသက်မသေဘဲ ထင်ရှားစွာ နှစ်ပေါင်းကြာ မြင့်သည့်တိုင်အောင် ရပ်တည်နေမည်။ သတ္တလောကသားတဦး ဦးသည် ဘဝများစွာရှိခဲ့ပါကမိမိဘဝကိုနောက်ကြောင်း အဘယ့် ကြောင့် မပြန်နိုင်သနည်း။ သို့ဖြစ်ရာ လူသားနှင့် သက်ရှိများ၏ ကောင်းမှုဆိုသည်မှာ ယခု ပစ္စက္ခအတွက်မျှသာဖြစ်၍ နောင် တမလွန်ဆိုသည်မှာ မရှိသောဘဝကို မျှော်လင့်ခြင်းဖြင့် လူသား နှင့်သက်ရှိများအဖို့ အပန်းတကြီး အားထုတ်နေခြင်းသာ ဖြစ်ပေ သည်ဟု တွေးတောကြံဆရာမှ ဥစ္ဆေဒဒိဋ္ဌိသည် ဤလောက၌ ထင် ရှားလာပြန်လေသည်။

သဿတဝါဒကို ဆန့်ကျင်ဘက်တွေးခေါ်ရာမှ ဘာသာရေးခေါင်းဆောင်အချို့နှင့် အဘိဓမ္မာပညာရှင်အချို့ ပူးပေါင်းမိကြသည်ဖြစ်ရာ ယင်းဥစ္ဆေဒဝါဒသည် ပိုမိုခိုင်မြဲလာခဲ့လေသည်။

သဿတဝါဒသည် အနာဂတ်ကို မျှော်လင့် တောင့်တသောဝါဒဖြစ်၍ ဥစ္ဆေဒသည် အတိတ်အနာဂတ်ကို ပယ်ချလိုက်သောဝါဒဖြစ်ရုံသာမက ပစ္စုပ္ပန်၏ အညမညသဘာဝကိုပါ အသိအမှတ်မပြုသော ဝါဒဖြစ်လေသည်။ ဆိုလိုသည်မှာ သဿတသည်လူသားနှင့် သတ္တဝါရှိမျှ၏ ပင်ကိုယ်ဝါဒဖြစ်၍ ဥစ္ဆေဒသည်သဿတကိုပြောင်းပြန်လှန်ပြီး တဆင့်ကူးပြောင်းလာသော ဝါဒဖြစ်သည်။ လူသားလောကသည် ကြံစည် တွေးခေါ်ရာမှ တဖြည်းဖြည်း တိုးတက်လာသည်ဟု ကျွန်ုပ်တို့ လက်ခံကြလျှင် သဿတဝါဒမှ တဆင့်ဟက်လာသော ဥစ္ဆေဒဝါဒသည်လည်း တိုးတက်လာသော အမြင်ဖြစ်သည်ဟု ကျွန်ုပ်တို့ လက်ခံကြရပေလိမ့်မည်။ သို့ရာတွင် ဥစ္ဆေဒဝါဒသည် ဗုဒ္ဓအမြင်အားဖြင့် လမ်းမှန်သို့မရောက်သေးသော ဝါဒသာဖြစ်နေပေသည်။

တရားဦးဟောရာ မိဂဒါဝုန်၌ ဗုဒ္ဓသည် ပဉ္စဝဂ္ဂီငါးဦးတို့အားကာမသုခလ္လိကနှင့် အတ္တကိလမထတရားနှစ်မျိုးကို ပယ်ဖျက်ရမည်ဖြစ်ကြောင်းနှင့် လူသားအားလုံးသို့ ကျေညာလိုက်လေသည်။ လူသားတို့၏ ပင်ကိုယ် တရားဖြစ်သော ကာမသုခလ္လိကသည်မှန်ကန်သောတရားမဟုတ်သလို အတ္တကိလမထတရားသည်လည်းသံသရာမှ ထွက်မြောက်သောတရားမျိုး မဟုတ်သေးဟု ဗုဒ္ဓသည်မိန့်ကြားပြီးနောက် ယင်းနှစ်မျိုးကို အခြေခံပြီး သူကိုယ်တိုင်

ရှာဖွေတွေ့ရှိထားသော တရားကိုပါ တပါတည်း မိန့်ကြားလိုက်လေသည်။

ယင်းသို့ဗုဒ္ဓတွေ့ရှိထားသည်ဆိုသောတရားများမှာမဂ္ဂင်ရှစ်ပါးတရားများဖြစ်လေသည်။ မဇ္ဈိမပဋိပဒါတရားလမ်းစဉ်ပင်ဖြစ်၏။ မူလရှိပြီးသော လမ်းစဉ်နှစ်ခု၏ အလယ်ဗဟိုမှ ထွက်ရပ်လမ်းဖြစ်၏။ ယင်းလမ်းစဉ်ဟူသည် သမ္မာဒိဋ္ဌိ သမ္မာသမာဓိဟု ဆိုအပ်သော မဂ္ဂင်လမ်းစဉ်ဖြစ်လေသည်။ မဂ္ဂင်လမ်းစဉ်ကို လိုက်သောသူသည် နိဗ္ဗာန်ဟု ဆိုအပ်သော ငြိမ်းခြင်းသို့ ရောက်ကြရလိမ့်မည်။ ယင်းသို့လျှင် ဗုဒ္ဓသည် လမ်းသစ်တခုကို အောင်မြင်စွာ တီထွင်လိုက်လေပြီ။ ထိုမှတဆင့် ဗုဒ္ဓသည် သတ္တလောကကို ဆက်လက်သုံးသပ်မြင်ပြန်လေသည်။

"သတ္တဝါသည် ဒုက္ခဝေဒနာဟူသော အမှန်တရားကို ပစ္စက္ခဒြ လက်ခံ သိမ်းပိုက်ထားသူများဖြစ်၏။ ယင်း ဒုက္ခ အမှန်တရား များဟူသည် ပဋိသန္ဓေနေရခြင်း၊ ဇာတိဒုက္ခ။ အိုရခြင်း ဇရာဒုက္ခ။ နေထိုင်မကောင်းဖြစ်ရခြင်း၊ ဗျာဓိဒုက္ခ။ သေလွန်ရခြင်း၊ မရဏဒုက္ခ။ မချစ်မနှစ်သက်သူများနှင့် ပေါင်းသင်းဆက်ဆံ အတူတကွနေရခြင်းဒုက္ခ၊ အကြင်အရာဝတ္ထုကို လိုလား တောင့်တ နှစ်သက်မြတ်နိုးသော်လည်း ယင်းအရာဝတ္ထုကို မရရှိခြင်းဒုက္ခ၊ စသည့်ဒုက္ခပေါင်းများစွာကို လူသားနှင့် သက်ရှိသတ္တဝါများ တမျိုးမဟုတ်တမျိုး အမြဲလိုလို ခံစားနေကြရလေသည်။"

အမျိုးမျိုးအဖုံဖုံ ခံစားကြရသော ဝေဒနာများသည် သတ္တဝါများအဖို့ မခံစားလိုဘဲ ခံစားနေကြရသလော၊ သို့မဟုတ် မိမိ

ကိုယ်တိုင် ဖန်တီးရာမှ ဖြစ်ပေါ်လာသော အကျိုးဆက်များလော
ဟူသောပြဿနာကို ဗုဒ္ဓက ဤသို့ ဖြေရှင်းပြလေသည်။

"ရဟန်းတို့ - ဒုက္ခကိုဖြစ်စေတတ်သော တရားများသည်
အမှန်တကယ်ရှိ၏။ သတ္တလောကသားအားလုံး ခံစားနေကြရ
သော ဝေဒနာဆိုးကျိုးသည် အမှန်တကယ်အားဖြင့် သတ္တ
လောကသားများကိုယ်တိုင်က လိုလားနှစ်သက်ခြင်း၊ မလိုလား
မုန်းတီးခြင်းစသော လမ်းမှားနှစ်ခုအနက် တခုခုသို့ လိုက်မိနေ
သောကြောင့် ရရှိထားသော ဆိုးကျိုးများဖြစ်ကြပေသည်။ ယင်း
လမ်းမှားနှစ်မျိုးမှာ -

၁။ ရပြီးသောစည်းစိမ်ကို နှစ်သက်ခြင်း၊ထိုမှတဆင့် နောက်
ထပ်ရလိုခြင်းနှင့် မိမိဘဝတည်မြဲခြင်း၊ ရရှိပြီးသောဘဝအဆင့်
အတန်းမှတဆင့် နောက်ထပ် ပိုမိုချဲ့ထွင်လိုခြင်း၊ (ကာမ၊ တဏှာ၊
ဘဝတဏှာ၊ သဿတဒိဋ္ဌိ)

၂။ ရရှိပြီးသောဘဝကို ငြီးငွေ့ခြင်း၊ မုန်းတီးခြင်း၊ ထိုမှ
တဆင့် ထပ်မဖြစ်လိုခြင်း၊ ဆင်ကန်းတောတိုးမမှန်ကန်သောနည်း
မျိုးဖြင့် ဘဝပြတ်ရန်ကြိုးစားခြင်း (ဝိဘဝတဏှာ- ဥစ္ဆေဒဒိဋ္ဌိ)
စသည့် လမ်းမှားများဖြစ်ကြကုန်၏။

အမှားလမ်းနှစ်မျိုးကြားမှ အမှန်လမ်းသည် မဇ္ဈိမလမ်းဖြစ်
ကြောင်း ကျွန်ုပ်နားလည်ထားပြီးနောက် ယင်းအမှန်လမ်းသည်
လည်း မဂ္ဂင်လမ်းဖြစ်ကြောင်းကျွန်ုပ်တို့သိရှိထားပြီးဖြစ်၏။ အမှန်
လမ်းသို့လိုက်သောသူသည် မည်သည့်အကျိုးဆက်များကို ရရှိမည်
နည်း။ ယင်းသည် ကောင်းကျိုးလော၊ ဆိုးကျိုးလော စသည့်
ပြဿနာများကို ဗုဒ္ဓက ဤသို့ရှင်းလင်းပြလေသည်။

"ရဟန်းတို့ - တဏှာကိုပယ်ရှားအမှန်တရား မဇ္ဈိမလမ်းစဉ်သို့ လိုက်သောပုဂ္ဂိုလ်သည် တပ်မက်ခြင်းကင်းရာ ချုပ်ရာ၊ စွန့်ရာ ဝေးစွာစွန့်ရာ၊ တဏှာမှကင်းလွတ်ရာ၊ တဏှာမကပ်ငြိခြင်းကင်းရာ ဖြစ်သော လွတ်မြောက်သည့် နိရောဓအမှန်တရားသို့ ဆိုက်ရောက် ပေလိမ့်မည်။ ယင်းသည် နိဗ္ဗာန် နိရောဓသစ္စာပေတည်း" ဟု ရှင်းလင်းပြလေသည်။

ဓမ္မစကြာသုတ်လိုရင်းများကို ထုတ်ယူကြည့်ပါက အထက်ပါ အတိုင်း တွေ့ရပေမည်။ ယင်းသို့တွေ့ရှိပြီးနောက် အကျဉ်းချုံး လိုက်သောအခါ

၁။ ဒုက္ခသစ္စာ - ဝေဒနာဆိုးကျိုးအမှန်တရား၊ သိရမည့်တရား (ပရိညာတဗ္ဗ)

၂။ သမုဒယသစ္စာ - လိုသားဆာမှု ဖြစ်ပေါ်လာသော ဆိုးကျိုး၏အကြောင်းတရား (ပဟာတဗ္ဗ) ပယ်ရမည့်တရား။

၃။ မဂ္ဂသစ္စာ - (မဂ္ဂင် ၈-ပါး) ကျင့်စဉ်တရား (ဘာဝေတဗ္ဗ) ပွားများရမည့်အမှန်တရား။

၄ နိရောဓသစ္စာ- တဏှာကင်းရာ ကုန်ဆုံးရာတရား၊ မျက်မှောက် ပြုရမည့်တရား (သစ္ဆိကာတဗ္ဗ) စသည်ဖြင့် ခြားနားစွာ သိရှိလာရပေလိမ့်မည်။

ယင်းသို့ ခွဲခြားကြည့်လာသည့်အခါ ကျွန်ုပ်တို့သည် မဇ္ဈိမ လမ်းစဉ်ကို ရှာကန်းတင် စဉ်းစားပေမည်။ မဇ္ဈိမလမ်းစဉ်ဖြစ် သည့် ဘာဝေတဗ္ဗတရားနှင့် သစ္ဆိကာတဗ္ဗတရား၊ နှစ်မျိုးအနက် သစ္ဆိကာတဗ္ဗတရားသည် ရပြီးပုဂ္ဂိုလ် ကို ခေါ်ဆိုခြင်းဖြစ်ရာ ဒီရေး အကြီးဆုံး လေ့လာရမည့် တရားမှာ ဘာဝေတဗ္ဗ ပွားများရမည့်

တရားသာ ဖြစ်လေသည်။ အကြွင်ပုဂ္ဂိုလ်သည် မဇ္ဈိမလမ်းစဉ်အရ မဂ္ဂင်တရားကို ပွားများပါက မဂ္ဂင် (၈) ပါးလုံး တပြိုင်တည်းကျရောက်သောခဏ၌ မဂ်ပုဂ္ဂိုလ်အဖြစ်သို့ ရောက်ရှိမည်ဖြစ်ပြီး၊ ဒုက္ခဝေဒနာကိုလည်းသိ၊ သမုဒယကိုလည်းပယ်၊ ဖိုလ်သို့လည်းဆိုက်သဖြင့် သစ္စာလေးပါး တပြိုင်နက် ကျရောက်လေတော့သည်။ (ဥပမာအားဖြင့် ဆိမီးညှိထွန်းရာတွင် မီးစာလောင်ကျွမ်းခြင်း၊ ဆီကုန်ခမ်းခြင်း၊ အမှောင်ပျောက်ခြင်း၊ အလင်းရောင်ရောက်ခြင်းစသည်တို့သည် တပြိုင်တည်းပြီးစီးသကဲ့သို့မှတ်ရမည်ဟု ဥပမာဖြင့်ရှင်းလင်း ညွှန်ပြကြလေသည်) ယင်းသည် သံသရာမှထွက်မြောက်ပြီးသူ၊ နိဗ္ဗာန်သို့ရောက်ပြီးသူ၊ နိဗ္ဗာန်သို့ရောက်နေသူ၊ မဂ္ဂင် (၈) ပါးနှင့်ပြည့်စုံသူ၊ သမ္မာဒိဋ္ဌိလမ်းစဉ်သို့ရောက်နေသူ၊ မဇ္ဈိမပဋိပဒါလမ်းစဉ်အတိုင်း ပြည့်စုံသူဖြစ်တော့သည်။

သစ္စာလေးပါး၌ သမုဒယသစ္စာနှင့် နိရောဓသစ္စာနှစ်မျိုးသည် သံသရာလုပ်ငန်း (သို့မဟုတ်) လူသားလုပ်ငန်းမျှသာ ဖြစ်၍ယင်းကို ဗုဒ္ဓဝါဒအရ အထူးအရေးပေး ဆောင်ရွက်စရာမလိုချေ။ နိရောဓသစ္စာသည်လည်း ရပြီးတရားကိုခေါ်ဆိုခြင်းဖြစ်၍ အထူးဂရုပြုရန်သင့်သော သစ္စာမဟုတ်ချေ။ ဗုဒ္ဓဝါဒအရအရေးအကြီးဆုံးအလုပ်မှာ မဂ္ဂသစ္စာဖြစ်သော မဂ္ဂင် (၈) ပါးကို ဘာဝေတဗ္ဗဟူသော စကားအရ "ပွားများရန်သာ" အရေးအကြီးဆုံးဖြစ်ကြောင်း ကျွန်ုပ်တို့ သတိပြုရပေလိမ့်မည်။

ဗုဒ္ဓတရားတော်၌ အဓိကအကျဆုံး လုပ်ငန်းမှာ "ပွားများရမည့်တရား အကြိမ်များစွာ ပွားများရမည့်တရား" ဟူ၍ သတ်မှတ်ထားလေသည်။ ယင်းသို့ မဂ္ဂင်(၈)ပါး နှင့်အညီ ပွားမျာ

လာသော ယောဂီရဟန်းအဖို့ နောက်ဆုံး၌ မဂ်ဆိုက် ဖိုလ်ဝင် ဉာဏ်အမြင်များ ရရှိပြီး သံသရာမှ ထွက်မြောက်သွားလေသည်။

ဗုဒ္ဓသည် ပထမတရားဦးဟောရာ မိဂဒါဝုန်၌ ပဉ္စဝဂ္ဂီ ငါးဦးတို့အား ဓမ္မစကြာကိုငါးရက်တိုင်တိုင် ဟောကြားလိုက်သော အခါ ငါးဦးသော ပဉ္စဝဂ္ဂီ ရဟန်းများသည် မဂ်ပေါက်ဖိုလ်ဝင် သူတော်စင်အဖြစ်သို့ ရောက်ရှိသွားကြလေသည်။ ဝါဆိုလပြည့်ကျော် (၅) ရက်နေ့၌ ဗုဒ္ဓသည် ထို ဓမ္မစကြာတရားတော်ထက် အဆင့်မြင့်သော ဗုဒ္ဓ၏ ပဓာနအကျဆုံးသော အနတ္တဝါဒကို ပဉ္စဝဂ္ဂီငါးဦးတို့အား ဆက်လက်ညွှန်ပြလေသည်။

အမှန်စင်စစ်အားဖြင့် ဓမ္မစကြာ၌ ဗုဒ္ဓသည် ပဉ္စဝဂ္ဂီငါးဦးတို့အား အနတ္တဝါဒကို မတင်ပြသေးချေ။ ပဉ္စဝဂ္ဂီ ငါးဦးတို့အား အနတ္တ၏ ရေသောက်မြစ်ဖြစ်သည့် သမ္မာဒိဋ္ဌိလမ်းစဉ်ကို ရှေးဦးစွာ တင်ပြခြင်းသာဖြစ်ပေသည်။ အကယ်၍ ဓမ္မစကြာ၌ အနတ္တကို တင်ပြ ညွှန်ကြားခဲ့လျှင် ပဉ္စဝဂ္ဂီငါးဦးတို့သည် ဗုဒ္ဓ၏ အနတ္တဝါဒကို လက်ခံချင်မှ လက်ခံနိုင်ကြပေလိမ့်မည်။ သို့ဖြစ်ရာ ဓမ္မစကြာသည် အနတ္တဝါဒ၏ အခြေခံမျှသာ ဖြစ်သေးကြောင်း ကျွန်ုပ်တို့ သတိပြုကြရပေလိမ့်မည်။ ဓမ္မစကြာ၌ သတ္တလောကသားများ လက်ခံထားသော အတ္တဝါဒ (ကာမသုခလ္လိကာ၊ အတ္တကိလမထ) ကို ပယ်ရမည်ဟူ၍ ညွှန်ကြားခဲ့သော်လည်း အနတ္တနှင့် ပတ်သက်၍ကား တစ္စွန်းတစမျှ ဖော်ညွှန်းခဲ့ခြင်း မရှိခဲ့ချေ။

ကျွန်ုပ်တို့သည် အနတ္တလက္ခဏာသုတ်ကို မလေ့လာမီ ဗုဒ္ဓသည် ဓမ္မစကြာ၌ အနတ္တကို ဘာ့ကြောင့် မဟောခဲ့ သနည်း ဆိုသောအချက်နှင့် ထိုခေတ်ထိုအချိန်က အတ္တဝါဒ မည်မျှအထိ

ထွန်းကားနေပြီ ဖြစ်သနည်းဆိုသော အချက်ကို သတိပြုကြရပေလိမ့်မည်။ ပါဠိပိဋကတ်နှင့် သက္ကတကျမ်းများအဆိုအရ များစွာသော အိန္ဒိယ တိုင်းသားများသည် ဗြဟ္မဏ ဝါဒများကို ထိုအချိန်က လက်ခံနေပြီ ဖြစ်လေသည်။ ဗြဟ္မဏဝါဒ၏ အခြေခံအကျဆုံးနှင့် အမြင့်ဆုံးအယူအဆ များမှာ "နတ် ဘုရား များသည် လူနှင့် သက်ရှိသတ္တဝါများ၊ ဩကာသလောကအားလုံးကို ဖန်ဆင်း တတ်သူများ ဖြစ်သည်" ဟူ၍ ယူဆ ထားကြလေသည်။

ဗြဟ္မာများသည် သက်ရှိ သတ္တဝါများကို ဖန်ဆင်း တတ်သူဖြစ်၍ ၎င်းတို့သည် အမြဲတည်နေသူများ ဖြစ်ကြလေသည်။ ဆိုလိုသည်မှာ လောကသည် အနတ္တ အမျိုးအစား မဟုတ်ဘဲ အတ္တကိုယ်ကောင်များ ဖြစ်နေကြသည်။ သေလွန်ပြီးနောက် တနေရာသို့ ဝိညာဉ်ကောင်များ ပြောင်းရွှေ့နေကြသည်။ အမှန်စင်စစ် ဤလောက၌ ဝိညာဉ်လောကကြီးသည် ရှိနေသည်။ ရုပ်ခန္ဓာသာသေဆုံးပြီး ဝိညာဉ်သည် ဘယ်သောအခါမျှ မသေ ဟူ၍ ဗြဟ္မဏ အယူအဆက ဆိုထားလေသည်။ သို့ဖြစ်ရာ အနတ္တဝါဒကို ပထမဆုံး ဟောကြားသဖြင့် ပဉ္စဝဂ္ဂီငါးဦးသည် လက်ခံနိုင်စွမ်း မရှိနိုင်ရကား ဗုဒ္ဓသည် အနတ္တဝါဒ၏ အခြေခံကျင့်စဉ်ကို အစတွင် ဟောကြားခဲ့ခြင်း ဖြစ်ပေလိမ့်မည်။

"ရဟန်းတို့— ရုပ်သည် အနတ္တမည်၏။ ရုပ်သည် အတ္တ မဟုတ်ရာ။ မှန်လှ၏။ ရဟန်းတို့— ဤအရာသည် အတ္တဖြစ်အံ့ မူကား စိတ်သည် မနှောက်ချောက်ချားခြင်းငှာ မဖြစ်ရာ။ "ငါ၏ရုပ်သည် ဤသို့ဖြစ်စေသတည်း၊ ဤသို့ မဖြစ်စေပါလင့်"

ဟု ရှုပ်၌ သင်တို့သည် မိမိတောင့်တတိုင်း ဖြစ်နိုင်ကြကုန် ရာ၏။ ထိုသို့ အလိုသို့ မလိုက်ခြင်းကြောင့်သာလျှင် ရုပ်သည် အနတ္တမည်ကုန်၏။

"ရဟန်းတို့—ဝေဒနာသည် အနတ္တမည်၏။ ဝေဒနာသည် အတ္တမဟုတ်ရာ။ မှန်လှ၏။ ရဟန်းတို့— အကယ်၍ ဤဝေဒနာသည် အလိုသို့လိုက်ဘိမူကား ဤဝေဒနာသည် စိတ်ကို မေ့နှောက်ချောက်ချားခြင်းငှာ ဖြစ်ရာ။ "ငါ၏ ဝေဒနာသည် ဤသို့ ဖြစ်စေသတည်း၊ ဤသို့ မဖြစ်စေလင့်ဟူ၍ မိမိသဘောအတိုင်း ဖြစ်ကုန်ရာ၏။ ယခုမူ ယင်းသို့ မိမိအလိုအတိုင်း မဖြစ်စေသောကြောင့် ဝေဒနာသည် အနတ္တမည်ကုန်၏။ (သညာကိုလည်း အထက်အတိုင်းသိလေ)

"ရဟန်းတို့— ပြုပြင်ပြောင်းလဲနေသော သင်္ခါရတရားသည် အနတ္တမည်ကုန်၏။ သင်္ခါရသည် အတ္တမဟုတ်ရာ။ မှန်လှ၏။ ရဟန်းတို့— အကယ်၍ သင်္ခါရသည် အလိုသို့ လိုက်ဘိမူကား ဤသင်္ခါရသည် ဤသို့ဖြစ်စေသတည်း။ ဤသို့မဖြစ်စေကုန်လင့်" ဟူ၍ မိမိသဘောအတိုင်း ဖြစ်ကုန်ရာ၏။ ယခုမူ ယင်းသို့ မိမိသဘောအတိုင်း မဖြစ်စေသောကြောင့် သင်္ခါရသည် အနတ္တတရားမည်ကုန်၏။

"ရဟန်းတို့—သိမှုဝိညာဏ်ဟု ဆိုသော တရားသည် အနတ္တမည်ကုန်၏။ သိမှုဝိညာဏ်တရားသည် အတ္တမဟုတ်ရာ။ မှန်လှ၏။ ရဟန်းတို့— အကယ်၍ သိမှုဝိညာဏ်သည် အလိုသို့ လိုက်ဘိမူကား ဤဝိညာဏ်သည် ဤသို့ဖြစ်စေသတည်း။ ဤဝိညာဏ်သည် ဤသို့မဖြစ်စေလင့်" ဟူ၍ မိမိသဘောအတိုင်း ဖြစ်ကုန်

ရာ၏။ ယခုမူ ယင်းသို့ မိမိအလိုအတိုင်း မဖြစ်စေသောကြောင့် ဝိညာဏ်သည် အနတ္တတရား မည်ကုန်၏။

"ရဟန်းတို့— ယခုငါဆိုသော စကားကို အဘယ်သို့ မှတ်ထင်ကြကုန်သနည်း။

ဗုဒ္ဓ။ ။ရဟန်းတို့- ရုပ်သည် နိစ္စလော၊ အနိစ္စလော။

ပဥ္စဝဂ္ဂီ။ ။အရှင်ဘုရား-ရုပ်သည်အနိစ္စတရားသာဖြစ်ပါသည်။

ဗုဒ္ဓ။ ။ရဟန်းတို့- ယင်း အနိစ္စဖြစ်သော ရုပ် တရားသည် သုခလော၊ ဒုက္ခလော။

ပဥ္စဝဂ္ဂီ။ ။အရှင်ဘုရား- အနိစ္စဖြစ်သော ရုပ်တရားသည် ဒုက္ခဖြစ်ပါသည်။

ဗုဒ္ဓ။ ။ရဟန်းတို့- အကြင်ရုပ်သည် မမြဲခြင်း သဘောရှိ၏။ ဆင်းရဲခြင်း ဒုက္ခ ဖြစ်၏။ ဖေါက်ပြန်ခြင်း သဘောရှိ၏၊ ထိုအနိစ္စ၊ ဒုက္ခ၊ ဝိပရိဏာမ သဘောရှိသော ရုပ်သည် "ငါ၏ ဥစ္စာဘည်းဟူသော စွဲလမ်းခြင်း တဏှာ၏အစွမ်းဖြင့် ဖြစ်ရာ၏၊ ဤရုပ်သည် ငါ ဖြစ်၏" ဟူသော မာန၏အစွမ်းဖြင့် ဖြစ်ရာ၏။ ဤရုပ်သည် ငါ၏ အတ္တ(ကိုယ်)ဖြစ်၏ ဟူသော ဒိဋ္ဌိ၏ အစွမ်းဖြင့်ဖြစ်ရာ၏၊ ဤသို့ သုံးသပ်ခြင်းငှာ သင့်တန် ကောင်းရာ၏လော။

ပဥ္စဝဂ္ဂီ။ ။သင့်တော်အံ့ မထင်ပါဘုရား။

(ဝေဒနာ သညာ သင်္ခါရ ဝိညာဏ်တို့၌လည်း အထက်ပါ အတိုင်း ဗုဒ္ဓနှင့် ပဥ္စဝဂ္ဂီ ရဟန်းများ အမေး အဖြေ ပြုကြ လေသည်။)

"ရဟန်းတို့ ရုပ်ဝေဒနာ သညာသင်္ခါရဝိညာဏ် (ခန္ဓ ငါး ပါး) တရားအစုတို့သည် အနိစ္စ ဒုက္ခ အနတ္တ ဖြစ်ကြကုန်၏။ အတိတ် အနာဂတ် ပစ္စုပ္ပန်ဖြစ်သော၊ အဇ္ဈတ္တ ဗဟိဒ္ဓဖြစ်သော၊ သိမ်မွေ့သော၊ ရုန့်ရင်းသော၊အယုတ်အမြတ်ဖြစ်သော၊အဝေး အနီးဖြစ်သော အကြင် ရုပ်ဝေဒနာ သညာ သင်္ခါရ ဝိညာဏ် တို့ သည် ရှိကုန်၏။ ယင်း ရုပ်ဝေဒနာ သညာ သင်္ခါရ ဝိညာဏ်တို့ကို "ဤရုပ်ဝေဒနာ သညာ သင်္ခါရ ဝိညာဏ်တို့သည် ငါဖြစ်၏ဟူ၍ မာန၏ အစွမ်းဖြင့် လည်းကောင်း၊ ဤရုပ်ဝေဒနာ၊ သညာ သင်္ခါရ ဝိညာဏ်တို့သည် ငါ၏ အတ္တကိုယ်ကောင် ဖြစ်၏ဟူ၍ ဒိဋ္ဌိ၏ အစွမ်းဖြင့် လည်းကောင်း မရှုမှတ်အပ်။ အသိအမှတ် မပြု အပ်။ ယင်း ရုပ်ဝေဒနာ သညာ သင်္ခါရ ဝိညာဏ်တို့သည် အနိစ္စ ဒုက္ခ အနတ္တ ဖြစ်၏ဟူ၍ ဟာ မှန်ကန်သော သမ္မာဒိဋ္ဌိ လမ်းစဉ် ဖြင့် ရှုမှတ်ရာပေမည်။ သိမှတ်ရပေမည်။ အမြင် ရှိရပေမည်။

ယင်းသို့ သမ္မာဒိဋ္ဌိ လမ်းစဉ်ဖြင့် ရှုမှတ်သောသူအား ရုပ် ဝေဒနာ သညာသင်္ခါရ ဝိညာဏ်တရားတို့၌ ငြီးငွေ့လာပေမည်။ တပ်ခြင်း (တဏှာ)မှ ကင်းလွတ်မည်။ကင်းလွတ်ကြောင်းကိုလည်း သိမည်။ ပဋိသန္ဓေနေခြင်း ကုန်မည်။ မြတ်သော အကျင့်ကို ကျင့် သည် မည်တော့သည်။ ပြုကျင့်ရမည့် အမှန်တရားကို ကျင့်ပြီး ဖြစ်နေသောကြောင့် ဤပစ္စုပ္ပန် ခန္ဓာအစဉ်မှ တပါးသော ခန္ဓာ အစဉ်သည် ဖြစ်ရန်အကြောင်းမရှိတော့ချေ၊ ထိုကဲ့သို့အမှန်တရား ကို သိထားရပေမည်။ ကျင့်ကြံရပေမည်။ (အနတ္တလက္ခဏသုတ်)

အနတ္တလက္ခဏသုတ်သည် ပဓာန အကျဆုံးနှင့် အကျဉ်းဆုံး ဖော်ပြထားသော ဗုဒ္ဓ၏ အဓိက တရားတော် ဖြစ်ပေသည်။ လူ

သားများ လက်မခံနိုင်သော အနတ္တ ဝါဒကိုလည်း ဖော်ညွှန်း ထားပေသည်။ အကယ်၍ ဗုဒ္ဓဝါဒသည် အနတ္တဝါဒကို ပဓာန မထားနိုင်ခဲ့ပါက ထိုခေတ် အိန္ဒိယ ဗြဟ္မဏဝါဒကို လွှမ်းမိုးနိုင် တော့မည် မဟုတ်ချေ။ ဗုဒ္ဓ၏ ပိဋကတ်တခုလုံး၌ ဟောကြား ထားသော တရားများမှာ အနတ္တလက္ခဏာသုတ်ကို ပီပြင်အောင် ရှင်းလင်းချက်များသာ ဖြစ်ပေလိမ့်မည်။

ဓမ္မစကြာတရားသည် အကျဉ်းတရားဖြစ်၍ အနတ္တလက္ခဏာ တရားသည် အမြင့်တရား ဖြစ်ပေသည်။ အနတ္တလက္ခဏာသုတ်၌ ဗုဒ္ဓ၏ အရေးကြီးသော အနိစ္စ ဒုက္ခ အနတ္တတရား ဖြစ်ပုံကို လည်းကောင်း၊ တဏှာ မာန ဒိဋ္ဌိဆိုသော ပပဉ္စ တရားများကို လည်းကောင်း၊ ရုပ် ဝေဒနာ သညာ သင်္ခါရ ဝိညာဏ်ဆိုသော စကားလုံးများကိုလည်းကောင်း ထင်ထင်ရှားရှား တွေ့မြင်နိုင်ကြ လေသည်။

ဓမ္မစကြာ၌ ဗုဒ္ဓက "ငါသည်-ဇာတိ-နောက်ထပ်တဖန် ပဋိ သန္ဓေနေခြင်း မရှိတော့ပြီ" ဟု ဇာတိဆိုသော စကားလုံးကို ထည့်သုံးခဲ့၏။အနတ္တလက္ခဏာသုတ်၌မူ အကြင်ပုဂ္ဂိုလ်သည်အနတ္တ ဉာဏ် အမြင်သို့ ရောက်အံ့၊ ထိုပုဂ္ဂိုလ်အား (ခီဏာဇာတိ)နောက် ထပ်တဖန် ပဋိသန္ဓေနေခြင်း မရှိတော့ပြီဟုမိန့်ကြားခဲ့လေသည်။ သို့ဖြစ်ရာ ဗုဒ္ဓဝါဒအရ၊ ကြိမ်ဖန်များစွာ ပွားများနေသောပုဂ္ဂိုလ် အား အနတ္တကို မြင်လာမည်။ ယင်းအမြင် အနတ္တသည် သတ္တ လောကသားများအတွက် အမှန်တရား (နိဗ္ဗာန်) ပေတည်းဟု ယူဆထားလေသည်။

◓ ◓ ◓

# ပဋိစ္စသမုပ္ပါဒ်

ဓမ္မစကြာနှင့် အနတ္တလက္ခဏ သုတ္တန်တို့၌ ပဋိစ္စသမုပ္ပါဒ် ဆိုသော စကားလုံးများ ပစ္စယာကာရဆိုသော စကားလုံးများ ကို တစွန်းတစမျှ မတွေ့ရသော်လည်း နောက်ပိုင်း၌ ဟောကြား သော သုတ္တန် အချို့၌ ဗုဒ္ဓသည် မဟာဗောဓိ ပင်ရင်း၌ ပဋိစ္စ သမုပ္ပါဒ်ကို ဆင်ခြင်ခဲ့ပြီးဖြစ်ကြောင်း တွေ့ရှိရပေသည်။

အဝိဇ္ဇာ၊ သင်္ခါရ၊ ဝိညာဏ၊ နာမရူပ၊ သဠာယတန၊ ဖဿ၊ ဝေဒနာ၊ တဏှာ၊ ဥပါဒါန်၊ ဘဝ၊ ဇာတိ၊ ဇရာ၊ မရဏ၊ သောက၊ ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿ၊ ဥပါယာသ။

ယင်း အထက်ပါ စကားစုများသည် ယခင် ဗုဒ္ဓဟောကြားခဲ့ ပြီးဖြစ်သော ဓမ္မစကြာ၊ အနတ္တလက္ခဏ သုတ်တို့၌ ဖော်ပြထား ပြီးသော စကားလုံးဟောင်းများသာ ဖြစ်၏။ သို့ဖြစ်ရာ ပဋိစ္စ သမုပ္ပါဒ်ကို နောက်ပိုင်း၌ ဗုဒ္ဓသည် အဘယ့်ကြောင့် ထပ် တလဲလဲ ဟောကြားခဲ့ရသနည်း။

သတ္တလောကသားများသည် သေလွန်ပြီးနောက် အဘယ်သို့ ရောက်သွားသနည်း။ ကောင်းမှု မကောင်းမှုကို ပြုသူများသည် မည်သည့်အရာကို ခံစားကြရသနည်း။ သေလွန်ပြီးသောသတ္တဝါ

များ ကွယ်ပျောက်သွားကြသလော။ နတ်များ ဗြဟ္မာများနှင့် ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာများ ဆိုသည်မှာ အဘယ်နည်း။ ယင်းတို့သည် မြင်ရသော သတ္တဝါမျိုးလည်း မဟုတ်သဖြင့်အမှန်တကယ် ရှိနေကြသော သတ္တဝါများလော စသည့် ၃၁ ဘုံဝါဒသည် ပြန့်နှံ့လျက်ရှိရာ ယင်းပြဿနာကို မဖြေရှင်းဘဲ ယင်းဝါဒနှင့် ဆန့်ကျင်ဖက် အယူဝါဒတခုကို တည်ထောင်သူများအဖို့ မည်သည့်အခါမျှလည်း အောင်မြင်နိုင်မည် မဟုတ်ချေ။

အနတ္တဝါဒ၏ အဓိက အတားအဆီးမှာ လူသားဝါဒ ဖြစ်သည့် ကာမဂုဏ် ခံစားခြင်းဝါဒနှင့် အဘိဓမ္မာ ပညာရှင်များ ဖန်တီးထားသော အတ္တကိုလမထဝါဒ ဖြစ်လေသည်။ ယင်းတို့နှင့်အတူ ပူးပေါင်းလျက်ရှိသော ၃၁-ဘုံ ဝါဒသည် လူသားလောက၌အမြစ်တွယ်လျက် ရှိလေသည်။ သို့ဖြစ်ရာ ယင်းဝါဒ နှစ်မျိုးကို ပယ်ချလိုက်သော ဗုဒ္ဓအဖို့ အစပထမကပင် ပဋိစ္စသမုပ္ပါဒ်ကို ပြင်ဆင်ထားပြီး ဖြစ်ပေလိမ့်မည်။ သတ္တဝါသည် သေပြီးနောက် တနေရာ တနေရာသို့ ပြောင်းရွှေ့သည်ဆိုသော အယူအဆနှင့် သေပြီးနောက် မည်သည့်အရာမျှ မဖြစ်တော့ဟု ယူဆသော အယူအဆနှစ်မျိုးကို ပဋိစ္စသမုပ္ပါဒ်တရားဖြင့် ပယ်ချလိုက်လေသည်။ သက်ရှိသက်မဲ့ အားလုံးသည် အကြောင်းတရားကြောင့် အကျိုးတရားဖြစ်ပေါ်ခြင်းသာ ဖြစ်သည်ဟု ရှင်းလင်းပြခြင်းသည် ပဋိစ္စသမုပ္ပါဒ် မည်လေသည်။

အယူအဆဟောင်း နှစ်မျိုးကို ဗုဒ္ဓပယ်ချရာ၌ ၃၁ ဘုံကို မစဉ်းစားသင့်ကြောင်း၊ သေလျှင်ဘယ်သို့ရောက်သည် ဆိုသည်ကိုအသိအမှတ် မပြုသင့်ကြောင်း ဝိညာဉ်ဆိုသည်မှာ တဘဝမှ တဘဝသို့

ပြောင်းနေသည် ဟူသော၊ အယူအဆသည် မမှန်ကန်ကြောင်း မိန့်ကြားရင်း သတ္တဝါဟူသည် အကြောင်းတရား အခြေခံ၍ အကျိုးတရား ဖြစ်ပွားခြင်းမျှသာဖြစ်ကြောင်း ၊သက်ရှိသက်မဲ့ အားလုံးသည်လည်း ယင်းအတိုင်းပင်ဖြစ်ကြောင်း၊ ထို့ကြောင့် အားလုံးသော သက်ရှိသက်မဲ့များသည် အကြောင်းကင်း၍ ဖြစ်သည်ဟူ၍မရှိကြောင်း၊ အကြောင်းတရားကို ငြိမ်းသတ်ပြီးပါက အကျိုးတရား ဖြစ်ပွားစရာ မရှိသဖြင့် ယင်းသည် သန္တိသုခ ဖြစ်ကြောင်း၊ ငြိမ်းအေးရာဖြစ်ကြောင်း၊ တဖန် ဖြစ်ပွားစရာ မရှိတော့ကြောင်းဖြင့် ရှင်းလင်း ဖြေကြားခဲ့လေသည်။ သို့ဖြစ်ရာ အထက်၌ ဖော်ပြခဲ့သော ပဋိစ္စသမုပ္ပါဒ်တရားကို ကျွန်ုပ်တို့ လေ့လာသင့်ကြပေသည်။

"မသိစိတ် ဖုံးလွှမ်းခြင်းကြောင့်ပြုလုပ်၏။ ပြုလုပ်ခြင်းကြောင့် စိတ်ဖြစ်၏။ စိတ်ဖြစ်ခြင်းကြောင့် စိတ်နှင့်ရုပ် တွဲဖြစ်၏။ စိတ်နှင့်ရုပ် တွဲဖြစ်ခြင်းကြောင့် မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်စိတ် ဖြစ်ခြင်းကြောင့် တွေ့ထိမှုသဘော ဖြစ်၏။ တွေ့ထိမှုသဘော ဖြစ်ခြင်းကြောင့် လိုလားနှစ်သက်ခြင်း ဖြစ်၏။ လိုလား နှစ်သက်ခြင်းကြောင့် စွဲစွဲလန်းလန်း မရမက လိုလား၏။ စွဲစွဲလန်းလန်း မရမက လိုလားနှစ်သက်ခြင်းကြောင့် ရရှိလာ၏။ ရလာသောကြောင့် ဖြစ်မှုပေါ်လာ၏။ ဖြစ်မှု ပေါ်လာခြင်းကြောင့် ရင့်ယော်လာခြင်း ဖြစ်၏။ ရင့်ယော်လာခြင်းကြောင့် ဆွေးမြေ့ပျက်စီးလာခြင်း ဖြစ်၏"

"စိုးရိမ်ခြင်း၊ငိုကြွေးခြင်း၊ ဆင်းရဲခြင်း၊ နှလုံးမသာယာခြင်း၊ ပြင်းစွာ ပူပန်ငိုကြွေးမြည်တမ်းခြင်း စသော (သောကပရိဒေဝ)

စသည်တို့သည် အကျိုးဆက် တရားများသာ ဖြစ်၍ အမှန်တကယ် ဥပ္ပတ္တိမှု အဝိဇ္ဇာမှ စတင်၍ ဇရာမရဏာ၌ အဆုံးသတ် ထားလေသည်။ (ဇရာနှင့် မရဏာသည်ပင် တခုစီမဟုတ်ဘဲ နှစ်ခုပေါင်းမှ အမည် တခုသာ ရရှိသည်။) သို့ဖြစ်ရာ ပဋိစ္စသမုပ္ပါဒ်သည် အရေအတွက် အားဖြင့်(၁၂) ပါးသာရှိပြီး အကြောင်းတခုကြောင့် အကျိုး တခုကို ရရှိသည်ဟု တခုနှင့်တခု ကြောင်းကျိုး ဆက်စပ်ပုံကို ဖော်ညွှန်းထားခြင်း ဖြစ်လေသည်။ ယင်းတို့ကို အတိတ်အနာဂတ် ပစ္စုပ္ပန်ဟူ၍ သုံးမျိုးခွဲလိုက်သောအခါ-

အဝိဇ္ဇာသင်္ခါရ (ယင်းတို့နှင့် ဆက်သွယ်နေသော) တဏှာ၊ ဥပါဒါန်၊ ဘဝ၊ စုစုပေါင်း(၅)မျိုးကို ရလေသည်။ မူလအား ဖြင့် အဝိဇ္ဇာနှင့် သင်္ခါရ နှစ်မျိုးသည် အတိတ်အကြောင်းမည်၏။ သို့ရာတွင် အဝိဇ္ဇာကြောင့် တဏှာဥပါဒါန်ဖြစ်ပြီးသင်္ခါရကြောင့် ကမ္မဘဝ ဖြစ်လေရာ အတိတ်အကြောင်း၌ စုစုပေါင်း(၅) မျိုး ကို ရရှိလေတော့သည်။ ယင်းအတိတ်က (၅)မျိုး အကြောင်းခံ နေသောကြောင့် ယခုပစ္စုပ္ပန်၌ အကျိုး (၅) မျိုးကို ရရှိလေ သည်။ ယင်းငါးမျိုးမှာ ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ၊ ပေါင်း (၅) မျိုး ဖြစ်၏။ ဆိုလိုသည်မှာ အတိတ် ကာလက မသိစိတ် ဖုံးလွှမ်းခြင်း၊ ပြုမိပြုရာ ပြုလုပ်ခြင်း၊ ထို့ ကြောင့် လိုချင်ခြင်း၊ စွဲလန်းခြင်း၊ ရအောင် ပြုလုပ်ခြင်းစသော အကြောင်းခံမှုတို့ကြောင့် ယခု ပစ္စက္ခ၌ ဝိညာဏ် ဖြစ်ခြင်း၊ နာမ်ရုပ်ဖြစ်ခြင်း၊ သဠာယတန(မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ်)တို့ကို ရရှိခြင်း၊ တွေ့ထိခြင်း၊ ခံစားခြင်း ဖြစ်ပေါ် လာရ သည်။

ရရှိပြီးသောဝိညာဏ်။ ။ဝေဒနာတို့ကိုအမှီပြု၍ သတ္တလောကသားများသည် လိုလားသောစိတ်၊ စွဲလန်းသောစိတ်၊ မရအရဆောင်ရွက်လိုစိတ်၊ မသိစိတ်၊ လက်တွေ့သိလိုသော စိတ်များဖြစ်ပေါ်နေကြလေသည်။ သို့ဖြစ်၍ ယခု ပစ္စုပ္ပန်၌နေ့စဉ်နေ့တိုင်း မိနစ်မလပ် ဒလစပ်ပင် လူသားနှင့် သက်ရှိ သတ္တဝါများသည် (တဏှာ၊ ဥပါဒါန်၊ ဘဝ၊ အဝိဇ္ဇာ၊ သင်္ခါရ) အကြောင်း (၅) မျိုးကို ဖန်တီးနေကြလေသည်။

ယင်းသို့ သတ္တ လောကသားများက မိနစ်မလပ် ဒလစပ် ဖန်တီးနေကြသောကြောင့် အသိစိတ်ဖြစ်လာပြန်ခြင်း၊ နာမ်ရုပ်ဖြစ်လာရခြင်း၊ အာယတန၊ မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ်တို့ကို လက်ခံရရှိလာနေခြင်း၊ တွေ့ထိလာရခြင်းဟု ဆိုအပ်သော(ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ) (၅) မျိုးကို အနာဂတ် ကာလ၌ မုချရရှိပြန်ပေလိမ့်မည်။

သို့ဖြစ်ရာ အတိတ်မှ အကြောင်းခံ အဓိကတရားသည် အဝိဇ္ဇာဖြစ်၍ ယင်းသည် ပစ္စုပ္ပန်သို့ ပို့ရာ၌ ပဓာနနေရာမှ ပါဝင် နေသည်။ ပစ္စုပ္ပန်၌ အဓိက တရားသည် တဏှာဖြစ်ကြောင်း တွေ့ရပေသည်။ အဝိဇ္ဇာသည် မောဟဖြစ်၍ တဏှာသည် လောဘ ဖြစ်လေသည်။

အတိတ်ကာလ။ ။အဝိဇ္ဇာသင်္ခါရ ၂ ပါး။

အနာဂတ်ကာလ။ ။ဇာတိ ဇရာ မရဏ ၂ ပါး။

ပစ္စုပ္ပန်ကာလ။ ။ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ၊ တဏှာ၊ ဥပါဒါန်၊ ဘဝ၊ ၈ ပါး စုစုပေါင်း ၁၂ ပါး ဖြစ်၏။

မသိစိတ် အဝိဇ္ဇာကြောင့် ပြုမိပြုရာ ပြုခဲ့ခြင်း၊ အတိတ် အကြောင်းကြောင့် ယခုပစ္စုပ္ပန်၌ ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာတရားများကို လက်ခံ ရရှိသားသည်။ ယခု ရရှိထားသော တရား၌ ရပ်တည်နေသော သတ္တ လောကသားများသည် ယခုပစ္စုပ္ပန်၌ တဏှာဥပါဒါန် ကမ္မဘဝကိုပြုလုပ်နေကြသည်။ ထိုကြောင့်ပင် အနာဂတ်ကာလ၌ ဇာတိ၊ ဇရာ၊ မရဏကို ရရှိကြပြန်လေသည်။

ကမ္မဝဋ်။ ။သင်္ခါရ ကမ္မဘဝသည် ကမ္မဝဋ် မည်၏။

ကိလေသဝဋ်။ ။အဝိဇ္ဇာတဏှာ ဥပါဒါန်သည် ကိလေသာဝဋ် မည်၏။

ဝိပါကဝဋ်။ ။ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ၊ ဥပပတ္တိ ဘဝ၊ ဇာတိ၊ ဇရာ၊ မရဏ။

ဝဋ်သဒ္ဒါသည်ခံစားရခြင်းကိုဟော၏။ မသိခြင်း လိုချင်ခြင်း စွဲလန်းခြင်းတို့သည် အမှန်တရား ဖုံးကွယ်နေသော ပုဂ္ဂိုလ်၌ ခံစားခြင်းတမျိုး အဖြစ်ဖြင့် ကျရောက်လျက်ရှိရာ အမှန်တကယ် အားဖြင့် ထိုပုဂ္ဂိုလ်သည် ယင်းခံစားမှု၌ ပူလောင်ခြင်းကို လက်တွေ့အားဖြင့် သိရှိရလေသည်။ မသိခြင်းအကြောင်းခံ၍ ပြုမိပြုရာ ပြုလုပ်သောသူအား အမှားအကျိုးသာ ရရှိလေရကား ရရှိသော အကျိုးတရားများသည် ပူပန်ခြင်းကို ဖြစ်စေ လေသည်။ သို့ဖြစ်ရာ ယင်းသည် အမှန်တကယ် ကောင်းကျိုး မဟုတ်ရကား ကိလေသာ ကျိုးသာ ဖြစ်တော့သည်။ ထို့ကြောင့်အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန် ၃မျိုးသည် ကိလေသာဝဋ် မည်လေတော့သည်။

ပြုမိပြုရာ ပြုနေမိခြင်း၊ ကံမြောက်သည်အထိ ဆောင်ရွက်နေခြင်း များသည်လည်း အမှန်တကယ်အားဖြင့် ဝဋ်တမျိုးပင်ဖြစ်နေလေသည်။ သင်္ခါရနှင့် ကမ္မဘဝသို့သည် သမုဒယသစ္စာ ဖြစ်ရကားသက်ရှိသတ္တလောကသားပြုမူဆောင်ရွက်နေသမျှအားလုံး လိုလိုသည် ဒုက္ခကို ဖြစ်စေနိုင်လေသည်။ ထို့ကြောင့် မမှန်မကန်ပြုနေသမျှ၊ မဂ္ဂင်လမ်း မကျသော ဆောင်ရွက်မှု ဟူသမျှသည် ဝဋ်တမျိုးကို ဖန်တီးနေသည်မည်ရကားယင်းသင်္ခါရနှင့်ကမ္မဘဝသည် ကမ္မဝဋ်မည်တော့သည်။

သတ္တလောကသားများသည် ယင်းသို့ ကမ္မဝဋ်၊ ကိလေသာဝဋ်များကို အကြောင်းခံခဲ့သူများ ဖြစ်ရကား ဝိညာဏ်ဇာတိဇရာမရဏဟု ဆိုအပ်သော ဝိပါကဝဋ်တုံးကြီးကို လက်ခံသိမ်းပိုက်ထားရခြင်း ဖြစ်လေသည်။ ဆိုလိုသည်မှာ မမှန်သောလုပ်နည်းများကို သက်ရှိသတ္တဝါများ အမှန်တကယ် ဆောင်ရွက်နေသောကြောင့် အသိစိတ်၊ နာမ်ရုပ်၊ အာယတန ခြောက်မျိုး၊ တွေ့ထိခြင်း၊ ခံစားရခြင်း၊ အိုနာ သေရခြင်းစသော အကျိုးများကို ပစ္စက္ခ၌ ခံစားနေကြရလေရာ ယင်းတို့သည် အကျိုးတရားမည်လေသောကြောင့် ဝိပါကဝဋ်မည်တော့သည်။

သမုဒယသစ္စာ။ ။အဝိဇ္ဇာ သင်္ခါရတဏှာ ဥပါဒါန် ကမ္မဘဝ ၅-ပါး။

ဒုက္ခသစ္စာ။ ။ဝိညာဏ် နာမ် ရုပ် သဠာယတန ဖဿ ဝေဒနာဇာတိ (ဥပပတ္တိဘဝ) ဇရာ မရဏ ၇-ပါး။

ဘဝဟူသောစကားကို ကမ္မဘဝ၊ ဥပပတ္တိဘဝဟူ၍ နှစ်မျိုးခွဲခြားထားသည်။ ကောင်းမှု၊ မကောင်းမှုပြုမိခြင်းကို ကမ္မဘဝ

ဟူ၍ သတ်မှတ်ထားပြီး ဥပပတ္တိဘဝကိုမူ ဇာတိ၌ ထည့်သွင်း သတ်မှတ်ထားလေသည်။

အဝိဇ္ဇာ။ ။အမှားအမှန် မခွဲခြား နိုင်ခြင်း၊ အာရုံကို ဖုံးလွှမ်းခြင်း၊ အမှားသိစိတ် လွှမ်းမိုးခြင်း။

သင်္ခါရ။ ။လောကီကုသိုလ်၊ အကုသိုလ်များ ပြုလုပ်သော အခါတို့၌ ဖြစ်ပေါ်နေတတ်သော သတ္တလောကသားတို့၏ စိတ် စေတနာလိုလားခြင်း၊ တောင့်တနှစ်သက်ခြင်း၊ အကြောင်းခံ သော စေတနာသည် သင်္ခါရမည်၏။

ဝိညာဏ်။ ။ပဋိသန္ဓေစိတ် သို့မဟုတ် လောကီဝိပါက်စိတ်၊ သတ္တဝါတဦးသည် ပဋိသန္ဓေဟူသော ခဏ၌ ဖြစ်ပေါ်လာခဲ့ သော စိတ်တရား။

နာမရူပ။ ။နာမ်ရုပ်၊ နာမ်အသိစိတ်၊ ရုပ်၊ ပထဝီ၊ တေ ဇော၊ အာပေါ၊ ဝါယော၊ ပဋိသန္ဓေယူပြီးနောက် ဆက်လက် ဖြစ်နေသော အသိစိတ်နှင့် ရုပ်တရားများ။

သဠာယတန။ ။စက္ခုသောတ ဃာန ဇိဝှာ ကာယ မန ဟူသော အာယတနခြောက်ပါး။ (မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ်) နာမ်ရုပ်ကြောင့် အာယတနခြောက်ပါး ရလာ သည်။

ဖဿ၊ ။အာရုံ၌ တွေ့ထိခြင်းသဘော (မျက်စိရှိခြင်း ကြောင့် မျက်စိ၌ ထိမှုရှိလာသည်။ နားရှိလာသောကြောင့် နား၌ထိလာရသည်။ စိတ်ရှိလာသောကြောင့် စိတ်၌ ထိလာရ သည်ဟု ဆိုလိုရင်းဖြစ်၏)။

ဝေဒနာ။ ။အာရုံ၏အရသာကို ခံစားခြင်း၊ (ထိခိုက်ရုံ ဖဿဖြင့် ကိစ္စမပြီးသေးဘဲ ခံစားလာရပြန်သည်။ ဥပမာ ဝမ်းမြောက်ခြင်း သောမနဿဝေဒနာ၊ စိတ်ဆင်းရဲခြင်း ဒေါမနဿဝေဒနာ၊ ချမ်းသာခြင်းသုခဝေဒနာ၊ ဆင်းရဲခြင်းဒုက္ခဝေဒနာ၊ လျစ်လျူရှုခြင်း ဥပေက္ခာဝေဒနာဟူ၍ မြင်ရသည့်၊ ကြားရသည့် အရာဝတ္ထုများအပေါ်၌ စိတ်ဖြစ်ပေါ်လာမှုများ။

တဏှာ။ ။လိုလားသောအရာဝတ္ထု၌ ဆာလောင်မွတ်သိပ်ခြင်း၊ ဥပမာ ထမင်းဆာလောင်မွတ်သိပ်သူတဦး ထမင်းနှင့်ပတ်သက်၍ တဖြည်းဖြည်း ဆာလောင်သည့်ထက်မက ဆာလောင်မွတ်သိပ်လာ၏။ ထိုသူသည် ထမင်းကို မရအရ ရှာဖွေ၏။ ရလာသောအခါ၌ အားရပါးရစား၏။ ယင်းဥပမာ၌ ထမင်းဆာလောင်သူကဲ့သို့မြင်၍၊ ကြား၍၊ နံ၍၊ လျက်၍၊ ထိ၍၊ သိ၍ ချမ်းသာစိတ်၊ ဆင်းရဲစိတ်စသည် ပေါ်ပြီး နောက်စိတ်သည် ယင်းအာရုံများနှင့် ပတ်သက်၍ ချမ်းသာစိတ်၊ ဆင်းရဲစိတ်များ တဖြည်းဖြည်း မွတ်သိပ်လာ၏။ ချမ်းသာနှင့် တွေ့သောအခါ မိမိကိုယ်တိုင် ချမ်းသာလိုစိတ် ပြင်းထန်လာ၏။ ဆင်းရဲစိတ်နှင့် တွေ့သောအခါ မိမိကိုယ်တိုင် ဒေါသစိတ် ပိုမိုပြင်းထန်လာ၏။

ဥပါဒါန်။ ။ပို၍ပို၍ လိုလားလာခြင်း လောဘအကြီးစားမျိုး၊ ပို၍ပို၍လိုလားလေလေပို၍ပို၍ကြီးစားလေလေနှစ်သက်လာလေလေ တဏှာန်းစွဲဖြစ်လာလေလေ ဖြစ်ခြင်းမျိုး။ အထက်ဥပမာစကား၌ ပို၍ပို၍ဆာလောင်လာခြင်း၊ မရအရ ရှာဖွေခြင်းသဘောမျိုး။

ဘဝ။ ။ဖြစ်ခြင်း။ ယင်းသည် ပြုလုပ်၍ဖြစ်ခြင်းကမ္မဘဝ၊ ပြုလုပ်၍ရောက်ခြင်း ဥပပတ္တိဘဝဟူ၍ နှစ်မျိုးရှိ၏။ ဆိုလိုသည်မှာ ကုသိုလ်၊ အကုသိုလ်ပြုလုပ်ခြင်းဖြစ်သည့် ကမ္မဘဝ၊ ယင်းပြုလုပ်မှုကြောင့် ပဋိသန္ဓေယူရသည့် ဥပပတ္တိဘဝဟူ၍ သတ်မှတ်ကြလေသည်။

ဇာတိ။ ။ဖြစ်ခြင်း။ ဒုတိယအကြိမ်ထပ်ဖြစ်ခြင်း။ ပဋိသန္ဓေယူခြင်း။ ဤ၌မှတ်သားရန်မှာ ဥပပတ္တိဘဝသည် ဤဇာတိထဲ၌ ပါဝင်ပူးပေါင်းနေသည်ဟူ၍ ဖြစ်သည်။

ဇရာမရဏ။ ။ ဖြစ်ပြီးနောက် အိုမင်းရင့်ယော်ခြင်း။ ပျက်စီးခြင်း။ ဆုံးရှုံးခြင်း။

မသိခြင်းကြောင့် သတ္တဝါများ မိမိထင်ရာမြင်ရာ လမ်းမှားများကို ပြုလုပ်မိကြ၏။ ယင်းပြုမှုချက် အကြောင်းများကြောင့် ပစ္စက္ခ၌ မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်စိတ်တို့ကို လက်ခံသိမ်းပိုက်မိကြ၏။ ရရှိထားပြီးသော မျက်စိ၊ နား၊ စိတ်အကြောင်းခံပြီး ဖဿ၊ ဝေဒနာ၊ တဏှာ၊ ဥပါဒါန်၊ ကမ္မဘဝ များကို ဆက်တိုက်ဆောင်ရွက်နေကြပြန်၏။ ယင်းဖဿ၊ ကမ္မဘဝများကို ဆောင်ရွက်နေသမျှကာလပတ်လုံး သတ္တလောကသားများသည် မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ်တို့ကို နောက်ထပ် တဖန် ရကြဦးပေမည်၊ ယင်းသို့လျှင် သတ္တလောကသား များသည် တွက်ချပ်သမ်းပိတ်ပြီး တဲလည်သည် ကျင်လည်နေကြလေသည်။ ဤသို့လည်နေသည်ကို ပဋိစ္စသမုပ္ပါဒ်လည်သည်ဟု ခေါ်ဆိုထားလေသည်။ ဤကား သတ္တလောကကို ဗုဒ္ဓဝါဒအရ သုံးသပ်ခြင်း ပေတည်း။

ဗုဒ္ဓဝါဒအရ သံသရာမှ ထွက်လိုသူတဦးအဖို့ အောက်ပါအတိုင်း ဆောင်ရွက်နိုင် ပွားများနိုင်မှသာလျှင် သံသရာမှလွတ်ငြိမ်းသည့် သန္တိသုခသို့ ရောက်နိုင်မည်ဟု ဆိုထားလေသည်။

သတ္တလောကသားများသည် ယခု ပစ္စက္ခ၌ အမှန်တကယ် ရရှိထားသောတရားစုကို အမြင်အတိုင်း အရှိအတိုင်း သုံးသပ်ပါက မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ်ဟု ၆–မျိုးကို ရရှိထားကြသည်။ ယင်း ၆–မျိုးရှိနေသော သက်ရှိများအဖို့ တွေ့ထိမှု (ဖဿ) ခံစားမှု (ဝေဒနာ)တို့သည် အမြဲမှီယှဉ်နေသည်၊ သို့ဖြစ်ရာ ဖဿနှင့် ဝေဒနာနှစ်မျိုးကိုသာ လက်ခံပြီး တဏှာသို့မကူးနိုင်အောင် ဘာဝနာသုပ်င်န်းဖြင့် တားမြစ်ကြရပေလိမ့်မည်။

သတ္တဝါတဦး၏ စိတ်၌မြင်မှုမှ စတင်ကာ တွေ့ထိခြင်း၊ ခံစားခြင်းများ ဖြစ်လာကြပြီဆိုပါစို့၊ ထိုသူ၏စိတ်၌ ခံစားပြီးနောက် လိုချင်စိတ်၊ နှစ်သက်စိတ်၊ စွဲလမ်းစိတ်များ ဖြစ်လာပါက ယင်းသည် သံသရာပြန်လည်မည့် တဏှာသို့ ကူးနေပြီ ဖြစ်ကြောင်း သဘောပေါက်ကြပေလိမ့်မည်။

ခံစားခြင်း ဝေဒနာစိတ်ဖြစ်ပြီး နောက် သမ္မာဒိဋ္ဌိလမ်းစဉ်အရ ပွားများနေသော ပုဂ္ဂိုလ်များအဖို့ ဘာဝနာဖြင့် တားဆီးနိုင်ပါက တဏှာသို့ မရောက်သဖြင့် အေးငြိမ်းသော သန္တိသုခခေါ် နိဗ္ဗာန်သို့ ရောက်ရှိသွားရပေမည်။ ကြိမ်ဖန်များစွာ ပွားများသော ပုဂ္ဂိုလ်အဖို့ ခဏခဏ ရောက်ဖန်များသောအခါ၌ တဏှာသည် လုံးဝအားနည်းလာပြီး နိရောဓ နိဗ္ဗာန် သန္တိသုခသည် စွဲမြဲစွာရောက်ရှိလာလေသည်။ ရရှိသွားလေသည်။ ယင်းသည်မှုချနိဗ္ဗာန်သို့ ရောက်သည်မည်တော့သည်။

ဗုဒ္ဓသည် ပစ္စက္ခ၌ လူသားနှင့် သက်ရှိသတ္တဝါများ အမှန်တကယ်ဖြစ်နေသော စိတ်ပိုင်းဆိုင်ရာ ရုပ်ပိုင်းဆိုင်ရာ လုပ်ငန်းသဘာဝကိုအောက်ပါအတိုင်း ညွှန်ပြထားလေသည်။

"မျက်စိကိုလည်းကောင်း၊ ရူပါရုံကိုလည်းကောင်း အစွဲပြု၍ (မျက်စိနှင့် ရူပါရုံတိုက်ဆိုင်၍) မျက်စိနှင့် ပတ်သက်သောအသိစိတ်သည် ဖြစ်ပေါ်လာ၏။ ထိုသို့ မျက်စိ၊ ရုပ်တရား၊ အသိစိတ် သုံးခုပေါင်း၍ ဖြစ်ပေါ်လာသော အသိစိတ်ကြောင့် တွေ့ထိခြင်းသည် ဖြစ်၏။ တွေ့ထိခြင်းကြောင့် ခံစားခြင်း ဖြစ်၏။ ခံစားရခြင်းကြောင့် လိုချင်နှစ်သက်ခြင်း ဖြစ်၏။ လိုချင်နှစ်သက်ခြင်းကြောင့် တန်းတန်းစွဲ လိုချင်ခြင်း ဖြစ်၏။ တန်းတန်းစွဲ ဖြစ်လာခြင်းကြောင့် ပြုလုပ်ခြင်း ဖြစ်လာ၏။ ပြုလုပ်မိခြင်းကြောင့် ရရှိဖြစ်ပေါ်မှု၏ ရရှိဖြစ်ပေါ်မှုကြောင့် ရင့်ယော်ခြင်း၊ ပျက်စီးခြင်း ဖြစ်၏၊ ရင့်ယော်ပျက်စီးမှုကြောင့် ငိုကြွေးရခြင်း၊ ပူပန်ရခြင်း၊ စိုးရိမ်ရခြင်း၊ စိတ်မချမ်းသာရခြင်း စသည့် အကျိုးဆက်များသည် သတ္တလောက၌ အမြဲမပြတ် ဒလစပ် ဖြစ်ပေါ်၍ နေကြရလေသည်။ အမှန်တကယ်အားဖြင့် ယင်း ဖြစ်စဉ်များသည် မကောင်းကျိုးကို ဖန်တီးနေသော ဝဋ်ဆင်းရဲ အစု၏ အကြောင်းတရားများသာ ဖြစ်လေသည်။

(နားနှင့် အသံ၊ နှာခေါင်းနှင့် အနံ့၊ လျှာနှင့် အရသာ၊ ခန္ဓာကိုယ်နှင့် အတွေ့၊ စိတ်နှင့် ဓမ္မာရုံ စသည်တို့၌လည်း အထက်ပါအတိုင်း သိမှတ်ကြရမည်)

သတ္တလောကသားတဦးသည် အမှန်တကယ် လည်ပတ်နေသော သံသရာမှ ထွက်မြောက်လိုသည် ဖြစ်အံ့၊ အောက်ပါအတိုင်း ပြုမူ ကျင့်ကြံရပေမည်။

မျက်စိနှင့် ရူပါရုံ ထိခိုက်ရာမှ အမြင် ဖြစ်ပေါ်လာရ၏။ ယင်းသို့ မျက်စိ ရုပ်၊ အမြင် စိတ်အကြောင်းသုံးပါး ပေါင်းဆုံရာမှ ဖြစ်ပေါ်လာသော အမြင်စိတ်၏နောက်၌ အတွေ့စိတ် ဖြစ်ပေါ်လာပေမည်။ အတွေ့စိတ်ကြောင့် ခံစားလိုစိတ် ဖြစ်ပေါ်လာပေမည်။ ခံစားလိုစိတ်ပြီးနောက် ဘာဝနာစိတ်ဖြင့် တဏှာကို တားမြစ်နိုင်ပါက တဏှာ လိုချင်စိတ် ဖြစ်ပေါ်ချိန်၌ လိုချင်စိတ် မဖြစ်ဘဲ ယင်း လိုချင်စိတ် ငုပ်သွား ပျောက်သွား ချုပ်သွားပေမည်။

ထိုသို့ လိုလားစိတ် (တဏှာ) ချုပ်ပါက တန်းတန်းစွဲ စိတ်လည်း ချုပ်ပေမည်။ တန်းတန်းစွဲစိတ် ချုပ်ပါက ပြုလုပ်လိုစိတ်လည်း ချုပ်ပေမည်။ ပြုလုပ်လိုစိတ် ချုပ်ပါက အသစ်တဖန် ဖြစ်ရသော ဇာတိရုပ်လည်း ချုပ်ပေမည်။ ဇာတိစိတ်ချုပ်လျှင် အိုမှုမရှိ၊ ရင့်ယော်မှုမရှိ၊ ပျက်စီးမှုမရှိ ဖြစ်မည်။ ထို့ပြင် ငိုကြွေးရခြင်းမျိုး၊ ပူပန်ရခြင်းမျိုး၊ စိုးရိမ်ရခြင်းမျိုး၊ စိတ်မချမ်းမသာဖြစ်ရခြင်းများလည်း ကင်းသွားပေလိမ့်မည်။ ယင်းသည် ဒုက္ခငြိမ်းရာ၊ ဒုက္ခချုပ်ရာ၊ ဆင်းရဲအစု၏ ချုပ်ငြိမ်းရာ နိရောဓ နိဗ္ဗာန်ပေတည်း။ သန္တိသုခပေတည်း။ သံသရာမှ ထွက်မြောက်ပြီးရာပေတည်း။ (နိဒါနဝဂ္ဂသံယုတ်)

(နှာနှင့်အသံ၊ နှာခေါင်းနှင့် အနံ့၊ လျှာနှင့် အရသာ၊ ခန္ဓာကိုယ်နှင့် အတွေ့စိတ်နှင့် ဓမ္မာရုံ စသည်တို့၌လည်း အထက်ပါအတိုင်း သိမှတ်ကြရပေမည်)

ပဋိစ္စသမုပ္ပါဒ် ဒေသနာအရ သံသရာ၏ အစသည် အဝိဇ္ဇာဖြစ်၏။ သံသရာသို့ ပို့ပေးနေသူမှာ တဏှာ ဖြစ်၏။ သံသရာ၏ အဆုံးကား နိဗ္ဗာန် ဖြစ်၏။ ဤသုတ္တန်စကား၏ ယေဘုယျလက္ခဏာမှာ တဏှာသေမှ နိဗ္ဗာန်သို့ ရောက်မည်ဖြစ်၍ ယောဂီပုဂ္ဂိုလ်များအဖို့ တဏှာကို အမိက (သို့မဟုတ် လောဘ၊ သို့မဟုတ် သမုဒယ၊ သို့မဟုတ် ပယ်ရမည့်တရား ပတာတဗ္ဗ) ထား၍ ပယ်မှ နိဗ္ဗာန်သို့ ဆိုက်ရောက်မည်ကဲ့သို့ အဓိပ္ပာယ်သက်လျက် ရှိနေလေသည်။ အဓိပ္ပာယ်အားဖြင့် ယင်းသို့ ယူဆပါက လွဲမှားသွားပေမည်။

ယောဂီပုဂ္ဂိုလ်သည် အနိစ္စအမြင်အတိုင်း၊ ဒုက္ခအမြင်အတိုင်း၊ အနတ္တအမြင်အတိုင်း မြင်နိုင်အောင်ဖြစ်ပြီး ပျက်ခြင်းသဘောကို ထပ်ကာ ထပ်ကာ ပွားများနေပါက ဖဿ တွေ့သိမှုသဘော၊ ဝေဒနာ ခံစားခြင်း သဘောများသို့ ရောက်လာလိမ့်မည်။ ဝေဒနာ၏ တကယ် အနတ္တ သဘောကို မြင်တွေ့ ခြင်းသည် ဝေဒနာ နိရောဓမည်၏ ဤကား တဏှာသည် သူ့အလိုလို သေသွားခြင်း ဖြစ်နေတော့သည်။ သို့ဖြစ်ရာ (ဘာဝေတဗ္ဗ) ပွားများခြင်းသာ အဓိကဖြစ်၍ ဒိဋ္ဌိအမြင်မှန် ရဘို့ရာအတွက်သာ ဝေတဗ္ဗသာ ပဓာန နေရာ၌ ပါဝင်နေလေသည်။

ကျွန်ုပ်တို့သည် ပဋိစ္စသမုပ္ပါဒ် ဒေသနာတော်ကို အခြေခံအားဖြင့် လေ့လာကြည့်မည် ဆိုပါက အောက်ပါ အချက်ကြီး (၄) ချက်ကို ရရှိပေလိမ့်မည်။

၁။ သတ္တဝါသည် တနေရာမှ တနေရာသို့ ပြောင်းရွှေ့နေသည်။ ရုပ်ခန္ဓာသာသေပြီး နာမ်ခန္ဓာများသည် တဘဝမှ တဘဝသို့ ကူးပြောင်းနေသည် ဆိုခြင်းမှာ မဟုတ်မှန်သော အယူအဆများသာဖြစ်၍ အမှန်တကယ်အားဖြင့် သတ္တဝါများသည် အကြောင်းတရား ဖန်တီးမှုကြောင့် အကျိုးတရားများကို လက်ခံ သိမ်းပိုက်နေကြရမှုသာ ဖြစ်သည်။

၂။ သံသရာ ဆိုသည်မှာ အကြောင်းအကျိုး ဆက်စပ်မှုကို ခေါ်ခြင်းသာ ဖြစ်သည်။ ယင်း အကြောင်းအကျိုး ဆိုသည်မှာလည်း တစုံတဦးက ပြုပြင်ဖန်တီးခြင်းမျိုး မဟုတ်ဘဲ သတ္တဝါသည် မိမိကိုယ်တိုင် ဖန်တီးနေမှုများသာ ဖြစ်သည်။

၃။ စိတ်နှင့် ရုပ်တို့သည် တခုကိုတခု အမှီသဟဲပြု၍ တဦးကိုတဦး ကျေးဇူးပြုနေကြသည်။ အညမညအားဖြင့် ဆက်စပ်မှု ရှိနေကြသည်။

၄။ ပဋိစ္စသမုပ္ပါဒ်ဒေသနာ ဆိုသည်မှာ အကျင့်တရား လမ်းညွှန်လည်း မဟုတ်၊ အမြင်တရား လမ်းညွှန်လည်း မဟုတ်၊ အသိတရား လမ်းညွှန်လည်း မဟုတ်ဘဲ သတ္တလောကသားများ၏ သံသရာဝါဒ အတ္တဝါဒ နတ်ဘုရားဝါဒ ဝိညာဏ်ဝါဒ စသည်များနှင့် ကာမသုခလ္လိက အတ္တကိလမထ ဝါဒများကို ရှင်းလင်းဖြေကြားခြင်း၊ ချေပခြင်းမျှသာ ဖြစ်သည်။

ဗုဒ္ဓသည် ၃၁-ဘုံ စကားကို တားမြစ်ခဲ့ပြီး ပဋိစ္စသမုပ္ပါဒ် ဖြင့် ချေပခဲ့သည် မှန်၏။ သို့ဆိုရာ၌ ပဋိစ္စသမုပ္ပါဒ် ဒေသနာအရ လက်ရှိ ရထားသော ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေ ဒေနာတရားများ ကဲ့သို့ပင်တဏှာ ဥပါဒါန်ကမ္မဘဝကို ပစ္စက္ခ ဆောင်ရွက် ပြုမူနေပြန်သောကြောင့် နောင်၌လည်း ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာကို ပြန်ရဦးမည်ဟူ၍ ဖြစ် ပေသည်။

ဆိုလိုသည်မှာဝိညာဏ်။ ။ဝေဒနာဆိုသည်မှာ ခန္ဓာငါးပါး သို့မဟုတ် ပစ္စက္ခ၌ ရရှိထားသော ခန္ဓာကိုယ်နှင့် စိတ်၊ သို့မဟုတ် အသက်ရှင်နေသော သတ္တဝါတဦး ဖြစ်နေရကား ယင်းသတ္တဝါ သည် ပစ္စက္ခ၌ တဏှာ ဥပါဒါန် ကမ္မဘဝကို အမှန်တကယ် ဆောင်ရွက် ပြုမူနေသောကြောင့် နောင်၌လည်း အသက်ရှင် တတ်သော သတ္တဝါတဦးဦး ပြန်လည် ဖြစ်နေဦးမည် မဟုတ် လော။

ယင်းသို့ဆိုလျှင် သတ္တဝါသည် သေလွန်ပြီး နောက် ဒုတိယအကြိမ် ပြန်လည် ဖြစ်ပြန်သည်မှာ ထင်ရှား နေသည်။ အကြောင်းအကျိုး ဆက် စပ်သည်။ ဝိညာဏ် ပြောင်း ခြင်း မဟုတ်ဟုဆိုလျှင် မည်သို့ သံသရာလည်သနည်းဟူသော ပြဿနာ များသည်ဗုဒ္ဓခေတ်မှစ၍ ယနေ့တိုင်အောင် မေးစရာ ဖြစ်နေလေ သည်။ ပဋိစ္စသမုပ္ပါဒ်အရ ဘဝဆိုသည်မှာ ကမ္မဘဝ ဆောင်ရွက် ပြုလုပ်ခြင်းနှင့် ဇာတိ၌ပါဝင်သေ ဥပပတ္တိဘဝ ဆိုသည်မှာ ဖြစ်ပေါ်ခြင်းဟူ၍သာ သတ်မှတ်ထားသော်လည်း ဓမ္မကြာ၌မူ ပုနဗ္ဘဝ နောက်တဖန် ဖြစ်ခြင်း ဟူ၍ မိန့် ကြား ထား ရကား

သတ္တဝါတို့၏ ပစ္စက္ခခန္ဓာနှင့် ဒုတိယခန္ဓာ မည်သို့ ဆက်စပ်နေသည်ကို ဗုဒ္ဓဝါဒအရ နားလည်ရန် ပိုမိုခဲယဉ်းလျက် ရှိနေပေသည်။ ထို့အပြင် ဒုတိယခန္ဓာငါးပါး (ခန္ဓာ) ကို လက်ခံမှု ရှိမရှိ ဆိုသည့် ပြဿနာသည်လည်း ရှင်းလင်းမှုမရှိချေ။

ပိဋကတ် တခုလုံး၌ သတ္တဝါသည် သေလွန် ပြီးနောက်၊ နောက်ထပ်ဘဝရှိသေးသလား၊ ပျောက်သွားသလား၊ တဘဝမှ တဘဝသို့ ကူးပြောင်းနေသည်ဆိုသည်မှ ဟုတ်မှန်သလားစသည့် မေးခွန်းများကို ပြဟ္မဏပညာရှိများက ဗုဒ္ဓအား အကြိမ်ကြိမ် မေးခွန်းထုတ်ရာ၌ ဗုဒ္ဓက ယင်း အယူအဆများကို လုံးဝလက်မခံဘဲ ပဋိစ္စသမုပ္ပါဒ်ကို ထုတ်ဖော်၍ ချေပခဲ့ကြောင်းကိုသာ ဖော်ပြထားလေသည်။

ပဋိစ္စသမုပ္ပါဒ်ကို လေ့လာသောအခါ၌ ဇာတိဆိုသောစကား ဝိညာဏ်နာမ်ရုပ် ဆိုသော စကားစုများကို တွေ့ရလေသည်။ လက်ရှိရထားသော ခန္ဓာပဉ္စကသည် အတိတ်မှအကြောင်း တရားကြောင့် ရထားသည်ဖြစ်၍ အနာဂတ်၌ ခန္ဓာပဉ္စကကို ရရှိရန် သတ္တဝါများ လုံးပန်းနေကြသည်ဟူ၍ -ပဋိစ္စသမုပ္ပါဒ်က ဆိုထားရာ သံသရာလည်သည် ဘဝရှိသည်၊ ၃၁- ဘုံရှိသည် ဟူ၍ အဓိပ္ပါယ်သက်လျက်ရှိလေသည်။

၃၁-ဘုံစကားကို ဗုဒ္ဓဝါဒအရ လက်မခံခဲ့သည်မှာ မှန်၏။ ၃၁-ဘုံ၏ အရေအတွက် သတ်မှတ်ပေးထားသော သုတ္တန်ဟူ၍လည်း ပိဋကတ်၌မတွေ့ရ၊ သို့ရာတွင် နတ်များ ပြဟ္မာများ အကြောင်းတို့ကိုကား ပထမဆုံး ဟောကြားခဲ့သော ဓမ္မစကြာ

အနတ္တလက္ခဏာသုတ် ပဋိစ္စသမုပ္ပါဒ်စသောသုတ္တန်များ၏နောက် ပိုင်း၌ ထင်ထင်ရှားရှား တွေ့ရှိနိုင်လေသည်။

ဤ၌ မမ္မာကြာ ဒေသနာတော်၌ဖေါ်ပြထားသော (ပုနဗ္ဘဝ) တဖန်ဖြစ်ခြင်းဆိုသော စကားကို အရှင်မဟာကောဋ္ဌိလရဟန်းက မေးမြန်းသဖြင့် ရှင်သာရိပုတ္တရာက အောက်ပါအတိုင်းဖြေကြား သည်ကို တွေ့ရှိရပေသည်။

"ငါ့ရှင်ကောဋ္ဌိလ– အမှန်စင်စစ်မူကား မသိခြင်း (အဝိဇ္ဇာ) တရားသည် မြေး ယှက် အပ်သော တဏှာနှင့် ယှဉ် ကုန် သော သတ္တဝါတို့အား ထိုထို ရူပါရုံစသည်တို့၌ တပ်မက်မှုသည်ဖြစ်၏။ ဤသို့ဖြစ်ရခြင်းကြောင့် တဖန် ပြန်လည်၍ဖြစ်ခြင်း (ပုနဗ္ဘဝ) သည်ဖြစ်၏။

ဗုဒ္ဓ၏ပဓာနကျသော သုတ္တန်များကို လေ့လာ ပြီးနောက် အောက်ပါအချက်ကြီး (၄) ချက်ကို ထင်ရှားစွာ တွေ့မြင်နိုင် ကြလေသည်။

၁။ သတ္တလောကကို တဦးတယောက်က ဖန်ဆင်းခြင်း၊ တဦးတယောက်၏ အလိုအတိုင်း ဖြစ်နေခြင်း ဟူသော ဝါဒကို ဗုဒ္ဓလက်မခံဘဲ မိမိအတွက် မိမိကသာ ပြုလုပ်သည်၊

၂။ သတ္တဝါသည် တနေရာမှ တနေရာသို့ ပြောင်းနေသည်။ ဝိညာဏ်ကောင်သည် ပြောင်းနေသည်ဟူသော ဝါဒကို လက် မခံဘဲ အကြောင်းတရားတို့ ဖန်တီး မှုကြောင့်၊ အကျိုးခန္ဓာ ကိုယ်ကို ရရှိထားသည်။ ယင်းတို့အကြောင်းကို မူတည်၍ အကျိုး တရားများ ပြောင်းရွှေ့ နေသည်။ ဝိညာဏ် ဆိုသည်မှာ

အထည်ဒြပ်ကောင်မဟုတ်ဘဲ အသိစိတ်မျှသာ ဖြစ်သည်ဟု ဗုဒ္ဓ လက်ခံသည်။

၃။ ငရဲတိရစ္ဆာန်နှင့် လူနတ် ဗြဟ္မာစသည် တို့သည် ထိုသူတို့၏ ကောင်းမှု၊ မကောင်းမှုကို အကြောင်းခံ၍ လှည့်လည် နေကြရသော အကျိုးတရားများ ဖြစ်သည်။ ယင်းသို့ လှည့်လည်၍ နေကြရသဖြင့် ငရဲ၊ တိရစ္ဆာန်နှင့်လူနတ်ဗြဟ္မာသတ္တဝါတို့သည် အမြဲမပြတ် ဆင်းရဲနေကြရသည်ဟု လက်ခံပြီး ယင်းသို့ လှည့်လည်မှု ကင်းအောင် ကြိုးစားကြရမည်ဟု ဗုဒ္ဓဝါဒက ယူဆလေသည်။

၄။ သတ္တဝါသည် ငရဲ တိရစ္ဆာန် လူနတ် ဗြဟ္မာဟူ၍မရှိ၊ ယင်းအမည်များမှာ သတ္တဝါ များက အမည် မှည့်ထားသော ပညတ်နမ်စားသာ ဖြစ်သည်။ (ဥပမာအားဖြင့် မောင်ဖြူနှင့် မောင်မဲသည် လူသားဖြစ်သော်လည်း ချမ်းသာသောမောင်ဖြူကို သူဌေးဟူ၍ ခေါ်ဝေါ်ကြပြီး ဆင်းရဲသော မောင်မဲကို ငမဲဟု ထပ်မံဘင်စား ခေါ်ဝေါ်ခြင်းမျိုး)

ဆိုလိုသည်မှာ သတ္တဝါသည်အမျိုးအစားအားဖြင့်“သတ္တဝါ သက်ရှိအရာ”ဟူ၍သာရှိ၏။ ထိုသတ္တဝါများသည် ကမ္မဝိပါက အကြောင်းခံ၍ လေးဖက်သွား သတ္တဝါ၊ နှစ်ဖက်သွား သတ္တဝါ၊ ပျံတတ်သောသတ္တဝါ၊ ရေနေသတ္တဝါ၊ ကုန်းနေသတ္တဝါ၊ ဆင်းရဲ သတ္တဝါ၊ ချမ်းသာသတ္တဝါ၊ ရုပ်လှသတ္တဝါ၊ ရုပ်မလှသတ္တဝါ စသည်ဖြင့် ခြားနားသွားလေသည်။ ယင်း သတ္တဝါများသည် မျိုးတူအုပ်စုဖွဲ့ခြင်း၊ လိင်တူအုပ်စုဖွဲ့ခြင်းဖြင့် အမည် အမျိုးမျိုး ခြားနားလာခဲ့သည်။ ထိုသို့ ခြားနားလာခဲ့ရာ ငရဲအုပ်စု၊ တိရစ္ဆာန်

အုပ်စု၊ ပြိတ္တာအုပ်စု၊ လူအုပ်စု၊ နတ်အုပ်စု၊ ဗြဟ္မာအုပ်စု ဟူ၍ အုပ်စုအမည်များ ကွဲပြားလာခဲ့ရာမှ ငရဲဘုံ၊တိရစ္ဆာန်ဘုံ၊လူ့ဘုံ၊ နတ်ဘုံ၊ ဗြဟ္မာဘုံဟူသော အမည် နာမများ ဖြစ်ပေါ်လာခြင်း ဖြစ်၏။

(ဥပမာ လူသား အုပ်စုများ၌ ပထဝီအနေအထားကိုလိုက်၍ လည်းကောင်း မျိုးဆက်အုပ်စုကိုလိုက်၍လည်းကောင်း လူသားချင်း တူပါလျက် အမေရိကန်ပြည်၊ ရုရှားပြည်၊ ဂျပန်ပြည်၊ တရုတ်ပြည်၊ မြန်မာပြည်ဟု အမည်နာမ ခြားနား သကဲ့သို့မှတ်)

ဗုဒ္ဓဝါဒအရ၊ ပဓာနအကျဆုံး ပရမတ္ထဓမ္မ၌ သတ္တဝါဟူ၍ပင် မရှိ၊ ရုပ်ဝေဒနာ သညာ သင်္ခါရ ဝိညာဏ ဟူသော ခန္ဓာငါးပါးသာရှိသည်ဟု ယူထားလေသည်။ သတ္တဝါ ဟူသော စကားသည်ပင် အမည်နာမပညတ်စကားဖြစ်၏။ သို့ဖြစ်ရာ ၃၁-ဘုံဟူသောစကား၊ ထိုထက်များသော ဘုံဘဝ စကား များကို လူသားများက တင်စား ခေါ်ဝေါ်သော စကားဟူ၍ ဗုဒ္ဓဝါဒက အသိအမှတ်ပြုထားပြီး အမှန်စင်စစ် ၃၁- ဘုံသည် လည်းကောင်း၊ ထိုထက်များသော ဘုံသည် လည်းကောင်း မရှိဟူ၍ ယူဆလေသည်။

အနတ္တ လက္ခဏသုတ်၌ ရုပ် ဝေဒနာ သညာ သင်္ခါရ ဝိညာဏ်တို့သည်ရှိ၏။ ယင်းတို့သည် အနတ္တမည်၏ဟု ရှင်းလင်းပြ၏။ ပဋိစ္စသမုပ္ပါဒ်က ရုပ်ဝေဒနာ သညာ သင်္ခါရ ဝိညာဏ်တို့သည် အကြောင်းကြောင့် ဖြစ်ပေါ်လာသော အကျိုးဆက် ဟူ၍ ညွှန်းပြ၏။ ဓမ္မစကြာက ရရှိသော အကျိုးတရား (ခန္ဓာငါးပါး-ကိုယ်စိတ်) ကို အခြေခံ၍ နောက်ထပ်အကြောင်းတရား

ကို မပြုလုပ်မိရန် ပွားများနေရမည်။ ကြိမ်ဖန်များစွာ အနိစ္စ၊ ဒုက္ခ အနတ္တကိုမြင်အောင် ဆင်ခြင်နေရမည်ဟု ညွှန်ပြသည်။ ယင်းသို့ ပွားများနေသော် အကြောင်း နောက်ထပ် ဖြစ်သဖြင့် အကျိုးခန္ဓာထပ်မရခြင်းသည် နိရောဓနိဗ္ဗာန်ပေတည်းဟု ယူဆလေသည်။

# ထေရဝါဒနှင့် သံသရာ

ဗုဒ္ဓဝါဒအရ ဇာမ္မနှင့် ကမ္ဘလသည်လည်းကောင်း၊ သတ္တဝါတို့သည် အစကြောင်းတရားကိုအခြေခံ၍ အကျိုးတရားရှိနေသည်ဟူ၍လည်းကောင်း၊ သံသရာလည်မှုသည် အက်ရှိသတ္တလောကဖြင့် အမှန်တကယ်ရှိနေသည်ဟူ၍လည်းကောင်း၊ သတ္တလောကကို ရှုမြင် သုံးသပ်ထားလေသည်။

ဗုဒ္ဓ၏ ယင်းအထက်ပါအယူအဆကို ပိုမိုရှင်သန်လာအောင် ပိုမိုပီပြင်လာအောင် ပိုမို၍ လူခဖ်သိမ်းမွေ့ နားလည်လာအောင် ထေရဝါဒဂိုဏ်းဝင် ဗုဒ္ဓ၏တပည့် ရဟန်းများက ရှင်းလင်းပြခဲ့လေသည်။ ပဋိစ္စသမုပ္ပါဒ်နှင့်အညီ သတ္တဝါတို့သည် အကြောင်းတရားကြောင့် အကျိုးတရားများကိုခံစားနေကြရသည်ဟူသောအယူအဆကို ဗုဒ္ဓ၏တပည့် သာဝက (ထေရဝါဒဂိုဏ်းဝင်) များ ရှင်းလင်းချက်၊ ထို့အပြင် ဗုဒ္ဓ၏ ရှင်းလင်းချက်များကို ကျွန်ုပ်တို့ ဆက်လက်လေ့လာမှသာလျှင် ပိုမိုသဘောပေါက်ကြမေလိမ့်မည်။

"တဏှာတည်းဟူသော အဖော်ရှိသောသူသည် ရှည်မြင့်စွာသော ကာလပတ်လုံးသုဂတိဘုံ၌ဖြစ်ရခြင်း၊ ဒုဂ္ဂတိဘုံ၌ဖြစ်ရခြင်းဟုဆိုအပ်သော သံသရာခရီးကို မလွန်မြောက်နိုင်" (ဓမ္မပဒ)

"အကျိုးဝိပါက်၌ ကံသည်မရှိ၊ ကံ၌ အကျိုးဝိပါက်သည်မရှိ၊ ကံနှင့် ကမ္မဖလတို့သည် အချင်းချင်းဆိတ်သုဉ်းကုန်၏။ ထိုသို့ပင်ဖြစ်သော်လည်း ကံသည် ကမ္မဖလနှင့်ကင်း၍ မဖြစ်ချေ။ ဥပမာအားဖြင့် နေ၌ မီးသည်မရှိ၊ မီးမှန်၌ မီးသည်မရှိ၊ သစ်ဆွေးခြောက်၌ မီးသည်မရှိ၊ထိုသို့နေမီးမှန်သစ်ဆွေးခြောက်၌မရှိသော်လည်း ယင်းသုံးခု အညီအမျှ ပေါင်းဆုံမိခြင်းကြောင့် မီးဖွားမီးတောက်သည် ဖြစ်ပေါ်လာ၏"

"ထို့အတူ ကံ၏အတွင်း၌ ကမ္မဖလသည်မရှိ၊ ကံ၏အပ၌လည်း မရှိ၊ ထိုကံသည် အမှန်စင်စစ်အားဖြင့် ကမ္မဖလနှင့်ကင်း၏။ သို့ပါသော်လည်း ကံကိုအကြောင်းပြု၍သာလျှင် ကမ္မဖလသည် ဖြစ်ပေါ်လာ၏"

"ဤ ကံကမ္မဖလနှစ်ပါး၌ သံသရာကို ပြုစီရင်တတ်သောနတ်ပြဟ္မာလည်းမရှိ၊ အကြောင်းတရားတို့ကြောင့် ပုဂ္ဂိုလ် သတ္တဝါနှင့် မရောမယှက် သက်သက်သော ရုပ်နာမ် ဓမ္မ သင်္ခါရတရားတို့သည်သာလျှင် ဖြစ်ကုန်၏"

"ဤသို့ ကမ္မနှင့် ကမ္မဖလနှစ်ပါးတို့သည် ဖြစ်လျက်ရှိသောကြောင့် မျိုးစေ့နှင့် သစ်ပင်ကဲ့သို့ ရှေးအစွန်း (ရှေးဘဝ)မထင်နိုင်သလို အနာဂတ်ကာလကိုလည်း မထင်နိုင်ချေ။ ဤသို့သံသရာ၏အစကို မမြင်နိုင်သကဲ့သို့ အဆုံးကိုလည်း မသိနိုင်ကြသောကြောင့် မိစ္ဆာအယူတို့သည် ကျယ်ပြန့်စွာ မှီတွယ်နေရကား

သတ္တဝါရှိ၏ဟု ယူဆ၍ အတ္တရှိ၏။ သတ္တဝါသေလျှင် မြဲ၏ဟု ယူဆလျက် အချင်းချင်း ဆန့်ကျင်ကုန်လျက် ခြောက်ဆယ့်နှစ်ပါးသော ဒိဋ္ဌိတို့ကို ယူကြကုန်၏။

ဒိဋ္ဌိတည်းဟူသောကြိုးဖြင့် နှောင်ဖွဲ့အပ်ကုန်သော သတ္တဝါအပေါင်းတို့သည် တဏှာတည်းဟူသော ရေအဟုန်ဖြင့် မြစ်လယ်ရေကြော ဒိုက်သရောကဲ့သို့ မျောပါကြကုန်၏။ တဏှာဟူသော ရေအဟုန်ဖြင့် မျောကုန်သောသတ္တဝါတို့သည် သံသရာတည်းဟူသော ဝဋ္ဋဆင်းရဲအပေါင်းမှ မလွန်မြောက်နိုင်။ (ဝိသုဒ္ဓိမဂ်)

ဝိသုဒ္ဓိမဂ်က သတ္တဝါနှင့် သံသရာအကြောင်းကို အောက်ပါကဲ့သို့ ဆက်လက်ရှင်းပြထားသေး၏။

"အတိတ်ခန္ဓာတို့သည် အတိတ်၌ပင် ကျန်ခဲ့၏။ ပစ္စုပ္ပန်သို့မပါ၊ ပစ္စုပ္ပန်ခန္ဓာတို့သည် ပစ္စုပ္ပန်မှာပင်လျှင်ချုပ်၏။ အနာဂတ်သို့ မလိုက်"

"သို့ရာတွင် ဥပမာအားဖြင့် ဆရာသည် ပို့ချအပ်သော စာပေများသည် တပည့်၏ ခံတွင်းသို့မဝင်၊ ထိုသို့ မဝင်သော်လည်း ဆရာပို့ချအပ်သော စာပေများကြောင့် တပည့်သည် ထိုစာပေများကို ရရှိသွားလေသည်"

ထို့ပြင် အကြင်သူတယောက်သည် မိမိမျက်နှာကို အထူးပြင်ဆင်ထား၏။ ထိုသို့ပြင်ဆင်ထားသော မျက်နှာသည် ကြေးမုံမှန်အတွင်းသို့မဝင်ရောက်။ ထိုသို့မဝင်ရောက်သော်လည်းထိုသူ၏မျက်နှာသည် ကြေးမုံမှန်၌ ထင်ရှားစွာ ပေါ်နေလေသည်။

"ယင်းအထက်ပါ ဥပမာကဲ့သို့ပင် အတိတ်ဘဝသည် အတိတ်၌ကျန်ခဲ့၍ပစ္စုပ္ပန်ဘဝသည် ပစ္စုပ္ပန်၌ ဆုံးရှုံးနေ၏။ ပစ္စုပ္ပန်သည်

အနာဂတ်သို့ မလိုက်။ ထိုသို့ပင်မလိုက်သော်လည်းပဋိသန္ဓေစိတ် သစ်သည်ကံအကြောင်းကို အခြေခံ၍ ဖြစ်သည်သာလျှင်တည်း။

(ဝိသုဒ္ဓိမဂ်)

"သတ္တဝါတဦးတယောက်သည် မသေမီ မကောင်းမှုများကို ပြုလုပ်ခဲ့၏။ ထိုသူ သေလွန်ခါနီး၌ မိတ်ဆွေတဦးက သင်သည် မကောင်းမှုကိုပြုခဲ့၏။ ထို့ကြောင့် ငရဲသို့ရောက်လိမ့်မည်။ သင်သည် ငရဲသို့ရောက်သောအခါ ငါအား မိတ်ဆွေ ငါသည် မကောင်းမှုကြောင့် ငရဲသို့ရောက်နေပြီဟု လာပြောပါ"

"အကြင်သတ္တဝါတဦးသည် ကုသိုလ်ကိုပြု၏။ ထိုလူသေလွန်ခါနီး၌ မိတ်ဆွေတဦးက သင်သည် ကုသိုလ်ကောင်းမှုကြောင့် နတ်ပြည်သို့ ရောက်လိမ့်မည်။ နတ်ပြည်သို့ ရောက်သောအခါ မိတ်ဆွေ-ငါသည် ကုသိုလ်ကြောင့် နတ်ပြည်၌ ဖြစ်နေပြီဟု လာပြောပါ"

ဤသို့မှာကြားထားသော်လည်း မည်သူမျှ လာရောက်မပြောကြားခဲ့။ သို့ဖြစ်ရာ နတ်ပြည် ငရဲပြည်ဆိုသည်မှာ လက်ခံနိုင်စရာ အကြောင်းမရှိပါဟု ကောသလဇနပုဒ် သေတဗျ မြို့စားပါယာသိရာဇညမည်သောသူက ရှင်ကုမာရကဿပကို မေးခွန်းထုတ်ခဲ့ရာ၌ ကုမာရကဿပက ဥပမာ ၁၅-မျိုးဖြင့် မေးခွန်းပေါင်း ၁၅—မျိုးကို ချေပခဲ့လေသည်။

ဗုဒ္ဓခေတ် ရဟန်းတော်များ၊ ဗုဒ္ဓပရိနိဗ္ဗာန်ပြုပြီးမှ သာသနာ့ဘောင်သို့ဝင်လာသောရဟန်းတော်များအချို့ပင် သတ္တလောကနှင့် သံသရာ အကြောင်းကို ဗုဒ္ဓဝါဒအရ နားမလည်နိုင်ကြ

လျှင် သာမန်လူသားအချို့ ဗုဒ္ဓဝါဒနှင့် သံသရာအကြောင်း နားမလည်ကြသည်မှာ အံ့သြစရာမဟုတ်ချေ။

“ရဟန်းတို့ ဤသံသရာရဟတ်ဈားသည် အစကိုရှာမရသလို အဆုံးကိုလည်း ရှာမတွေ့နိုင်ချေတကား”

ဗုဒ္ဓ ပထမပိုင်း၌ ဟောခဲ့သည်ဆိုသော တရားဓမ္မများ၌ သံသရာဆိုသော စကား၊ ၃၁–ဘုံဆိုသော စကားများကို အနည်းအကျဉ်း တွေ့ရသော်လည်း နောက်ပိုင်း၌ ဟောကြားခဲ့သည်ဆိုသော သုတ္တန်များ၌ မူယင်းစကားများကို အနှံ့အပြား တွေ့ရှိရပေမည်။ နတ်အကြောင်း၊ ဗြဟ္မာအကြောင်း၊ ငရဲ တိရစ္ဆာန် စသည်အကြောင်းများကို နောက်ပိုင်း၌ ထင်ထင် ရှားရှား တွေ့ရှိရပေသည်။

ယင်းသို့တွေ့ရှိချက်များကိုယခုခေတ် ပညာရှင်များအချို့က ၃၁ ဘုံကိုဗုဒ္ဓလက်မခံကြောင်း၊ နတ်ဗြဟ္မာဝါဒကို ဗုဒ္ဓ လက်မခံခဲ့ကြောင်းနှင့် နတ်ဗြဟ္မာ နှင့် ငရဲ တိရစ္ဆာန်များ ပါဝင်သော သုတ္တန်အချို့မှာ ဗုဒ္ဓကိုယ်တိုင် ဟောကြားခဲ့သော သုတ္တန်များ မဟုတ်ဘဲ ဗြဟ္မဏဝါဒ မကင်းသော နောက်ပိုင်း ရဟန်း အချို့က ထည့်သွင်းထားခြင်းသာ ဖြစ်ကြောင်း ယူဆကြလေ သည်။

ကျွန်ုပ်တို့သည် ယင်းပညာရှင် သုတေသီတို့၏ အယူအဆ များကို မည်သို့မျှဝေဖန် ဆွေးနွေးခြင်းမပြုလိုချေ။ ဤစာတမ်း၌ ကျွန်ုပ်တို့ကြိုးစားရမည်မှာ –၃၁ ဘုံနှင့် သံသရာဆိုသော စကား များကို ထေရဝါဒ ဗုဒ္ဓသာသနာဝင်များ မည်သို့ယူဆထားကြ

သည်ဆိုသော အချက်ကိုသာ တိတိကျကျ တင်ပြဆွေးနွေးကြ ရပေလိမ့်မည်။

ဓမ္မပဒ၊ သံယုတ်၊ ပဏ္ဏာသဆိုသော သုတ္တန်များ၌ နတ်ပြဟ္မာ ငရဲ တိရစ္ဆာန်နှင့် လူသတ္တဝါအကြောင်းများ ပါဝင်နေကြောင်း တွေ့ရှိကြရာ ယင်းတို့သည် ပဋိစ္စသမုပ္ပါဒ်အရ သံသရာလည်နေကြ လေသည်။ ဗုဒ္ဓဝါဒအရ ပရမတ္ထဓမ္မ၌ လူ နတ်ဟူ၍မရှိဘဲ ရုပ် ဝေဒနာ သညာသင်္ခါရဝိညာဏ်ဟူသောခန္ဓာငါးပါးသာရှိကြောင်း၊ ခန္ဓာငါးပါးသည် အကြောင်းတရား တဏှာ ဥပါဒါန် ကမ္မဘဝ တို့ကိုအခြေခံ၍ ရလာကြောင်း၊ ယခုတဖန် တဏှာ ဥပါဒါန် ကမ္မ ဘဝများကို ဖန်တီး နေကြောင်း၊ ထို့ကြောင့် ဒုတိယ တဖန် ဆက်လက်၍ ခန္ဓာငါးပါးကို ရဦးမည် ဖြစ်ကြောင်း နားလည် ထားကြသည့် အပြင် သတ္တဝါတဦး ရွေ့လျား နေသည်မှာ ဝိညာဏ်ကူးခြင်းမျိုး မဟုတ်မူဘဲ အကြောင်းအကျိုး ဆက်စပ် ခြင်းမျှသာ ဖြစ်ကြောင်း၊ လက်ရှိရထားသော၊ ခန္ဓာပဉ္စကနှင့် ရလာဦးမည့် ခန္ဓာပဉ္စကတို့သည် တခြားစီဖြစ်သော်လည်း တခု နှင့်တခု အကြောင်းအကျိုး ဆက်စပ်မှု ရှိကြောင်း နားလည်ခဲ့ ကြရပေပြီ။

ဤ၌ မျိုးစေ့နှင့်သစ်ပင် ဆက်စပ်မှုဟူသော စကားတခုပါရှိ လေရာ ယင်းတို့ ဆက်စပ်ပုံကို ထေရဝါဒများကို ဤသို့ရှင်းလင်း ပြလေသည်။

စပါးပင် တပင် ပေါက်လာပြီး အသီးများ သီးလာသည် ဆိုကြပါစို့။ အစပထမ မျိုးစပါးစေ့သည် ပျက်စီး ဆုံးရှုံး သွားလေပြီ၊ သို့ရာတွင် ယခု အပင်မှသီးသော စပါးစေ့သည်

ပထမ ဆုံးရှုံးသွားသော စပါးစေ့နှင့် မည်သို့ ဆက်စပ်သနည်း၊ ယခုစပါးစေ့သည်း အပင်သို့ တိုက်ရိုက်ကျ၍ သီးခြင်းမျိုးလော၊ ဆိုပါက ယခင်စပါးစေ့နှင့် ယခုစပါးစေ့သည် တသီးတခြားသာဖြစ်၏။ ယခင်စပါးစေ့ပျက်စီးလေပြီ၊ ယခု စပါးစေ့သည် ယခုမှ ဖြစ်ပေါ်လာခြင်းသာဖြစ်သည်။ သို့ရာတွင် ယင်း စပါးစေ့နှစ်စေ့သည် တခုနှင့်တခု အမှီသဟဲ ပြုနေကြောင်း တွေ့ရှိရပေသည်။

ယခင်စပါးစေ့တည်းဟူသော မျိုးစေ့ ကမ္မသတ္တိသည် ယခု စပါးစေ့ဖြစ်ပေါ်ဘို့ရာ အခြေခံပင် ဖြစ်နေသည်။ သို့ဖြစ်ရာ ကမ္မသတ္တိတည်းဟူသော စပါးမျိုးစေ့ကောင်းမှ ကမ္မဖလ တည်းဟူသော မျိုးစေ့သစ် ဖြစ်ပွားရခြင်းကြောင့် အကြောင်းမျိုးစေ့ဟောင်းသည် အကျိုးမျိုးစေ့သစ်ကို ဖြစ်ပွားစေကြောင်း တွေ့ရှိရပေသည်။ ထို့ပြင် ယခုစပါးစေ့သစ်သည် ပိုမိုအရသာရှိသော၊ မျိုးကောင်းသော၊ စပါးလုံးထွားကြိုင်းသော အဖြစ်သို့ ရောက်ရန် အောက်ပါ အချက်အလက် များနှင့် ပြည့်စုံရပေဦးမည်။

၁။ မျိုးကောင်းမျိုးသန့်ဖြစ်ခြင်း (အတိတ်)
၂။ မြေဩဇာကောင်းခြင်း (ပစ္စုပ္ပန်)
၃။ ရာသီဥတုမှန်ကန်ခြင်း (ပစ္စုပ္ပန်)
၄။ စိုက်ပျိုးသူက နားလည် ကျွမ်းကျင်သူဖြစ်ပြီး လိုအပ်သလို ဆောင်ရွက်လုပ်ကိုင်နိုင်ခြင်း၊ (ပစ္စုပ္ပန်) စသော အချက်များကို တွေ့ရပေလိမ့်မည်။ စပါးမျိုးစေ့တခု ကောင်းမွန်စွာ ဖြစ်ထွန်းရန်မှာ အတိတ်နှင့် ပစ္စုပ္ပန် ဆက်စပ် နေကြောင်း

တွေ့ရှိရပေသည်။ သို့ဖြစ်ရာ အဝိဇ္ဇာအကာ ဖြစ်သော သစ်ပင်မျိုးစေ့ ဥပမာကဲ့သို့ပင် သတ္တဝါတို့ တဦးသည် အတိတ်နှင့် ပစ္စုပ္ပန် ဆက်စပ်မှု ရှိနေလေသည်။ ယင်း ဆက်စပ်မှု ဟူသည်မှာလည်း အကြောင်းအကျိုး ဆက်စပ်မှုသာ ဖြစ်နေပေသည်။

ဖြစ်ပေါ်ခြင်း (ဇာတိ) ရင့်ယော် (ဇရာ) ပျက်စီးဆုံးရှုံးခြင်း (မရဏ) ဟူသော စကားများကို ဗုဒ္ဓစကြာ၊ အနတ္တလက္ခဏာ စသော သုတ္တန်များ၌ တွေ့ရှိခဲ့ရ၏။ ဥပ္ပါဒ-ဖြစ်ခြင်း၊ ဝယ-ပျက်ခြင်း ဟူသော စကားလုံးများကိုကား ယင်း သုတ္တန်များ၌ မတွေ့ခဲ့ကြရချေ။ သို့ရာတွင် နောက်ပိုင်း သုတ္တန်များ၊ အဘိဓမ္မာ ပိဋကတ်များ၌မူ ဥပ္ပါဒ၊ ဝယ၊ဘင်ဆိုသော စကားလုံးများကို နေရာအနှံ့တွေ့ရပေသည်။

"ရုပ်နာမ် ဓမ္မသင်္ခါရတရားတို့သည် မမြင်ရသော အရပ်မှ ထင်လာရောက်လာကြကုန်၏။ ရောက်လာသမျှသော ရုပ်နာမ်တို့သည် ခဏချင်း ကွယ်ပျောက်သွား ကြကုန်၏။ ဥပမာအားဖြင့် ကောင်းကင်၌ လျှပ်စီးပြက်သကဲ့သို့ ဖြစ်လည်း ဖြစ်ကြကုန်၏။ ပျက်လည်း ပျက်ကြကုန်၏"။ (ပဋိသမ္ဘိဒါမဂ်ပါဠိတော်)

"အကြင်သို့သောသဘောအားဖြင့် ခန္ဓာတို့၏ ဖြစ်ပေါ်ခြင်း၊ ပျက်စီးခြင်းကို ထူးထူးချွန်ချွန်ကြည့်ရှုသောကြောင့်နှစ်သက်ဝမ်းမြောက်ခြင်းကိုရ၏။ ထိုသို့ နှစ်သက်ဝမ်းမြောက်ခြင်း သည်ကားသစ္စာဉာဏ်ဖြင့် ထင်ရှားစွာသိတတ်သော သူတို့၏ မသေရာမှန် ပြည်နိဗ္ဗာန်ပေတည်း။" (ဓမ္မပဒ)

"သင်္ခါရ တရားတို့သည် မမြဲလေစွတကား။ ပျက်စီ တမိုတ် လျှပ်တပြက် လက်ဖျစ်တတွက်ခန့်သာ ကာလရှိကုန်၏။ (ဖြစ်ပြီး

နောက် ဖျက်ကုန်၏။) အကြောင်းတရား အခြေခံ၍ ဖြစ်ပေါ် လာသော တရားအစုသည် မကြာမြင့်မီ ချုပ်ပျောက်သွားကြကုန်၏။ ထိုအဖြစ်အပျက် ငြိမ်းခြင်းသည် ချမ်းသာစစ် နိဗ္ဗာန် ပေတည်း။" (သုတ်မဟာဝါမဟာပရိနိဗ္ဗာနသုတ်)

ယင်း အထက်ပါ သုတ်တို့၌ "ဖြစ်ပျက်" ဆိုသော စကားကို ဥပ္ပါဒ ဝယ ဟူ၍ သုံးနှုန်းထားကြောင်း တွေ့ရှိရပေသည်။

ရဟန်းတို့— ဇာတိပိ ပဋိသန္ဓေ နေရခြင်းသည်လည်း၊ ဒုက္ခာ ဆင်းရဲခြင်း၏ အကြောင်းဖြစ်၏။ ဇရာပိ၊ ဆိုးရွားဟောင်းမြင်း အိုမင်းရင့်ရော်ရခြင်းသည်၊ ဒုက္ခာ၊ ဆင်းရဲခြင်း၏ အကြောင်း ဖြစ်၏။ ဗျာဓိပိ၊ ဖျားနာရခြင်း သည်လည်း၊ ဒုက္ခာ၊ ဆင်းရဲခြင်း၏ အကြောင်းမည်၏။ မရဏမ္ပိ၊ သေရခြင်းသည်လည်း ဒုက္ခ ဆင်းရဲခြင်း၏ အကြောင်းဖြစ်၏။ (ဦးဗုဓ်မေ့စကြာနိသျ)

ဇာတိပိ၊ အဖန်ဖန် ပဋိသန္ဓေ နေရမှုကြီး သည်လည်း ဒုက္ခာ ဆင်းရဲ၏။ ဇရာပိ အဖန်ဖန် အိုရမှုကြီး သည်လည်း၊ ဒုက္ခာ၊ ဆင်းရဲ၏။ ဗျာဓိပိ၊ အဖန်ဖန် နာရမှုကြီးသည်လည်း၊ ဒုက္ခာ၊ ဆင်းရဲ၏။ မရဏမ္ပိ၊ အဖန်ဖန် သေရမှုကြီး သည်လည်း ဒုက္ခံ၊ ဆင်းရဲ၏။ (လယ်တီဆရာတော် ဓမ္မစကြာနိသျ)

ဇာတိပိ ဒုက္ခသစ္စာဟူသော ပါဠိအရ ပဋိသန္ဓေ နေရခြင်း သည်လည်း ဆင်းရဲ၏။ တနည်းကား ဆင်းရဲခြင်း၏ အကြောင်း မည်၏ဟု ဆိုရာ၌ အဘယ် အချိန်ကာလ၊ အဘယ် တရား သဘောသည် ဇာတိ ပဋိသန္ဓေ နေရခြင်း မည်သနည်း ဟူမူကား ဘဝအသစ်၌ အစစွာ ဖြစ်ပေါ်လာဆဲဖြစ်သော ရုပ်၏ ဇာတိ၊ နာမ်၏ ဇာတိဟူသော၊ ခန္ဓာငါးပါး တရားအစုတို့သည် ဇာတိ–

ပဋိသန္ဓေ နေခြင်း မည်၏။ ထို ဇာတိဟူသော ပဋိသန္ဓေ နေရခြင်းသည်၊ ဒုက္ခ ဆင်းရဲ၏ဟု ဆို၏။ ထို ဇာတိဟူသော ပဋိသန္ဓေသည် အဘယ်မျှ အပြား ရှိသနည်း ဟူမူကား-

(၁) ရုပ်၏ ဇာတိ-ရုပ် ပဋိသန္ဓေ နေခြင်း။

(၂) နာမ်၏ ဇာတိ-နာမ် ပဋိသန္ဓေနေခြင်းဟူ၍ နှစ်ပါး အပြား ရှိ၏။ ထိုနှစ်ပါးတို့တွင်-

၁။ နိပ္ဖန္နရုပ် (၁၈) ခုတို့၏ အစစ္စာ ဖြစ်ပေါ်လာဆဲသော သဘောသည် ရုပ်၏ ဇာတိရုပ် ပဋိသန္ဓေနေခြင်း မည်၏။ (ရုပ်တရားတို့၏ ရှေးဦးစွာ ဖြစ်ပေါ်လာသော အချိန်ကာလ မည်၏ ဟူလို။)

၂။ နာမက္ခန္ဓာတရား (၄) ပါးတို့၏ အစစ္စာ ဖြစ်ပေါ်လာဆဲသော သဘောသည် နာမ်၏ ဇာတိ၊ နာမ်၏ ပဋိသန္ဓေ နေခြင်း မည်၏။ (နာမ်တရားတို့၏ ရှေးဦးစွာ ဖြစ်ပေါ်လာသော အချိန်ကာလ မည်၏ ဟူလို)

(ဓမ္မစကြာအဖွင့် အကျယ် လက်စွဲ ဘဒ္ဒန္တဇောတ)

ဘဝပစ္စယာ ဇာတိ၌ ဘဝကြောင့် ဇာတိဖြစ်တယ် ဆိုတာ အကြောင်း ကမ္မဘဝကြောင့် အကျိုးဉပပတ္တိ ဘဝဟူသော ရုပ်ဇာတိ၊ နာမ်ဇာတိ ဖြစ်ပါတယ်။ ဉပပတ္တိဘဝသည် အနာဂတ်အကျိုး ဇာတိ၌ပါဝင်ပါတယ်။ ပေါ်လွင်အောင် ဆိုရလျှင် ကံကြောင့် ပဋိသန္ဓေ ဖြစ်တယ်လို့ ဆိုလိုပါတယ်။ အမှာ မေးသူတို့မှာ မိဘ သွေးသား၊ အစာ၊ ဥတုအကြောင်း အားလုံး တူမျှလျက် ရုပ်ပုံသည် မတူခြင်းမှာ ကံမတူခြင်းမှုတပါး အကြောင်း

မရှိပါဘူးတဲ့။ ဤကား ကံကြောင့် ဆိုတာကို ထင်ရှားစေခြင်း ပါဘဲ။ (ညောင်လေးပင်ဆရာတော် ပဋ္ဌိစ္စသမုပ္ပါဒ်အရသာ)

အထက်ပါ စကားများအရ ဇာတိ ဆိုသည်မှာ ဒုက္ခ အစစ် အမှန် မဟုတ်မူဘဲ ဒုက္ခ ဖြစ်ဘို့ရာ အကြောင်းတရားသာ ဖြစ် သည်ဟူသော အဓိပ္ပာယ်။ ပဋိသန္ဓေ ယူဆဲ ခဏကို ဇာတိဟု ခေါ်ဆိုရသည်ဟူသော အဓိပ္ပာယ်နှင့် ဖြစ်ပေါ်မှုကို ဇာတိ ခေါ် ဆိုသည်ဟူသော အဓိပ္ပာယ်မျိုး ဖြစ်ပေသည်။ သို့ဖြစ်ရာ သတ္တဝါ တဦး၏ မျက်မှောက် ပစ္စုပ္ပန်၌ ဖြစ်ပျက်သော သဘောတရားကို ဥပ္ပါဒ၊ ဝယ ဘင်္ဂဟု ပိုမို လူနားလည်သော စကားများဖြင့် နောက်ပိုင်း ၌ ခေါ်ဝေါ် သုံးနှုန်းခဲ့သည်မှာ များစွာ လျော်ကန် သင့်မြတ် လှချေသည်။

သို့ဖြစ်ရာ ဇာတိဟူသော စကားသည် အမှန်စင်စစ်အားဖြင့် "ဖြစ်ခြင်း" ဟူ၍ အဓိပ္ပာယ်ရပြီး ယင်း ဖြစ်ခြင်းသည်လည်း ပဋိ သန္ဓေယူစဉ် ခဏ၌ ဖြစ်ခြင်းမျိုး ဖြစ်ရကား သတ္တဝါတို့ ပဝတ္တိ ဖြစ်စဉ်၌ အမြဲမပြတ် ဒလစပ် ဖြစ်ပျက်နေသော သဘောတရား များနှင့် ခြားနားသွားလေသည်။ ဇာတိကို ပဋိသန္ဓေ ခဏ၌ "ဖြစ်စဉ်" ဟူ၍ သတ်မှတ်ပြီး ဥပါဒ၊ ခယ၊ ဘင်္ဂ စသော စကား စုများကို ပဝတ္တိဖြစ်စဉ် (ပဋိသန္ဓေ ယူပြီးသည်မှ သေလွန်ခါနီး အကြား၌ ဖြစ်စဉ်) ဟူ၍ နောက်ပိုင်း သုတ္တန်များက ညွှန်ပြ ထားလေသည်။

ကျွန်ုပ်တို့သည် သတ္တဝါတဦး၏ သံသရာလည်ပုံကို အတန် အသင့် သဘောပေါက်ထားကြပြီး ဖြစ်ပေသည်။ ယင်း သတ္တဝါ

တဦး သံသရာ လည်ပုံကို ထေရဝါဒ ဗုဒ္ဓဘာသာများက ဤသို့ ဆက်လက်၍ ရှင်းလင်းထားကြလေသည်။

အသိဉာဏ်မပါဘဲ လှုတာက သမုဒယသစ္စာ။
အသိဉာဏ်မပါဘဲ လှူလို့ ရတာက ဒုက္ခသစ္စာ။
အသိဉာဏ်ပါလို့ လှူတာက မဂ္ဂ သစ္စာ။
အသိဉာဏ်ပါလို့ လှူလို့ရတာက နိရောဓသစ္စာ။

သင်္ခါရဆိုတာ စေတနာဘဲ၊ သက်န်း ဆွမ်း ကျောင်း ဆေး လှူကြတယ်။ နောက်ဘဝ လူချမ်းသာ ဖြစ်ရပါလို၏လို့ ဆု တောင်းကြတယ်။

လှူဒါန်းတာက စေတနာ သင်္ခါရ။
ကုသိုလ် သင်္ခါရ။
ဆုတောင်းယူတာက တဏှာ။
ကုသိုလ် သင်္ခါရပြုပြီး တဏှာနှင့် ဆုတောင်းယူကြတယ်။

(မိုးကုတ်ဒုလ္လဘာ–၈)

ဗုဒ္ဓဘာသာဝင်တဦးအတွက် သံသရာလည်သည် ဟူသော အယူ အဆကို လက်ခံပြီး ယင်းသံသရာ လည်သည်မှာ လူသားဝါဒ ဖြစ်သည့် ကောင်းမှု မကောင်းမှုတို့၏ အကျိုးကြောင့်ဟု ဆက် လက် အသိအမှတ် ပြုထားကြလေသည်။ ယင်းသို့ ကုသိုလ်၊ အကုသိုလ်ကိုလည်း မိမိကိုယ်တိုင် မသိပြု–ပြုမိခဲ့သောကြောင့် ဖြစ် သည်ဟု ယူဆကြလေသည်။ သို့ဖြစ်ရာ သတ္တဝါသည်–၃၁–ဘုံ၌ မပြတ်မလပ် လှည့်လည်၍ နေရလေသည်။

ယင်းသို့ လှည့်လည်ရာ၌ အကောင်အထည်ဒြပ်များ ပြောင်း ရွှေ့ခြင်းမျိုး မဟုတ်ဘဲ အကြောင်းအကျိုး ဆက်စပ်မှုသာ ဖြစ်

သည်။ မျိုးစေ့နှင့် သစ်ပင် ကူးပြောင်းပုံကဲ့သို့ မှတ်ရမည်ဟု ရှင်းလင်းခဲ့ပေသည်။ ပိုမို ရှင်းလင်းရန် ကျွန်ုပ်တို့ လေ့လာကြရပေဦးမည်။

အမှန်စင်စစ် သတ္တဝါသည် ဥပါဒ၊ ဝယ (ဖြစ်ပြီး ပျက်) သဘောရှိ၏။ အချိန်ကာလအားဖြင့် တိုတောင်းသော တစက္ကန့် တဗိဇနာ မျက်စိတမှိတ် လျှပ်တပြက် လက်ဖျစ်တတွက်စသည် ကာလ၌ အဖြစ်အပျက်သည် ကုဋေပေါင်းများစွာ ရှိသွားလေသည်။

ယင်း ဖြစ်ပြီး ပျက်သွားသည့်တရားစုမှာ "ရုပ်နာမ်"ပင် ဖြစ်၏။ ရုပ်သည် တိုတောင်းသော မျက်စိတမှိတ် ကာလအတွင်း၌ ကုဋေပေါင်းများစွာ ဖြစ်ပျက်သွားသလို၊ နာမ်သည်လည်း ထိုနည်းရင်း ဖြစ်ပြီး ပျက်နေလေသည်။ ဆိုလိုသည်မှာ ကျွန်ုပ်တို့ ရရှိထားသော ရုပ်နာမ် တရားစုသည်(ခန္ဓာငါးပါး-ကိုယ်နှင့်စိတ်) ခဏချင်း အတွင်းတို့၌ အမြဲမပြတ် ပျက်စီးဆုံးရှုံးနေသည်။ ဆုံးရှုံးနေရာ၌ အသစ် ရုပ်နာမ်များ အစားထိုး၍ ဖြစ်ပေါ်နေကြသည်။

ထို့ပြင် စိတ်ဘခု၌ "ဖြစ် တည် ပျက်" ဟူ၍ သုံးမျိုး ခွဲခြားထားလေသည်။ စတင် ဖြစ်ပေါ်လာဆဲ ခဏကို အဖြစ်ကာလဟု သတ်မှတ်၍ မပျက်မီ အခိုက်အတန့်ကို ဋ္ဌီဟု သတ်မှတ်ကြလေသည်။ ပျက်သော ခဏကိုမူ ဘင်ဟု သတ်မှတ်ထားကြသည်။ သို့ဖြစ်ရာ စိတ်တခု ဖြစ်ပေါ်မှု၌၊ ဥပ္ပါဒ်ဋ္ဌီဘင်ဟူ၍ သုံးမျိုး ခြားနားလာခဲ့လေသည်။ ဓမ္မစကြာ၌ ဖော်ပြထားသော

F 9 ဇာတိ-ဖြစ်ပေါ်မှု၊ ဇရာ-ရင့်ရော်မှု၊ မရဏ-ပျောက်ဆုံး ချုပ်

ငြိမ်းမှုကိုပင် ဥပ္ပါဒ်ဋ္ဌီဘင်ဟု နောက်ပိုင်းအဋ္ဌကထာဆရာများ၊ ဋီကာဆရာများက သုံးနှုန်းခဲ့ဟန် တူချေသည်။ သုတ္တန်အတော်များများ၌ ဥပ္ပါဒ၊ ဝယဟူသော စကားကိုသာ တွေ့ရှိခဲ့ရသော်လည်း "ဋ္ဌီ" ဆိုသော စကားများကိုကား တွေ့ရခဲလေသည်။ ကျမ်းပြုထေရဝါဒီ ပုဂ္ဂိုလ်များက "ဋ္ဌီ" ဆိုသည်မှာ အပျက်ဖက်သို့ ရှေ့ရှုနေသော အချိန်ကာလကို ခေါ်ဝေါ်ကြောင်း ရှင်းလင်းထားကြသည်။ သို့ဖြစ်ရာ စမ္မစကြာ၌ ဖေါ်ပြထားသော ဇရာ ဟူသောစကားနှင့် ပိုမိုနီးစပ်လျက်ရှိကြောင်း သတိပြုရပေလိမ့်မည်။

ကျွန်ုပ်တို့သည် စိတ်ကို လေ့လာရာ၌ ဖြစ်ပျက် သို့မဟုတ် ဖြစ်တည်ပျက်ဟူသော အခိုက်အတန့်သာရှိကြောင်း တွေ့ရှိရပေပြီ၊ ယင်းဖြစ်တည်ပျက်ကာလသည် တိုတောင်းသောကာလသာ ဖြစ်သည်။ မျက်စိတမှိတ် လျှပ်တပြက်အတွင်း ဖြစ်တည်ပျက်၊ သို့မဟုတ် ဖြစ်ပျက်အကြိမ်ပေါင်း သိန်းသန်းကုဋေ များပြားလျက်ရှိနေသည်။

ထို့ကြောင့် စိတ်သည် အနိစ္စ ဒုက္ခ အနတ္တ တရားမျှသာ ဖြစ်သည်ဟု ရှင်းလင်းထားကြလေသည်။ စိတ်၏ ဥပါဒ် ဋ္ဌီ ဘင်သဘာဝကို အောက်ပါအတိုင်း ရှင်းလင်းပြကြလေသည် စက္ခုဝိညာဏ်သိတခု ဖြစ်ရာ၌၊ သို့မဟုတ် မျက်စိသိတခု ဖြစ်ရာ၌ "အတီတတွင်– ဘဝင်စလနဘဝင်ုပစ္ဆေဒ၊ ပဉ္စဒွါရဝဇ္ဇာန်၊ စက္ခုဝိညာဏ်သမ္ပဋိစ္ဆိုင်၊ သန္တီရဏ၊ ဝုဋ္ဌော၊ ဇော၊ ဇော၊ ဇော၊ ဇော၊ ဇော၊ ဇော၊ ဇော၊ တဒါရုံ၊ တဒါရုံဘဝင်ဟူ၍ အသိုင်းအဝိုင်းပေါင်းများစွာ ခြံရံလျက်ရှိနေသည်ဟု ဆိုသည်။

အတီတဘဝင်- အတိတ်မှ ပါလာသောစိတ်။
ဘဝင်္ဂစလန- ဘဝင် လှုပ်ရှားလာခြင်း။
ဘဝင်္ဂုပစ္ဆေဒ- အတိတ်ဘဝင် ပြတ်စဲခြင်း။
ပဉ္စဒွါရာဝဇ္ဇန်- ဒွါရငါးမျိုး၌ ဆင်ခြင်ခြင်း။
စက္ခုဝိညာဏ်- မျက်စိသိစိတ် ဖြစ်ပေါ်လာခြင်း။
သမ္ပဋိစ္ဆိုင်- အာရုံကို လက်ခံခြင်း။
သန္တီရဏ- အာရုံကို စုံစမ်းခြင်း။
ဝုဋ္ဌော- အာရုံကို မှတ်သားခြင်း။
ဇော- အာရုံ၌ ခံစားခြင်း။
တဒါရုံ အာရုံ၌ မွေ့လျော်စွာ ဆက်လက်ခံစားခြင်း။
ဘဝင်- ယင်း စိတ်ငြိမ်ကျသွားခြင်း။

တီ နု ဒ "ပ စ ○○○ ○○○ ○○○ ○○○○○○
တီ နု ဒ "ပ စ
○○○ ○○○ ○○○ ○○○ ○○○
သံ ဏ ဝု ဇ ဇ
○○○ ○○○ ○○○ ○○○ ○○○
ဇ ဇ ဇ ဇ ဇ
○○○ ○○○ ○○○ ○○○ ○○○
တ တ ဘ
○○○ ○○○ ○○○

တီ နု ဒ စသည်မှာ အတီတဘဝင်၊ ဘဝင်္ဂစလန၊ ဘဝင်္ဂုပစ္ဆေဒ စသော စကားစုများ၏ အတိုကောက် သင်္ကေတ ဖြစ်သည်။ တီ- နု- ဒ စသည်တို့၏အောက်၌ ဖော်ပြထားသော (၀၀၀)

တို့မှာ သုညဖြစ်၍ ဥပါဒ်ဋ္ဌီဘင် ဟူသော သင်္ကေတကို ပြသည်။ အစသုညသည် ဥပါဒ်၊ အလယ်သုညသည် ဋ္ဌီ၊ အဆုံး သုညသည် ဘင် ဟူ၍ အမှတ်အသား ဖြစ်သည် "-" ဟူသော ကော်မာ အတွင်းမှစိတ်ဖြစ်စဉ်သည်စက္ခုဝိညာဏ်စိတ်ဖြစ်ရန်အသိုင်းအဝိုင်း များနှင့် စက္ခုဝိညာဏ်စိတ် ဖြစ်ချိန်ဖြစ်၏။ ကော်မာ အပြင်မှ စိတ်ဖြစ်စဉ်သည် ယင်းစိတ်မှ ယခုစိတ်သို့ ကူးလာပုံနှင့် ယခုစိတ်မှ နောက်စိတ်သို့ ကူးပြောင်းခါနီး စိတ်ဖြစ်စဉ်များ ဖြစ်ကြကုန်၏။

စက္ခုဝိညာဏ်- မျက်စိသိတခုသို့ ရောက်ရှိလာစဉ် - ယင်း မျက်စိသိစိတ်မဖြစ်မီ တီ- န- ဒ- ပ စသော စိတ်အစဉ်များ ဖြစ် ပျက်သွားခဲ့ကြသည်။ ယင်း၌ ဖြစ်ပျက်များ၊ သို့မဟုတ် ဥပါဒ်ဋ္ဌီ ဘင်များ ဖြစ်ခဲ့ကြပြီးဖြစ်ကြောင်း တွေ့ရှိရပေမည်။ တိုတောင်း သော အချိန်ကာလအတွင်း သတ္တဝါတို့၏ စိတ်အစဉ်သည် အမြဲ မပြတ် မျက်စိ သိစိတ်၊ နားသိစိတ်၊ နှာခေါင်းသိစိတ်၊ လျှာ သိစိတ်၊ ကိုယ်သိစိတ်၊ နောက်ကြောင်း ပြန်တွေးသိစိတ်စသည်တို့ ဖြင့် လည်ပတ်နေလေသည်။ တခုမဟုတ်တခု ဖြစ်ပေါ်ပြီး ပျက် နေလေသည်။ ယင်းသိစိတ်သည် ဖြစ်ပြီး ပျက်နေလေရကား စိတ် စိတ်ဟူသမျှသည် အမြဲတည်တန့်သော သဘောမရှိကြောင်း ထင် ရှားလေသည်။ အသိစိတ်သည် သူ့နိယာမ သဘာဝအရ ဖြစ် ပျက် နေရကား မည်သူ တဦးတယောက်၏ ခိုင်းစေချက်အရ စိတ် သည် ရပ်တည် နေခြင်းမျိုးမဟုတ်ကြောင်း ထင်ရှားလေသည်။

ဆိုလိုသည်မှာ အသိစိတ် (နာမ်တရား) သည် သတ္တဝါတို့၏ သဏ္ဍာန်၌ ဖြစ် (ပေါ်) ပျက် (သေ) နေကြသည်။ ဖြစ်ပေါ်ပြီး

နောက် ပျောက်နေကြသည်။ နာမ်တရားစု အသိစိတ်များသည် အမြဲမပြတ် သေလွန်နေကြသည်ဟု ဆိုလိုပေသည်။

အမြဲမပြတ်သေလွန်နေသောသတ္တဝါတို့၏ စိတ်သည် အဘယ်မှာလျှင်မြဲသည်ဟု ရှိပါအံ့နည်း၊ အဘယ်သူလျှင်မြဲမြင်သူ ရှိပါအံ့နည်း၊ သို့ဖြစ်ရာ စိတ် (နာမ်) တရားစုသည် မမြဲသောသဘောရှိကြောင်းထင်ရှားသည်၊ အမြဲဖောက်ပြန်နေသော ဝိပရိဏာမဒုက္ခဖြစ်နေသည်။ သူ့သဘာဝအလျောက် မြင်ကြားစသည်တို့ ဖြစ်ပေါ်နေပြီးအခိုက်အတန့်မျှ မတည်တန့်ခြင်း သဘောရှိနေသဖြင့် အနတ္တ ဖြစ်သည်။ (အိပ်ပျော်နေစဉ်၊ သစ်ပင်ပေါ်မှ ကျစဉ်၊ ရေမြုပ်စဉ်၊ မြေဆိပ်တက်နေစဉ် စသည်တို့၌မူ ဘဝင်စိတ်ဟူသော စိတ်မျာဖြစ်နေလေသည်။ ယင်း၌လည်း ဉပါဒ်ဌီဘင်များ အစဉ်မပြတ် ရှိနေသည်။ ဘဝင်စိတ်ဟူသည် မေ့စိတ် သို့မဟုတ် မူလပကတိစိတ်ပင်ဖြစ်သည်။ အကယ်၍ စိတ်မရှိက သတ္တဝါသည် "သေသွားသည်" မည်၏။)

ယင်းသို့ တခုနှင့်တခု အဆက်အစပ်မပြတ်ဘဲ သေလွန်ပြန်ဖြစ်နေကြသောကြောင့် သတ္တဝါတို့သည် အသက်ကာလအားဖြင့် ရှည်လျားနေကြသည်။ ဖြစ်ပြီးပျက်သော သဘောတရားသည် တခုနှင့်တခု အညမညဆက်စပ်မှုရှိနေကြသည်။ အဖြစ်နှင့်အပျက် ဆက်စပ်မှုရှိနေသမျှ "သတ္တဝါများ အသက်ရှင်နေသည်" ဟု ခေါ်၍ အဖြစ်နှင့်အပျက် ဆက်စပ်မှု ခြားနားပါက "သတ္တဝါ သေသည်"ဟု ခေါ်လေသည်။ အမှန်စင်စစ်အားဖြင့် လူကား (ပရမတ္ထဓမ္မအရမူကား) သတ္တဝါသည် အမြဲသေနေ၊ ဖြစ်နေခြင်းသာ ဖြစ်လေသည်။

"မုဟုတ္တကာလဟူသည်ကား ရေမှုန်းနေစဉ်၊ သစ်ပင်ထက်မှ ကျစဉ်၊ မြားဆိပ် အစရှိသည်ဖြင့် ထိစဉ်ကို ဆိုသည်။ ထွက်သက် အစကားချက်၊ အဆုံးကား နှာခေါင်းဖျား နှုတ်သီးဖျားတည်း။ ဝင်သက်အစကား နှာခေါင်းဖျားနှုတ်သီးဖျားတည်း။ အဆုံးကား ချက်တည်း။ တနာရီသော် ထွက်သက် ၃၆၀၊ ဝင်သက် ၃၆၀ ဖြစ်၏။ ထွက်သက် ဝင်သက်ပေါင်းသော် ၇၂၀ ဖြစ်၏။ တနေ့သော် ထွက်သက်ဝင်သက်ပေါင်း ၄၃၂၀၀ ဖြစ်၏။ မွေးဖွားစဉ် ထွက်သက်မှစ၍ တရားအားထုတ်စဉ် ဝင်သက်မှ စရသည်။

(ဝိသုဒ္ဓိမဂ်)

မြင်မှုတခု ဖြစ်ပေါ်ရန်မှာ မျက်စိအကြည်၊ အလင်းရောင်၊ နှလုံးသွင်းဟူသော အခြေခံသုံးမျိုး ရှိရမည် ဖြစ်၏။ ယင်းသုံးမျိုးကို အခြေခံ၍ မျက်စိအကြည်၊ ရူပါရုံ၊ အသိစိတ်သုံးမျိုး ပေါင်းဆုံမိခြင်းကြောင့် မျက်စိအသိစိတ် ဖြစ်ပေါ်လာ၏။ မျက်စိအသိစိတ် ဖြစ်ပေါ်လာပြီးနောက် တွေ့မှု ဖြစ်ပေါ်လာ၏။ တွေ့ပြီး ခံစားစိတ် ဖြစ်ပေါ်လာ၏။ ဆိုလိုသည်မှာ မျက်စိအသိစိတ်သည် ဖြစ်ပေါ်လာပြီးနောက် ချုပ်ပျောက်သွား၏။ ယင်းစိတ် ချုပ်ပျောက်ပြီးနောက် တွေ့ထိစိတ် ဖြစ်ပေါ်လာ၏။ တွေ့ထိစိတ် ဖြစ်ပေါ်ပြီးနောက် ခံစားစိတ် ဖြစ်ပေါ်လာ၏။ ယင်းသို့လျှင် စိတ်သည် ခဏချင်းအတွင်း ဖြစ်ပေါ်ချုပ်ပျောက်၊ ဖြစ်ပေါ်ချုပ်ပျောက် ဖြစ်နေလေတော့သည်။

စိတ်တခု ဖြစ်ပေါ်ချုပ်ပျောက်ပုံ (ဝိထိ-စိတ်ဖြစ်စဉ်) နှင့် ပတ်သက်၍ ရှင်သုမင်္ဂလသာမိမထေရ်က သူ၏ အဘိဓမ္မတ္ထဝိဘာ

ဝနီ (ဋီကာကျော်) ကျမ်း၌ ဤသို့ တင်ပြထား၏။ တိ-န-ဒ-စသည့် စိတ်ဖြစ်စဉ်ကို ပိုမို နားလည်စေရန် ဥပမာဆောင်ခြင်း ဖြစ်၏။

"ဝိထိ၊ စိတ်ဖြစ်စဉ်ကို မှတ်လွယ် စေခြင်းငှာ အဋ္ဌကထာဆရာကြီးများတို့က ဤသရက်ဥပမာကို ထုတ်ပြကုန်ကြ၏။ ဥပမာကား-ယောကျ်ားတယောက်သည် အသီးသီးသော သရက်ပင်ရင်း၌ ဦးခေါင်းကို ရုံ၍ အိပ်သည်ရှိသော် အနီး၌ ကျသော တလုံးသော သရက်သီး၏ အသံကြောင့် နိုးလာ၍ ဦးခေါင်းမှ အဝတ်ကို ဖယ်ရှား၍ မျက်စိကိုဖွင့်၍ မြင်၍ ထိုသရက်သီးကိုယူ၍ ဆုတ်နယ်၍ မှည့်သောအဖြစ်ကို သိ၍ စား၍ ခံတွင်း၌ရှိသော သရက်သီးကို သလိပ်နှင့်တကွ မြိုချ၍ တဖန်ပြန်၍ ထိုသရက်ပင်အောက်၌သာလျှင် အိပ်သတတ်"

"ထိုဥပမာ၌ ယောကျ်ား၏ အိပ်ပျော်သော အခါကဲ့သို့ ဘဝင်ကျသော အခါကို မှတ်ရမည်။ သရက်သီး ကျလာသော အခါကဲ့သို့ အာရုံ၏ပသာဒနှင့် ထိခိုက်သော အခါကို မှတ်ရမည်။ ထိုကျလာသော အရက်သီး၏ အသံကြောင့် နိုးလာသော အခါကဲ့သို့ စုံစမ်းစိတ် ဖြစ်သောအခါကို မှတ်ရမည်။ မျက်စိကို ဖွင့်၍ ကြည့်သောအခါကဲ့သို့ စက္ခုဝိညာဏ်စိတ် ဖြစ်သော အခါကို မှတ်ရမည်။ သရက်သီးကို ယူသောအခါကဲ့သို့ အာရုံဝန်ခံသောအခါကို မှတ်ရမည်။ သရက်သီးကိုဆုတ်နယ်သော အခါကဲ့သို့ အာရုံကို စုံစမ်းသော အခါကို မှတ်ရမည်။ သရက်သီးကိုနမ်းသောအခါကဲ့သို့ အာရုံကိုမှတ်သောအခါကို မှတ်ရမည်။ သရက်သီးကို စားသောအခါကဲ့သို့ အာရုံကို ခံစားသော ဇောအခါကို

မှတ်ရမည်။ ခံတွင်း၌ရှိသော သရက်သီးကို သလိပ်နှင့်တကွ မြိုချသော အခါကဲ့သို့ အာရုံကို ဆက်ခါဆက်ခါ ခံစားသောအခါကို မှတ်ရမည်။ တဖန် ပြန်လည်အိပ်သော အခါကဲ့သို့ တဖန် ဘဝင်ကျသော အဖြစ်ကို မှတ်ရမည်။ (ဋီကာကျော် )

မျက်စိနှင့် ပတ်သက်၍ အသိစိတ်တခု ဖြစ်ပေါ်လာရာ၌ ယင်းစိတ်မဖြစ်မီ အသိုင်းအဝိုင်းစိတ်များ၊ များပြားစွာ ဖြစ်ပေါ်ခဲ့သည်ဟု ယူဆထားကြသည်။ မျက်စိသိစိတ်မျိုး ဖြစ်ပေါ်လာရန်မျက်စိရူပါရုံ အသိစိတ်သုံးမျိုး ပေါင်းဆုံမိရာမှ ဖြစ်ပေါ်လာခြင်းဖြစ်ပြီး ယင်းမျက်စိသိစိတ်သည် ခဏချင်း ကွယ်ပျောက်သွားကြသည်ဟူသော ဗုဒ္ဓ၏စကားကို ထေရဝါဒ ဗုဒ္ဓဝါဒီများက လေးလေးနက်နက် ဝိုင်းဝန်းထားကြလေသည်။ သို့ဖြစ်ရာ စိတ်တခုသည် ခဏချင်း ပျောက်ကွယ်သွားခြင်း၊ ခဏခြင်း ဖြစ်ပေါ်လာခြင်းဖြင့် စိတ်သည် အနိစ္စ၊ ဒုက္ခ၊ အနတ္တမျိုးသာ ဖြစ်ကြောင်း ရှင်းလင်းခဲ့ကြပေသည်။ ဟောင်းသောစိတ် ဖျက်၍ အသစ်အသစ်သော စိတ်များ ဖြစ်ပေါ်နေကြသည်။ ယင်းသို့ အဟောင်းများ ခဏချင်းပျက်၍ အသစ်များ ခဏချင်း ဖြစ်ပေါ်လာသော စိတ်များသည် မည်သူကမှ ဖန်တီးပေးခြင်းမျိုး မဟုတ်၊ တိုက်ဆိုင်မှု၊ နှလုံးသွင်းမှုဟူသော အကြောင်းကြောင့်သာ ဖြစ်ပျက်နေခြင်းဖြစ်သည်။ သူ့အလိုအလျောက် ဖြစ်ပျက်နေခြင်းမျိုးသာ ဖြစ်သည်ဟူသော အဓိပ္ပာယ် အယူအဆမျိုးသည် ဗုဒ္ဓ၏ အယူအဆပင် ဖြစ်လေသည်။

ရူပ—ရုပ် ဖေါက်ပြန်တတ်သော သဘောတရား။

ရုပ်ဆိုသည်မှာ အသိစိတ်ကဲ့သို့ သိမှုသဘော မရှိသော ဒြပ်သဏ္ဍာန်ရှိသော သဘောတရားများ ဖြစ်လေသည်။ ထိုရုပ်သည် အထည်ဒြပ်ဖြစ်သော ကလာပ်စည်းများဖြင့် ဖွဲ့စည်းထားလေသည်။ကျွန်ုပ်တို့ မျက်စိဖြင့် မြင်နေရသော သဲ၊ ကျောက်၊ တောတောင်၊ သစ်၊ ပင်၊ လူ၊ ခွေး၊ မြင်း၊ ဆင်စသော အရာတို့၏သဏ္ဍာန်တို့သည် ကလာပ်စည်းပေါင်း မရေအတွက်နိုင်အောင် ဖွဲ့စည်းထားသော ရုပ်ဝတ္ထုများ ဖြစ်ကြကုန်၏။ အမှန်စင်စစ်အားဖြင့် ကလာပ်စည်း တခု၌ပင် ရုပ်ပေါင်းများစွာ ပါရှိနေလေသည်။

ဥပမာအားဖြင့် ကျွန်ုပ်တို့ ဦးခေါင်းမှ သန်းတကောင်၏ ဦးခေါင်းခွံကို အကြိမ်ပေါင်း၊ အစိပ်ပေါင်း တထောင်မျှ ခွဲစိပ်ပြီးသည် ဆိုကြပါစို့၊ ယင်း အကြိမ်တထောင်မျှ ခွဲစိပ်၍ ရသော အစိပ်တထောင်မှ တစိပ်သည် ကလာပ်စည်းပေါင်းများစွာ ပါရှိနေသေးလေ၏။ ထိုမျှလောက် သေးငယ်သော ရုပ်ဝတ္ထုများသည် ကလာပ်စည်း တခုက ကလာပ်စည်းတခုကို အမှီပြု၍ ဖွဲ့စည်း စုပေါင်းကြလေသည်။ ကလာပ်စည်းပေါင်း များစွာ စုပေါင်းခြင်းဖြင့် အထည်ဒြပ်သဏ္ဍာန်တခု ဖြစ်ပေါ်လာလေသည်။ အမှန်စင်စစ်အားဖြင့် ကလာပ်စည်းတခု ဆိုသည်မှာ "ဓာတ်လေးပါး အစုအဝေး" မျှသာ ဖြစ်လေသည်။

(၁) ပထဝီဓာတ် ဖွဲ့စည်းခြင်း
(မြေ) သဘောသတ္တိ။

(၂) အာပေါဓာတ်-ယိုစီးခြင်း
(ရေ) သဘောသတ္တိ။

(၃) တေဇောဓာတ်—ပူခြင်း၊ အေးခြင်း
(မီး) သဘော သတ္တိ။
(၄) ဝါယောဓာတ်—တွန်းကန်ခြင်း
(လေ) သဘော သတ္တိ။

ယင်းလေးပါးကို အစွဲပြု၍ ဖြစ်ပေါ်လာသော ဝဏ္ဏ၊ ဂန္ဓ၊ ရသ၊ ဩဇာ။

ယင်း ဓာတ်လေးပါးတို့သည် တနေရာ၌ အတူတကွ ပေါင်းဆုံမိရာမှ ရုပ်ကလာပ်တစည်းသည် ဖြစ်ပေါ်လာ၏။ မူလအားဖြင့် အထည်ဒြပ်သဏ္ဌာန်မရှိသော သဘောတရား အစုမျှသာ ဖြစ်၏။ သို့ရာတွင် ယင်းတို့ ပေါင်းဆုံရာမှ ဒြပ်သဏ္ဌာန်အဖြစ်သို့ ပြောင်းရွှေ့သွားလေသည်။ (ဥပမာ မုန်တိုင်းဆိုသည်မှာ လေထုဒြပ်စဉ်များ ဖွဲ့စည်းရာမှ ဖြစ်ပေါ်လာသည့် အင်အားစုမျှသာ ဖြစ်သော်လည်း ယင်းသည် အင်အားကြီးမားသည့် အရာဝတ္ထုတခုသို့ ပြောင်းရွှေ့လာခဲ့သည်)။

ယင်းသို့ ရုပ်ကလာပ်စည်းများ၊ သို့မဟုတ် ဓာတ်လေးပါး အစုများ၊ များပြားစွာ ဖွဲ့စည်းရာမှ အရာဝတ္ထုတခု အဖြစ်သို့ ရောက်လာခဲ့ပြီးနောက် သဏ္ဌာန်ဒြပ်ဆည်“ဘွား”ကနဲ ဖြစ်လာခဲ့လေသည်။ ထိုဒြပ်စုများသည် ကျောက်ပုံ၊တော၊တောင်၊သစ်ပင် မြေကြီး၊ လူ၊ခွေး၊ဆင်၊ မြင်းစသော အမည်များအဖြစ်သို့ရောက်ရှိ သွားလေသည်။ အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့စသည်များ သည်လည်း ရုပ်ပင်ဖြစ်၏၊ ယင်း အဆင်း အသံစသည်တို့သည် အထည်ဒြပ်မမြင်ကောင်းသော ရုပ်များ ဖြစ်၏။ ကလာပ်စည်းမျှသာ ရှိကြကုန်၏။

မူလ မမြင်ကောင်းသော၊ မမြင်နိုင်သော ဓါတ်လေးပါး ရုပ်ကလာပ်တို့သည် ဒလစပ် ဖြစ်ပျက်နေကြကုန်၏။ ရုပ် ကလာပ် စည်း များသည် အမြဲ ဖြစ်ပျက်နေကြသည် ဆိုသဖြင့် ကလာပ် စည်း များစွာပြင့် ဖွဲ့စည်းထားသော ရုပ်ဒြပ်ကြီးများ ဖြစ်သည့် တော၊ တောင်၊ သစ်ပင်၊ လူ၊ ခွေး၊ မြင်း၊ ဆင် တို့သည် ဖြစ် ပျက်နေကြသည်ဟု အဓိပ္ပါယ်ရရှိလေသည်။

# ရုပ် သ ဘာ ဝ

ရေ၊မြေ၊လေ၊ မီး၊သို့မဟုတ် ဖွဲ့စည်းခြင်းသဘော၊ ယိုစီးခြင်းသဘော လှုပ်ရှား တွန့်းကန်ခြင်းသဘော၊ ပူခြင်း၊ အေးခြင်းသဘောသတ္တိတခုသည် မူလ ရုပ်ဓါတ် ကလာပ်စည်း မည်၏။ ယင်းတခုစီ၏ သဘာဝမှာ ကြည့်၍ မနိုင်လောက်အောင် သေငယ်သည့် သဘောသတ္တိမျှသာဖြစ်၏။ သို့ရာတွင် လေးပါးစုံပါဝင်သောအခါ အထည်ဒြပ်သဏ္ဍာန် တခုဒြပ်ဖြစ်သို့ ရောက်ရှိသွားလေ၏။ ယင်းသို့ဖြင့် ကျွန်ုပ်တို့ မြင်နေရသော လူ၊ ခွေး၊ မြင်း၊ဆင်၊ တော၊တောင်၊ယောကျ်ား၊မိန်းမ စသည်ဖြင့် အမည်နာမများ ခွဲခြားသတ်မှတ် ပညတ်လာကြ၏။ ဘုတ်လေးပါးအစုအဝေးမျှသာ ဖြစ်သော ရုပ်တရားစုသည် အမှန်စင်စစ်အားဖြင့် မျက်လှည့်နှင့် တူလှချေသည်။

မျက်လှည့်ဆရာတဦးသည် မရှိသောအရာကို အရှိလုပ်၍ပြ၏။ အဖြစ်မမှန်သည်ကို အစစ်အမှန်လုပ်၍ပြ၏။ မျက်လှည့်သမားတဦးသည်၊ ပရိသတ်ဗိုလ်ပုံအလယ်တွင် ပြောင် လိမ်လည်ပြသည်ကိုလိမ်လည်မှန်းသိလျက် ပရိသတ်များကိုယ်တိုင်အံ့အား သင့်စွာချီးကျူးထောမနာပြုကြလေသည်။

ဓါတ် ၄-ပါးအစုသာ ဖြစ်သော သို့မဟုတ် ကလာပ်စည်း ပေါင်းများစွာ စုဝေး ပေါင်းဆုံနေသော သင်္ကာန်ဒြပ်တခုကို ကျွန်ုပ်တို့သည်၊ ကျောက်ခဲဟူ၍ လည်းကောင်း၊ တောင်ဟူ၍ လည်းကောင်း၊ လူဟူ၍လည်းကောင်း၊ နတ်ဟူ၍လည်းကောင်း၊ မိန်းမ ယောကျ်ား ဟူ၍လည်းကောင်း၊အုပ်စုအလိုက် အခြေခံ အလိုက် အမည်နာမများ မှည့်ခေါ်ထားကြလေသည်။ အမှန် စင်စစ်အားဖြင့် မျက်လှည့်နှင့် တူနေလေတော့သည်။

ဝက်သည် မစင်ကိုစား၏။ နွားသည်မြက်ကိုစား၏။ လူသည် ထမင်းအစာများကို စား၏။ မိမိ၏ အမှတ်သညာဖြင့် မိမိ ကြိုက်ရာကို အကောင်းဟုထင်ကြ၏။ စားစရာများ၊ ဝတ်စရာ များ၊ နေစရာများ စသည်တို့၌ အစွဲအလန်းကြောင့် အကောင်း အဆိုးဟူသော အယူဝါဒသည်၊ သတ္တလောက၌ ကိန်းအောင်း လျက် ရှိနေ၏။ အမှန် စင်စစ်အားဖြင် အကောင်း အဆိုး ဟူ၍ မရှိချေ။ ရုပ်ဟူသမျှသည် ဓါတ်လေးပါးတို့ဖြင့် ဖွဲ့စည်းထား သော ကလာပ်စည်းမျှသာ ဖြစ်ချေသည်။ ယင်းကလာပ်စည်း များသည်လည်း ဖြစ်ပြီးနောက် ပျက်ကုန်၏။ အဟောင်းနေရာ၌ အသစ် ရုပ်ကလာပ်စည်းများ အစားထိုး ဝင်ရောက် နေရာယူနေ ကြကုန်၏။ အသစ်သည် ဖြစ်ပေါ်ပြီးနောက် ချုပ်ပြန်၏။ အသစ် ပေါ်လာပြန်၏။ ဤသို့ဖြင့် သက်ရှိသက်မဲ့ရုပ်ဝတ္ထုတို့သည် အစဉ် အမြဲ ချုပ်ပျောက် ဖြစ်ပေါ်နေကြရကား ကျွန်ုပ်တို့ ရှေးတည့် တည့်မှ မြင်နေရသော ရုပ်ဝတ္ထုတခုသည် မျက်တောင်မခတ်မီ မြင်ရသော ရုပ်ဝတ္ထုနှင့် မျက်တောင်ခတ်ပြီး နောင်ထပ်မြင် ရသော ရုပ်တို့ တခုတည်းဟု ထင်ရသော်လည်း အမှန်အားဖြင့်

ခြားနားသွားလေပြီ၊ မျက်တောင်မခတ်မီ မြင်ရသော ရုပ်ဝတ္ထုသည် ထိုအချိန်ကာပင် ပျက်စီး သွားလေပြီ၊ မျက်တောင်ခတ်ပြီးမှ မြင်ရသော ရုပ်ဝတ္ထုသည် နောက်ထပ် အသစ် ဖြစ်ပေါ်လာသော ရုပ်ဝတ္ထုများသာ ဖြစ်လေသည်။

ဤသို့ ကျွန်ုပ်တို့သည် ကလာပ်စည်း၌ ရုပ်ပေါင်းမည်မျှ ပါဝင်သည်။ ကလာပ်စည်း၏ သဘာဝများကို လေ့လာ သင့်ကြပေသည်။

(၁) အဆင်းအရောင် (ဝဏ္ဏ)
(၂) အနံ့ (ဂန္ဓ)
(၃) အရသာ (ရသ)
(၄) အဆီအနှစ်အစေ (ဩဇာ)
(၅) မြေဓာတ် (ပထဝီ)
(၆) ရေဓါတ် (အာပေါ)
(၇) လေဓါတ် (ဝါယော)
(၈) မီးဓာတ် (တေဇော)

မဟာဘုတ် (၄) မျိုးနှင့် အဆင်း အရောင် အနံ့ အရသာ အဆီအစေ စသည်တို့သည်၊ ခွဲခြား၍ မရနိုင်ချေ။ သဘောသတ္တိတခု၌ ယင်း ရုပ် (၈) မျိုးလုံး စုပေါင်း ပါဝင်နေခြင်းကို ရုပ်ကလာပ်စည်းဟု ခေါ်လေသည်။ ဆိုလိုသည်မှာ ရုပ်ဒြပ်စင်တခုသည် ကလာပ်စည်း တခုမည်၏။ ကလပ်စည်းတခု၌ ရုပ်ပေါင်း (၈) မျိုး ပါဝင်နေ၏ဟု ကျွန်ုပ်တို့ လေ့လာ မှတ်သားရပေမည်။

ဗုဒ္ဓဝါဒသည်၊ တွေးခေါ်ခြင်း၊ အဘိဓမ္မာတရားဖြစ်၍ ရုပ်နာမ်၏ သဘာဝကို တွေးခေါ်ယူဆခြင်းသာဖြစ်သည်။ ရုပ်၏ ပင်ကိုယ်သဘာဝကို တွေးခေါ်ယူဆခြင်းဖြစ်၍၊ရုပ်ကလာပ်စည်း၏ပမာဏကို တိုင်းတာရန် အားမထုတ်လိုချေ။ သိပ္ပံပညာသည် မူကား အရာဝတ္ထု၏ပမာဏကို အတိအကျ ခွဲခြားခြင်း ပြုကြလေသည်။ သို့ရာတွင် ယနေ့တိုင်အောင် သိပ္ပံ ပညာရှင်နှင့် ဒြပ်စင်မှာ သံသရာလည်လျက်ပင် ရှိနေသေးလေသည်။

ဗုဒ္ဓ၏အဘိဓမ္မာအရ ရုပ်ကလာပ်တစည်းဆိုသည်မှာ အဆင်း အနံ့ အရသာ အစေး မြေဓါတ် ရေဓါတ် လေဓါတ် မီးဓါတ် များ စုပေါင်းနေသော သဘော သတ္တိမျှသာ ဖြစ်၍ ယင်းတို့သည် သန္တာန်အားဖြင့် ကိုင်တွယ်၍မရသော၊ မျက်စိနှင့် မမြင်နိုင်သော၊ သို့မဟုတ် မည်သည့် မှန်ဘီလူးဖြင့် မြင်နိုင်ခြင်း မရှိသော သဘောသတ္တိစွမ်း တခုမျှသာ ဖြစ်လေသည်။

ဤ၌ သိပ္ပံပညာအရ ရုပ်ဝတ္ထုတို့၏ ဖွဲ့စည်းပုံ သဘောကို အခြေခံအားဖြင့် လေ့လာသင့်၏။ သက်ရှိသက်မဲ့တို့သည် အမှန်စင်စစ်အားဖြင့် သိပ္ပံပညာ အလိုအရ အဖွဲ့အစည်းပင် ဖြစ်၏။ အင်္ဂလိပ် ဝေါဟာရ အားဖြင့်(Element)ဟုခေါ်သော ဓာတ် အမျိုးပေါင်း (၉၀) မျှ ပါဝင်၍ ဖွဲ့စည်းထား၏။ ဥပမာ အားဖြင့် ပြဒါးသည် ဓာတ်ရင်းတမျိုးဖြစ်၏။ ရွှေသည် ဓာတ်ရင်း တမျိုး ဖြစ်၏။ ပြဒါးသက်သက်ကို အသေးငယ်ဆုံးဖြစ်အောင် အမှုန့် ပြုလုပ်ပါက ပြဒါး၏ အနုမြူအဖြစ်သို့ ရောက်သွားပေလိမ့်မည်။

ပြဒါး၏ အနုမြူသည် ပြဒါးသင် ဖြစ်၏။ ယင်းပြဒါး၏ အနုမြူတွင်(Nucleus)ခေါ်သော ဗဟိုရှိ၍ ယင်းဗဟိုကိုရံလျက် အရှိန်ပြင်းစွာ လှည့်ပတ်နေသော(Electron)ခေါ်သော ဓာတ်မများ ရှိ၏။(Nucleus)ဗဟိုအတွင်းမှာကား(Positron)ခေါ်သော ဓာတ်ဖို(Neutron)ခေါ်သော ကြားဓာတ်(Proton)ခေါ်သော ဓာတ်ဖို စသည်တို့ ရှိကြသည်ဟု လောကဓာတ်ပညာကရှာဖွေ တွေ့ရှိ၏။

ယင်း ( Electron, Positron, Proton, Neutron) ဓာတ်ဖိုဓာတ်မနှင့် ကြားဓာတ်တို့တွင် မည်သည့်ဓာတ်မျှ ပြဒါးမဟုတ်တော့ချေ။ ယင်းဓာတ်နှင့်တို့တွင် ရုပ်ဒြပ်ရှိသည်ဟု မဆိုနိုင်တော့ချေ။ ဘာဝတ္တုဖြင့် ပြီးသည်ဟုလည်း မပြောနိုင်။ ဓာတ်သဘော သဘာဝသာရှိတော့သည်။

ပြဒါး၏ အခြေခံနှင့် ဒြပ်စင်တို့၏ သဘာဝကို တင်ပြပြီးသည့်အတိုင်း အနုမြူ(Atom) တွင် ပါဝင်သည့် ပရမာအနုမြူဟု ဆိုအပ်သော (Ecutron) ဓာတ်မ၊ ဓာတ်ဖိုနှင့် ကြားဓာတ်တို့သည် ပြဒါးမဟုတ်တော့ဘဲ သတ္တိစွမ်းရည်မျှသာ ဖြစ်သည်ဟု သိပြီးနောက် ယင်းဓာတ်တို့ ဖွဲ့စည်းရာ၌ ပြဒါးအတွက်ပုဂ္ဂလိက ဖွဲ့စည်းပုံဖြင့်၍ ပြဒါး၏ ဂုဏ်အင်္ဂါနှင့် ပြည့်စုံသောအခါ ပြဒါးဖြစ်လာ၏။ ပြဒါး၏ အနုမြူ (ကလာပ်စည်း) တွင် ဗဟိုကို ဝိုင်းရံပတ်နေသော ဓာတ်မ (Electron) ၈၀ ရှိပြီး ဗဟိုတွင် ဓာတ်ဖိုအား (၈၀) ရှိသည်။

တနည်းနည်းအားဖြင့် ပြဒါး၏ ဗဟိုမှ ဓာတ်ဖို တစ်ရာခိုင်
9 နှုန်းကို မောင်းထုတ်နိုင်ပါက အနုမြူ၏ ဗဟိုတွင် ဓာတ်ဖိုအား

တခုံ လျှော့သွားသောကြောင့် ၇၉ ခုသာ ကျန်တော့မည် ဖြစ်ရာ ယင်းအနုမြူမှာ ပြဒါးဖြစ်မလာတော့ဘဲ ရွှေသာ ဖြစ်လာတော့သည်။

အဘယ့်ကြောင့်ဆိုသော် ရွှေအနုမြူ၏ ဖွဲ့စည်းပုံမှာ ဓာတ်ဖိုအား ၇၉-ရှိသော ဗဟိုကို ဝိုင်းရံလျက် ဓာတ်မအား ၇၉-ခု လှည့်ပတ်နေသောကြောင့် ဖြစ်၏။ သို့ဖြစ်ရာ အရာဝတ္ထုဟူသည် တခုမှ တခုသို့ ပြောင်းလဲနိုင်၏။

ပရမာနုမြူ ဆိုသည်မှာ ဓာတ်သတ္တိသက်သက်သာ ဖြစ်၏။ အကောင်အထည်ဒြပ်ဟူ၍ မရှိ။ ဥပမာအားဖြင့် ထုံးကို ရွှေဖြစ်အောင် လုပ်နိုင်၏။ စိန်ဖြစ်အောင် ပြောင်းလဲနိုင်၏။ ကျွန်ုပ်တို့ ခန္ဓာပဥ္စကတွင် ရှိသမျှသော အရင်းခံ ဓာတ်များနှင့် အဝတ်အထည်များ၊ ကုလားထိုင်၊ ဖေါင်တိန်၊ မှင်တန်အစရှိသည်တို့၌ အရင်းခံ ဓာတ်များသည် ခြားနားချက် မရှိကြချေ။ ဓာတ်သတ္တိများချည်းသာ ဖြစ်၏။ အရိပ်အရောင်မျှချည်း ဖြစ်၏။ အစိုင်အခဲဟူ၍ မရှိချေ။

(ဦး မေအောင်၏ အဖွဲ့အစည်း သဘောတရား ဆောင်းပါးမှ)

သို့ဖြစ်ရာ သိပ္ပံပညာဖြင့် ခွဲစိပ်၍ရသော သဘောတရား အခြေခံ အချက်များမှာလည်း နောက်ဆုံး ပရမာနုမြူ(ကလာပ်စည်းတခု) စာခု၌ သဘောသတ္တိမျှသာရှိကြောင်း သက်သေ ခံထားကြလေသည်။

---

ပြန်ကြားရေးထုတ် ဒီမိုကရေစီ ဒေသန္တရ အုပ်ချုပ်ရေးစာစောင်အတွဲ-၂ အမှတ်-၈ (၅၈-ဇူလိုင်)

ရုပ်သည် ပင်မအားဖြင့် မဟာဘုတ် (၄) မျိုးသာ ရှိသော်လည်း၊ မဟာဘုတ်ကို အစွဲပြု၍ဖြစ်သော ရုပ်များသည် ပိုမိုများပြားလာခဲ့ရာ ရုပ်ပေါင်း (၂၈) ပါးဟူ၍ သတ်မှတ်လာရပေသည်။ မဟာဘုတ် ၄–ပါးသည်သာ ရုပ်စစ်များဖြစ်၍ ကျန်ရုပ်များသည် ရုပ်အတုမျှသာ ဖြစ်ကြလေသည်။ ရုပ်ကလာပ်စည်းပေါင်းများစွာ ဖွဲ့စည်းသဖြင့် သဏ္ဌာန်အားဖြင့် ထင်ရှားလာရကား၊ ရူပ ရုံဟူသောအမည်ဖြင့် ရုပ်သည် အမည်နာမ ကွဲပြားသည် အားလျော်စွာ အရည်အတွက်လည်း များပြား လာလေသည်။

ကြေးစည်သံများ၊ နံရံတဖက်မှ စကားပြောသံများ၊ တယ်လီဖုံးသံများ၊ ကြေးနန်းသံများ၊ ရေဒီယိုသံများ၊ စသည်တို့သည် ရုပ်များ ဖြစ်ကြကုန်၏။ ယင်းရုပ်များသည် ဒြပ်သဏ္ဌာန်အားဖြင့် ထင်ရှား မရှိကြဘဲ ကလာပ်စည်း သဘောသတ္တိမျှ သာ ရှိကြကုန်၏။ ဝိထိအဆက်ဆက်သို့မဟုတ်စွမ်းရည်အဆင့်ဆင့်ကြောင့် တနေရာမှတနေရာသို့ ကူးပြောင်း ရောက်ရှိသွားကြကုန်၏။ကူးပြောင်းသည် ဆိုခြင်းမှာလည်း ဖြစ်ပြီးပျက်ခြင်းဖြင့် ကူးပြောင်းသွားကြခြင်း ဖြစ်၏။ ပို့လွှတ်သော သံစဉ်များ၏ စွမ်းရည်အလျောက် အဝေးအနီး ခြားနား ရောက်ရှိခြင်း ဖြစ်၏။ ဥပမာ ဒုရှိန်ပြင်းစွာ ပြေးနေသူတဦး၏ ခြေလှမ်းများ၌ ပဌမခြေလှမ်း ပျက်ပြီးမှ ဒုတိယခြေလှမ်း ရောက်လာ၏။ လူသည်လည်း ရှေ့သို့ တိုးလာ၏။ နောက်ခြေလှမ်းသည် မရှိတော့ချေ။ သို့ဖြစ်ရာ ခြေလှမ်းတိုင်း ခြေလှမ်းတိုင်း၌ အသစ်သည် အဟောင်း ဖြစ်သွားသလိုဝါ–ရှေ့ခြေလှမ်းသည် နောက်ခြေလှမ်း ဖြစ်သွားသလို လူသည်

လည်း အမြဲ ရွေ့လျော့နေလေသည်။ ဤသို့ဖြင့် ရုပ်တရားစု များသည် အစဉ်အမြဲ ဖေါက်ပြန်နေလေသည်။ ယင်းတို့သည် မဟာဘုတ် ၄–ပါးမှ ဖြစ်ပွားလာသော ဓာတ်အစုမျှသာ ဖြစ် ပြီး ဓာတ်အစုကလာပ်အစုများ ပေါင်းဆုံရာမှ သဏ္ဌာန်ဒြပ်ဖြစ် လာကြကုန်၏။ ဓာတ်၄-ပါး အစုအဝေးဖြစ်သော ကလာပ် စည်း သဘောတရားများသည် ဒလစပ် ဖြစ်ပျက်နေကြလေ သည်။ ထို့ကြောင့် ဗုဒ္ဓက ရုပ်သည် အနိစ္စ၊ ဒုက္ခ၊ အနတ္တတရား မျှသာ ဖြစ်သည်ဟု ဟောတော်မူခြင်းဖြစ်လေသည်။

ပင်မအားဖြင့် ဓာတ်၄-ပါး၊ အစုအဝေး သဘောသတ္တိသည် ရုပ်မည်၏ဟု ကျွန်ုပ်တို့ နားလည်ထားကြပြီးနောက် ဓာတ် ၄- ပါးစုဝေးရာမှ အထည်ဒြပ်သဏ္ဌာန်များ ဖြစ်ပေါ်လာ၏။ လူ ခွေး နွား သစ်ပင် တော တောင် စသည်တို့နှင့်တကွ အဆင်း အနံ့ အသံ အရသာ အတွေ့ဓာတ်များသည် လူက သတ်မှတ် ထားသော ဒြပ်တူမျိုးကွဲများသာ ဖြစ်ကြသည်ဟု ကျွန်ုပ်တို့ သိ ရှိခဲ့ပေပြီ။ သို့ဖြစ်ရာ လူက သတ်မှတ်သော တောတောင် ရေ မြေ လူ ခွေး နတ် အဆင်း အသံ အနံ့ အရသာ အတွေ့ စသည် တို့မှာ ဥပါဒါန်ရုပ် မည်လေသည်။ ဆိုလိုသည်မှာ လူက စွဲဆို မှည့်ခေါ်ထားသော အမည်ပညတ်မျှသာဖြစ်ပြီး အမှန်စင်စစ် အားဖြင့် ယင်းတို့ အားလုံးသည်လည်း ရုပ်တရားစုသာ ဖြစ်၍ မဟာဘုတ်၄-ပါး၌ ပါဝင်နေရကား ဖောက်ပြန်တတ်သော သဘောသတ္တိမှတပါး တခြား မရှိချေ။

ဥပါဒါန် = စွဲစွဲမြဲမြဲမှတ်ထားသောသက်တအမည်များသည် မဟာဘုတ်ကိုစွဲ၍ ဖြစ်၏။ ဥပါဒါန်ရုပ်ကြောင့်၊ အသက်၊ ရုပ်ရေ

ဥစ္စာစည်းစိမ်၊ အမျိုးအနွယ်၊ ဇာတိစသည်ဖြင့် ခြားနားသွားပေရာ၊ ၃၁–ဘုံ ဟူသော ဝါဒသည် ထင်ရှားစွာ ပေါ်လာခဲ့လေသည်။

လူ၊ နတ်၊ ပြဟ္မာ၊ ငရဲ၊ တိရစ္ဆာန်စသော အမည်များလည်း ဥပါဒါန်ရုပ်ကြောင့်ဖြစ်ပေါ်လာခြင်းမျိုးဖြစ်ရာ ၃၁-ဘုံဟူသော အတ္တဝါဒသည် သတ္တလောက၌ ထင်ရှားလာပေသည်။

ရုပ်များကို အုပ်စုဖွဲ့လိုက်သောအခါ အတွင်း၌ဖြစ်သော ရုပ်၊ အပြင်၌ဖြစ်သောရုပ်၊ မှီရာရုပ်၊ မမှီရာရုပ်၊ အကြောင်းဖြစ်သော ရုပ်၊ အကြောင်းမဟုတ်သောရုပ်၊ အစိုးရသောရုပ်၊ အစိုးမရသောရုပ်၊ သိမ်မွေ့သောရုပ်၊ ရုန့်ရင်းသောရုပ်၊ အဝေးရုပ်၊ အနီးရုပ်၊ ဓာတ်သဘာဝအလျောက် ထိခိုက်တတ်သော ရုပ်၊ မထိခိုက်တတ်သောရုပ်၊ ကံ၏အကျိုးဖြစ်သောရုပ်၊ ကံ၏အကျိုး မဟုတ်သောရုပ်၊ စက္ခုဝိညာဏ်ဖြင့် မြင်အပ်သောရုပ်၊ စက္ခုဝိညာဏ်ဖြင့် မမြင်ရသောရုပ်၊ အာရုံကိုယူတတ်သောရုပ်၊ အာရုံကို မယူတတ်သောရုပ်၊ အာရုံကိုယူသည်ဖြစ်စေ' မယူသည်ဖြစ်စေ၊ အာရုံသို့ရောက်တတ်၊ ကပ်တတ်သောရုပ်၊ ရောက်သောအာရုံကိုသာ ယူတတ်သောရုပ်၊ တခုစီခွဲမရဘဲ တပေါင်းတည်းဖြစ်သောရုပ်၊ ခွဲခြား၍မရသောရုပ်စသည်ဖြင့် အုပ်စု ခွဲထားလေသည်။ ရုပ်(၂၈)ပါးကို တူရာအုပ်စု ဖွဲ့ခြင်းဖြစ်၏။

ထိုရုပ်များကိုကလာပ်စည်းဖွဲ့သောအခါကလာပ်စည်းပေါင်း ၂၁ စည်း ရရှိလေသည်။ ဤ၌ ကလာပ်တခု၏အင်္ဂါများကို နားလည်ထားသင့်ကြပေသည်။

(၁) ကလာပ်စည်းတခု ပါဝင်သောရုပ်များသည် တခုဖြစ်က ကျန်ရုပ်များလည်း ဖြစ်ကြသည်။

(၂) ကလာပ်စည်းတခု၌ ပါဝင်သောရုပ်များသည် တခုချုပ်လျှင် ကျန်ရုပ်များလည်း အတူချုပ်ကြသည်။

(၃) ကလာပ်စည်းတခု၌ ပါဝင်နေသော ဥပါဒါန်ရုပ်တို့သည် မဟာဘုတ်ကိုမှီကြသည်။ မဟာဘုတ်သည်လည်း ကျန်ဥပါဒါန်ရုပ်ကိုသာ အပြန်အလှန်မှီကြသည်။

ကျွန်ုပ်တို့သည် ရုပ်တို့၏ မူလအခြေခံတရား သဘောကို အတော်အသင့် တီးမိခေါက်မိပြီး ဖြစ်ကြသည်။ ဆက်လက်၍ ရုပ်ကလာပ်စည်းများနှင့် ဗီဇအကြောင်းကို လေ့လာကြရပေလိမ့်မည်။ ရုပ်ကလာပ်စုများသည် အကြင်မျှသော ကလာပ်စုကို ရခဲ့ငြားအံ့၊ အရာဝတ္ထုဒြပ်တခုသည် ဖြစ်ပေါ်၍လာခဲ့၏။ ဤ၌ ပိုမိုနားလည်စေရန် နိယာမဟူသော စကားကိုသုံးနှုန်းက ပိုမိုသင့်အံ့ထင်သည်။ ကမ္မနိယာမ၊ ဗီဇနိယာမ၊ ဥတုနိယာမ၊ စိတ္တနိယာမ၊ ဓမ္မနိယာမဟူသော နိယာမများသည် သတ္တလောကအတွင်း၌ အမှန်ပင်ရှိနေလေသည်။ ကောင်းမှု မကောင်းမှုကို အခြေခံ၍ အကျိုးတခု နောက်ထပ်ဖြစ်ပေါ်လာခြင်းကို ကမ္မနိယာမဟူ၍မှတ်သားရမည်။ မျိုးစေ့များကိုအခြေခံ၍ ယင်းနှင့်တူစွာ နောက်ထပ်အသစ်တခု ဖြစ်ပွားခြင်းကို ဗီဇနိယာမဟုခေါ်သည်။ ရာသီဥတုတို့၏ အစဉ်အမြဲဖောက်ပြန်နေခြင်းကို ဥတုနိယာမခေါ်သည်။ စိတ္တနိယာမစိတ်တို့၏ အမြဲမပြတ်ဖြစ်ပျက်နေခြင်းသဘောကို စိတ္တနိယာမဟုခေါ်သည်။ ဓမ္မနိယာမဟူသည် သင်္ခါရတစုတို့၏ အမှန်တကယ် ဖောက်ပြန်နေခြင်းမျိုး ဖြစ်ပြီး

ယင်းတို့သည် မည်သူကမှ ပြုပြင်ခြင်းမျိုးမဟုတ်ဘဲ အစဉ်သဘာဝယ် ဖြစ်ပျက်နေခြင်းမျိုးကို ခေါ်လေသည်။

ဤသတ္တလောကရှိ သတ္တဝါတဦး၌ ပါဝင်နေသော စိတ်ပိုင်း ရုပ်ပိုင်းအခြေခံများကို တခုစီခွဲ၍ စိတ်၊ ရုပ်၊ ရုပ်နာမ်ဓမ္မများကို ကျွန်ုပ်တို့ လေ့လာခဲ့ကြပေပြီ။ သတ္တဝါတဦး စတင်ဖြစ်ပွားပုံ၊ စိတ်နှင့်ရုပ် မည်သို့ဆက်စပ်မှု ရှိပုံများကို ကျွန်ုပ်တို့ လေ့လာ သင့်ကြပေသည်။(နှာ-၅၀ ၌ အကျဉ်း လေ့လာခဲ့ကြရပြီး ဤ၌ အကျယ် လေ့လာရန် လိုအပ်သဖြင့် ပြန်လည်ဖော်ပြ လိုက်ပါ သည်)။

(၁) သံသေဒဇ (အညှီအဟောက်၊ သစ်ခြောက်၊ သစ်ဆွေး များ၌ ပဋိသန္ဓေ ယူကြရသော သတ္တဝါများ၊ ဥပမာ = ပိုး လောက်၊ တီ၊ မြွေ၊ စသောသတ္တဝါများ)။

(၂) ဩပပါတိက (ကိုယ်ထင်ရှားဖြစ်သတ္တဝါများ၊ ကမ္ဘာဦး လူ၊ နတ်၊ ဗြဟ္မာများ၊ ငရဲသားများ၊ ယင်းသတ္တဝါများ သည် အမိဝမ်း၌ ကိန်းရသောသတ္တဝါမျိုးမဟုတ်ဘဲ "ဘွား"ကနဲ ကိုယ်ထင်ရှားဖြစ်ကြသည်)

(၃) ဂဗ္ဘသေယျက၊ အမိဝမ်း၌ကိန်းရသော သတ္တဝါများ (လူ၊ ခွေး၊ ကြက်၊ ငှက်စသောသတ္တဝါများ)။ ယင်းအမိဝမ်း၌ ကိန်းရသောသတ္တဝါများ၌ အုပ်စု (၂)မျိုးရှိလေသည်။

(က)ဇလာဗုဇ = အမိဝမ်းသွေယ်အိမ်၊ သားအိမ်၌ ဖြစ်သူ ( လူ၊ ခွေး၊ မြင်း၊ ဆင်စသည်)။

(ခ) အဏ္ဍဇ ဥခွံ၌ သန္ဓေယူရသူ (ကြက်၊ ငှက်စသည်)။

သံသေဒဇ သတ္တဝါသည် အညှီအဟောက်၊ သစ်ခြောက်၊ သစ်ဆွေး၊ စသည်တို့မှ ဖြစ်ကြကုန်၏။ သက်မဲ့ဗီဇတခုမှ သက်ရှိဗီဇတခုအဖြစ်သို့ ပြောင်းလာရာ၌ မျိုးတူသတ္တဝါတခု ဖြစ်ပေါ်လာရန် လိုအပ်သော ကလာပ်စည်းများသည် ထို အဝိညာဏကသက်မဲ့၌ အညီအမျှ ပေါင်းဆုံးစုဝေးနေပြီး ဖြစ်ရလိမ့်မည်။ လိုအပ်သော ကလာပ်စည်းရုပ်စုများ အညီအမျှ စုစည်းမှုသည် သတ္တဝါတဦး ဖြစ်ပေါ်လာရန် လိုအပ်သော အရည်အချင်း ဖြစ်လေသည်၊ ဆိုလိုသည်မှာ အညှီအဟောက်တခု၌ ပထဝီဓာတ် ၂၅ ရာခိုင်နှုန်း၊ တေဇောဓာတ် ၅၀ ရာခိုင်နှုန်း၊ အာပေါဓာတ် ၁၅ရာခိုင်နှုန်း ဝါယောဓာတ် ၁၀-ရာခိုင်နှုန်း ရှိနေသည်။ စုပေါင်းနေသည် ဆိုကြပါစို့။ ယင်းအရေအတွက် ရာနှုန်းသည် ပိုးလောက်လန်းတကောင်ကို ဖြစ်စေနိုင်သော လိုအပ်သော ဗီဇသတ္တိ ပြည့်စုံနေပါက၊ ယင်းနေရာ၌ ပိုးလောက်လန်းတခုသည် ဖြစ်ပေါ် သန္ဓေယူလာခဲ့လေသည် ဓာတ် ၄-ပါးတို့၏ မူလစွမ်းရည်သည် ကိုယ်ပိုင်စွမ်းရည်ကို ဖော်ပြနိုင်သော်လည်း ရောနှောစွမ်းရည်သည် အတိုင်းအဆအလိုက် တစုံတခုသော စွမ်းရည်ကို ဖြစ်စေနိုင်ကြောင်း။ ကျွန်ုပ်တို့ သတိပြုရပေလိမ့်မည်။

ရေ၊ အညှီ၊ အဟောက် စသည်တို့၌ ရှိနေကြသော သတ္တဝါတို့၏ မျိုးစေ့ဗီဇသည် ကြာမြင့်စွာ တည်တန့်နိုင်ပြီး၊ အခြေအနေ ဖန်တီးသည်နှင့် တပြိုင်နက် ယင်းတို့သည် ပေါက်ဖွားလာနိုင်ကြသလော-ဟု ကျွန်ုပ်တို့ စဉ်းစားစရာရှိသည်။ ဗုဒ္ဓက ရဟန်းများအား ရေကို စစ်၍ သောက်ကြရန် ညွှန်ကြားခဲ့၏။ ရေ၌ မလိုလားအပ်သော (ရောဂါကို ဖြစ်စေတတ်သော) မမြင်နိုင်

သည့် သတ္တဝါ၊ သို့မဟုတ် မျိုးပွားဗီဇ ရှိနေခြင်းမှာ ထင်ရှား၏။ ယင်းမျိုးပွား ဗီဇဆိုသည်မှာလည်း ရုပ်ကလာပ်စုများစုဝေး ပေါင်းဆုံနေသော သတ္တဝါတဦး ဖြစ်ပွားနိုင်ရန် စွမ်းရည်နှင့် ပြည့်စုံသော ဗီဇမျိုးစေ့ အုပ်စုသာ ဖြစ်နိုင်လေသည်။ သို့ရာတွင် ယင်းအုပ်စုသည်၊ သဘာဝကြောင့် ဖြစ်ပွားခြင်း ဗီဇမျိုးလော၊ သို့မဟုတ် မျိုးဆက်ပွား ဗီဇအုပ်စုလော ဆိုသည်ကို ဗုဒ္ဓနှင့် ဗုဒ္ဓသံဃာများက အတိအကျ မဖေါ်ပြကြချေ။ သိပ္ပံပညာရှင်များ၊ ဇီဝဗေဒ ပညာရှင်များကမူ ယင်းတို့ ဖြစ်ပွားရခြင်းမှာမျိုးဆက်ပွားဗီဇမှ ဖြစ်ပွားခြင်း ဖြစ်သည်ဟု အခိုင်အမာ ယူဆထားကြလေသည်။

ဩပပါတိက ပဋိသန္ဓေ = ကိုယ်ထင်ရှားဖြစ်ခြင်း (နတ်ဗြဟ္မာ ရဲပြိတ္တာ ကမ္ဘာဦး လူသားများ) သည် ဥပပါတ်ပဋိသန္ဓေနေခြင်းမည်၏။ ဗုဒ္ဓဝါဒအရ ကမ္ဘာကြီးသည် မီးရေလေတို့ ပြင်းထန်စွာ ဖြစ်ပေါ်မှုကြောင့် ပျက်စီးသွားကြ၏။ ဤကမ္ဘာသည် လူသူကင်းမဲ့စွာ နှစ်ပေါင်းကုဋေကုဋာ ရေပြင်အတိ ဖြစ်နေ၏။ တဖြည်းဖြည်း လှိုင်းလေ စသည်တို့ကြောင့် တောင်များ၊ ကျွန်းများ ပေါ်လာ၏။ မြေဩဇာသည် အလွန်ကောင်းမွန်နေရကား ယင်းမြေအနံ့ကြောင့် အာဘဿရ ဗြဟ္မာကြီးများသည် လူ့ပြည်သို့ ဆင်းလာကြကုန်၏။ မြေများကို စားသောက်ကြရကား ခန္ဓာကိုယ်များ လေးပင်းလာကြသဖြင့်အာဘဿရဗြဟ္မာကြီးများသည်မိမိနေရာသို့ပြန်လည်မသွားနိုင်ကြတော့ချေ။ သို့ဖြင့် ရက်လများစွာမြေဩဇာများတို့ကို စားသောက် လာကြသော အခါ လောဘစိတ်၊ ဒေါသစိတ်၊ မောဟစိတ်များကိန်းအောင်းလာကြ

လေ၏။ ယောကျ်ားသင်္ကန်း၊ မိန်းမသင်္ကန်းများလည်း ခြားနားလာကြ၏။ သူတို့သည်ပေါင်းဖော်မှုဝဲခြင်းကြောင့်ဤလောက၌ လူသားများ ပွားတိုးစည်ပင်လာကြကုန်၏။ သို့ဖြစ်ရာ အစ ပထမလူသားသည် ပဋိသန္ဓေ ယူရခြင်း မဟုတ်'ဘွားကန်' ကိုယ်ထင်ရှား ဖြစ်လာကြသူများ ဖြစ်လေသည်။

နတ်ပြဟ္မာ ငရဲပြိတ္တာစသော သတ္တဝါများသည် သူတို့၏ ကမ္မသတ္တိအလျောက် ဆိုင်ရာဘုံတို့၌ သန္ဓေမယူရဘဲ ဘွားကန် ကိုယ်ထင်ရှား ဖြစ်ကြလေသည်။ သေလွန်သော အခါတို့၌လည်း ရောဂါအထူးအထွေ ဖြစ်ပွားခြင်းမျိုး မရှိဘဲ ကမ္မသတ္တိအစွမ်းများ ကုန်ဆုံးသည်နှင့် ဝပြိုင်နက် 'ရုတ်ကနဲ' ပျောက်ဆုံးသွားကြလေသည်။ ပျောက်သည်ဆိုသည်မှာ ခန္ဓာကိုယ်ကောင်ကြီးသည် ချက်ချင်း တေဇောဓာတ်အဟုန်ဖြင့် လောင်ကျွမ်းသွားခြင်း ဖြစ်လေသည်။

"ရဟန်းတို့ အကြောင်း သုံးပါး ပေါင်းဆုံမိခြင်းကြောင့် ကိုယ်ဝန် တည်ရှိခြင်းသည် ဖြစ်ပေါ်လာ၏။

(၁) အမိအဘ ပေါင်းဆုံခြင်း။

(၂) အမိ၌ ဥတုလာခြင်း။

(၃) အမိဝမ်းတွင်းသို့ ရောက်လာမည့်သတ္တဝါ အဆင်သင့် ရှိနေခြင်း။

ဤသုံးပါး ပေါင်းဆုံမိသော် ကိုယ်ဝန်သည် ဖြစ်ပေါ်လာ၏။ အမိအဘ ပေါင်းဆုံသော်လည်း၊ မိခင်ဥတုလာသော်လည်း ရောက်ထိုက်သူသတ္တဝါ အဆင်သင့် မဖြစ်သေးသော် ကိုယ်ဝန် မတည်နိုင်၊ အမိအဘ ပေါင်းဆုံသော်လည်း ရောက်ထိုက်သော

သတ္တဝါအသင့် ရှိသော်လည်း မိခင်ဥတုမလာသော် ကိုယ်ဝန် မတည်နိုင်။ မိခင်ဥတုလာသော်လည်း ရောက်ထိုက်သူ သတ္တဝါ အသင့်ရှိသော်လည်း၊ မိဘနှစ်ပါး ပေါင်းဆုံမမိသော် ကိုယ်ဝန် မတည်နိုင်။ (နောက် နှာ ၅၂ ၌လည်းရှင်းခဲ့ပြီ)

ယင်း(ဂဗ္ဘသေယျက) အမိဝမ်း၌ ကိန်းအောင်း ရသော သတ္တဝါများ အုပ်စု၌ ဥခွံမှတဆင့် ပေါက်ဖွားသော သတ္တဝါ များနှင့် သားအိမ်၌ ကြီးထွား မွေးဖွားရသော သတ္တဝါများ ဟူ၍ နှစ်မျိုး ခြားနားကြလေသည်၊ မျိုးဆက်ကို လိုက်၍ မွေး ဖွားချိန်အားဖြင့် သတ္တဝါတမျိုးနှင့် တမျိုး မတူညီကြချေ။ အချို့မျိုးဆက်များသည် ၃-လဖြင့် မွေးဖွားလာကြ၍၊ အချို့ သည် ဆယ်လတိတိ ကြန့်ကြာ နေတတ်ကြသည်။ ဤသို့ဖြင့် ဥခွံအောင်းသတ္တဝါနှင့် သားအိမ်အောင်း သတ္တဝါ တို့သည် အကြောင်း ၃-မျိုး တိုက်ဆိုင်ရာမှ ဖြစ်ပွား လာကြသူများ ဖြစ်၏။

ကိုယ်ထင်ရှားဖြစ် သတ္တဝါများသည်၊ အစာရေစာနှင့် နေစရာများ အဝတ်တန်ဆာများအတွက် အခက်အခဲ မရှိသူများ ဖြစ်ကြသည်။ နတ်နှင့် ဗြဟ္မာသည် ကောင်းသော ဘုံဗိမာန် စားစရာ ပဒေသာပင်နှင့် ပျော်မွေ့စရာ ဥယျာဉ် ရေကန်များ အသင့် ရှိကြသူများ ဖြစ်ပြီး၊ ငရဲနှင့် ပြိတ္တာမျိုး များမှာမူ မကောင်းသော ကမ္မကြောင့် ရောက်လာသူများဖြစ်ကြ၍သူတို့ သည် အမြဲ ဆင်းရဲဒုက္ခ အမျိုးမျိုးနှင့် ကြုံတွေ့နေရသူများ ဖြစ် ကြသည်။ သို့ရာတွင် ထိုငရဲနှင့်ပြိတ္တာမျိုးစုဝင်များသည် အစား အစာနှင့် နေရာထိုင်ခင်းများ ဝတ်စရာများကို ရှာဖွေ နေရသူ

များမဟုတ်ချေ။ ထိုသူများအတွက် သူတို့၏ ကမ္ဘာသက ဖန်တီး ပေးထားပြီးဖြစ်သည်။

လူနှင့် တိရစ္ဆာန် မျိုးများ ဖြစ်ကြသည့် ဥတင်းအောင်း ဝမ်းတွင်းအောင်း သတ္တဝါများသည်မူကား၊ သူတို့၏ စားဝတ် နေရေးတို့ကို သူတို့ကိုယ်တိုင် ရှာဖွေစားသောက် ကြရသည်။ အစာအဟာရကို အမှီပြု၍ ကြီးထွားလာကြရသည်။ မိမိ၏သက် မွေးဝမ်းကြောင်းပညာများကို မိမိကိုယ်တိုင် သင်ကြားရသည်။ မိမိ ဧ၌ ဝိရိယ လုံ့လတို့၏ စွမ်းအားကို မိမိကိုယ်တိုင် အသုံးချ ခြင်းဖြင့် မိမိ၏စားဝတ်နေရေးကို ဖန်တီးကြရသည်။

ယင်း ဝမ်းတွင်းအောင်း သတ္တဝါနှစ်မျိုးအနက် လူသည် ကျန် သတ္တဝါများထက် စိတ်ကူး စွမ်းရည်အရာ၌ များစွာ သာလွန်ကြောင်း ကျွန်ုပ်တို့တွေ့ရှိရလေသည်။ လူသည် စိတ်ကူး နှင့် အခြားအတိုင်းအဆမရှိသော ဆောင်ရွက်မှုတို့ကြောင့် မဖြစ် နိုင်သောအရာဟူ၍မရှိ၊ မဖြစ်သေးသောအရာသာ ရှိကြောင်း တွေ့ရှိရပေသည်။

ကျွန်ုပ်တို့သည် သတ္တဝါ အမျိုးအစားကို အကြမ်းပြင်း လေ့လာရာ၌ ကျွန်ုပ်တို့ မမြင်ရသော နတ်ပြဟ္မာ ငရဲ ပြိတ္တာ အကြောင်းများလည်း ပါဝင်နေလေသည်။ ယင်း သတ္တဝါတို့ သည် တဦးစီ၏ ကမ္ဘာဝိပါက အလျောက် အနိမ့် အမြင့် အချိုး အစား ခြားနားနေကြကြောင်း ပိဋကတ်၌ ဖေါ်ပြ ထားလေ သည်။ နတ်တဦး၏ ဗိမာန်နှင့် တခြားနတ်တဦး၏ ဗိမာန်များ မတူကြဘဲ အချို့နတ်များသည် အလွန်သေးသိမ်လျက် အချို့ နတ်ဗိမာန်များ အလွန် ဆန်းကြယ်ကြောင်း တွေ့ရှိရပေသည်။

ငရဲသားတို့၏ ခံစားကြပုံများမှာလည်း ယင်း အတိုင်းပင် မတူညီကြချေ။

မျက်မြင် တွေ့နေရသော တိရစ္ဆာန်တို့၏ ဘဝမျိုး၌လည်း တဦး၏ ခံစားရသော ကမ္မဖလနှင့် တဦး၏ ခံစားရသော ကမ္မဖလချင်း တူညီမှုမရှိကြချေ။ မျိုးတူသော်လည်း အကျိုးမတူခြင်း၊ သတ္တဝါအုပ်စု တူသော်လည်း အကျိုးမတူခြင်း၊ စသည်တို့ကိုမြင်တွေ့နေကြရမည် ဖြစ်လေသည်။

လူသည် အမြင့်မြတ်ဆုံးဟု ဗုဒ္ဓက ဟောကြား ခဲ့၏။ လူ အဖြစ်ကိုရရန် အလွန်လျှင် ခဲယဉ်း၏ဟု ဗုဒ္ဓက မိန့်ကြားခဲ့၏။ ယခုခေတ်လူသားများက လူသည် မည်သည့် အရာကိုမဆို ပြီးစေနိုင်၏။ လူကပြုလုပ်၍ မဖြစ်နိုင်ဟူသော အယူအဆသည် မမှန်မကန်တော့ဟူ၍ ကြွေးကြော်နေကြ၏။ မှန်၏ လူသည် အမှန်ပင်ထူးမြတ်သော သတ္တဝါပေတည်း။

သို့ရာတွင် လူတဦး၏ စွမ်းရည်များသည် မတူညီကြချေ။ အချို့ဉာဏ်ပညာထက်မြက်၏။ အချို့လှ၏။ အချို့ ဥစ္စာစည်းစိမ်ပွားများ၏။ မည်မျှပင် ဝီရိယရှေ့ထား ကြိုးစားပါသော်လည်း အချို့သည် အကြောင်းအမျိုးမျိုး တိုက်ဆိုင်မှုကြောင့် ပျက်စီးသွားကြ၏။ စည်းစိမ်များ ပြုတ်ပြုန်း သွားကြ၏။ မမျှော်လင့်သောနေရာမှ မမျှော်လင့်သော ကောင်းကျိုး၊ ဆိုးကျိုးများသည် လူသားတဦးစီ၏ အတွင်းသို့ဝင်ရောက်လာတတ်ကြောင်း ကျွန်ုပ်တို့တဦးစီ၏ ကိုယ်ပိုင်အတွေ့အကြုံများအရ လက်ခံကြရပေလိမ့်မည်။

သို့ဖြစ်ရာ နတ်၊ ပြဟ္မာ၊ ငရဲ၊ ပြိတ္တာ၊ တိရစ္ဆာန်နှင့် ကျွန်ုပ်တို့ လူသားများ၏ ရုပ်ဝတ္ထုဖြစ်စဉ်များ၌ ကမ္မဖလသည် တနည်းမဟုတ်တနည်း ပါဝင်ပတ်သက်နေလိမ့်မည်ဟု ကျွန်ုပ်တို့ များစွာ စဉ်းစားသင့်ကြလေသည်။

ကျွန်ုပ်တို့သည် ရုပ်ကို လေ့လာကြမည် ဆိုလျှင် ယင်းရုပ်များကို ဖြစ်စေတတ်သော အကြောင်းတရားများကို ရှာဖွေကြရပေလိမ့်မည်။ ရုပ် ဖြစ်စေတတ်သော အကြောင်း တရားများမှာ ကံ၊ စိတ်၊ ဥတု၊ အာဟာရ ဟူသော အကြောင်းတရားကြီး ၄ –မျိုးကို တွေ့ရပေလိမ့်မည်။

ကံသည် စိတ်တမျိုးမျိုး၏ နောက်ဆက် ဖြစ်ပွားဖြစ်သော စေတနာ စေတသိတ်ကိုခေါ်သည်။ သို့ရာတွင် စေတနာတိုင်း ရုပ်ကို ဖြစ်စေသည်ကား မဟုတ်ချေ။

စိတ်ဟူသည် အကုသိုလ် ကုသိုလ်များကို ပြုလုပ်ရာ၌ ပါဝင်သော စေတနာတရားပင် ဖြစ်၏။ ယင်းစိတ်သည် သတ္တဝါ တဦး ပဋိသန္ဓေယူသော ခဏမှစ၍ ဖြစ်ပေါ်လာပေလိမ့်မည်။ ယင်းသို့ ဖြစ်စေရာ၌ ပဋိသန္ဓေယူဆဲ ကာလ၌ တကြိမ်တည်းသာ ဖြစ်သည် မဟုတ်ဘဲ နောက်ထပ် ဖြစ်ပေါ်လာသော စိတ်တို့၏ ဥပါဒ်၊ ဌီ၊ ဘင်၊ ခဏတိုင်း၌ ကမ္မဇရုပ်ကို အသစ်အသစ်များ ထပ်ကာတပ်ကာ ဖြစ်စေလေသည်။ ထို စေတနာကံကြောင့် ဖြစ်သော ရုပ်ကို ကမ္မဇရုပ်ဟု သတ်မှတ် ခေါ်ဝေါ်ကြလေသည်။

ကျွန်ုပ်တို့ ဤနေရာ၌ သတိပြုရမည့် အချက်များမှာ ရုပ်ကို ဖြစ်စေတတ်သော စိတ်အကြောင်းတို့ ဖြစ်ကြ၏။ စိတ်ကြောင့်ဖြစ်သော ရုပ်များကို စိတ္တဇရုပ်ဟုခေါ်၏။ သို့ဖြစ်ရာ၌ ကံတခုတည်း

က ရုပ်ပေါင်းများစွာကို ဖြစ်စေနိုင်သလို စိတ်တခုတည်းကလည်း ရုပ်ပေါင်းများစွာကို ဖြစ်စေနိုင်လေသည်။ သို့ရာတွင် စိတ်ဆိုသည်မှာ အလွန်တိုတောင်းသောကာလရှိရကား ဥပါဒ်ခဏ၌သာ အားကောင်းသောကြောင့် ဥပါဒ်ခဏ၌သာရုပ်ကို ဖြစ်စေနိုင်လေသည်။

အချို့သော စိတ်များသည် သွားခြင်း၊ ရပ်ခြင်း၊ ထိုင်ခြင်း အိပ်ခြင်းစသော သတ္တဝါတို့၏ ဣရိယာပုထ်ကို အထောက်အကူ ပြုကြကုန်၏။ အချို့သော စိတ်များသည် ဝိညတ် (ကိုယ်အမူအရာ ပြောင်းမှု ကာယဝိညတ်၊ နှုတ်အမူအရာပြောင်းမှု ဝစီဝိညတ်) များကို အထောက်အပံ့ ပြုကုန်ကြ၏။ အချို့သော စိတ်များသည် ပြုံးရယ်ခြင်းကို ဖြစ်စေနိုင်ကုန်၏။

ဥတုဟူသည် အချမ်းအပူဟူသော အငွေ့ သဘောတရားကြီးပင်တည်း။ အမှန်အားဖြင့် ရုပ်တို့၏ ကိုယ်သဘာဝမှာ ဌီခဏ၌ ပို၍ အားကောင်းကြကုန်၏။ သို့ဖြစ်ရာ ဥတုဟူသော အငွေ့ဓာတ် သဘာဝသည် ဌီခဏ၌ ရုပ်ကို ဖြစ်စေလေသည်။ ယင်းကိုပင် ဥတုဇရုပ်ဟုခေါ်ဝေါ်ကြလေသည်။ ဥတုဇရုပ်တို့သည် သတ္တဝါ သက်ရှိတို့၏ ခန္ဓာကိုယ်အတွင်း၌လည်း ဖြစ်ကြကုန်၏ ခန္ဓာကိုယ် သက်ရှိတို့၏ အပြင်ဖြစ်သော တောတောင်ရေမြေ စသည် အဝိညာဏက အားလုံး၌လည်း ဖြစ်ကြကုန်၏။ (မြန်မာတို့၏ နာရေးကြော်ငြာ၌ သေသူကို ဥတုဇရုပ်ကလာပ်ဟု ခေါ်ဝေါ် ကြော်ငြာကြရာ၌ယင်းသေသူတွင်ကမ္မဇ၊စိတ္တဇ၊အာဟာရများမရှိ တော့ဘဲ ဥတုဟူသော အငွေ့ဓာတ်သာကျန်သောကြောင့် ဥတုဇ ရုပ်ဟု ခေါ်ဝေါ်ကြခြင်း ဖြစ်လေသည်။)

ဆိုလိုသည်မှာ အသက်မရှိသော အရာဝတ္ထုအားလုံးတို့၌၊ကံ၊ စိတ်၊ အာဟာရများ၊ သို့မဟုတ် ကံ၊ စိတ်များသို့မဟုတ် ယင်းသုံးမျိုး ချို့ယွင်းနေသောကြောင့် ဥတုသာ အစဉ်အမြဲရှိနေရကား ဥတုဇရုပ်ဟုခေါ်လေသည်။ တောတောင် ရေမြေတို့နှင့်တကွ သတ္တဝါအသေကောင်များ ပါဝင်ကြောင်း တွေ့ရပေမည်။

အာဟာရဆိုသည်မှာ သတ္တဝါတဦးအတွက် မိမိ ခန္ဓာကိုယ်၌ ရှိနေပြီးသော ဓာတ်များကို ပိုမို အကျိုးပြုနိုင်ရန် အဆီ၊ အစေး၊ အသား၊ အရေစသည်များ ပါဝင်သော ရုပ်ဝတ္ထုစားဘွယ်၊ သောက်ဘွယ်၊ လျက်ဘွယ်ရာများကို ခေါ်ဝေါ်ခြင်းမျိုးဖြစ်လေသည်။ သတ္တဝါတမျိုးအတွက် ရှိရင်းဓာတ်ကို အထောက်အကူပြုနိုင်စေသော ရုပ်ဝတ္ထု ပစ္စည်းများပင်တည်း။ ရှိရင်းခန္ဓာကိုယ် (ရုပ်ဝတ္ထု) ဆက်လက် တည်တန့်ရန်လိုအပ်သော အစားများပင်တည်း။

ကျွန်ုပ်တို့သည် မိမိခန္ဓာကိုယ် ပိုမို ထွားကြိုင်းရန် သို့မဟုတ် ဆက်လက်ရပ်တည်နိုင်ရန်အစာအာဟာရများဖြင့် ဖြည့်တင်းကြရ၏။ ယင်းသို့ ဖြည့်တင်းကြရာ၌ မိမိတို့ စားသောက်လိုက်သော အစားအစာများသည် ယင်း အစားအစာများ၌ ပါဝင်သော ဩဇာဓာတ်နှင့်အတူ ဥပါဒ်၊ ဌီ ဘင်အားဖြင့် ဖြစ်ပျက်သွားကြလေသည်။ ဥပါဒ်ပြီးနောက် ဌီခဏသို့ရောက်သောအခါ ဩဇာဟုခေါ်သော အာဟာရရုပ်များသည် နောက်ထပ် ရုပ်သစ်တမျိုးကို ဖြစ်ပွားစေလေသည်။ ယင်းရုပ်ကိုပင် ကျွန်ုပ်တို့က အာဟာဇရုပ်ဟု ခေါ်ကြလေသည်။

သတ္တဝါ တဦးဦး ရပ်တည်ရန်အတွက်၊ ကံ၊ စိတ်၊ ဥတု၊ အာဟာရ၊ အကြောင်းတရား ၄-မျိုး ညီမျှစွာ အထောက်အပံ့ ဖြစ်နေစေရမည်။ သို့မှသာ သတ္တဝါတဦးသည် ကာလ အပိုင်း အခြားထိရပ်တည်နိုင်ပေမည်။ အကယ်၍အကြောင်းခံတမျိုးမျိုး ချို့ယွင်းခဲ့ပါက ယင်းသတ္တဝါသည် ဆက်လက် ရပ်တည်နေနိုင် လိမ့်မည် မဟုတ်ချေ။

ကံနှင့်စိတ်ကို ကျွန်ုပ်တို့ လေ့လာခဲ့ရာ၌ ကုသိုလ်၊ အကုသိုလ် စေတနာကံဟု နားလည်ခဲ့ကြ၏။ ဖေါ်ပြထားသော ကုသိုလ် အကုသိုလ် စေတနာကံသည် ပစ္စုပ္ပန် အကျိုးတရားများ မဟုတ် ကြဘဲ အတိတ် စေတနာကံများဖြစ်ကြောင်း၊ သတိပြုကြရပေ လိမ့်မည်၊ ဖြစ်စေခြင်း၊ အထောက်အပံ့ဖြစ်ခြင်း၊ နှိပ်စက်ခြင်း၊ သတ်ဖြတ်ခြင်းများတို့သည် ကမ္မတို့၏ လုပ်ငန်းကိစ္စကြီးပေတည်း။ ဝိပါက်အကျိုးနာမ်တရားများ ကမ္မဇရုပ်၊ကံအခြေခံရှိသော ဥတုဇ ရုပ်တို့ကို ကျွန်ုပ်တို့က အကျိုး ဝိပါက်တရားဟု နားလည်ထားကြ ပေသည်။

သက်ရှိသတ္တဝါတဦး၌ ရုပ်နှင့်နာမ် အစဉ်မပြတ် တွဲစပ်နေ သမျှ ကာလပတ်လုံး သက်ရှိသတ္တဝါဟု ကျွန်ုပ်တို့က သတ်မှတ် ထားကြလေရာ၊ ဗုဒ္ဓဝါဒ ထေရဝါဒ ရဟန်းများက သတ္တဝါ တဦး၌ ရုပ်နာမ်များ ဆက်စပ်မှုရှိနေသည်ဟု ယူဆထားကြ လေသည်။

ရုပ်သည် ရုပ်ကိုအထောက်အကူပြုသည်။ နာမ်သည် ရုပ်ကို အထောက်အကူပြုသည်။ ရုပ်သည် နာမ်ကို အထောက်အကူပြု သည်။ နာမ်သည် နာမ်ကို အထောက်အကူပြုသည်ဟု ထေရဝါဒ

ဗုဒ္ဓဝါဒီများက ခံယူထားကြသည်။ သတ္တလောကကို သော်လည်းကောင်း၊ သင်္ခါရလောကကိုသော်လည်းကောင်း၊ ရုပ်နာမ်များက မျှတစွာပူးပေါင်းနေခြင်းဖြင့် အစဉ်အမြဲ ရပ်တည်မှုသဘောကိုဆောင်နေသည်ဟု နားလည်ထားကြလေသည်။

ရုပ်တရားကိုလေ့လာရာ၌ ရုပ်ဆိုသည်မှာ ဖောက်ပြန်တတ်သော သဘောသတ္တိသာရှိသည်။ ယင်းရုပ်တို့သည် ဓါတ် ၄ ပါး အစုသာဖြစ်သည်။ ဓါတ် ၄ ပါးနှင့် အဆင်း၊ အနံ့၊ အရသာ၊ အဆီ၊ အစေးများ ပူးပေါင်းခြင်းဖြင့် ကလာပ်စည်းတခု ဖြစ်လာသည်။ ကလာပ်စည်းတခု၌ရုပ်များပါဝင်ပြီး ယင်းသည်သဘောသတ္တိမျှသာ ရှိသေးသော ဒြပ်စင်ရုပ်ဝတ္ထုတခု ဖြစ်လာသည်။ ဒြပ်စင်ပေါင်းများစွာ(ကလာပ်စည်းပေါင်း)များစွာ ဖွဲ့စည်းခြင်းဖြင့် သဘောသတ္တိမျှသာရှိသောရုပ်သည် အစိုင်အခဲ ဒြပ်စုအဖြစ်သို့ ပြောင်းရွှေ့လာသည်။ ရုပ်ဒြပ်စင်များသည် အမြဲဖောက်ပြန်ပျက်စီးနေပြီး အသစ်ဒြပ်စင်များ အမြဲ နေရာ ယူနေသည်။ သို့ဖြင့် သတ္တဝါ၊ တော၊ တောင်စသော နာမပညတ်များ ဖြစ်ပေါ်လာသည်။ သတ္တဝါ၊ တော၊ တောင်စသော အရုပ်များ၌ သက်ရှိသတ္တဝါများသည် ကံ၊ စိတ်၊ ဥတု၊ အာဟာရ အခြေခံ၍ ကာလအပိုင်းအခြားထိ ရပ်တည်နေကြသည်။ သက်မဲ့များသည် ဥတုဇရုပ်ကို အခြေခံ၍ ရပ်တည်နေကြသည်ဟူ၍ ရုပ်နှင့်ပတ်သက်ပြီး သုံးသပ်ကြရပေမည်။

ရုပ်ပိုင်းအခြေခံတရားများ၊ စိတ်ပိုင်းအခြေခံ တရားများကို လေ့လာပြီး သတ္တဝါတဦး သေလွန်ပုံ၊ စတင် ဖြစ်ပွားပုံများကို လေ့လာကြရပေမည်။ ကိုယ်ထင်ရှားဖြစ်သော ကမ္ဘာဦးသတ္တဝါ

များ၊ နတ်ပြိတ္တာနှင့် ငရဲသားများတို့သည်လည်းကောင်း၊ အညီ အဟောက်၌ ဖြစ်သော ပိုးလောက် သတ္တဝါများသည် လည်း ကောင်း၊ ကမ္မသတ္တိကိုအခြေခံ၍ ဖြစ်ပွားသော သတ္တဝါများဖြစ် ကြရာ ယင်းတို့ကို ကျွန်ုပ်တို့ အထူး လေ့လာစရာ မလိုချေ။ ဥဒ္ဒေါင်း သတ္တဝါနှင့် သားအိမ်အောင်း သတ္တဝါများ အကြောင်းကိုသာ ဤ၌ လေ့လာကြရပေမည်။

ဥဒ္ဒေါင်း သတ္တဝါနှင့် သားအိမ်အောင်း သတ္တဝါများ သည်ကမ္မသတ္တိဗီဇသတ္တိများနှင့်ဆက်စပ်နေကြသဖြင့်ယင်းသတ္တဝါ တဦးသည် ရုပ်နာမ်များတွဲစပ်လျက် အသက်ရှင်နေသူများ ဖြစ်ကြ ရကား၊ ရုပ်သည် သတ္တဝါတဦး၌ မည်သည့်အချိန်မှစ၍ ဖြစ် သည်။ နာမ်သည် မည်သည့်အချိန်မှစ၍ ဖြစ်သည်ဟု ရုပ်ကို လေ့လာခဲ့ရာ၌ ကျွန်ုပ်တို့ နားလည်ခဲ့ကြပြီးဖြစ်၏။ ရုပ်နာမ် သင်္ခါရဖြစ်သည်ဆိုသောအချက်၊ အကြောင်းကရုဏ်း အခြေခံ၍ အကျိုးတရားဖြစ်သည်ဆိုသောအချက်၊ ရုပ်နာမ်တို့သည် ဖြစ်ပြီး ပျက်နေသည်ဆိုသော အချက်စသည်တို့ကိုလည်း ကျွန်ုပ်တို့လေ့ လာခဲ့ပြီးဖြစ်သည်။ ဤ၌ ကျွန်ုပ်တို့ အနုစိပ်လေ့လာရမည်မှာ ဗုဒ္ဓဝါဒအရ သတ္တဝါသည် သေလွန်ပြီးနောက် မည်သို့ဖြစ်သည် ဆိုသောအချက်ပင် ဖြစ်ပေသည်။

အတီတဘဝင်-အတိတ်မှပါလာသောစိတ်။

ဘဝင်စလန-ဘဝင်လှုပ်ရှားခြင်း။

ဘဝင်္ဂုပစ္ဆေဒ-အတိတ်ဘဝပြတ်စဲခြင်း။

မနောဒွါရ-ဘဝင်စိတ်ဖြစ်ခြင်း။

ဇော-အာရုံ၌ခံစားခြင်း။

တဒါရုံ-အာရုံ၌ မွေ့လျော်စွာ ဆက်လက်ခံစားခြင်း။
စုတိ-သေခြင်း၊ ဘဝင်စိတ်ရပ်သွားခြင်း၊ ချုပ်သွားခြင်း။
ပဋိသန္ဓေ-အသစ်တဖန် ဖြစ်ပေါ်လာခြင်း။
ဘဝင်-ဆက်လက်အားပြုခြင်း၊ (ယင်းဘဝင်စိတ်သည် ၁၅ ကြိမ်၊ ၁၆ ကြိမ်ဖြစ်သည်)။

| ဘဝဟောင်း | | | | | | | | | | | | | | ဘဝသစ် | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| တိ | န | ဒ'' | မ | ဇ | ဇ | ဇ | ဇ | ဇ | ဇ | ဇ | ရုံ | ရုံ | စု | ဓန္ဓ | ဘုင် |
| ○○○ | ○○○ | ○○○ | ○○○ | ○○○ | ○○○ | ○○○ | ○○○ | ○○○ | ○○○ | ○○○ | ○○○ | ○○○ | ○○○ | ○○○ | ○○○ |

သတ္တဝါတဦးသည် သေခါနီးကာလသို့ ရောက်နေပြီ ဆိုကြပါစို့။ ယင်းသတ္တဝါတဦး၏ နောက်ဆုံး စိတ်ဖြစ်စဉ်များကို ထေရဝါဒီများက အထက်ပါအတိုင်း လက်ခံထားကြလေသည်။

သတ္တဝါတဦး သေခါနီးကာလ တိုတောင်းသော အချိန်သမယ၌ ရှေ့မှုအာရုံများကို သိမ်းဆည်းပြီး သို့မဟုတ် အတိတ်ဘဝင်စိတ်များ ဖြစ်ပွားမှုရပ်သိမ်းပြီး မနောဒွါရစိတ် ဖြစ်လေသည်။ ဆိုလိုသည်မှာ သေခါနီးသတ္တဝါသည် အကြားအမြင် စသည် ဒွါရငါးမျိုးမှ ဖြစ်ပွားသော စိတ်များ မရှိတော့ဘဲ ယင်းသို့ဖြစ်ပွားတတ်သော စိတ်များ ချုပ်ငြိမ်းသွားလေပြီ၊ ထို့ကြောင့် အတိတ်ဘဝင်စိတ်ဖြစ်ခြင်း၊ လှုပ်ရှားခြင်း၊ ပြတ်ခြင်းများဖြစ်ပြီး မနောဒွါရစိတ်ဖြစ်၏။(ဆိုလိုသည်မှာ တိ-ဒ-န တို့သည်သေခါနီးကာလသို့ မရောက်မီကဖြစ်ခဲ့သော စိတ်များ တဖြည်းဖြည်း ချုပ်ငြိမ်းပုံသာဖြစ်၍ မနောဒွါရစိတ်သာ သေခါနီး ပုဂ္ဂိုလ်၏ ဓစ္စုပ္ပန်စိတ် ဖြစ်လေသည်)။

မနောဒွါရ စိတ်ဖြစ်ပြီးနောက် ဇော(၇)ကြိမ် ကျ၏။ ဇောစိတ်များ ငြိမ်းကျသော် တဒါရုံ နှစ်ကြိမ် ဖြစ်၏။ ထို့နောက် သတ္တဝါသည် စုတိ၏။

စုတိပြီးနောက် ပဋိသန္ဓေ ယူ၏။ ထို့နောက် ဘဝင်စိတ် ၁၅ ကြိမ် သို့မဟုတ် ၁၆ကြိမ် ဖြစ်၏။

မနောဒွါရစိတ်၌ ဥပါဒ် ဌီ ဘင် ဖြစ်ပြီး ဇော (၇) ကြိမ်၊ သို့မဟုတ် ဖြစ်တည်ပျက် ၂၁ကြိမ်၊ တဒါရုံ ၂ကြိမ် သို့မဟုတ်ဖြစ်တည် ပျက် (၆)ကြိမ်၊ စုတိ သို့မဟုတ် ဖြစ် တည် ပျက် ၃ ကြိမ်၊ ယင်းပြီး ပဋိသန္ဓေ သို့မဟုတ် ဖြစ် တည် ပျက် ၃ကြိမ်ဟူ၍ နားလည်ရပေမည်။ စုတိစိတ်တခု၌ ဖြစ် တည် ပျက် ပြီးနောက် ပဋိသန္ဓေစိတ် ဖြစ်ရကား ယင်း ပဋိသန္ဓေ စိတ်၌လည်း ဖြစ်တည်ပျက် ၃မျိုးကို တွေ့ရပေလိမ့်မည်။ သို့ဖြစ်ရာ စုတိနှင့် ပဋိသန္ဓေကို

ဤသို့ လှော့လာသင့် ပေသည်။ (စုတိ၊ ပဋိသန္ဓေ = ဖြစ်၊ တည်၊ ပျက်၊ ဖြစ်၊ တည်၊ ပျက်၊ ၀၀၀ ၀၀၀)

ဆိုလိုသည်မှာ စုတိ ပျက်ပြီးသည်နှင့် တပြိုင်နက် ပဋိသန္ဓေ စိတ် ဖြစ်သည်။ စုတိနှင့် ပဋိသန္ဓေစိတ်များ အကြားမရှိ။ (ပဋိသန္ဓေ-ပြန်လည် ဆက်စပ်မှုရှိသည်)ဟု ဆိုလိုရင်း ဖြစ်လေသည်။

သတ္တဝါတဦးအတွက် သာမန်ကာလများ၌ ရုပ် နာမ် တရားများသည် အမြဲမပြတ် ဒလစပ် (ဖြစ် တည် ပျက်၊ ဖြစ် တည် ပျက်)ဟူ၍ ဖြစ်ပွားနေကြသည်ဟု နားလည်ထားကြလျှင် သေခါနီး ကာလနှင့် သေလွန်ပြီး ကာလ၌လည်း (ဖြစ် တည် ပျက်၊ ဖြစ် တည် ပျက်)ဟူသော ကာလကို တွေ့ရမည် ဖြစ်ရကား သာမန်ကာလနှင့် သေခါနီး ကာလများ အထူး ခြားနားခြင်း မရှိလှချေ။ သတ္တဝါသည် မိနစ်မလပ် (ဖြစ်ပြီး ပျက်နေခြင်း) နှင့် သေခါနီး၌လည်း ဖြစ်ပြီး ပျက်ခြင်းသာ ဖြစ်သည်။ ဤမှာ ဘက် ဘဝဟုခေါ်သော စုတိစိတ်နှင့် ဟိုမှာဘက် ဘဝခေါ် သော ပဋိသန္ဓေ စိတ်များသည်လည်း သာမန်ကာလ စိတ် ဖြစ် စဉ်များနှင့် ခြားနားမှု မရှိဘဲ သဘာဝအားဖြင့် တူညီ နေလေ သည်။

သို့ဖြစ်ရာ ထေရဝါဒီများက သတ္တဝါသည် အမြဲ ဖြစ်တည် ပျက်နေခြင်း သို့မဟုတ်၊ ဖြစ်ပြီး ပျက်နေခြင်း ရုပ်နာမ်ဓမ္မသာ ဖြစ်သည်။ သတ္တဝါသည် သေခြင်းလည်း မရှိ၊ မသေခြင်းလည်း မရှိဘဲ ရုပ်နာမ်ဖြစ်ပျက်သာ ရှိသည်ဟု ယူဆ ကြလေသည်။ အကယ်၍ သတ္တဝါသည် ရုပ်နာမ်ဓမ္မ၌ အမှန်တကယ် ဖြစ်ပျက် တရားကို မသုံးသပ် မပွားများ မမြင်ဘဲ ရှိအံ့၊ ထိုသို့ မမြင်လေ

သောကြောင့် သတ္တဝါ၏စိတ်သည် ဖြစ်ပျက် အဆက်မပြတ် စေရန် အားထုတ် နေပေလိမ့်မည်။

သတ္တဝါတို့၏ သံသရာကို ပဋိစ္စသမုပ္ပါဒ်ဖြင့် ဗုဒ္ဓက သုံးသပ်ထား၏။ သို့ဖြစ်ရာ ပဋိစ္စသမုပ္ပါဒ်ကို အပြည့်အစုံ ဖော်ပြထားသော နိဒါန်း ဝဂ္ဂသံယုတ်မှ သုတ္တန်အချို့ကို ကြံ၍ ဖော်ပြရပေမည်။

"ရဟန်းတို့—မသိမှု အဝိဇ္ဇာ အပိတ်ပင်ခံရသော တပ်မက်မှု တဏှာနှင့်ယှဉ်သော သူမိုက်အား ဤသို့ ဤကိုယ်သည် ဖြစ်ပေါ်လာ၏။ ဤသို့လျှင် ဤကိုယ်ရှင်း၊ အပသန္တာန်၌ နာမ်ရုပ်ရှင်း၊ ဤသို့အားဖြင့် နှစ်ပါးစုံသည် ဖြစ်၏။ နှစ်ပါးစုံကိုရှင်း၊ အာယတန ခြောက်ပါးကိုရှင်း၊ စွဲ၍ တွေ့ထိမှု ဖဿဖြစ်၏"

(ဗာလပဏ္ဍိတသုတ်)

တဏှာသည်ဖြစ်သည်ရှိသော်အဘယ်၌ဖြစ်သနည်း။တည်သည်ရှိသော် အဘယ်၌ တည်သနည်းဟု အတွင်း၌ သုံးသပ်ခြင်းကို သုံးသပ်၏။ သုံးသပ်သော ထိုရဟန်းသည် လောက၌ ချစ်အပ်သာယာအပ်သော သဘောသည် ရ၏။ ဤတဏှာသည် ဖြစ်သည်ရှိသော် ဤချစ်အပ် သာယာအပ်သော သဘော၌ ဖြစ်၏။ တည်သည်ရှိသော် ဤချစ်အပ် သာယာအပ်သော သဘော၌တည်၏။ ဤလောက၌ ချစ်အပ်သာယာအပ်သော သဘောသည် အဘယ်နည်း။ လောက၌ မျက်စိ နား နှာ လျှာ ကိုယ်စိတ်များသည် ချစ်အပ် သာယာအပ်သော သဘောတည်း" (သမ္မသသုတ်)

"ထိုအခါ ကာမဂုဏ် ငါးပါးတို့ဖြင့် ကုံလုံပြည့်စုံသည်ဖြစ်၍ မွေ့လျော်ကုန်သော ပသေနဒီ အမူးရှိသော ငါးယောက်ကုန်

သော မင်းတို့အား“ကာမဂုဏ်တို့တွင်အဘယ်သည်မြတ်သနည်း” ဟူသော အကြားစကားသည် ထင်ရှားဖြစ်၏။ ထိုမင်း တို့တွင် အချို့သောမင်းတို့သည်“ကာမဂုဏ်တို့တွင် ရူပါရုံသည်မြတ်၏” ဟု ဆိုကုန်၏။ အချို့သော မင်းတို့သည် “ကာမဂုဏ်တို့တွင်သဒ္ဒါရုံသည် မြတ်၏”ဟု ဆိုကုန်၏။ အချို့သော မင်းတို့သည်“ကာမဂုဏ်တို့တွင် ဂန္ဓာရုံသည် မြတ်၏”ဟု ဆိုကုန်၏။ အချို့သော မင်းတို့သည်“ကာမဂုဏ်တို့တွင် ရသာရုံသည် မြတ်၏”ဟု ဆိုကုန်၏။ အချို့သော မင်းတို့သည် “ကာမဂုဏ်တို့တွင် ဖောဋ္ဌဗ္ဗာရုံသည် မြတ်၏”ဟု ဆိုကုန်၏။ ထိုမင်းတို့သည် အချင်းချင်းသိ`စ ခြင်းငှာ မတတ်နိုင်ကုန်။

ယင်းပြဿနာကို ဗုဒ္ဓထံ လျှောက်ထားလေရာ ဗုဒ္ဓက “မင်းကြီး၊ ကာမဂုဏ်ငါးပါးတို့၌ နှစ်သက်ခြင်းလျှင် အထွတ်အထိပ်ရှိသော ကာမဂုဏ်ကို စင်စစ် မြတ်၏ဟု ငါဘုရား ဟောတော်မူ၏။ ထိုရူပါရုံတို့သည်ပင် အချို့သောသူတို့အား နှစ်သက်ဘွယ်ဖြစ်ကုန်၏။ အချို့သောသူတို့အား နှစ်သက်ဘွယ် မဖြစ်ကုန်၊ .အကြင်သူသည် အကြင်ရူပါရုံတို့ဖြင့် နှစ်သက်၏။ ပြည့်စုံသော အကြောင်းကို ရ၏။ ထိုသူသည် ထိုရူပါရုံမှ တပါးသော အထူးသဖြင့် လွန်သည်လည်းဖြစ်သော၊ အထူးသဖြင့် မြတ်သည်လည်း ဖြစ်သော ရူပါရုံကို မတောင့်တ၊ ထိုသူအား ထိုရူပါရုံတို့သည် အတုမရှိကုန်။ (ကောသလသံယုတ်ပဥ္စရာဇသုတ်)

(မှတ်ချက်။ ။ကိုယ်နှစ်သက်ရာသည် အကောင်းဆုံးဟု ဆိုလိုသည်။-စာရေးသူ)

"ရဟန်းတို့၊ ထိုငါအား ဤသို့သော အကြံသည် ဖြစ်ပြန်၏။ အဘယ်တရားရှိသော ပဋိသန္ဓေ နေမှုသည် ဖြစ်သနည်း။ သဝသစ် ဖြစ်သနည်း။ ဥပါဒါန် ဖြစ်သနည်း။တဏှာဖြစ်သနည်း။ ဝေဒနာ ဖြစ်သနည်း။ သဠာယတန ဖြစ်သနည်း။ နာမ်ရုပ် ဖြစ်သနည်း။ အဘယ်အကြောင်းခံကြောင့် နာမ်ရုပ်ဖြစ်သနည်းဟု အကြံဖြစ်ပြန်၏။ ရဟန်းတို့၊ ထိုငါအား သင့်လျော်သော အားဖြင့် နှလုံးသွင်းခြင်းကြောင့် ဝိညာဏ်ရှိသော် နာမ်ရုပ်ဖြစ်၏။ ဝိညာဏ်အကြောင်းခံကြောင့်၊ နာမ်ရုပ်သည် ဖြစ်၏ဟု ပညာဖြင့် ထိုးထွင်း၍ သိခြင်းသည် ဖြစ်၏။

"ရဟန်းတို့၊ ထိုငါအား အဘယ်တရားရှိသော် ဝိညာဏ် ဖြစ်သနည်း၊ အဘယ် အကြောင်းခံကြောင့် ဝိညာဏ် ဖြစ်သနည်းဟု အကြံဖြစ်ပြန်၏။ ရဟန်းတို့၊ ငါတို့အား သင့်လျော်သော အားဖြင့် နှလုံးသွင်းခြင်းကြောင့် နာမ်ရုပ်ရှိသော် ဝိညာဏ်ဖြစ်၏။ နာမ်ရုပ် အကြောင်းခံကြောင့် ဝိညာဏ်ဖြစ်၏ဟု ပညာဖြင့် ထိုးထွင်း၍ သိခြင်းသည် ဖြစ်၏။

"ရဟန်းတို့၊ ထိုငါအား ဤသို့သော အကြံသည် ဖြစ်၏။ ဤ ဝိညာဏ်သည် တဖန် နစ်ခဲ့၏။ နာမ်ရုပ်မှ တပါးသို့မရောက်၊ ဤမျှလောက်ဖြင့် ပဋိသန္ဓေလည်း နေရ၏။ အိုလည်းအိုရ၏။ သေလည်း သေရ၏။ စုတိလည်း စုတိရ၏၊ တဖန် ပဋိသန္ဓေနေခြင်းလည်း ဖြစ်ရ၏။ နာမ်ရုပ် အကြောင်းခံကြောင့် ဝိညာဏ်ဖြစ်၏။ ဝိညာဏ် အကြောင်းခံကြောင့် နာမ်ရုပ်ဖြစ်၏။ (နဂရသုတ်)

'ဤအကြောင်းတရားရှိသော် အကျိုးတရား ဖြစ်၏။ ဤအကြောင်းတရား၏ ဖြစ်ခြင်းကြောင့် ဤအကျိုးတရား ဖြစ်၏။
(အရိယသာဝကသုတ်)

ပုဏ္ဏား။ ။အရှင်ဂေါတမ အသို့နည်း။ ထိုသူသည် ပြုလုပ်၏။ ထိုပြုလုပ်သူသည် ခံစားအပ်၏ဟု ဆိုသည်မှာ မှန်သလော။

ဗုဒ္ဓ။ ။ပုဏ္ဏား၊ ထိုသူသည် ပြုလုပ်၏၊ ထိုပြုလုပ်သူသည် ခံစားအပ်၏ဟူသော ဤအယူအဆသည် တခုသော အစွန်း တည်း။

ပုဏ္ဏား။ ။အရှင်ဂေါတမ၊ တပါးသောသူသည် ပြုလုပ်၏။ ပြုလုပ်သူမှ တပါးသောသူသည် ခံစားရသလော။

ဗုဒ္ဓ။ ။ပုဏ္ဏား၊ တပါးသောသူသည် ပြုလုပ်၏။ ပြုလုပ်သူမှ တပါးသောသူသည် ခံစား၏ဟူသော ဤအယူသည် ဒုတိယ အစွန်းတည်း။ ပုဏ္ဏား၊ ထိုနှစ်ပါးသော အစွန်းကို မကပ်မူ၍ အလယ်အလတ်ဖြင့် မြတ်စွာဘုရားသည် တရားတို့ကို ဟော၏။ အဝိဇ္ဇာ အကြောင်းခံကြောင့် သင်္ခါရတို့ ဖြစ်ကုန်၏။
(အညတြဗြာဟ္မဏသုတ်)

ပုဏ္ဏား။ ။အရှင်ဂေါတမ၊ အသို့နည်း။ အလုံးစုံသည် ရှိပါသလား။

ဗုဒ္ဓ။ ။ပုဏ္ဏား၊ အလုံးစုံရှိသည်ရှိ၏ ဟူသော အယူသည် တခုသော အစွန်းတည်း။

ပုဏ္ဏား။ ။အရှင်ဂေါတမ၊ အလုံးစုံသည် မရှိပါသလား။

ဗုဒ္ဓ။ ။ပုဏ္ဏား၊ အလုံးစုံသည် မရှိဟူသော အယူသည် ဒုတိယအစွန်းတည်း။ ထိုနှစ်ပါးသော အစွန်းကို မကပ်မူ၍ မြတ်

ဗုဒ္ဓဘုရားသည် ဟောတော်မူ၏။ မသိမှု အဝိဇ္ဇာအကြောင်းခံ ကြောင့် ပုပြင်မှု သင်္ခါရတို့ ဖြစ်ကုန်၏။ (ဇာဏိသောဏသုတ်)

ရဟန်းတို့- လောကဖြစ်ခြင်းဟူသည် အဘယ်နည်း၊ မျက်စိ ကိုငြင်း၊ အဆင်းကိုငြင်း စွဲ၍ မျက်စိဥ္စိမ္မိသော သိမှု စက္ခုဝိညာဏ် ဖြစ်၏၊ သုံးပါးတို့၏ ပေါင်းဆုံမိခြင်းကြောင့် ဖဿ ဖြစ်၏၊ ဖဿ အကြောင်းခံကြောင့် ဝေဒနာ ဖြစ်၏၊ ဝေဒနာ အကြောင်းခံ ကြောင့် တဏှာဖြစ်၏၊ တဏှာ အကြောင်းခံကြောင့် ဥပါဒါန် ဖြစ်၏၊ ဥပါဒါန် အကြောင်းခံကြောင့် ဘဝဖြစ်၏၊ ဘဝ အကြောင်းခံကြောင့် ဇာတိဖြစ်၏၊ ဇာတိ အကြောင်းခံကြောင့် အိုခြင်း၊ နာခြင်း၊ သေခြင်း၊ စိုးရိမ်ခြင်း၊ငိုကြွေးခြင်း၊ဆင်းရဲခြင်း၊ နှလုံးမသာဖြစ်ခြင်း၊ ပြင်းစွာပူပန်ခြင်းတို့ဖြစ်ကြကုန်၏။ ရဟန်းတို့ ဤသည်ကား လောကဖြစ်ခြင်းတည်း။ (လောကသုတ်)

ကျွန်ုပ်တို့သည် သတ္တဝါနှင့် သံသရာအကြောင်းကို ပြည့်ပြည့် စုံစုံ လေ့လာခဲ့ကြပြီး ဖြစ်၏။ ဗုဒ္ဓသည် ၃၁ ဘုံဟူသော ဘုံဘဝ ပြဿနာကို ဘာ့ကြောင့် မဖြေရှင်းခဲ့သည်ကိုလည်း နားလည်နိုင် ကြပြီဖြစ်၏။ ၃၁ ဘုံဟူသော ဝေါဟာရကို ဗုဒ္ဓနှင့်ဗုဒ္ဓတပည့် အဘိဓမ္မာ ပညာရှင်များ အဘယ့်ကြောင့် လက်ခံသည်ကိုလည်း တီးမိခေါက်မိနိုင်ကြပြီး ဖြစ်၏။ အမှန်စင်စစ်အားဖြင့် ဗုဒ္ဓအလို အားဖြင့် သတ္တဝါဟူသမျှသည် သတ္တဝါဟူ၍ပင် မရှိဘဲ ဖြစ်ပျက် တရားစုများဟူ၍သာ ခေါ်ဝေါ်ရသော နာမ်ရုပ်အစု ဖြစ်၏။ နာမ်နှင့် ရုပ်သည်ပင် နာမပညတ်အားဖြင့် အခေါ်အဝေါ်များ ဖြစ်၏။

သို့ရာတွင် သတ္တ လောကသားများက အမည်နာမတပ်၍ ခွေး၊ ကြောင်၊ ကြက်၊ ငှက်၊ လူ၊ ယောကျ်ား၊ မိန်းမဟူ၍ ခေါ်ဝေါ်ရာမှ ၃၁ ဘုံဟူသော ဝေါဟာရသည် ဖြစ်ပေါ်လာခြင်းဖြစ်၏။ လူအများခေါ်ဝေါ်သော အမည်နာမကို ဗုဒ္ဓသည် သမုတ်ထားသော အမှန်တရား (သမုတိသစ္စာ) အနေဖြင့် မကန့်ကွက်ခဲ့ချေ။ နတ်ပြဟ္မာနှင့် ငရဲလောကဟူ၍ ရှိနိုင်၊ မရှိနိုင် ဟူသော ပြဿနာနှင့် ပတ်သက်၍မူ ပိဋကတ် ကျမ်းစာများအရ ရှိသည်ဟူ၍သာမင် ဆုံးဖြတ်ရမည် ဖြစ်၏။

သို့ရာတွင် ယင်းအဆုံးအဖြတ်သည် ဗုဒ္ဓခေတ် ဗြဟ္မဏဆရာများ၊ တခြားဂိုဏ်းအသီးသီးမှ ယူဆချက်များ၊ ထိုခေတ်လူ ခပ်သိမ်းက လက်ခံထားမှုများကို မကန့်ကွက်လိုသဖြင့် လက်ခံခြင်းလော၊ ဗုဒ္ဓကိုယ်တိုင်က လက်ခံခြင်းလော ဆိုသည်ကိုမူ နားလည်ရန် ခဲယဉ်းလေသည်။ မည်သို့ဖြစ်စေ ကျွန်ုပ်တို့သည် သတ္တဝါတဦး သံသရာလည်သည်ဟူသော အချက်၊ တဘဝမှ တဘဝသို့ ကူးနေသည်။ သို့မဟုတ် ဘဝဟူသည်မှာ ကူးနေခြင်း မျိုးမဟုတ်ဘဲ ဖြစ်ပြီးပျက်နေသော အစဉ်အတန်းကြီးသာ ဖြစ်သည်ဟူသော အချက်ကိုမူကား သဘောပေါက်ကြပြီး ဖြစ်ပေသည်။

ဘာသာရေး ခေါင်းဆောင်များ၊ တွေးခေါ်မြော်မြင်ရေး အဘိဓမ္မာ ပညာရှင်များ၊ သိပ္ပံပညာရှင်များ၊ သတ္တဗေဒ ပညာရှင်များ၊ ယနေ့တိုင်ဖြေရှင်း၍ မရနိုင်သေးသော ပြဿနာမှာ သတ္တဝါသည် သေပြီးနောက် နောက်ထပ် ဖြစ်သေးသလား၊ ပျောက်သွားသလားဆိုသော ပြဿနာ ဖြစ်လေသည်။ ဘာသာ

အယူဝါဒချင်း၊ တွေးခေါ်မှုခြင်း မတူကြသလို၊ ယင်းပြဿနာ၌လည်း တဘာသာနှင့်တဘာသာ၊ တဦးနှင့်တဦးမတူညီကြချေ။ ရှေးဟောင်း အယူအဆ အမြင်ရှိသူများ၊ ဘာသာရေးရှေးဟောင်းအယူအဆရှိသူများတို့က ၃၁-ဘုံဟူသော အယူအဆ၊ သို့မဟုတ် သတ္တဝါများကျင်လည်နေသည်ဟူသော အယူအဆများကို မျက်မှောက်အကြောင်းပြချက် များစွာတို့ဖြင့် အခိုင်အမာ လက်ခံထားကြလေသည်။

အရှိကို အရှိအတိုင်းသာ မြင်ရမည်ဟူသော ခေတ်ဝါဒကို လက်ကိုင်ထားကြသော သိပ္ပံပညာရှင်များ၊ တွေးခေါ်မြော်မြင်ရေး သမားများကမူ၊ သိပ္ပံပညာကို အခြေခံ၍ ယနေ့တိုင် ၃၁-ဘုံကို ရှာမတွေ့သေးဟူသော အကြောင်းပြချက်များဖြင့် လက်ခံခြင်း မပြုလိုကြချေ။

ယနေ့ ကမ္ဘာ၌ ရှုပ်ထွေးနေသော ပန်းကန်ပြားပျံ ပြဿနာများ ဝိဉာဉ်လောက ပြဿနာများ၊ တခြား ဂြိုဟ်ဘခုခု၌ သက်ရှိ သတ္တဝါ ရှိ၊ မရှိ ဆိုသော ပြဿနာများ၊ စုန်း နတ် ပယောဂ ပြဿနာများသည် ၃၁-ဘုံ ဝါဒ၏ အုတ်မြစ်ကြီးများပင် ဖြစ်ကြကုန်၏။ အချို့က အခြေခံကျစွာ ရှင်းမပြနိုင်သော်လည်း မျက်မြင်သက်သေများအဖြစ် နတ်ပူးခြင်း၊ စုန်းပူးခြင်း၊ ပယောဂ ပူးခြင်း စသည်တို့ကို သက်သေထူကြကုန်၏။

တခါတရံယင်းစုန်းနတ်ပယောဂအကြောင်းကိုကျွန်ုပ်တို့သည် မျက်လှည့်ပွဲတခုကို ကြည့်ရဘိသို့ ဆန်းပြားစွာ တွေ့မြင်နေကြရ၏။ ထို့အပြင် ဝိဉာဉ်လောကသားများနှင့် ဆက်သွယ်နေသူများဟု နာမည်ရ ပုဂ္ဂိုလ်တို့၏ကြွေတင်ဟောကိန်းများသည်လည်း

တခါတရံ ရာခိုင်နှုန်း ပြည့်လုနီး မှန်ကန်ကြောင်း အံ့သြဘွယ်ရာ တွေ့မြင်ကြရ၏။ သမထဟူသော စိတ်ပညာ အစွမ်းသတ္တိကြောင့် ပူးခြင်း၊ ကပ်ခြင်း၊ ဟောခြင်းများကို ဆောင်ရွက်နိုင်စွမ်းရှိသည် ဟူသော အယူအဆမှာလည်း အားလုံးနီးပါး မှန်ကန်မှု မရှိသည်ကို တွေ့ရပြန်၏။

အဘယ့်ကြောင့် ဆိုသော် အချို့သော အကြားအမြင်ရ ပုဂ္ဂိုလ်ဟု ကျော်ကြားသော သူများသည် ဟောပြောရာ၌ ချွင်းချက်များစွာ ရှိနေသည့်အပြင် မည်သည့် သမထကိုမျှ အားထုတ်မှု မရှိဘဲ စာရိတ္တပင် ယိုယွင်းနေသူများ ဖြစ်သောကြောင့်တည်း။ သို့ရာတွင် သူတို့သည် ဝိဉာဉ်လောကနှင့် ဆက်သွယ်နေသူများ ဟူ၍ပင် ကြော်ငြာထားကြလေသည်။

လကမ္ဘာသို့တက်၍ လေ့လာခြင်း၊ အာကာသ၌ ရက်ပေါင်းများစွာ နေထိုင်ခြင်း၊ ဂြိုဟ်များကို လေ့လာခြင်းစသည်ဖြင့် ယခုအခါ သိပ္ပံပညာကို အသုံးချ၍ စူးစမ်းလေ့လာ နေကြ၏၊ ရှေးဟောင်းကျမ်းစာများ၊ ဒဏ္ဍာရီများ၊ သက်ကြီးစကား သက်ငယ်ကြားများသည် အမှန်တကယ် ဟုတ်နိုင်မဟုတ်နိုင်၊ သက်သေထူရန်အတွက် အာကာသ လေ့လာမှု လုပ်ငန်းများကို ဆောင်ရွက်နေသူများသည် စူးစမ်းရှာဖွေလျက် ရှိ၏။ ထို့အပြင် တခြားတမျိုးလည်း ရှိသေး၏။ ယင်း အယူဝါဒကား ဆေးကို မှီဝဲခြင်းဖြင့် အသက်ရှည်သည်။ အင်းအိုင်လက်ဖွဲ့ဖြင့် အသက်ရှည်သည်။ ပြဒါးကို မှီဝဲခြင်းဖြင့် အသက်ရှည်သည်။ သံသတ္တုတမျိုးမျိုးကို မှီဝဲခြင်းဖြင့် အသက်ရှည်သည်ဟု ယုံကြည်သော အယူဝါဒ ဖြစ်လေသည်။

ကျွန်ုပ်တို့ မြင်နေရသော ပြဒါးများသည် လှုပ်ရှားမှုသဘော ရှိနေရကား ယင်းကို အသေပြုလုပ်၍ စားသုံးမှီဝဲပါက အသက်ရှည်သည်ဟု ယုံကြည် ကြလေသည်။ ယင်းကို လောကီ အမှန်တရားကို ရှာသူ (ဝိဇ္ဇာ) ဟူ၍ မြန်မာများက သတ်မှတ်ထားကြလေသည်။ ။သုတ်သီလက္ခန် ဗြဟ္မဇာလသုတ် ပရိဗ္ဗဇာကကထာ၌ ဖော်ပြထားသော ထိုခေတ်ဂိုဏ်းသားများတို့၏ အလုပ်များ၌ "စိတ်ဖြင့် အကြံကိုသိသော ကစားနည်း။ မိုးကြိုးကျသည်ကို ဆိုသောအတတ်၊ ကြွက်ခဲသည်ကို ဆိုသောအတတ်၊ လက်ဆစ် ခြေဆစ် အင်္ဂါကို သိသော အင်္ဂဝိဇ္ဇာ အတတ်၊ နတ်တိုက် ကစားခြင်းအတတ်၊ အသက်တိုရှည် နေရလတ္တံ့ သည်ကို သိသော အတတ်" စသည်တို့ကို ဖော်ပြထားလေသည်။

သို့ရာတွင် ဆေးဝိဇ္ဇာ၊အင်းဝိဇ္ဇာ၊ ပြဒါးဝိဇ္ဇာ၊ သံဝိဇ္ဇာစသော အတတ်များကိုမူကား ဖော်ပြမထားချေ။ ဗုဒ္ဓနှင့် ဗုဒ္ဓသာဝကများ အတွင်းသို့လည်း ၃၁ ဘုံနှင့် ဝိညာဉ်လောက ပြဿနာများသည် ကျယ်ပြန့် ရှုပ်ထွေးစွာ ဝင်ရောက်လျက်ရှိ၏ ဗုဒ္ဓသည်မူကား ယင်း ပြဿနာနှင့်ပတ်သက်၍ ဖြေကြားခြင်းအလျင်းမပြုခဲ့ချေ။

သတ္တဝါသည် သေပြီးနောက် တနေရာသို့ ရောက်မရောက် ပြဿနာနှင့် ကမ္မဝိပါက အကျိုးကို မည်သူ ခံစားရ သနည်း ဆိုသော အမေးများကို ဗုဒ္ဓသည် အမြဲ ပယ်ချ ခဲ့လေသည်။ အမှန်စင်စစ် ဗုဒ္ဓဝါဒသည် ၃၁ ဘုံဝါဒလည်းမဟုတ်၊ ကမ္မနှင့် ကမ္မဖလဝါဒလည်းမဟုတ်၊ ရုပ်ဝါဒီလည်းမဟုတ်၊ နာမ်ဝါဒီလည်း မဟုတ်၊ ဝိညာဉ်ဝါဒီလည်း မဟုတ်ဘဲ အနတ္တဝါဒီ

ကြောင်းကျိုးဝါဒီဖြစ်ကြောင်း ကျွန်ုပ်တို့ နားလည်ထားကြရပေလိမ့်မည်။

သံသရာ၏အစကိုရှာရန် မသင့်သလို သံသရာ၏ အဆုံးကိုလည်း ရှာရန်မသင့်ကြောင်း ပစ္စုပ္ပန်တည့်တည့် အမှန် တရားကိုသာ အရှိအတိုင်း ကြည့်တတ်မြင်တတ်ဘို့လိုကြောင်း ဗုဒ္ဓနှင့် ဗုဒ္ဓတပည့် သံဃာများက ရှင်းလင်းပြကြလေသည်။ အစိုပ္ပါယ်ကင်းမဲ့ နေသော သံသရာ ဝါဒကို လိုက်လံ ရှာဖွေ နေခြင်းဖြင့် မည်သည့် အကျိုးတရားမျှ တိုးပွားလာမည် မဟုတ်ကြောင်း ဗုဒ္ဓဝါဒီများသို့ အကြိမ်ကြိမ် ညွှန်းပြခဲ့ လေသည်။ ယနေ့ခေတ် ပညာရှင်အချို့က မူဗုဒ္ဓနှင့် ဗုဒ္ဓသံဃာများသည် သံသရာဝါဒကို အကြိမ်ကြိမ် ရှောင်လွှဲနေခဲ့ကြသည်ဟု စွပ်စွဲထားကြလေသည်။

ဤနေရာ၌ ရှင်မဟာကဿပနှင့် ရှင်သာရိပုတ္တရာ တို့၏ ဆွေးနွေးချက်ကို ဖေါ်ပြလိုပေသည်။ မေးသူက ရှင်သာရိပုတ္တရာ ဖြစ်ပြီး ဖြေကြားသူမှာ ရှင်မဟာကဿပပင် ဖြစ်၏။

သာရိပုတ္တရာ။ ။ငါ့ရှင် သတ္တဝါသည် သေသည်မှ နောက်၌ ဖြစ်သလော

ကဿပ။ ။ငါ့ရှင် သတ္တဝါသည် သေသည်မှ နောက်၌ ဖြစ်၏ဟု မြတ်စွာဘုရား ဟောတော်မမူပါ။

သာရိပုတ္တရာ။ ။ငါ့ရှင် သတ္တဝါသည် သေသည်မှ နောက်၌ မဖြစ်သလော

ကဿပ။ ။ငါ့ရှင် သတ္တဝါသည် သေသည်မှ နောက်၌ မဖြစ်ဟူ၍လည်း မြတ်စွာဘုရား ဟောတော်မမူပါ။

သာရိပုတ္တရာ။ ။ငါ့ရှင် သတ္တဝါသည် သေသည်မှ နောက်၌ ဖြစ်သည်လည်း မဟုတ်၊ မဖြစ်သည်လည်း မဟုတ်သလော

ကဿပ။ ။ငါ့ရှင် သတ္တဝါသည် သေသည်မှ နောက်၌ ဖြစ်သည်လည်း မဟုတ်၊ မဖြစ်သည်လည်း မဟုတ်ဟု မြတ်စွာဘုရား ဟောတော်မမူပါ။

သာရိပုတ္တရာ။ ။ငါ့ရှင် အဘယ့်ကြောင့် မြတ်စွာဘုရားသည် ထိုအကြောင်းကို ဟောတော်မမူပါသနည်း။

ကဿပ။ ။ငါ့ရှင် ဤစကားသည် အကျိုးနှင့်မစပ်၊ မဂ်၏ ရှေ့အဘို့၌ဖြစ်သော၊ အကျင့်မျှလည်း မဟုတ်၊ ငြီးငွေ့ခြင်းငှာမဖြစ် တပ်မက်မှုကင်းခြင်းငှာ မဖြစ်၊ ရာဂချုပ်ခြင်းငှာမဖြစ်၊ နိဗ္ဗာန်အကျိုး ငှာမဖြစ်၊ ထို့ကြောင့် ထိုစကားကို မြတ်စွာ ဘုရား ဟောတော်မမူပါ။

သာရိပုတ္တရာ။ ။ငါ့ရှင် ထိုကဲ့သို့ ဟောတော်မမူခဲ့သည် ရှိသော် အဘယ်ကဲ့သို့ ဟောတော်မူပါသနည်း။

ကဿပ။ ။ငါ့ရှင် ဤသည်ကား ဆင်းရဲ၊ ဤသည်ကား ဆင်းရဲ ဖြစ်ပေါ်ကြောင်း၊ ဤ သည် ကား ဆင်းရဲချုပ်ရာ၊ ဤသည်ကား ဆင်းရဲချုပ်ရာ နိဗ္ဗာန်သို့ ရောက်ကြောင်း အကျင့်ဟု ဟော တော်မူ၏။ ငါ့ရှင် ဤတရားသည်ကား အကျိုး စီးပွားနှင့် စပ်၏။ မဂ်၏အစဖြစ်သော မြတ် သော အကျင့်လည်းဖြစ်၏။ ငြီးငွေ့ခြင်းငှာ၊

ရာဂ ကုန်ခြင်းငှာ၊ ထိုးထွင်း၍ သိခြင်းငှာ၊ နိဗ္ဗာန်အကျိုးငှာ ဖြစ်၏။ ထို့ကြောင့် ထို တရားကို မြတ်စွာဘုရားဟောတော်မူ၏။

(ကဿပသံယုတ်၊ ပရံမရဏာသုတ်)

◒ ◒ ◒

# နိဗ္ဗာန်

ဇမ္ဗုခါဒကပရိဗိုဇ်။ ။ငါ့ရှင် သာရိပုတ္တရာ– နိဗ္ဗာန်၊ နိဗ္ဗာန်ဟု ဆိုအပ်၏။ အဘယ်သည် နိဗ္ဗာန် မည်သနည်း။

ရှင်သာရိပုတ္တရာ။ ။ငါ့ရှင်၊ ရာဂကုန်ရာ၊ ဒေါသ ကုန်ရာ၊ မောဟ ကုန်ရာကို နိဗ္ဗာန်ဟု ဆိုအပ်၏။ (နိဗ္ဗာနပဉှာသုတ်၊ ဇမ္ဗုခါဒကသံယုတ် သဠာယတနဝဂ်)

ဗုဒ္ဓ။ ။ယုံကြည်မှုဖြင့် ပေးလှူခြင်းကို များသောအပြားအားဖြင့်ချီးမွမ်းအပ်၏။ စင်စစ်သော်ကား ပေးလှူခြင်းထက် နိဗ္ဗာန်တရားအစုသည်သာလျှင် အထူးသဖြင့် ချီးမွမ်းအပ်မြတ်၏။ မှန်၏ ရှေး၌လည်းကောင်း၊ ထိုထက် ရှေး၌လည်းကောင်း ပညာရှိ သူတော်ကောင်းတို့သည် နိဗ္ဗာန်ကိုသာလျှင် ကပ်ရောက်ကြကုန်၏။

(သဂါထာဝဂ်၊ သာခုသုတ်)

**ပေါက္ခရသာတိ(ပရောဟိတ် ဆရာကြီး)။**

အို၊ အရှင်ဂေါတမ၊ အရှင်ဟောသမျှ တရားများသည် အံ့သြဘွယ်ရှိစွ။ အရှင်ဟောသမျှ တရားသည် အလွန် နှစ်လိုဘွယ် ရှိစွ။ ဥပမာ အားဖြင့်သော်ကား၊ မှောက်၍ ထားအပ်သောအိုးကို လှန်ပြဘိသို့ လည်းကောင်း။ ဖုံးထားသောအရာကို လှစ်ပြဘိသို့ လည်းကောင်း၊ ခရီးမှားနေသူကို လမ်းမှန်သို့ ပို့ဆောင်ဘိသို့ လည်းကောင်း၊ အမိုက်တိုက် ခန်း၌ ဆီမီး ညှိထွန်းဘိသို့ လည်းကောင်း၊ အလွန်ပင် အံ့သြဘွယ် ရှိပါပေ၏။

(ဒီဃနိကာယ်-အမ္ဗဋ္ဌသုတ်)

ဗုဒ္ဓ။ ။မလ္လမင်း၏သား ရှင်ဒဗ္ဗ၏ကိုယ်သည်အကြွင်းမရှိ ပျောက်ကွယ်ပြီ။ ရူပသညာ စသော သညာအားလုံးတို့သည် ချုပ်ကုန်ပြီ။ ဝေဒနာ အားလုံးတို့သည် ငြိမ်းကုန်ပြီ။ သင်္ခါရ အားလုံးတို့သည် ချုပ်ငြိမ်းကုန်ပြီ။ ဝိညာဏ်သည် ပြတ်စဲခြင်းသို့ ရောက်လေပြီ။

(ပဌမဒဗ္ဗသုတ်ဥဒါန်း)

## (က) နိဗ္ဗာန်လေ့လာချက်

နိဗ္ဗာန်နှင့် ပတ်သက်၍ ပါဠိ အဘိဓာန်၌အောက်ပါ (၄၆) မျိုးကို ဖော်ပြထား၏။

မောက္ခ၊ နိရောဓ၊ နိဗ္ဗာန၊ ဒီပ၊ တဏှာက္ခယ၊ ပရ၊ တာဏ၊ လေန၊ အရူပ၊ သန္တ၊ သစ္စ၊ အနာလယ၊ အသင်္ခတ၊ သိဝ၊ အမတ၊ သုဒုဒ္ဒသ၊ပရာယန၊သရဏ၊အနီတိက၊ အနာသဝ၊ ဓုဝ၊ အနိဒဿန၊ အကတ၊ အပလောကိတ၊ နိပုဏ၊ အနန္တ၊ အက္ခရ၊ ဒုက္ခက္ခယ၊ အဗျာပဇ္ဈ၊ ဝိဝဋ္ဋ၊ ခေမ၊ ကေဝလ၊ အပဝဂ္ဂ၊ ဝိရာဂ ပဏီတ၊ အစ္စုတ၊ ပဒ၊ ယောဂက္ခေမ၊ ပရာ၊ မုတ္တိ၊ သန္တိ၊ ဝိသုဒ္ဓိ၊ ဝိမုတ္တိ၊ အသင်္ခတဓာတု၊ သုဒ္ဓိ၊ နိဗ္ဗုတိ။

နိဗ္ဗာန = ချုပ်ငြိမ်း ပျက်စီးခြင်းသို့ ရောက်ခြင်း။

နိဗ္ဗာန = နိ+ဝါန။

နိ = မရှိ။

ဝါန = တဏှာ-လောဘစေတသိတ်-လိုချင်မှု-

အဓိပ္ပာယ် = တဏှာမရှိ = လိုချင်မှုမရှိ၊မလိုချင်သောတရား = မလိုချင်မှု၊ မတပ်မက်မှုသည် နိဗ္ဗာန်မည်၏။ ယင်းနိဗ္ဗာန်သည်၊ ကိလေသာမှ လွှတ်သောတရား၊ သံသရာမှ ထွက်မြောက်သော တရား၊ တဏှာမရှိရာတရား၊ လည်းလျောင်းရာတရား၊ ငြိမ်း အေးသောတရား၊မှန်ကန်သောတရား၊ကြောင့်ကြမဲ့သောတရား၊ ကံ၊စိတ်၊ ဥတု၊ အာဟာရတို့ကြောင့် ဖောက်ပြန်ခြင်းမရှိသော တရား၊မြဲသော တရား၊ ဒုက္ခကုန်ရာ တရား၊ ဝဋ်မှထွက်မြောက် ရာ တရား၊ ဘေးမရှိရာတရား၊ ရာဂကင်းရာတရား၊ သံသရာမှ တဖက်ကမ်းသို့ ရောက်ရာတရား၊ လွတ်မြောက်သောတရား၊ စင် ကြယ်သော တရား၊ စသည်ဖြင့် နိဗ္ဗာန်၏ ပရိယာယ်ပုဒ်များဖြင့် နိဗ္ဗာန်ဟူသော စကားကို သိုင်းဝိုင်းတန်ဆာဆင်ထားလေသည်။ ဤ၌ ကျွန်ုပ်တို့ ပထမ လေ့လာရမည်မှာ နိဗ္ဗာနဟူသောစကား

သည် ဗုဒ္ဓခေတ်မှ ပေါ်လာသော စကားလုံး အသစ်အဆန်း လော၊ နဂိုရှိပြီး စကားလုံးများလော ဆိုသည်ကို စတင် လေ့ လာကြရပေမည်။

"ရဟန်းတို့၊ အချို့သော သမဏ ဗြာဟ္မဏတို့သည် ပစ္စုပ္ပန် အတ္တဘော၌ နိဗ္ဗာန်ကိုရသော ဝါဒကို ငါးပါးသောအကြောင်း ဝတ္ထုတို့ဖြင့် ပညတ်ကြကုန်၏။ ယင်းငါးပါးတို့မှာ ကာမဂုဏ် ငါးပါးတည်း။ ကာမဂုဏ် ငါးပါးတို့ဖြင့် တင့်တယ် စမ္ပာယ် ခြင်း၊ ပြည့်စုံခြင်း၊ ခံစားခြင်းကို မျက်မှောက် နိဗ္ဗာန်ကို ခံစား ခြင်း မည်၏ဟု အချို့သော သာမဏဗြာဟ္မဏများက ယူဆလေ့ ရှိ၏။ (ဒီဃနိကာယ်၊ ဗြဟ္မဇာလသုတ်၊ သုတ်သီလက္ခန်)

ယင်း အထက်ပါ သုတ္တန်၌ ဗြာဟ္မဏများ၊ တိတ္ထိဂိုဏ်းမှ သမဏများယူဆသော စကားရပ်၌ နိဗ္ဗာန ဟူသော စကားကို တွေ့၏။ တခြား ဗြာဟ္မဏကျမ်းများ၌လည်း နိဗ္ဗာန၊ ဟူသော စကားများကို တွေ့ရ၏၊ သို့ဖြစ်၍ နိဗ္ဗာန်ဟူသော စကားသည် ဗုဒ္ဓဘာသာထွင်သော စကားအသစ်အဆန်းကား မဟုတ်ချေ။ ယခင်က သုံးစွဲနေကျ စကားလုံး တလုံးသာ ဖြစ်ပေလိမ့် မည်။

သို့ဆုတင် အနှစ်သာရအားဖြင့် ယခင်သုံးစွဲနေကျ စကား၏ အဓိပ္ပါယ်နှင့် ဗုဒ္ဓ ယူဆခံယူထားသော စကား၏ အဓိပ္ပါယ်မှာ ခြားနား သွား၍၊ ယခင်က ယူဆသော အဓိပ္ပါယ်အရ "ချမ်းသာ"နှင့် ဗုဒ္ဓယူဆသော "ချမ်းသာ" မှာ အဓိပ္ပါယ် အားဖြင့် တမျိုးစီ ဖြစ်ကြောင်း သတိပြုကြရပေလိမ့်မည်။

ဤ၌ နိဗ္ဗာန်သို့ ရောက်ပုံ၊ နိဗ္ဗာန်ကိုမြင်ပုံများကို မလေ့လာမီ ပါဠိ ပိဋကတ်၌ ဗုဒ္ဓကိုယ်တိုင် ဟောကြား ခဲ့သော နိဗ္ဗာန် အကြောင်းကို စတင်လေ့လာကြရမည်ဖြစ်၏။

ဗုဒ္ဓသည် သံသရာဟူသော အယူအဆကို လက်ခံပြီး ယင်း သံသရာမှ ထွက်မြောက်ရာ နိဗ္ဗာန်သည်လည်း ရှိသည်ဟုယူဆ၏။ "လောကသည် ပျော်ရွှင်စရာ ရှိသောကြောင့် သတ္တဝါများ ပျော်ရွှင်ကြရ၏။ လောကသည် စိတ်ပျက်စရာရှိသောကြောင့် သတ္တဝါများ စိတ်ပျက်စရာနှင့် ရင်ဆိုင်တွေ့ကြုံကြရ၏။ လောက သည် ကျင်လည်စရာ ဖြစ်သောကြောင့် သတ္တဝါများ ကျင်လည် ကြရ၏။ လောကသည်ထွက်မြောက်စရာရှိသောကြောင့် သတ္တဝါ များ ထွက်မြောက်ကြရ၏ဟု ဗုဒ္ဓ မြင်ခဲ့သည်။ သို့ကြောင့်လည်း သံသရာမှ ထွက်မြောက်ရာကို ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်သည်။ ယင်း သို့ လောကမှ ထွက်မြောက်ခြင်းသည် နိဗ္ဗာန် မည်လေသည်။ ယင်းကို လောကုတ္တရာဟုလည်း ခေါ်ဝေါ်ကြလေသည်။

"ရဟန်းတို့ ။ဤ ရုပ် ဝေဒနာ၊သညာ၊ သင်္ခါရ၊ ဝိညာဏ်၊ ဟု ဆိုအပ်သော ဉပါဒါနက္ခန္ဓာ ငါးမျိုးတို့၏ သာယာဘွယ်ကိုလည်း သာယာဘွယ်ဟူ၍၊ အပြစ်ကိုလည်း အပြစ်ဟူ၍ ထွက်မြောက်ရာ ကိုလည်း ထွက်မြောက်ရာဟူ၍ ၊ဟုတ်တိုင်းမှန်စွာ မသိသေးသမျှ ကာလပတ်လုံး ငါသည် အတုမရှိသော သမ္ဗုဒ္ဓဉာဏ်ကို ရပြီဟု ဝန်မခံခဲ့၊ ယင်း ငါးမျိုး၌ အကျိုးအပြစ်ကို သိပြီးသော အခါ မှသာ သမ္ဗုဒ္ဓဉာဏ်ကို ရပြီဟု ဝန်ခံခဲ့၏။ ငါ၏ ဉာဏ်အမြင် သည်ထင်ရှားဖြစ်၏။ ငါ၏ အရဟတ္တဖိုလ်စိတ်သည် မပျက်စီး၊

ဤဘဝကား နောက်ဆုံးဘဝတည်း။ နောက်တဖန် ဖြစ်ခြင်း၊ မရှိတော့ပြီ။

(အဿာဒသုတ်၊ ခန္ဓသံယုတ်၊ ခန္ဓဝဂ္ဂသံယုတ်)

"ရဟန်းတို့ ဤသို့ အကြားအမြင်ရှိသော အရိယာတပည့်သည် မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ်တို့၌ ငြီးငွေ့၏။ စွဲလမ်းမှုမရှိ၊ ယင်းသို့ စွဲလမ်းမှုမှကင်းသောကြောင့် ကိလေသာမှ လွတ်မြောက်၏။ ကိလေသာမှ လွတ်မြောက်ပြီဟု သိ၏။ ပဋိသန္ဓေနေမှုကုန်ပြီ၊ အကျင့်မြတ်ကို ကျင့်ပြီးဟု သိ၏။ မဂ်လမ်းစဉ်ကို ကျင့်ရန် မရှိတော့ပြီဟု သိ၏။

(သမုဒ္ဒဝဂ်၊ အာဒိတ္တပရိယာယသုတ်- သဠာယတနသံယုတ်)

နိဗ္ဗာန်ဆိုသော စကား၏ အဓိပ္ပါယ်မှာ သံသရာမှ ထွက်မြောက်သော စကားဖြစ်၏။ သတ္တလောက သားများ သည် မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ်တို့၏ အလိုသို့လိုက်၍လောဘ၊ ဒေါသ၊ မောဟများ ဖြစ်လာခဲ့ကြ၏။ အကယ်၍ သတ္တဝါသည် လောဘ၊ ဒေါသ၊ မောဟနှင့်တကွ၊ တွေးဆမှန်းမျှော်၍ နေခဲ့လျှင် ကာယကံ၊ ဝစီကံ၊ မနောကံမှု တခုခုကို ကျူးနေသူဖြစ်နေ၏။ ယင်းသည် သတ္တဝါတို့ကို သံသရာ၌ လည်စေရန် လမ်းကြောင်းပင်ဖြစ်၏။

အဘယ်ကြောင့် ဆိုသော် ယင်း ကံ ၃ မျိုးဖြင့် ဆောင်ရွက်နေမှုကို သင်္ခါရဟူ၍ခေါ်ဆိုရမည်ဖြစ်ရာ၊ သင်္ခါရသည် သတ္တဝါတို့ ကမ္မဘဝကို ဖြစ်စေသောကြောင့် ဝဋ္ဋဒုက္ခထဲ၌ လည်နေကြမည်ဖြစ်သောကြောင့်တည်း။ ယင်းသို့ လည်မှုကိုပင်၊ ပဋိသန္ဓေ

ရသည်၊ အိုရသည်။ နာရသည်။ သေရသည်။ နောက်တဖန် ပဋိသန္ဓေရသည်ဟု ခေါ်ဝေါ် ကြသည် ဖြစ်ရာ၊ အဘယ်သို့လျှင် သတ္တဝါသည် သံသရာမှ ထွက်မြောက်နိုင်မည်နည်း။

အကယ်၍ လိုချင်မှုမရှိ၊ စွဲလမ်းမှုမရှိ၊ ခံစားမှုမရှိခဲ့ပြားအံ့၊ ယင်းသည် သံသရာနောက်ထပ်တဖန်၌ မဖြစ်စေတန်ရာကား ယင်းသည် နိဗ္ဗာန်မည်လေတော့သည်။ နိဗ္ဗာန်သည် အိုမှု၊ နာမှု၊ သေမှုလည်းမရှိ၊ ခန္ဓာ အကြွင်းအကျန်လည်းမရှိ၊ နောက်ထပ်တဖန် ပဋိသန္ဓေယူစရာလည်း မရှိရကား၊ ယင်းတို့ကို စုပေါင်းတင်စား၍ "နိဗ္ဗာန်ရွှေပြည်" ဟု သတ်မှတ်တင်စား၍ ခေါ်ဝေါ် ကြခြင်း ဖြစ်လေသည်။

အထက်၌ "ဒိဋ္ဌဓမ္မနိဗ္ဗာန်" ဆိုသော စကားမှာ တိတ္ထိ တက္ကတွန်း ဂိုဏ်းတဂိုဏ်း၏ အယူအဆဖြစ်ရာ သူတို့၏ နိဗ္ဗာန် ဆိုသည်မှာ ကာမဂုဏ်ကို ခံစားခြင်းကို ခေါ်ကြောင်း ထင်ရှား၏။ ယခုခေတ်၌ "လောကနိဗ္ဗာန်" ဆိုသောစကား၏ အဓိပ္ပါယ်နှင့် တူညီ၏။ လူတိုင်းမကြောင့်ကြ၊ မတောင့်တဘဲ စားသုံး ဝတ်ဆင် နေကြရပြီး ပျော်ချင်တိုင်း ပျော်ရမည့် ခေတ်မျိုးကို "လောကနိဗ္ဗာန်" ဟု အမည်ပေးထားကြသူ၊ မသိနားမလည်။ သူများ အနေဖြင့် နိဗ္ဗာန်ဆိုသည်မှာ "ပျော်စရာကောင်းသော ဘုံဘဝမျိုး ဖြစ်လိမ့်မလား" ဟု စဉ်းစားစရာ၊ ဖြစ်လာလေသည်။ သို့ကြောင့် ဝေါဟာရ၏ မူလရည်ရွယ်ချက်မှာ များစွာ ပျက်ပြားသွားလေသည်။

"အကြွင်းနိဗ္ဗာန်အရပ်၌ ဖွဲ့စည်းမှု အာပေါဓာတ်သည်လည်း ကောင်း၊ ခက်မာမှု ပထဝီဓာတ်သည်လည်းကောင်း၊ ရင့်ကျက်မှု

တေဇောဓာတ်သည်လည်းကောင်း၊ ထောက်ကန်မှု ဝါယော ဓာတ်သည်လည်းကောင်း မတည်နိုင်၊ ထိုနိဗ္ဗာန်အရပ်မှ သံသရာ အိုင်တို့သည် ဆုတ်နစ်ကုန်၏။ ထိုနိဗ္ဗာန်အရပ်၌ ဝဋ်ဆင်းရဲသည် မဖြစ်၊ ဤနိဗ္ဗာန်အရပ်၌နာမ်သည်လည်းကောင်း၊ ရုပ်သည်လည်း ကောင်း အကြွင်းမဲ့ချုပ်၏။ (သရသုတ်၊ သဂါထာဝဂ္ဂသံယုတ်)

"အကြင်နိဗ္ဗာန်၌ဓာတ်လေးပါးသည် မတည်နိုင်၊ ထိုနိဗ္ဗာန်၌ ကြယ်တို့သည် မတောက်ပကုန်၊ နေလတို့သည် မတောက်ပကုန်၊ အမိုက်တိုက်လည်းမရှိ။" (ဗာဟိယသုတ်၊ ဥဒါန်း)

"ရဟန်းတို့ အကြင်နိဗ္ဗာန်အရပ်၌ ဓာတ်လေးပါးမရှိ၊ ဈာန် မရှိ၊ ပစ္စုပ္ပန်လောက တမလွန်လောကမရှိ၊ နေလမရှိ၊ ထိုနိဗ္ဗာန် သည်ရှိ၏။ ရဟန်းတို့ ထိုနိဗ္ဗာန်၌လည်း တစုံတခုသောဘဝမှလာ ခြင်းကို ငါမဟော၊ တစုံတခုသောဘဝသို့ သွားခြင်းကိုလည်း ငါမဟော၊ တစုံတခုသောဘဝ၌ တည်ခြင်းကိုလည်းငါမဟော၊ စုတေ ရွေ့လျော့ခြင်းကိုလည်း ငါမဟော၊ ပဋိသန္ဓေအားဖြင့် ဖြစ်ခြင်းကိုလည်း ငါမဟော၊ ထိုနိဗ္ဗာန်သည် တည့်ရာမရှိ၊ ဖြစ် ခြင်းမရှိ၊ အာရုံပြုမှု မရှိသည်သာတည်း၊ ဤသဘောသည်သာ ဆင်းရဲ၏အဆုံးတည်း။"

(ပဌမနိဗ္ဗာန ပဋိသံယုတ္တသုတ်၊ ပါဋ္ဌလိဂါမိယဝဂ်၊ ဥဒါန်း)

"အကြင်ရဟန္တာ ပုဂ္ဂိုလ်တို့အား ကံဟောင်းကုန်ပြီ၊ ကံသစ် မရှိတော့ပြီ။ လာလတ္တံ့သောဘဝ၌ တပ်ခြင်းကင်းသောစိတ်ရှိကုန် သည်ဖြစ်၍ ပဋိသန္ဓေမျိုးစေ့ ကုန်ပြီးသည်ဖြစ်၍ စည်ပင်ပြန့်

ပွားသော ဆန္ဒမရှိကုန်၊ ဆီမီးသည်ငြိမ်းသကဲ့သို့ ပညာရှိသော ရဟန္တာတို့သည် ငြိမ်းကုန်၏။

[သုတ္တနိပါတ် ရတနသုတ်]

နိဗ္ဗာန်ဟူသည် နေရာအတိအကျမရှိသော နောက်ထပ်တဖန် ပဋိသန္ဓေမယူရာ ဖြစ်သောအရာကို နိဗ္ဗာန်ဟုခေါ်ကြောင်း ဗုဒ္ဓက ရှင်းပြခဲ့၏။ မှန်၏။ သတ္တလောကသည် ၃၁-ဘုံဟူသော နေရာဌာနတို့၌ မိမိ ကံအားလျော်စွာ ကျင်လည်နေကြရ၏။ဆင်းရဲခြင်းဟူသော ဒုက္ခ ဝိပါကခန္ဓာကိုယ်ဖြင့် ကျက်စား မျောပါနေကြရ၏၊ ယင်းသို့ ၃၁-ဘုံ၌ ကျက်စား နေထိုင်ရခြင်းသည် မိမိတို့၏ စိတ်ကူးရရာကို ဆောင်ရွက်ပြုမူ နေကြသောကြောင့် ဖြစ်၏။

ပဋိသန္ဓေနေရမှုဒုက္ခ၊ ကြီးရင့်ရခြင်းဒုက္ခ၊ ပတ်ဝန်းကျင်ကြောင့် ဖြစ်ပေါ်လာရသောဒုက္ခ၊ မိမိအတွက်ဖြစ်ရသောဒုက္ခ၊ သူတပါး အတွက် ဖြစ်ရသောဒုက္ခ စသည့် လူမှုရေးဒုက္ခများသည် ကျွန်ုပ်တို့ သတ္တလောကသားများအဖို့မရှိလျှင်မဖြစ်သောဒုက္ခတို့ဖြစ်ကုန်၏။

ယင်းသို့ ဒုက္ခမျိုးစုံကို ရင်ဆိုင်နေရသဖြင့် ကျွန်ုပ်တို့၏ စိတ်နေ သဘောထားများသည်လည်း အခါတိုင်း၊ ကာလတိုင်း၊ မိနစ်တိုင်း ပြောင်းရွှေ့နေကြောင်း သတိပြုရပေလိမ့်မည်။ ယင်းသို့ စိတ် ပြောင်းရွှေ့နေမှုအားလုံး၏ ယေဘုယျသဘောမှာ ကြောင့်ကြ ခြင်းနှင့် တောင့်တခြင်းတို့ပင်မဟုတ်လော။

အကြင်မျှလောက် ကြောင့်ကြခြင်း၊ တောင့်တခြင်းရှိနေသမျှ ယင်းစိတ်စေတနာသည် သံသရာဟုခေါ်သော ၃၁-ဘုံ၌ကျင် လည်ရန် လမ်းဖွင့်ပေးခြင်းပင် ဖြစ်၏။ အကယ်၍ ကြောင့်ကြမှု၊ တောင့်တမှုမရှိပါက ၃၁-ဘုံဟု ခေါ်သော သတ္တလောက၌

ကျင်လည်ရန် အကြောင်းမရှိတော့ချေ။ ယင်းသို့မကျင်လည်ခြင်းသည်နိဗ္ဗာန်မည်တော့သည်။ နိဗ္ဗာန်သည်တိုင်းပြည်မဟုတ်၊ ရွှေပြည်တော် နေပြည်တော်မဟုတ်၊ တဖိတ်ဖိတ်တောက်နေသော ဗိမာန်နှင့် ပဒေသာပင်မရှိ၊ အမှန်စင်စစ် နိဗ္ဗာန်ဆိုသည်မှာ အဘာဝခေါ် သေ [illegible] နောက်ထပ်တဖန် ပဋိသန္ဓေမယူခြင်းကိုခေါ်ဝေါ်ခြင်းသာဖြစ်၏။

သတ္တလောကသားများသည် ကြောင့်ကြမှု၊ တောင့်တမှု၊ နှစ်သက်မှု၊ မိတ်ပျက်မှုစသော ဒုက္ခဝေဒနာများကို မိနစ်မလပ် ဒလစပ် ခံစားနေကြ၏။ ယင်းသို့ ခံစားနေရခြင်းကြောင့် သတ္တဝါသည် နောက်ထပ်တဖန် ပဋိသန္ဓေယူရန် 'အား' စုလျက်ရှိနေ၏။ ယင်းအင်အားစုသည် အလိုလိုက်မှုကြောင့် ကာမဂုဏ်အာရုံများ၌ ခံစားလျက်ရှိရာ နောက်ထပ်တဖန် ပဋိသန္ဓေမယူပါရစေနှင့်တော့ဟု မည်မျှပင် ဟစ်အော်၍ တောင်းဆိုပါသော်လည်း ရနိုင်လိမ့်မည်မဟုတ်ချေ။ သတ္တဝါသည် သံသရာဟူသော ပဋိသန္ဓေနေမှု၊ အိုမင်းရင့်ရော်မှု၊ သေမှုတို့ဖြင့် လုံးထွေးလိုက်ကာ ကျင်လည်ကြရမည်ဖြစ်၏။ ကျင်လည်မှုကြောင့် ပညတ်အမည်များကို မှီလာသည့် ၃၁-ဘုံ၌ ကျွန်ုပ်တို့၏ ခြေရာများသည် အနှံ့အပြား ရှိလာတော့သည်။ အကယ်၍ ကျင်လည်ရသည့် ဘုံဘဝ၌ မလိုလားတော့ပါ ဆိုသောအခါ ကျွန်ုပ်တို့၏စိတ်အစဉ်ကို ပြောင်းယူကြမှ ရပေလိမ့်မည်။ ဆုတောင်းယူရုံမျှဖြင့် မကျင်လည်သောနေရာ၊ နောက်ထပ် ၃၁-ဘုံတနေရာသို့ မရောက်ဘဲ ရှိလိမ့်မည်မဟုတ်ချေ။ သို့ဖြစ်ရာ သံသရာဆိုသည်မှာ ဝိပါကကြောင့် ပဋိသန္ဓေနေသော ဌာနများကိုခေါ်၍ နိဗ္ဗာန်ဆိုသည်

မှာ ဝိပါကများကင်းပြတ်ပြီး ပဋိသန္ဓေမနေရသော နောက်ထပ် မည်သည့်သတ္တဝါတဦးမျှ မဖြစ်တော့သော အခြင်းအရာကိုခေါ် ဝေါ်ကြောင်း သဘောပေါက်ကြရပေမည်။ ဗုဒ္ဓက ၃၁-ဘုံကို ဒုက္ခဝိပါကဟု သုံးသပ်ထားရာ ဒုက္ခဝိပါကမှ ကင်းသောနိဗ္ဗာန် ကို သန္တိသုခဟု တင်စား ခေါ်ဝေါ်ခြင်းသာ ဖြစ်လေသည်။ အမှန်စင်စစ် နိဗ္ဗာန်သည် ရွှေမြို့တော်ကြီးကား မဟုတ်ချေ။

"ရဟန်းတို့၊ အလုံးစုံကို အထူးမသိသေးလျှင် ပိုင်းခြား၍ မသိသေးလျှင်၊ မခွာနိုင်သေးလျှင်၊ မပယ်နိုင်သေးလျှင် ဆင်းရဲ ကုန်ခြင်းငှာ မထိုက်"ဟု ဗုဒ္ဓက မိန့်ကြား၏။ သတ္တလောကသား များသည် မြင်သမျှ၊ ကြားသမျှ၊ နံသမျှ၊ လျက်သမျှ၊ ထိသမျှ၊ အာရုံပြုသမျှတို့၌ အမှန်တရားကို မရှာဖွေနိုင်ဘဲ၊ အမည်ပညတ် နောက်သို့လိုက်ကာ လိုလားခြင်း၊ တောင့်တခြင်း၊ မာန်ထောင် ခြင်း၊ မှားယွင်းစွာ တွေးဆခြင်းဖြင့် စခန်းသွားကြ၏။ မျက်စိ အမြင်၊ နားအကြား စသည်တို့၌ မခွာနိုင်ဘဲ၊ မပယ်နိုင်ဘဲ စိတ် အလို ရမ္မက်နောက်သို့ ကောက်ကောက်ပါအောင် တွေးဆ ကြံ စည် နေကြ၏။ ယင်းကြံစည်မှု၊ တွေးဆမှု၊ စေ့ဆော်မှု၊ ခံစား မှု စသည်၌ ဖြစ်ပေါ်ခဲ့သော သတ္တဝါ၏ စိတ်သည် စေတနာ ကမ္မ မည်၏။ ယင်း စေတနာကမ္မသည် နောက်ထပ်တဖန် သန္ဓေ ယူရန်အတွက် မျိုးစေ့ပင်တည်း။ မျိုးစေ့ကမ္မကြောင့် နောက် ထပ်တဖန် ပဋိသန္ဓေဗီဇသည် ဖြစ်ပေါ်လာခဲ့မည်မှာ ကမ္မဖလ မည်ရကား-ကောင်းမှု၊ မကောင်းမှုကိုလိုက်၍ သတ္တဝါသည် သံသရာ၌ ကျင်လည်နေတော့သည်။ ယင်းသို့ ကျင်လည်ရမှု အားလုံးသည် မိမိ၏ကမ္မကြောင့်၊ မိမိ၏စိတ်၊ စေတနာကြောင့်

ဖြစ်ရကား၊ မိမိရရှိမည့်ဘဝကို မိမိပင် ဖန်တီး နေကြလေတော့သည်။ ရရှိသည့်ဘဝသည် လူနှင့် သက်ရှိလောကဖြစ်ရာ ချမ်းသာ ဆင်းရဲဟူသော အမည်ပညတ်သည် ကုသိုလ်နှင့် အကုသိုလ်တို့၏ မူလအမည်ရင်းများ ဖြစ်ကြ၏။ အမှန်စင်စစ် ကုသိုလ်သည်လည်းကောင်း၊ အကုသိုလ်သည်လည်းကောင်း သင်္ခါရ တရားစုသာ ဖြစ်၏။ ကုသိုလ်ကြောင့် သူဌေး ဖြစ်ရသော်လည်း ထိုသူဌေး၏စိတ်၊ စည်းစိမ်၊ သုခ စသည်တို့မှာ အကုသိုလ်ကြောင့် သတ္တဝါဖြစ်ရသော သူ၏စိတ်၊ စည်းစိမ် သုခတို့နှင့် ခြားနားမှု မရှိချေ။ အကြင်သူဌေး တဦးဦးသည် မိမိအလုပ်သမားတဦးဦးနှင့် သော်လည်းကောင်း၊ အလုပ်သမား အားလုံးနှင့် သော်လည်းကောင်း၊ အဆင်မပြေသော ကာလ၌ ဆင်းရဲသားတဦးဦးသည်လည်း တစုံတယောက်နှင့် စကားများကောင်း များနေပေလိမ့်မည်။ ရာထူးဌာနန္တရကြီးမားသော သူတယောက်သည် မိမိအုပ်ချုပ်ရာနေရာတိုင်း၌ မိမိထင်သလို ဖြစ်မလာ၍ စိတ်မကောင်းဖြစ်နေချိန်၌ ထိုအရာရှိကြီး၏ မင်းစေယောကျ်ားမှာ အလုပ်များသောကြောင့် စိတ်ဆင်းရဲ နေပေလိမ့်မည်။ သို့ဖြစ်ရာ၊ ပညတ်အမည်ဖြစ်သော ကုသိုလ်၊ အကုသိုလ် သင်္ခါရကြောင့် ဖြစ်သော ကမ္မဖလသည် ချမ်းသာ၊ ဆင်းရဲဟူသော အမည်နာမ ဝိသေသဖြင့် အကျိုးတရား ထွန်းကားပါသော်လည်း စိတ်ဆင်းရဲမှု ဟူသော ဒုက္ခဝိပါကကိုကား သူဌေးနှင့် ဆင်းရဲသား၊ အရာရှိကြီးနှင့် မင်းစေ ယောကျ်ားတို့မှာ တူညီစွာ ခံစားနေကြရလေသည်။ ယင်းကြောင့်ပင် ဗုဒ္ဓက၊ သတ္တလောကတခုလုံးကို ကမ္မဖလဒုက္ခဘုံဟု သတ်မှတ်ခဲ့ခြင်း ဖြစ်ပေသည်။ သို့ဖြစ်ရာ ဒုက္ခကို ဒုက္ခမှန်း

သိသော သတ္တလောကသားသည် ယင်းတို့မှအပဖြစ်သော ယင်း ဒုက္ခဝိပါကမှ ကင်းဝေးသော မအိုရာ၊ မနာရာ၊ ဝေဒနာမရှိရာ၊ မသေရာ၊ နိဗ္ဗာန်ကို ရအောင် ကြိုးစားကြလော့။ ယင်းနိဗ္ဗာန် သည် အိုခြင်း၊ နာခြင်း၊ သေခြင်း၊ ပဋိသန္ဓေယူခြင်း မရှိ။နောက် ထပ်တဖန် လားရာဂတိမရှိ-ဟု မိန့်ကြားထားခြင်းဖြစ်လေသည်။

ဗုဒ္ဓ၏ အယူအဆအရ၊ သတ္တဝါသည် မသိဘဲ ပြုလုပ်ချင်ရာကို ပြုလုပ်နေကြသည်ဟု မြင်၏။ ယင်းအယူအဆကို သာမာန် လူ ပြိန်းများ နားလည်ရန် ခဲယဉ်းနေကြလေသည်။ ကျွန်ုပ်တို့သည် လိုချင်မှုကြောင့် တစုံတခုကို ပြုနေကြရာ၌ လိုချင်မှုကိုလည်း သိ ကြ၏။ ပြုလုပ်မှုကြောင့် ရရှိမည်ကိုလည်း သိကြ၏။ ပြုလုပ်မှု သည် ကောင်းသောပြုလုပ်မှု၊ မကောင်းသော ပြုလုပ်မှု ဟူ၍ လည်း သိ၏။ ပြုလုပ်မှုကြောင့် အကျိုးအမျိုးမျိုးကို ရယူပြီး နောက်-နောက်ဆက်အကျိုးကိုလည်း သိ၏။သို့ဖြစ်ရာ “သတ္တဝါ သည် မသိဘဲ ပြုလုပ်ချင်ရာကို ပြုလုပ်နေကြသည်။” ဟူသော ဗုဒ္ဓ၏ ပုံသေနည်းမှာ မှန်ကန်မှု မရှိချေ ဟူ၍ မေးရန်ရှိ၏။ သတ္တဝါတဦးသည် ခိုးပြတိုက်ရန် ကြံစည်သည် ဆိုပါစို့။ ထို သူသည် ထိုသို့ ကြံစည်ခြင်းသည် အကုသိုလ်ဟူ၍လည်း သိ၏။ မကောင်းသောအလုပ်ဟူ၍လည်း သိ၏။ ရလာမည့် ပစ္စည်းမှာ မမှန်မကန်ရရှိမှုအကျိုးတရားဟူ၍လည်း သိ၏။ရရှိပြီးနောက် ထို ပစ္စည်းကို ပုန်းရှိုးကွယ်ရှိုး ထားရမည်ကိုလည်း သိ၏။ သက်ဆိုင် ရာတို့မှ ဖမ်းဆီးပြီး နှိပ်စက်မည်ကိုလည်း သိ၏။ ထောင်သွင်း အကျဉ်းချခံရမည်ကိုလည်း သိ၏။ ထောင်အတွင်း အစားဆင်းရဲ အနေဆင်းရဲ၊ သားတကွဲ၊ မယားတကွဲ နေရမည်ကိုလည်း သိ၏။

သေပြီးနောက် ဝေရဲ့စသော ဒုက္ခဘုံတခုခုသို့ ကျရောက်မည်ကို လည်း သိ၏၊ သို့ဖြစ်ရာ "သတ္တဝါသည် မသိဘဲ ပြုလုပ်ချင်ရာ ပြုလုပ်နေကြသည်"ဟူသော ဗုဒ္ဓစကားမှာ ယုတ္တိမတန်ချေ ဟူ၍ ပြောဆိုနိုင်လေသည်။ သို့ရာတွင် အမှန်တကယ်အားဖြင့် ခေါးပြ တိုက်လိုသော ခေါးပြတဦးသည် ခေါးပြတိုက်ရန် ပြင်ဆင်ချိန်၊ တိုက်ယူချိန်၊ ရရှိချိန်များ၌ ယင်းအထက်ပါ အသိစိတ် ရှိလိမ့် မည် မဟုတ်ချေ။ အကယ်၍ ယင်းအသိစိတ်များသာ ထိုသူ အား ခေါးပြတိုက်ရန် စိစဉ်သော ကာလများ၌ ဝင်ရောက် နေခဲ့ ပါက၊ သူ၏လုပ်ငန်းသည် အောင်မြင်လိမ့်မည် မဟုတ်ချေ။ ထို့ အတူ တဦးနှင့်တဦး သတ်ပုတ်ရာ၌ ထိုသို့ သတ်ပုတ်ချိန် ကာလ အတောအတွင်း၌ သတ်ပုတ်သူ၏စိတ်၌ သနားစိတ်၊ ကြင်နာ စိတ်များ ဝင်ရောက်နေပါက သတ်မှုအထမြောက် အောင်မြင် လိမ့်မည် မဟုတ်ချေ။ ထို့အတူလိုချင်၍ ရအောင် ကြိုးစားရာ၌ လည်း ထိုလိုချင်သူ၏ စိတ်ထဲ၌ မှန်ကန်မှုရှိ၊ မရှိ စဉ်းစားနိုင်သော စိတ် ဝင်ရောက်လာလိမ့်မည် မဟုတ်ချေ။ သို့ဖြစ်ရာ ကျွန်ုပ်တို့ သည် ကာယကံမှု၊ ဝစီကံမှု၊ မနောကံမှု တခုခုကို ကျူးလွန်ရာ၌ လည်းကောင်း၊ မကောင်းသော၊ သင့်မသင့် စသော အမှန်တရား မရှာဖွေနိုင်ဘဲ၊ ကျူးလွန်မိရက်သား ဖြစ်သွားရကြောင်း သတိ ပြုမိကြပေလိမ့်မည်။ ယင်းကြောင့် ဗုဒ္ဓက "တဏှာ၊ ဒိဋ္ဌိ၊ မာန" ဟူသော ပပဉ္စ တရားများသည် သတ္တ လောကသား များကို သံသရာဟူသော ကွင်းပြင်ကျယ်ကြီးထဲ၌ တနေရာမှ တနေရာသို့ ပို့ပေးနေကြလေသည်ဟု ရှင်းလင်းခဲ့ခြင်း ဖြစ်ပေသည်။ အမှန် စင်စစ်အားဖြင့် တဏှာသည် ရောဂါတမျိုး ဖြစ်လေသည်။ ယင်း

သည်ဆာမွတ်သည့် ရောဂါဖြစ်၏။ ဒိဋ္ဌိသည် အသိစိတ်ကို တားဆီးသော ရောဂါဖြစ်၍၊ မာနသည် ကြမ်းကြုတ်သော ရောဂါ ဖြစ်လေသည်။ ယင်းရောဂါဆိုး သုံးမျိုးသည် သတ္တဝါတို့၏ သံသရာကိုကျယ်ထက်မကကျယ်အောင်ချဲ့ထွင်စားသုံးတတ်သော ပိုးရောဂါသာ ဖြစ်လေသည်။

အမှန်စင်စစ်အားဖြင့်၊ ရုပ်၊ ဝေဒနာ၊ သညာသင်္ခါရဝိညာဏ် ဟူသော ခန္ဓာငါးပါးသည် အစဉ်မပြတ် ဒလစပ်အားဖြင့် ဖြစ်ပျက်နေသော တရားစုသာ ဖြစ်၏။ ထိုရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ်ဟူသော ခန္ဓာငါးပါးသည် ဖြစ်ပျက်နေသော သဘောရှိသောကြောင့် ပရမတ် စစ်စစ်အားဖြင့် အဖြစ်နှင့် အပျက်သာ ရှိသည်။ ဖြစ်ပြီးနောက် ပျက်နေသော သက်ရှိနှင့် သက်မဲ့အားလုံးတို့၌ လိုချင်စရာ၊ နှစ်သက်စရာ၊ တွယ်တာစရာ ဟူ၍မရှိ၊ ပညတ်အားဖြင့် တင်စား ခေါ်ဝေါ်ထားသောအလှ အပနှင့် ပကာသနတို့သည် သတ္တဝါတို့အတွက် လိုလားနှစ်သက်စရာ မဟုတ်ဟု ထင်မြင်သော ညာဏ်သည် မှန်ကန်သော ညာဏ် ဖြစ်လေသည်။

သတ္တဝါမျိုးဆက်အလိုက် အကောင်းအဆိုးဟူသောအမည် နာမသည် ဖြစ်ပေါ်လာ၏။ ခွေးသည် မစင်ကို နှစ်သက်၏။ အကောင်းထင်၏။ နွားသည် မြက်ကို အကောင်းထင်၏။ နှစ်သက်၏။ ဥရောပသားများသည် ဂျုံမှဖြစ်သော အစားအစာကို အကောင်းထင်၏။ နှစ်သက်၏။ အရှေ့တိုင်းသားများသည် ဆန်နှင့် ဆန်ထွက် ပစ္စည်းကို အကောင်းထင်၏။ နှစ်သက်၏။ အချို့သည် အချိုကို နှစ်သက်၍ အချို့သည် အခါးကို နှစ်သက်၏။

အချို့ လူမျိုးတို့သည် အသားဖြူသည်ကို ဂုဏ်ယူ အမှန်းတင် နှစ်သက်ကြ၍ အချို့လူမျိုးသည် အသားမဲသည်ကို ဂုဏ်ယူ အမှန်းတင် နှစ်သက်ကြ၏။ ယင်းသို့ဖြင့် သတ္တလောကသားများသည် မိမိတို့ လူမျိုးအလိုက် ဒေသအလိုက် အကောင်းအဆိုးကို သတ်မှတ်ထားကြ၏။ သို့ရာတွင် ယင်း သတ်မှတ်ထားသောအကောင်းအဆိုး အားလုံးတို့မှာ အဓိပ္ပာယ်အားဖြင့် သတ္တဝါဟူသော အမည်၊ ရုပ်ဝတ္ထုဟူသော အမည်မှတပါး တခြားမရှိရကား- အကောင်းအဆိုး ဟူသည်မှာ လူက သတ်မှတ်ထားသော အမည်များသာဖြစ်ကြောင်း သဘောပေါက်ကြလျှင်၊ ယင်း၌ ထူးခြားသော စွဲလမ်းစရာ၊ နှစ်သက်စရာ မလိုတော့ချေ။ ယင်းသို့စွဲလမ်းခြင်း၊ နှစ်သက် လိုလားခြင်း၊ မရမက ကြိုးပမ်းခြင်း မရှိသော ပုဂ္ဂိုလ်၏စိတ်သည် ဖြူစင်သောစိတ်ဖြစ်၍၊ ယင်းဉာဏ်အမြင်သည် မှန်ကန်သော ဉာဏ်အမြင် ဖြစ်လေသည်။

ထိုအမြင် သတ္တလောကသား အားလုံးနှင့်တကွ အရာဝတ္ထုအားလုံးသည် ရုပ်ကလာပ်စုမျှသာ ဖြစ်သည်ဟု ပို၍ လေးနက်စွာ မြင်ခဲ့ပါမူ၊ ယင်းတို့၌ လိုချင်မှု မလိုချင်မှု ဖြစ်စရာ မလိုတော့ချေ။ ထို့ပြင် ငါတို့သည် သံသရာအဆက်ဆက်မှ စ၍ အမှန်တကယ်မဟုတ်သော အရာတို့၌ စွဲလန်းခြင်း၊ နှစ်သက်ခြင်း၊ မာန်ယစ်ခြင်း၊ မဟုတ်သော အရာဝတ္ထုကို အဟုတ် ထင်မှတ်ခါ မှားယွင်းသော စိတ်ကူး စိတ်သန်းနှင့်တကွ၊ ကာယကံ၊ ဝစီကံ၊ မနောကံများပါ ကျူးလွန်ခဲ့ခြင်းကြောင့် သံသရာ၌ ဝိပါက် အကျိုးတရားကို အဆက်မပြတ် ရရှိခဲ့ခြင်း ဖြစ်သည်။ ယခုအခါ ငါသည် မှန်ကန်သော ဉာဏ်အမြင်ကို ရခဲ့ပြီးဖြစ်ရကား-သံသရာ

မှ ထွက်မြောက်သော အရာကို မရအရ ရှာဖွေတော့မည်ဟု ယတိပြတ် ဆုံးဖြတ်ချက် ချမှတ်ရပေမည်။ ယင်းသို့ သံသရာမှ ထွက်မြောက်ချင်သော စိတ်ဖြစ်ပေါ်မှု၊ သံသရာ၌ နောက်ထပ် မလည်ပတ်လိုမှုကို သံဝေဂဉာဏ်ဟု ခေါ်လေသည်။ထို"သံဝေဂ ဉာဏ် မရဘဲ သတ္တဝါသည် သံသရာမှ ထွက်မြောက်လိမ့်မည် မဟုတ်" ဟု ဗုဒ္ဓက အခိုင်အမာ ယူဆထားလေသည်။

ထို့ကြောင့် "ယင်းရုပ်ရုံ၊ သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရသာရုံ၊ ဖေါ ဋ္ဌဗ္ဗာရုံဟူသော အာရုံငါးပါး၌ နှစ်သက်ဖွယ်၊ သာယာဖွယ် ရှိနေ သည်ဟု ယူဆနေသမျှ ကာလပတ်လုံး သံသရာမှ မည်သည့်အခါ မျှ ထွက်မြောက်နိုင်လိမ့်မည် မဟုတ်ချေ။ ယင်းအာရုံတရား၌ နှစ်သက်ဖွယ် မရှိဟု ငြီးငွေ့သော အခါ၌မှု သတ္တဝါသည် သံသရာမှ ထွက်မြောက်နိုင်လိမ့်မည်ဟု ဗုဒ္ဓက သံယုတ်သုတ္တန် အတော်များများ၌ မိန့်ကြားခဲ့ခြင်း ဖြစ်၏။ အမှန်စင်စစ်အား ဖြင့် သတ္တဝါသည် မိမိစားသုံးနေကြ အာရုံ၌ နောက်ထပ် စား သုံးလိုသေးသလား သို့မဟုတ် ယင်းအဟာရကို ဖြတ်တောက်ရ မလား ဆိုသည်ကို ဆုံးဖြတ်ချက် ချရပေမည်။ လမ်းဟောင်းသည် သံသရာလမ်းဖြစ်၍၊ လမ်းသစ်သည် နိဗ္ဗာန်လမ်း ဖြစ်၏။ လမ်း ရိုးအတိုင်း လိုက်လိုပါက သိုက်နိုင်ပြီး လမ်းခွဲလိုက လမ်းဟောင်း ကို ပစ်၍ လမ်းသစ်သို့ ပြောင်းလျှောက်ရမည် ဖြစ်ပေသည်။ သတ္တဝါသည် မိမိစွဲနေသော အစားအစာကို အမြဲတန်း စွဲလန်း တတ်သော သဘောရှိ၏။ ဥပမာအားဖြင့် ဆေးလိပ်စွဲနေသူ တဦးသည် နောင်သတိရသောနေ့၌ ယင်းဆေးလိပ်ကို သောက် သုံးခြင်းဖြင့် အပြစ်ရှိကြောင်း သိရှိနေသော်လည်း ဆေးလိပ်

ဖြတ်ရန် မလွယ်ကူချေ။ ဘာသာရေး စကားလုံးများ၌ ယင်းသို့ ဖြတ်ရန် မလွယ်ကူခြင်းကို ဥပါဒါန်ဟု ခေါ်လေသည်။ ယင်းဆေးလိပ်ကို ဖြတ်မည် စိတ်ကူးတိုင်း မိမိစိတ်ဓာတ်သည် ဆေးလိပ်၌ စွဲလန်းနေကြောင်း သတိပြုမိကြလျှင် သတ္တဝါသည် အာရုံငါးပါး၌ ငြိုးကပ်နေပြီ ဖြစ်ရကား မည်မျှပင် အသိစိတ်သည် ကြည်လင်နေစေကာမူ၊ ဝါ၊ လမ်းဟောင်းနှင့် လမ်းသစ်၌ မည်မျှပင် နေ့ခြေနေစေကာမူ၊ ကာမဂုဏ်တရားကို ဖြတ်တောက်ရန် လွယ်ကူလိမ့်မည် မဟုတ်ချေ။ ယင်းကို ဘာသာရေးသမားများက စိတ်ဓာတ်ပျော့ညံ့သူဟု သမုတ်ထားလေသည်။ လူနှင့် သက်ရှိသတ္တဝါတို့၏ ပင်္ဂသန္ဓေ ဗီဇစိတ်သည် စိတ်ဓာတ်ပျော့ညံ့ခြင်း၊ စိတ်ဓာတ်မာကျောခြင်း၊ နှစ်မျိုး ရှိသည်ဟု ဖော်ပြထား၏။ ငရဲ၊ တိရိစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်တို့၏ စိတ်ဓာတ်သည် အလွန်ပျော့ညံ့သော စိတ်ဓာတ်ရှိပြီး၊ လူ၌မူ စိတ်ဓာတ် ပျော့ညံ့သူ၊ စိတ်ဓာတ် မာကျောသူဟု နှစ်မျိုး ရှိလေသည်။ စိတ်ဓာတ် ပျော့ညံ့သူကို ဒိဟိတ် = (အလောဘ၊ အဒေါသ၊ သို့မဟုတ် အလောဘ၊ အမောဟ၊ ဟိတ်နှစ်မျိုးနှင့် ပင်္ဂသန္ဓေ ယူလာသူဟု သတ်မှတ်၍၊ စိတ်ဓာတ် မာကျောသူကို တိဟိတ်၊ (အလောဘ၊ အဒေါသ၊ အမောဟ) ပင်္ဂသန္ဓေ ဗီဇ ရှိသူဟု သတ်မှတ်ထားလေသည်။ သတ္တဝါသည် မိမိ စိတ်ကို အကဲခတ်ရမည် ဖြစ်၏။ ငါသည် အလုပ်တခုကို လုပ်မည်ဆိုလျှင် တွန့်ဆုတ်တတ်သော သဘောရှိသလား၊ ရှိခဲ့လျှင် ဒွိဟိတ် ပင်္ဂသန္ဓေ နေခဲ့သူဟု ဆုံးဖြတ်ရမည်။ မည်သည့် အလုပ်ကိုမဆို လုပ်မည်ဟု ကြံစည်တိုင်း မှားသည်ဖြစ်စေ၊ မှန်သည် ဖြစ်စေ

ဘုန်းဆိုတိုက် ကျားဆိုကိုက် စိတ်ဓာတ်မျိုးဖြင့်မဖြစ်မနေဆောင် ရွက်တန်သောအလေ့ ရှိသလား၊ ရှိလျှင် တိဟိတ်ပဋိသန္ဓေ နေသူဟုဆိုးဖြတ်ရပေမည်။

ဒွိဟိတ်ဟူသောစိတ်ဓာတ်ပျော့ညံ့သူသည်ဤဘဝ၌နိဗ္ဗာန်ကို မရနိုင်သူများဖြစ်၍၊ တိဟိတ်ဟူသော စိတ်ဓာတ်မာကျောသူ သည် လိုလားပါက၊ ဤဘဝ၌ နိဗ္ဗာန်သို့ ရောက်နိုင်သူဖြစ်လေ သည်။ အဘယ့်ကြောင့်ဆိုသော် သတ္တလောက၌ အမှန်တကယ်ရှိ နေသော သာယာဖွယ် နှစ်သက်ဖွယ် တရားစုများ၌ အနယ်ထိုင် နေပြီဖြစ်သော သတ္တလောကသားများ စိတ်ဓာတ်ကို ယင်း သာယာဖွယ်၊ နှစ်သက်ဖွယ်တို့မှ ဖြတ်တောက်၍တခြားလမ်းသစ် ဖြစ်သည့် ပဋိသန္ဓေယူမှုမရှိသော။ နောက်ထပ်ဘဝသစ်မရှိသော နောက်ထပ် ထိုကဲ့သို့ပျော်ရွှင်စရာ၊ နှစ်သက်စရာ သာယာစရာမရှိ သော နိဗ္ဗာန်သို့သွားရန် မလွယ်ကူသောကြောင်းတည်း။ သို့ ဖြစ်ရာနိဗ္ဗာန်သည်စိတ်ဓာတ်ပျော့ညံ့သူများရောက်ရမည့်နေရာမျိုး ကား မဟုတ်ချေ။

ကျွန်ုပ်တို့ လေ့လာခဲ့သမျှများကို ပြန်လည်ကောက်ချက် ချပါက အောက်ပါအချက်များ ပါဝင်နေကြောင်း တွေ့ရပေ လိမ့်မည်။

(၁) နိဗ္ဗာန်ဟူသော စကားသည် ဗုဒ္ဓက အသစ်အဆန်း တီထွင်သော စကားလုံးမဟုတ်ဘဲ မူလရှိပြီး စကားလုံး ဖြစ်သည်။ သို့ရာတွင် ဗုဒ္ဓယူဆသော နိဗ္ဗာန်ဆိုသည်မှာ မြို့ရွာနယ်ပယ်၊ နိဂုံး၊ ဇနပုဒ်စသောအရပ်ဒေသမျိုးမဟုတ်၊ သာယာစရာ မရှိ၊ နှစ်သက်

စရာ မရှိ၊ ပဋိသန္ဓေမယူ၊ ဘဝသစ်မရှိသော အဘာဝ ပညတ် အမည် ဖြစ်သည်။

(၂) နိဗ္ဗာန်သို့ ရောက်လိုသူသည် သံသရာကို သိရမည်။ သံသရာ၏ဘေးရန်ကို သိရမည်၊ သံသရာ ဘေးရန်မှ ထွက်ချင် ရမည်။

(၃) နိဗ္ဗာန်ဟူသည် နောက်ထပ် ပဋိသန္ဓေမယူရသောနေရာ ဖြစ်သည်ဟု သိပြီးသောသူသည် ယင်းနိဗ္ဗာန်ကိုလိုလားပါက၊ မိမိ စိတ်ခေတ်သည် မူလသမ်းဟောင်း ကို ခွဲနိုင်၊ မခွဲနိုင် အကဲဖြတ်ရ မည်။ စိတ်ခေတ် မာကျောသူလော၊ စိတ်ခေတ် ပျော့ညံ့ သူလော-

◒ ◒ ◒

# (ခ) သမထကျင့်စဉ်များ

ခေတ်ခွဲခန်းမှ စမ်းသပ်တွေ့ရှိရသော အကြောင်းအရာ တခု ကို သိပ္ပံပညာရှင်က ကျန်လူများအား ပြောပြ၏။ သူသည် မှတ်တမ်းတင်ထား၏။ သူ ပြောပြချက်ကိုလည်းကောင်း၊ သူ၏ မှတ်တမ်းကိုလည်းကောင်း ကျန်လူများက ပြောပြသဖြင့်သာ လက်ခံကြရသော်လည်း နားလည်ရန်သော်လည်းကောင်း၊ ယုံကြည်ရန်သော်လည်းကောင်း ခဲယဉ်းတတ်ကြလေသည်။ အဘယ့်ကြောင့်ဆိုသော် ခေတ်ခွဲခန်းဖြင့်သာ တွေ့ရှိနိုင်ပြီး အပြင်၌ လက်တွေ့ ကိုင်မပြနိုင်သောကြောင့်ဖြစ်၏။ လောက၌ စမ်းသပ်မှ သိရှိရသော အဖြစ်အပျက်မျိုး၊ တွေးတောမှ သိရှိရသော အကြောင်းအရာမျိုး၊ ကိုယ်တိုင်မြင်မှ သိရှိရသော အရာဝတ္ထုမျိုး ဟူ၍ "တွေ့ရှိချက်" အမျိုးမျိုး ရှိလေသည်။

လောကုတ္တရာ လမ်းစဉ် ဆိုသည်ကား ပြောပြ၍သော်လည်းကောင်း၊ ရေးပြ၍သော်လည်းကောင်း၊ နားလည်ရန် ခဲယဉ်းလှ၏။ လောကုတ္တရာဟူသော လောကမှ ထွက်မြောက်ရာကို လူသားများသည် ကိုယ်တိုင်ကိုယ်ကျင့်ပြုလုပ်မှ ရရှိခြင်းမျိုး ဖြစ်၏။

ယင်းသို့ကိုယ်တိုင် စမ်းသပ်မှ တွေ့ရှိရသည် ဆိုရာ၌လည်း မိမိစိတ်ကို မိမိကိုယ်တိုင် လေ့လာခြင်း၊ ပွားများခြင်း အားထုတ်ခြင်းပြုမှသာ သိရှိနိုင်လေသည်။ စင်စစ်အားဖြင့် နိဗ္ဗာန်သည် အလုပ်တရားမှ သိရှိရသောအရာ ဖြစ်လေသည်။ ထို့ကြောင့်ဗုဒ္ဓကသူ၏ တရားဂုဏ်တော်ကို ဖေါ်ပြရာ၌ "ကိုယ်တိုင် စမ်းသပ်ပါ၊ မျက်မှောက် အကျိုးရှိလိမ့်မည်" ဟု ညွှန်ကြားခြင်း ဖြစ်၏။

သို့ဖြစ်ရာ၊ နိဗ္ဗာန်သည် ကျင့်ရာမှ သိရှိရသောတရား- သို့မဟုတ် အလုပ်ဖြင့် သိရသော အမှန်တရားဖြစ်လေသည်။ မည်သို့လုပ်ဆောင်ရမည်နည်း ဆိုသောအခါ "လျှောင်း၊ထိုင်၊ရပ်၊သွား" ဟူ၍ သတ္တလောကသားများ အဘို့ဣရိယာပုတ် လေးမျိုးဖြင့် လှုပ်ရှားနေကြ၏။ ယင်းလေးမျိုးစလုံးဖြင့် ဆောင်ရွက်နိုင်သည် အားထုတ်နိုင်သည်။ ကျင့်နိုင်သည်။ ဟု သတ်မှတ်ပေး၏။

မည်မျှ ကြာမြင့်သည်အထိ အားထုတ်ရမည်နည်းဆိုလျှင် "တရားမှန်၊ အဖြစ်မှန်" ကို မတွေ့မချင်း မီးပွတ်သမားသည် မီးကို မရမချင်း ပွတ်နေသကဲ့ဟု အားထုတ်နေရမည်ဟု ဆိုလေသည်။ နိဗ္ဗာန်သို့ရောက်ရန် အားထုတ်ရာ၌နည်းလမ်းနှစ်မျိုးရှိ၏။ ယင်း နည်းလမ်းနှစ်မျိုးမှာ သမထ အားထုတ်နည်း၊ ဝိပဿနာ အားထုတ်နည်းဟူ၍ ဖြစ်၏။ သမထမှ အားထုတ်နည်းမှာ ဗုဒ္ဓတည်ထွင်သော နည်းသစ်မဟုတ်ပဲ ယင်း ခေတ်ရှိပြီး တိတ္ထိဂိုဏ်းသားများ အားထုတ်လေ့ရှိသော နည်းဟောင်းကို ပြုပြင်ထားသော နည်းဟောင်းဖြစ်၏၊ သို့မဟုတ် အစဉ်အလာ နည်းဟောင်းကို ပြုပြင်ထားသော နည်းလမ်းဖြစ်၏။

တိတ္တိရိယ်ဏ်းဟောင်း သို့မဟုတ် ရှေးဟောင်း နည်းလမ်းဖြစ်သည့် သမထနည်းမှာ လုပ်နည်းလွဲခြင်း၊ ရည်ရွယ်ချက်လွဲခြင်း စသည်တို့ကြောင့် ခန္ဓာကိုယ်ကို ညှဉ်းဆဲသော အလုပ်မျိုး (အတ္တကိသမထ) သာဖြစ်ရာ နိဗ္ဗာန်သို့ရောက်ရန် မလွယ်ကူဟု ဗုဒ္ဓ မြင်သည်။ သို့ရာတွင် ယင်းနည်းဟောင်းကို ပြုပြင်၍ လုပ်နည်းပြောင်း၍ ရည်ရွယ်ချက်ပြောင်း၍ ဆောင်ရွက်ကျင့်ပါမူ နိဗ္ဗာန်သို့ရောက်နိုင်သည်ဟု ဗုဒ္ဓယူဆသည်။ သို့ကြောင့် မူလ နည်းဟောင်းကို ပြုပြင်၍ သမထနည်းဖြင့် ကျင့်ကြံခြင်းကို ဗုဒ္ဓကခွင့်ပြုထားခြင်း ဖြစ်၏။

ထူးခြားသည်မှာ သမထနည်းလမ်းမှ စတင်၍ ကျင့်ကြံအားထုတ်သူသည် အကြားအမြင်ဟုခေါ်သော ဒိဗ္ဗစက္ခု၊ ဒိဗ္ဗသောတဉာဏ်မျိုးကိုပါ ပူးတွဲရရှိခြင်းပင် ဖြစ်၏ မှန်၏၊ သမထလမ်းစဉ်သည် လောကုတ္တရာလမ်းစဉ် မဟုတ်ပဲ လောကီလမ်းစဉ်သာဖြစ်ရာ၊ လောကီမှ လောကုတ္တရာသို့ တက်ရောက်သူသည် လောကီအကျိုးဖြစ်သော အကြားအမြင်စသည်တို့ကို ခံစားရမည်မှာ အမှန်ပင်ဖြစ်၏။ ဝိပဿနာလမ်းစဉ်မှ တိုက်ရိုက်တက်ရောက်၍ နိဗ္ဗာန်သို့သွားသော လမ်းစဉ်မှာမူ လမ်းဟောင်းမျိုး မဟုတ်ဘဲ ဗုဒ္ဓက တိုက်ရိုက်တည်တွင်သော နည်းလမ်းသစ် ဖြစ်လေသည်။

သမထ လမ်းစဉ်အရ အားထုတ်လိုသောသူသည် အောက်ပါ အားထုတ်နည်းကို လေ့လာကြရပေလိမ့်မည်။

“ဘဒ္ဒါလိ- အချို့သော ရဟန်းသည် မြတ်စွာဘုရား သာသနာတော်၌ သိက္ခာကို ပြည့်ကျင့်လေ့ရှိ၏။ ထိုရဟန်းအား

ငါသည် ဆိတ်ငြိမ်ရာဖြစ်သော ကျောင်းသို့လည်းကောင်း၊ တောသို့လည်းကောင်း၊ သစ်ပင်ရင်းသို့ လည်းကောင်း၊ တောင်သို့လည်းကောင်း၊ ချောက်သို့လည်းကောင်း၊ တောင်ခေါင်းသို့လည်းကောင်း၊ သုသာန်သို့ လည်းကောင်း၊ တောအုပ်သို့လည်းကောင်း၊ လွင်တီးခေါင်သို့လည်းကောင်း၊ ကောက်ရိုးပုံသို့လည်းကောင်း၊ ချဉ်းကပ်၍– ငါသည် လူတို့၏ ကုသိုလ် ကမ္မပထတရားဆယ်ပါးထက် လွန်မြတ်သောကိလေသာကို ဖျက်ဆီးခြင်းငှာ စွမ်းနိုင်သော ဉာဏ်အမြင်အထူးကို မျက်မှောက်ပြုနိုင်ရာ၏– ဟု ဤသို့အကြံသည် ဖြစ်ရာ၏။

ထိုရဟန်းသည် ယင်း ဆိုခဲ့ပြီးသော တနေရာသို့ ချဉ်းကပ်၏။ (ဘဒ္ဒါလိသုတ်–ဘိက္ခုဝဂ်၊ မဇ္ဈိမ ပဏ္ဏာသ) ရဟန်းသည် စောင့်ထိန်းအပ်သော သီလများ လုံခြုံပြီးသည်ဖြစ်၍ မျက်လှာကိုချ၍ မျက်စိ၊ နား၊ လျှာ၊ ကိုယ်ဟူသော ဒွါရပေါက်တို့မှ ဝင်လာသော အာရုံတရားများကို မမှတ်သားဘဲ သတိရှေ့ရှု နေ၏။ ခန္ဓာကိုယ်ကို ဖြောင့်စွာ ထားပြီး မိမိ၏စိတ်၌ ဖြစ်ပေါ်လာတတ်သော မိန်းမ၊ ယောကျ်ား ဟူသော အမှတ် အသားကို ပယ်ထုတ်ထား၏။ ယင်းသို့ ပယ်ထုတ် ထားသဖြင့် အကုသိုလ်တရားစုမှ ကင်းဝေးနေ၏။ စိတ်သည်ကြည်လင်၏။ မိမိ၏ နှာသီးဖျားမှ ထွက်လေ၊ ဝင်လေကို သော်လည်းကောင်း မှတ်သားနေ၏။ ယင်းသို့ ကြိမ်ဖန်များးစွာ မှတ်သားလာခဲ့သော် စိတ်သည်ငြိမ်သက်လာ၏။ (ဒီဃနိကာယ်–သာမညဖလသုတ်)

"ထိုရဟန်းသည် စိတ်ညစ်ညူးခြင်းကို ဖြစ်စေ တတ်သော ပညာ၏ အားနည်းခြင်းကို ပြုတတ်သော နီဝရဏ ငါးပါး

တို့ကို ပယ်ဖျောက်၍ ကာမဂုဏ်စိတ်တို့မှ ကင်းဆိတ်၍သာလျှင် အကုသိုလ်တို့မှ ကင်းဆိတ်၍သာလျှင် ကြံစည်ခြင်း ဝိတက်၊ သုံးသပ်ခြင်း ဝိစာရ၊ နှစ်သိမ့်ခြင်း ပီတိ၊ ချမ်းသာခြင်း သုခ ရှိသော ပထမစျာန်သို့ရောက်နေ၏။ ကြံစည်ခြင်း၊ သုံးသပ်ခြင်း များ ပျောက်ဆုံးသွားပြီး နှစ်သိမ့်ခြင်းပီတိ၊ချမ်းသာခြင်း သုခတို့ ဖြင့်ဆက်လက် ပွားများနေ၏။ ယင်းသည် ဒုတိယစျာန် မည်၏။ ထို့နောက် ကြံစည်ခြင်း၊ တွေးတောသုံးသပ်ခြင်း၊ နှစ်သိမ့်ခြင်း များ မရှိတော့ဘဲ စိတ်သည် ပို၍ ဖြူစင်လာ၏။ ယင်းသည်တတိယ စျာန်မည်၏။ ထို့နောက် ကြံစည်တွေးတော နှစ်သိမ့်ခြင်းလည်း မရှိ၊ ချမ်းသာခြင်းလည်းမရှိတော့ဘဲ ပို၍ စိတ်ကြည်လင်လာ၏။ ယင်းသည် စတုတ္ထစျာန်မည်၏။ စတုတ္ထစျာန်ကို ရပြီးနောက် ဆက်လက်အားထုတ်ပါက ရှေး၌ နေဖူးသော ခန္ဓာအစဉ်တို့ကို မြင်လာရသည့် ပုဗ္ဗေနိဝါသနုဿတိ ဉာဏ်ကို ရရှိလာ၏။ ထို့နောက် ဒိဗ္ဗစက္ခုဉာဏ်ကို ရ၏။ (ဤအထိသည် လောကီ ဉာဏ်များ သမာဓိဉာဏ်များ ဖြစ်၏ = စာပြုသူ)

ယင်းနောက် ဆက်လက် အားထုတ်လာသောအခါ စိတ်သည် လုံးဝတုန်လှုပ်မှု မရှိတော့ဘဲ အာသဝက္ခယ ဉာဏ်သို့ ရောက်နိုင်ရန် စိတ်သည် တဖြည်းဖြည်း နီးစပ်လာ၏။ ထို ရဟန်းအား ဒုက္ခအစစ်အမှန်ကိုလည်းသိပြီး၊ ဒုက္ခကိုဖန်တီးတတ် သော တရားကိုလည်း သိပြီး၊ ဒုက္ခမှ လွတ်မြောက်ရာ အကျင့် ကိုလည်းသိပြီဟု သူ၏စိတ်၌ ဖြစ်ပေါ်လာခဲ့၏။

(အပဏ္ဏကသုတ်၊ ဂဟပတိဝဂ်၊ မဇ္ဈိမပဏ္ဏာသ)

ဣရိယာပုတ်ကိုလိုက်၍ 'ထိုင်နေလျှင် ထိုင်နေသည်ဟု မှတ်သား နေခြင်း၊ ရပ်နေလျှင် ရပ်နေသည်ဟု မှတ်သားခြင်း၊ လျှောက်နေလျှင် လျှောက်နေသည်ဟု မှတ်နေခြင်း၊ အသုဘ ကောင်နိမိတ်ကိုယူ၍ အာရုံပြုနေခြင်း၊ နာကျင်သည်ကို နာကျင်သည်ဟု အမှတ်ပြုနေခြင်း၊ မြင်နေသည်ကို မြင်နေသည်ဟု အမှတ်ပြုနေခြင်း၊ ကြားနေသည်ကို ကြားနေသည်ဟု သတိပြု နေခြင်း၊ စားနေသည်ကို စားနေသည်ဟု သတိပြုနေခြင်း၊ လျက် နေသည်ကို လျက်နေသည်ဟု သတိပြုနေခြင်း၊ အချုပ်အားဖြင့် ကျင်ကြီးကျင်ငယ် သွားနေစဉ်ပင် ကျင်ကြီးကျင်ငယ် သွားနေ သည်ဟု အမှတ်ပြုနေခြင်း။

ယင်းသို့မြင်နေ၊ ကြားနေ၊ သိနေသော ပစ္စုပ္ပန်ကျကျကို အာရုံစိတ်မှ မလွတ်စေအောင် သိနေမှုသည် သမထ၏ အခြေခံ တရားဖြစ်၏။ အမှန်အားဖြင့် သတ္တလောကသားများသည် စား နေစဉ် အစားကို အာရုံမပြုနိုင်မှု ထိုင်နေစဉ် ထိုင်နေမှုကို အာရုံ မပြုနိုင်မှု စသည်ဖြင့် ရှိနေကြ၏။ မှန်၏။ ကျွန်ုပ်တို့သည် ဘုရား ဝတ်ပြုနေစဉ်ပင် မိမိ၏စိတ်သည် ဘုရားဟူသော အာရုံမှ လွင့် ထွက်၍ မနေ့က တွေ့ခဲ့ရသော အကြောင်းအရာတခုခုကို အာရုံ ပြုနေကြောင်း၊ သို့မဟုတ် မနက်ဖြန်ကာ ဘယ်သို့ဖြစ်ရလျှင်၊ ကောင်းမှာဘဲဟု တွေးနေမှုများ ရှိနေကြောင်း သတိပြုကြ လျှင် စိတ်သည် ပျံ့လွင့်နေကြောင်း သိနိုင်ကြရ ပေလိမ့်မည်။ ထို့အပြင် သတ္တဝါ တဦးဦးသည် မြင်နေသော ကြားနေသော အမြင်အကြားကို မြင်ကြားပြီးနောက် ဆက်တိုက် တွေးနေ မိကြောင်း သတိပြုကြရမည်။

ယင်းကို စိတ်ပျံ့လွင့်နေသည်ဟု ခေါ်လျှင် စိတ် ကြည်လင်လာအောင် မြင်နေသော ကြားနေသော အရာရာ၌ မြင်သည် ကြားသည်ဟု လိုက်လံမှတ်သားခြင်းဖြင့် စိတ်ပျံ့လွင့်မှုကို ထိန်းချုပ်နေရလိမ့်မည်။ တခြား စိတ်ကူး စိတ်သန်းများ မဖြစ်ပွားလေအောင် မြင်နေစဉ်၊ ကြားနေစဉ် စသည်တို့၌ မှတ်သားနေခြင်းကို ပစ္စုပ္ပန်ကျကျ တွေ့မြင်ခြင်းဟုခေါ်လေသည်။ စိတ်ကို ထိန်းချုပ်ရာ၌၊ ကျွန်ုပ်တို့၏ စိတ်ကို ဖမ်းရန်မှာ လွယ်ကူသော အလုပ်ကားမဟုတ်ချေ။ မိမိစိတ်ကို မိမိ နိုင်အောင် ထိန်းသော လုပ်ငန်းသည် သမထလုပ်ငန်းမည်လေသည်။ သို့ရာတွင် စိတ်ကို ထိန်းသိမ်းရာ၌ နည်းလမ်း မှန်ရန်ကား အလွန် အရေးကြီးကြောင်း သတိပြုကြရပေလိမ့်မည်။ အကယ်၍ နည်းလမ်း မမှန်ကန်မှုမျိုးရှိပါက၊ သတ္တဝါသည် သမထတရားများ၌ အာရုံကျနိုင်မည်မဟုတ်ချေ။ မည်မျှပင် ကြာရှည်လေးမြင့်စွာ လိုက်လံမှတ်သားနေသော်သည်း စိတ်ငြိမ်မှုကို ရရှိလိမ့်မည် မဟုတ်ချေ။ အရေးကြီးသည်မှာ နည်းမှန် လမ်းမှန် ကျရန်ပင် ဖြစ်၏။ သတ္တဝါ၌ စရိုက်ဝါသနာများသည် မူသဗ္ဗဝမှလည်းကောင်း၊ ပတ်ဝန်းကျင်မှ လည်းကောင်း ကူးစက် ပါဝင်ပတ်သက်လျက်ရှိ၏။ တရားကျင့်၍ သမထကို အားထုတ်၍ ရနိုင်သော တိဟိတ်ပုဂ္ဂိုလ် သို့မဟုတ် စိတ်ဓာတ်မာကျောသောသူဖြစ်သည် ဆိုကြပါစို့။ သို့ရာတွင် ထိုသူသည် ဒေါသစရိုက် ဝါသနာအားကောင်းနေသူဖြစ်အံ့၊ ယင်းနှင့် မသင့်တော်သော သမထတမျိုးမျိုးကို မည်မျှအထိ ကြာရှည်အောင် အားထုတ်စေကာမူ စိတ်ငြိမ်ခြင်းကို ရရှိလိမ့်မည်မဟုတ်ချေ။

ထို့အတူ လောဘစရိုက် အားသန်သူ၊ မောဟစရိုက် အားသန်သူများသည်သည်း မိမိစရိုက် ဝါသနာများနှင့် မကိုက်ညီသော သမထ အမျိုးမျိုးကို အားထုတ်မိကြသဖြင့် မည်သည့် သမထကိုမျှ အောင်မြင်စွာ ပေါက်ရောက်လိမ့်မည် မဟုတ်ချေ။ သို့ဖြစ်ရာ ပုဂ္ဂိုလ်ကိုလိုက်၍ စရိုက်ဝါသနာအလျောက် သင့်လျော်သော သမထကို အားထုတ်မှသာလျှင် အောင်မြင်နိုင်ပေလိမ့်မည်။

(၁) လောဘစရိုက် ဝါသနာ ကြီးသူများအတွက် = အသုဘဆယ်မျိုး–ကာယဂတာသတိ၊ ၃၂-ပါးသောကောဋ္ဌာသ။

(၂) ဒေါသစရိုက် ဝါသနာ အားကြီးသူများ အတွက် = ဂရုဏာ၊ မုဒိတာ၊ နီလ၊ ပီတ၊ လောဟိတ-ဩဒါတ။

(၃) မောဟစရိုက် ဝါသနာ အားကြီးသူများအတွက် = အာနာပါန ဟုဆိုသော ထွက်လေဝင်လေကို ဆင်ခြင်မှု။

(၄) အလှူအတန်း၌ ဝါသနာ ကြီးလွန်းသူ = ဗုဒ္ဓါနုဿတိ၊ ဓမ္မာနုဿတိ၊ သံဃာနုဿတိ၊ သီလာနုဿတိ၊ စာဂါနုဿတိ၊ ဒေဝနုဿတိ။

(၅) ပညာကြီးသော ပုဂ္ဂိုလ် = မရဏ နုဿတိ၊ ဥပသမာနုဿတိ၊ အာဟာရ၌ စက်ဆုပ်ရွံရှာဘွယ်ဟူသော အမှတ်။

(၆) မည်သူမဆို အားထုတ်နိုင်သော သမထများ = ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယော၊ အာကာသ၊ အာလောက၊ အာကာသာနဉ္စာယတန၊ ဝိညာဏဉ္စာယတန၊ အာကိဉ္စညာယတန၊ နေဝသညာနာသညာယတန =

သမထဟူသော အမည်သည် စိတ်ကို ငြိမ်သက်အောင် ပြုမှုသော အလုပ်ကို ခေါ်ဝေါ်ကြောင်း ကျွန်ုပ်တို့ နားလည်ကြရပေလိမ့်မည်။ သို့ဖြစ်ရာ အမှန်တကယ် ပစ္စုပ္ပန်တည့်တည့်၌ ပေါ်လာသော အကြားအမြင်များကို မလွတ်တမ်း လိုက်လံ မှတ်သားမှု၊ ထို့အပြင် တစုံတခုသော နေရာ၌ထိုင်၍၊ရပ်၍၊လျှောင်း၍၊ စင်္ကြန်သွား၍၊ မိမိ အားသုတ်လိုရာ တခုခုကို မှတ်သားနေမှုစသည်များသည် သမထ၏ အလုပ် ဖြစ်လေသည်။ သမထကို လုပ်ဆောင်ရာ၌ အမှတ်အသားတခုလည်း ရှိသေး၏။ ယင်းမှာ အကြီးဆုံး ကောက်နှယ်တလင်းခန့်၊ အငယ်ဆုံး စကောဝိုင်းခန့်ဟူ၍ ဖြစ်သည်။ မိမိသည် သမထကို အားထုတ်နေသည် ဆိုကြပါစို့။ ထိုသူ၏ အာရုံကျက်စားရာ၊ ဝါ စိတ်ကူးရာသည် အစ ပထမ၌ ကောက်နယ်တလင်းခန့်၊ ဝါ၊ပေ ၃၀–ပတ်လည်တဝိုက် ထက် ပို၍ အာရုံမပြန့်စေရန် သတ်မှတ်ထားကြရမည် ဖြစ်၏။ တဖြည်းဖြည်း အာရုံစိတ်များငြိမ်သက်လာသောအခါ၌ကသိုဏ်းဝန်းဟုခေါ်သော မူလ သတ်မှတ်ထားသည့် ပေ၃၀-ထက် ကျုံ့လာရမည်ဖြစ်ပြီး၊ နောက်ဆုံး၌မူ၊ မိမိစိတ်ကို တပေပတ်လည်ကဝိုက်၌သာ ကျက်စားလာစေရမည်ဟု ဆိုလိုရင်း ဖြစ်၏။ ထို့အပြင် သမထကို အားထုတ်သောသူသည် အထူး သတိပြုရမည့် အချက်တချက် ရှိသေး၏။ ယင်းကား နိမိတ်ပင်တည်း။ ဗုဒ္ဓ၏ပါဠိ ပိဋကတ်များအရ သမထ အားထုတ်ရာ၌၊ ပထဝီ = မြေကိုရှုမှတ်နေသည် ဆိုပါစို့။ မြေကြီးကို မျက်စိဖြင့် ကြည့်နေရမည်ကား မဟုတ်၊ အာရုံထဲ၌၊ စိတ်ထဲ၌၊ မြေကြီးအစိုင်အခဲ အတုံးသဏ္ဌာန် ပေါ်လာအောင် အာရုံပြုနေရမည်သာ ဖြစ်၏။ သမထ

သည် စိတ်အလုပ်သာ ဖြစ်၏။ မြေကြီးကို ရှေ့မှုချ၍ ကြည့်နေရမည့် အလုပ်မျိုးမဟုတ်ကြောင်း သတိပြုရပေလိမ့်မည်။ ထို့ အတူ တခြား အမှတ်အသား တခုကို ပွားများရာ၌ အာရုံ ပြုနေရမည်။ မိမိ အာရုံပြုရာကို မျက်စိဖြင့် မြင်ရသကဲ့သို့ စိတ်အာရုံ၌ မြင်နေမည်ဟု ဆိုလိုခြင်းသာ ဖြစ်၏။ အကယ်၍ မမြအတုံးအခဲများ၊ ရေခွက်များကို ရှေ့၌ချ၍ ပွားများခဲ့ပါက၊ ယင်းသည် ဗုဒ္ဓ၏ သမထနည်း မဟုတ်တော့ဘဲ တိတ္ထိဂိုဏ်းတို့၏ သမထနည်းသာဖြစ်ကြောင်းသတိပြုရပေလိမ့်မည်။ တိတ္ထိဂိုဏ်းတို့သည် ရေထဲသို့ဆင်း၍ ရေပြင်ကို ကြာမြင့်စွာကြည့်နေခြင်း၊ မီးပုံကို ကြာမြင့်စွာ ကြည့်နေခြင်း စသော နည်းလမ်းများဖြင့် အားထုတ်ကြရာ၊ ဗုဒ္ဓဝါဒီ သမထသမားများသည် ဗုဒ္ဓ၏ သမထနည်းနှင့် တိတ္ထိဂိုဏ်းတို့၏ သမထနည်းကို ခြားနားစွာ သိရှိကြရမည် ဖြစ်၏။ သမထကို အားထုတ်နေစဉ် ထိုသူ၏စိတ်သည် ကာမာဝစရ စိတ်ဖြင့် အားထုတ်နေခြင်း ဖြစ်၏။ ယင်းသည် လောကီစိတ် ဖြစ်၏။ အကယ်၍ သမထကျင့်စဉ်ဖြင့် ကျင့်ကြံအားထုတ်၍ အကြားအမြင်ကို ရသည်အထိ ပေါက်ရောက်သွားပြီ ဆိုကြပါစို့၊ ထိုသူ၏ စိတ်သည် ကာမာဝစရပင် ဖြစ်နေသေးရာ၊ ထိုသမထစိတ်ဖြင့် အဆုံးသတ်၍ သေလွန်သွားပါက ၃၁-ဘုံဟူသော သံသရာထဲသို့ ရောက်ဦးမည်သာ ဖြစ်၏။ သို့ရာတွင် ကာမဘုံထက်မြင့်သော ဗြဟ္မာဘုံသာ ရောက်သွားလိမ့်မည်။

# (၈) ဝိပဿနာကျင့်စဉ်များ

ကျွန်ုပ်တို့သည် သမထ အားထုတ်နည်းများ၏ ယေဘုယျ အခြေခံ သဘောတရားများကိုလေ့လာပြီး ဝိပဿနာ၊ဘာဝနာ၊ ဝါ၊ ဝိပဿနာ အားထုတ်နည်းကို ဆက်လက် လေ့လာကြရမည် ဖြစ်လေသည်။ အစပထမ လေ့လာကြမည့်မှာ ဝိပဿနာ ဆို သော စကားဖြစ်၏။ ပါဠိတော်များ၌ ဝိပဿနာဟူသော စကားလုံးကို များများစားစား ရှာဖွေ မတွေ့ရချေ။ ကာယာနု ပဿနာ၊ ဝေဒနာနုပဿနာ၊ စသည်ဖြင့် ခန္ဓာကိုယ်ကို ရှုမှတ်၊ ခံစားမှုကို ရှုမှတ် ဟူ၍လာ၏။ ပါဠိတော်များ၌ ဝိပဿနာ ဟူ သော စကားအစား "ဉာဏဒဿန၊ဟူသော စကားလုံးများကို သုံးနှုန်းထားသည်ကို တွေ့ရ၏။ ပါဠိအဘိဓါန်၌မူ (ဝိပဿနာ သမ္မာဒိဋ္ဌိပဘုတိကာ) ဝိပဿနာပညာ၊ သမ္မာဒိဋ္ဌိပညာ စသည် တို့သည်၊ ပညာဘေဒါ၊ ပညာအထူးတို့တည်းဟု ဖော်ပြထား သည်ကို တွေ့ရသည်။ ဉာဏဒဿနဟူသော စကားကိုမူ ဒီဃ နိကာယ်သာမညဖလသုတ်နှင့်မူလပဏ္ဏာသ မဟာသီဟနာဒသုတ် အဋ္ဌကထာများကို ကိုးကား၍ "သာမညဖိုလ်၊ ဝိပဿနာဉာဏ်၊

ဒိဗ္ဗစက္ခုဉာဏ်၊ သဗ္ဗညုတဉာဏ်၊ ပစ္စဝေက္ခဏာဉာဏ်၊ အရိယာမဂ်ဉာဏ်" ဟူ၍ ပါဠိအဘိဓာန်၌ အဓိပ္ပာယ် ဖွင့်ဆိုထားကြောင်း တွေ့ရသည်။ အဋ္ဌကထာ ကျမ်းများ၌လည်း ဝိပဿနာဟူသော စကားကို များများစားစား မတွေ့ရသေးချေ။ (ဝိပဿနုပဏ္ဏာသ)ဟူ၍ အဋ္ဌကထာစကား၌ ဝိပဿနာဟူသော စကား ပါဝင်လာ၏။ သို့ရာတွင် ဝိသုဒ္ဓိမဂ်ခေတ်၊ ဝါ-သီဟိုဠ် သာသနာခေတ်၌မူ ဝိပဿနာဟူသော စကားကို လိုလိုလိုင်သုံးစွဲလာသည်ကို တွေ့ရှိရပေသည်။ ပါဠိတော်များကို မြန်မာပြန်ဆိုသော မြန်မာနိုင်ငံအစိုးရ သာသနာရေး ဦးစီးဌာန ကမ္မဋ္ဌာနအကျဉ်း ဉာဏဒဿနဟူသော စကားကို ဝိပဿနာဟူ၍ ပြန်ဆိုထားသည်ကို တွေ့ရသည်။

ဝိပဿနာရှုလိုသော ပုဂ္ဂိုလ်သည် သတိပဋ္ဌာန် လေးမျိုးဖြင့် ဆင်ခြင်ပွားများရ၏။ လျှောင်း၊ ထိုင်၊ ရပ်၊ သွား၊ ဟူသော ဣရိယာပုတ် ၄-မျိုးလုံး၌ ပွားများနိုင်၏။ (တရားထိုင်ခြင်း ဟူသော ဝေါဟာရသည် မြန်မာဖြစ် စကားဖြစ်၏။ တရားကို ထိုင်၍ အားထုတ်မှ ဖြစ်သည်မဟုတ်၊ လျှောင်း၊ ထိုင်၊ ရပ်၊ သွား ဟူသော ဣရိယာပုတ် လေးမျိုး၌ အချိန်မရွေး အားထုတ်နိုင်၏။ ထို့ကြောင့် တရားထိုင်သည်ဟူသော ဝေါဟာရသည် ပြည့်စုံသော စကားမဟုတ်။ နောင်၌ တရားကို ထိုင်မှ ဖြစ်သည်ဟု အမှား မှတ်ထင်လာကြမည်ကိုပင် စိုးရိမ်ရ၏။ ထို့ကြောင့် တရားအားထုတ်သည်၊ တရားပွားများသည်ဟူသော ဝေါဟာရ စကားသည်သာ မူရင်း ပိဋကတ်စကားနှင့် ညီမျှ၏။ (စာပြုသူ)

(၁) ကာယနုပဿနာ ။ ။ရုပ်ဟူသမျှကို ရှုမှတ်နေခြင်း။
(၂) ဝေဒနာနုပဿနာ ။ ။ခံစားမှုများကို ရှုမှတ်နေခြင်း။
(၃) စိတ္တာနုပဿနာ ။ ။စိတ်ကိုရှုမှတ်နေခြင်း။
(၄) ဓမ္မာနုပဿနာ ။ ။သဘာဝတရား၊ သို့မဟုတ် သဘောတရားကိုရှုမှတ်နေခြင်း။

ဆိုလိုသည်မှာ ကမ္မဋ္ဌာန်းအားထုတ်လိုသူသည်၊ ရုပ်တခုခုကို သော်လည်းကောင်း၊ သို့မဟုတ် ရုပ်အစု(ရူပက္ခန္ဓာ)ကို သော်လည်းကောင်း၊ ခံစားမှုဝေဒနာကို သော်လည်းကောင်း၊ မိမိစိတ်ကို သော်လည်းကောင်း၊ သင်္ခါရဓမ္မတို့၏ ဖောက်ပြန်ပုံကို သော်လည်းကောင်း တခုခုကို ဆင်ခြင်နေရမည်။ မိမိစိတ်ဖြင့် သုံးသပ်နေရမည်။ ယင်းသို့ ဆင်ခြင်သုံးသပ်နေမှုကို ပွားများသည်ဟု ခေါ်လေသည်။

"ရဟန်းတို့ ပစ္စုပ္ပန်ဖြစ်သော မျက်စိသည် မမြဲ။(အနိစ္စ)
ထိုမမြဲသောစိတ်သည် ဆင်းရဲ၏။ (ဒုက္ခ)
ဆင်းရဲသောမျက်စိသည် အတ္တမဟုတ်။ (အနတ္တ)

ဤမျက်စိသည်-ငါ၏ဥစ္စာ မဟုတ်ဟု ဤသို့ မျက်စိကို ဟုတ်တိုင်းမှန်စွာ ပညာဖြင့် ရှုရမည်။ (နား၊ နှာ၊ လျှာ၊ ကိုယ်၊ ယင်း အတိုင်းသိ)။

ပစ္စုပ္ပန်ဖြစ်သော စိတ်သည် မမြဲ၊ ထိုမမြဲသော စိတ်သည် ဆင်းရဲ၏။ ဆင်းရဲသောစိတ်သည် ငါ၏ အတ္တမဟုတ်၊ ထိုအတ္တမဟုတ်သော စိတ်သည် ငါ၏ဥစ္စာ မဟုတ်ဟု ဤသို့ စိတ်ကို ဟုတ်တိုင်းမှန်စွာ ပညာဖြင့် ရှုနေရမည်။

မစွဲပြပ်န်၊ အတိတ်၊ အနာဂါတ်၊ ၃-ပါး စလုံးဖြင့် မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ်တို့ကိုလည်းကောင်း၊ ခန္ဓာ ၄ ါးပါး တို့ကိုလည်းကောင်း အာယတန ၁၂-ပါးတို့ကိုလည်းကောင်း၊ ဓါတ် ၁၈-ပါးတို့ကိုလည်းကောင်း၊ ပွားများနေရမည်။ ယင်း အထက်ပါတို့ကိုတပြိုင်တည်း ပွားများနေရမည်ဟုမဆိုလို၊ တမျိုး မျိုးထဲက တခုခုကို ပွားများနေရမည်ဟု ဆိုလိုသည်။ (အဗ္ဗျတ္တာ နာဂတာ၊ နိစ္စသုတ်၊ သဠာယတန သံသယတ်နှင့် တခြား သံယုတ်သုတ္တန်များ)

'ရဟန်းတို့။ နိဗ္ဗာန်အား လျှောက်ပတ်သော အကျင့်ကို သင်တို့အား ဟောကြားလေအံ့၊ ထိုတရားကို နာကြကုန်လော့ ရဟန်းတို့ နိဗ္ဗာန်အား လျှောက်ပတ်သော အကျင့်ဟူသည်မှာ အဘယ်နည်း၊ ရဟန်းတို့ ဤသာသနာတော်၌ရဟန်းသည် မျက်စိ သည် ဆင်းရဲ၏ဟု ရှု၏။ အဆင်းတို့သည် ဆင်းရဲကုန်၏ဟု ရှု၏။ စက္ခုဝိညာဏ်သည် ဆင်းရဲကုန်၏ဟု ရှု၏။ စက္ခုကြောင့်ဖြစ်သော တွေ့ထိမှုသည်လည်း ဆင်းရဲ၏ဟုရှု၏။ မျက်စိနှင့် တွေ့ထိခြင်း ကြောင့် ဖြစ်ပေါ်လာသော ခံစားမှုသုခ၊ ဒုက္ခ၊ ဥပေက္ခာ ဝေဒနာသည် ဆင်းရဲ၏ဟု ရှု၏။

(မျက်စိ၊ နား၊ လျှာ၊ နှာ၊ ကိုယ်၊စိတ် စသည်တို့ကိုလည်း ယင်းအတိုင်းရှု)

(ဒုက္ခနိဗ္ဗာနသပ္ပါယသုတ်၊ သဠာယတနဝဂ္ဂသံယုတ်)

"ရာဟုလာ ပထဝီဓါတ်ကိုရှုလော့၊ ဟူ၍ လည်းကောင်း၊ ဝက္ကလိ၊ ဝေဒနာကို ရှုလော့ ဟူ၍လည်းကောင်း၊ ဗုဒ္ဓသည် ရဟန်းနှင့် လူအများတို့ကို နည်းမျိုးစုံဖြင့် သူ၏ ပွားများပုံ ပွား

များနည်းကို ဟောကြားခဲ့၏။ လိုရင်းအချက်မှာ သတ္တလောက သားများနှင့်တကွ သက်ရှိသက်မဲ့အရာ အားလုံးသည် ပင်ကိုယ် အားဖြင့် မြဲခြင်းသဘောမရှိ။ ဖောက်ပြန် ပျက်စီးခြင်းသာ သဘောရှိ၏။ ဟူ၍ "အမှန်ကို အမှန်အတိုင်း" ရှုမှတ်နေခြင်းသည် ဝိပဿနာအလုပ်ဖြစ်၏။ မှန်၏ ရုပ်နာမ်ဓမ္မတို့သည် ဖြစ်ပြီး ပျက် နေသော ကလာပ်စုသဘောမျှသာ ဖြစ်ရကား၊ ယင်းသို့ ကလာပ်စု သဘောများကို အမှန်အတိုင်း မြင်လာအောင် ရှုနေ ပွားများနေမှ ထိုတရားစု၏ မူလ သဘာဝကို အမှန်အတိုင်း မြင်လာနိုင်ပေသည်။ ထိုသို့ ကြိမ်ဖန်များစွာ ပွားများအားထုတ် လာခဲ့သည်ရှိသော် သတ္တဝါ၏စိတ် သတ္တလောကတခုလုံးကို သူ၏ စိတ်အစဉ်၌ "အမြဲ ဖောက်ပြန်နေသော တရား အစု အဝေး" သာ ဖြစ်နေ၏ဟု ဟုတ်တိုင်းမှန်စွာ (သမ္မာဒိဋ္ဌိ) ဉာဏ် များ ဖြစ်ပေါ်လာပေလိမ့်မည်။

"ထက်သန်သော လုံ့လရှိသော ရဟန်းသည် နေ့၌ဖြစ်စေ၊ ညဉ့်၌ဖြစ်စေ ဆင်ခြင်ဉာဏ်ရှိသည် အောင့်မေ့မှု ရှိသည်ဖြစ်၍ ခန္ဓာကိုယ်ကို ဤသို့ ဆင်ခြင်ရာ၏။ သေခြင်းမရှိသော နိဗ္ဗာန်ကို တောင့်တသော ရဟန်းသည် အနှောင်အဖွဲ့ သံယောဇဉ် အားလုံးကို ပယ်စွန့်ရာ၏။ မိမိ၏ ကိုးကွယ်ရာအားထားရာကို ပြု ရာ၏။ ဦးခေါင်း၌ မီးလောင်နေသူကဲ့သို့ ကျင့်ရာ၏။

(ခန္ဓသံယုတ်၊ ပုဇဝဂ်၊ ဖေကာပိဏ္ဍုပမသုတ်)

ရောဟိတနတ်သား။ ။အရှင်ဘုရား၊ အကြင်အရပ်၌ ပဋိသန္ဓေ မနေရ၊ မအိုရ၊ မသေရ၊ မရွေ့လျော ရ၊ တဖန် မဖြစ်ရ၊ အရှင်ဘုရား ထိုအရပ်

သို့ သွားခြင်းဖြင့် လောက၏ အဆုံးကို သိနိုင်၊ မြင်နိုင် ရောက်နိုင်ပါမည်လော။

ဗုဒ္ဓ။ ။နတ်သား အကြင်အရပ်၌ ပဋိသန္ဓေ မနေရ၊ မအိုရ၊ မသေရ၊ မရွှေလျောရ၊ တဖန် မဖြစ်ရ၊ ထိုအရပ်သို့ သွားခြင်းဖြင့် လောက၏ အဆုံးကို သိအပ်သည်၊ မြင်အပ်သည်၊ ရောက်အပ်သည်ဟု ငါဘုရား မဟော။

ရောဟိတနတ်သား။ ။မှန်ပါသည် အရှင်ဘုရား၊ တပည့်တော်သည် တချိန်သောအခါက မုဆိုး၏သား တန်ခိုးနှင့် ပြည့်စုံသော ရသေ့ ဖြစ်ဘူးပါသည်။ ထိုအချိန်က တပည့်တော်၏ လျှင်မြန်နှုံးမှာ လေးသမားဘဦး၏ ပစ်လွှတ်အပ်သော မြှားစူး၏ လျင်မြန်နှုံးထက် မြန်သော ခြေလှမ်းရှိပါသည်။ ထိုအချိန် တပည့်တော်သည် လောက၏ အဆုံးသို့ သွားအံ့ဟူသော ရည်ရွယ်ချက်ဖြင့် စားနေ၊ အိပ်နေ၊လျှောင်းနေ၊ ကျင်ကြီးကျင်ငယ် စွန့်နေသော အခါကို ဖယ်ထား၍ အနှစ်တရာတိတိ သွားခဲ့ဘူးပါသည်။ လမ်းခုလတ်၌ တပည့်တော် အသက်ကုန်ခဲ့ပါသည်။ လောက၏ အဆုံးသို့ကား မရောက်ခဲ့ပါ။

ဗုဒ္ဓ။ ။နတ်သား၊ လောကအဆုံး နိဗ္ဗာန်ကို မရောက်ဘဲ၊ ဆင်းရဲ၏ အဆုံးသို့ ရောက်သည်ဟု ငါဘုရား မဟောကြား။ အချင်း နတ်သား၊ စင်စစ် အားဖြင့် သညာလည်းရှိ၊ စိတ်လည်းရှိသော တလံမျှလောက်သော ဤခန္ဓာကိုယ်၌ ကေတု (ဒုက္ခသစ္စာ) ကိုလည်းကောင်း၊ လောက၏ ဖြစ်ပေါ်ကြောင်း သမုဒယသစ္စာကို လည်းကောင်း၊ လောက၏ ချုပ်ရာ နိဗ္ဗာန်၊ (နိရောဓသစ္စာ)ကိုလည်းကောင်း လောက၏ ချုပ်ရာ နိဗ္ဗာန်သို့ ရောက်ကြောင်းအကျင့် (မဂ္ဂသစ္စာ) ကိုလည်းကောင်း၊ ငါ မပညတ်။ လောက၏ အဆုံး (နိဗ္ဗာန်) သို့ ခြေဖြင့်သွားခြင်းဖြင့် တရံတဆစ်မျှမရောက်နိုင်။ လောက၏ အဆုံး နိဗ္ဗာန်သို့ မရောက်ဘဲ ဆင်းရဲမှ လွတ်မြောက်ခြင်း မည်သည်လည်း မရှိ။ (သဂါထာဝဂ္ဂသံယုတ် ရောဟိတသုတ်)

ဝိပဿနာကို အားထုတ်လိုသူသည် မည်သည့် အရာဝတ္ထုကို ပင် ရှုရှု၊ မိမိ ခန္ဓာကိုယ်ကိုသာ ရှုရမည် ဖြစ်၏။ မိမိခန္ဓာကိုယ် အတွင်း၌ ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရတရားများသည် ရှိနေပြီးဖြစ်ရာ၊ သို့မဟုတ် ခန္ဓာငါးပါး၊ သို့မဟုတ်၊ အာယာတန

၁၂-ပါး၊သို့မဟုတ်ဓာတ်၁၈-ပါးသည် မိမိ ခန္ဓာကိုယ်အတွင်း၌ ပင် ရှိနေရာ၊ ယင်းအနက် မိမိကြိုက်ရာ၊မိမိအားသန်ရာ တခုခုကို သာ အနိစ္စ၊ ဒုက္ခ၊ အနတ္တဟူသော လက္ခဏာ အမှတ်အသားဖြင့် ပွားများနေရမည် ဖြစ်၏၊ မူလ စတင် အားထုတ်စဉ်က ယင်းသို့ အနိစ္စ၊ ဒုက္ခ၊ အနတ္တဟု ကြိမ်ဖန်များစွာ ပွားများရှုမြင် နေ လာသောအခါ ရုပ်ဟူသမျှသည် ဖြစ်ပြီး ပျက်နေသော သဘော တရားသာ ဖြစ်နေသည်။ နာမ်ဟုခေါ်သော အသိစိတ်ဓာတ် သည် ဖြစ်ပြီး ပျက်နေသော သဘောတရားမျှသာ ဖြစ်သည်ဟု ထိုသူ၏ စိတ်၌ တဖြည်းဖြည်း မြင်တွေ့လာရမည် ဖြစ်၏။ နိဗ္ဗာန် ကို ရှာလိုသူသည် မိမိခန္ဓာကိုယ် အတွင်းမှသာ ရှာရမည်ဟု အထက်၌ ဗုဒ္ဓမိန့်ကြားချက်ကို ဖော်ပြခဲ့၏။

သို့ရာတွင် နိဗ္ဗာန်သည် ပစ္စုပ္ပန်၊ အတိတ်၊ အနာဂတ်၊ အဇ္ဈတ္တ၊ ဗဟိဒ္ဓ၊ အဝေး၊ အနီး၊ အယုတ်၊အမြတ်၊ သိမ်မွေ့ခြင်း၊ ရုန့်ရင်း ကြမ်းတမ်းခြင်းမျိုးကား မဟုတ်ချေ။ ဆိုလိုသည်မှာ နိဗ္ဗာန်သည် ပစ္စုပ္ပန်ကာလ၌မရှိ၊ အတိတ်ကာလ၌လည်း မရှိ၊ အနာဂတ်ကာလ၌လည်းမရှိ၊ခန္ဓာကိုယ်တွင်း၌လည်းမရှိ၊ခန္ဓာကိုယ် အပြင်၌လည်းမရှိ၊အဝေးမှာလည်းမရှိ၊အနီးမှာလည်းမရှိ၊အယုတ် တရားလည်းမဟုတ်၊ အမြတ်တရားလည်းမဟုတ်၊ သိမ်မွေ့သော တရားလည်းမဟုတ်၊ ရုန့်ရင်း ကြမ်းတမ်းသော တရားလည်း မဟုတ်ဟု ဆိုလိုခြင်း ဖြစ်ပေသည်။

ရုပ်၌ ငြီးငွေ့ရမည်၊ ဝေဒနာ၌ ငြီးငွေ့ရမည်၊ သညာ၌ငြီး ငွေ့ရမည်၊ သင်္ခါရ၌ငြီးငွေ့ရမည်၊ မျက်စိအမြင်၊ နားအကြား စသည်၌ ငြီးငွေ့ရမည်။ ရူပက္ခန္ဓာ၌ငြီးငွေ့၊ ဝေဒနက္ခန္ဓာ၌ငြီး

ငွေ့ရမည် စသည်ဖြင့် ဗုဒ္ဓဟောကြားခဲ့၏။ သို့ရာတွင် ဝိပဿနာဆိုသည်မှာ ငြိုးငွေ့နေရမည့် အလုပ်လော၊ ပွားများနေရမည့် အလုပ်ကို ခေါ်ဝေါ်သလားဟု စဉ်းစားရာ၏။

ဝိပဿနာဆိုသည်မှာ ပွားများနေရမည့် အလုပ်သာ ဖြစ်၍ ငြိုးငွေ့နေရမည့် အလုပ်မဟုတ်ကြောင်း သတိပြုရာ၏။ သို့ဖြစ်ရာ ပွားများရာမှ သိရှိလာသော အသိဉာဏ်မျိုး၊ ဝါ၊ ပွားများ၍ သိလာ၍ ဤခန္ဓာငါးပါး ရုပ်နာမ်တရားများကို မလိုချင်တော့ခြင်း၊ စက်ဆုတ်လာခြင်း၊ ငြိုးငွေ့လာခြင်းမျိုးသာဖြစ်လေသည်။ မအားထုတ်ဘဲ၊ မပွားများဘဲ၊ မည်သည့် ရုပ်နာမ် ဓမ္မသခါရတရားများကိုမျှ အမှန်တကယ်ဖြစ်ပျက်မှုကို သိရှိမည်မဟုတ်ချေ။

အမှန်တကယ် တွေ့ရှိချက်မျိုးမဟုတ်ဘဲ သင်သိ၊ ကြားသိ၊ နားသိ၊ မှတ်သိမျိုးဖြင့်လည်း တဒင် ငြိုးငွေ့ခြင်းမျိုးမျှသာ ငြိုးငွေ့နေပေလိမ့်မည်။ ယင်းသည် တရားကို ကိုယ်တိုင်ရရှိခြင်းမျိုးကားမဟုတ်ဘဲ တဆင့်သိမျှသာ ဖြစ်ပေသည်။ သို့ရာတွင် အချို့သောရဟန်းများ၊ လူဥပသကာများ ဗုဒ္ဓနှင့်လည်းကောင်း၊ ဗုဒ္ဓသာဝကကြီးများနှင့် လည်းကောင်း၊ တွေ့ရှိနေရသည်ဖြစ်ရာ ထိုသူများ တရားအားထုတ်ချင်လာအောင် ခန္ဓာကိုယ်ကို မုန်းတီးလာအောင် ဟောကြားခြင်းမျှသာ ဖြစ်ပေလိမ့်မည်။

ဗုဒ္ဓ။ ။ဗာဟိယ မျက်စိသည် မြဲသလော။

ဗာဟိယ။ ။အရှင်ဘုရား မမြဲပါ။

ဗုဒ္ဓ။ ။မမြဲသော မျက်စိသည် ချမ်းသာသလော။ ဆင်းရဲသလော။

ဗာဟိယ။ ။ဆင်းရဲပါသည် အရှင်ဘုရား။

ဗုဒ္ဓ။ မမြဲသော ဆင်းရဲသော ဖောက်ပြန် ခြင်း သဘောရှိသောမျက်စိကို "ဤမျက်စိသည် ငါ၏ ဥစ္စာဖြစ်၏။ ဤမျက်စိသည် ငါဖြစ်၏။ ဤမျက်စိသည် ငါ၏အတ္တကိုယ်တည်း"ဟု ရှုခြင်းငှာ သင့်လျော်ပါမည်လော။

ဗာဟိယ။ ။မသင့်လျော်ပါ အရှင်ဘုရား။

(အဆင်း၌ရုပ်၌ စသည်ဖြင့် မေးဖြေကြကုန်၏)

ဗုဒ္ဓ။ ။ဗာဟိယ၊ ဤသို့ အကြားအမြင်ရှိသော အရိယာတပည့်သည် မျက်စိ၌လည်း ငြီးငွေ့၏။ အဆင်း၌လည်း ငြီးငွေ့၏။ မျက်စိသိစိတ်၌ ငြီးငွေ့၏။ မျက်စိအသိကြောင့် ဖြစ်ပေါ်လာသော ခံစားမှု၌လည်း ငြီးငွေ့၏။ ငြီးငွေ့သော် စွဲလမ်းမှုကင်း၏။ စွဲလမ်းမှု ကင်းခြင်းကြောင့် ကိလေသာမှလွတ်၏။

(ဗာဟိယသုတ်၊ ဆန္နဝဂ်၊ သဠာယတနသံယုတ်)

ဤဟန်းတို့ မျက်စိနှင့်အဆင်းကို စွဲ၍ မျက်စိသိစိတ်သည် ဖြစ်ပေါ်လာ၏။ မျက်စိသည်မမြဲ ဖောက်ပြန်လေ့ရှိ၏။ တမျိုးတဖုံ ဖြစ်လေ့ရှိ၏။ အဆင်းတို့သည်လည်းမမြဲ ဖောက်ပြန်လေ့ရှိ၏။ တမျိုးတဖုံဖြစ်လေ့ရှိ၏။ ဤသို့သဘောရှိသော တရားအစုနှစ်ခုတို့သည် တုန်လည်း တုန်လှုပ်၏။ တမျိုးတဖုံပြောင်းလဲနေ၏။

(ဒုတိယဒွယသုတ်-သဠာယတနသံယုတ်)

ယင်း အထက်ပါ သုတ္တန်များနှင့် တခြား သုတ္တန်တို့၌ ပွား များရာမှ ပယ်ရကြောင်း တွေ့ရှိရမည်ဖြစ်၏။ ထိုအပြင် ပယ်ရ မည့် တရားစုကို ဟောကြားရာ၌လည်း၊ လောဘကိုပယ်ရမည်၊ ဒေါသကိုပယ်ရမည်၊ မောဟကိုပယ်ရမည် ဟူ၍လည်းကောင်း၊ ဆန္ဒရာဂကို ပယ်ရမည် ဟူ၍လည်းကောင်း၊ အချို့ သုတ္တန်များ၌ ဖော်ပြထားသည်ကို တွေ့ရ၏၊ ထိုသို့ပယ်ရမည်ဟု ဟောကြား ခြင်းမှာ "ပွားများ၍ ပယ်ရမည်ဟု ဆိုလိုရင်း ဖြစ်ကြောင်း သတိပြုကြရပေလိမ့်မည်။ အမှန်စင်စစ် သမုဒယသစ္စာနှင့် ဒုက္ခ သစ္စာများမှာ လူနှင့်သက်ရှိသတ္တဝါတို့၏ ကျင်လည်နေရသော လောကီသစ္စာများ ဖြစ်ကြ၏။ လူနှင့် သက်ရှိ သတ္တဝါတို့၏ ကာမသုခလ္လိကာ ခေါ်သော ကာမဂုဏ်တရားစုများ၏ အမည် နာမများ ဖြစ်ကြကုန်၏။ ယင်း တရားနှစ်ပါးသည် သတ္တဝါ များကို သံသရာ၌ ဆွဲငင်ခြင်းနှင့် ရရှိခြင်း တရားနှစ်မျိုးတို့၏ အမည်များဖြစ်ကြ၏။ "ယင်းတရားများကို ပယ်ပါ။" ဆိုရုံမျှဖြင့် လည်းကောင်း "ပယ်ပါမည်" ဆိုနေ မျှဖြင့် လည်းကောင်း" ပယ်နိုင်၊ စွန့်နိုင်ကြမည်ကား မဟုတ်ချေ။ သတ္တဝါတို့၏ သည်း ခြေကြိုက် စကားများကို မပယ်နိုင်၊ မစွမ်းနိုင် သောကြောင့် ဂျီးဟူဖုံကာပ် သံသရာရဟတ်ထဲ၌ လည်ပတ်နေရကြခြင်း ဖြစ်၏။ သို့ဖြစ်ရာ ယင်း လောက သစ္စာ ဖြစ်သော သမုဒယ သစ္စာ (လောဘ) နှင့် ဒုက္ခသစ္စာ၊ ရုပ်၊ နာမ်၊ တရားစုတို့ကို သတ္တ လောကသားများသည် ပယ်စွန့်နိုင်လိမ့်မည် မဟုတ်ချေ။ မဂ္ဂ သစ္စာ ဖြစ်သော မဂ်(၈) ပါး အလုပ်တရားဖြင့်သာ ပယ်နိုင်ကြ ပေလိမ့်မည်။ ဆိုလိုသည်မှာ အမှန်တရားအတိုင်း ရုပ်နာမ်မှ

သင်္ခါရတရားစုတို့ကို မြင်အောင် ကြည့်နိုင်ရှုနိုင်မှသာ ပယ်နိုင်စွန့်ခွာနိုင်ကြမည် ဖြစ်ပေသည်။

"မှန်၏။ ခန္ဓာငါးပါးကိုစွဲ၍ ဆင်းရဲခြင်းသည်ဖြစ်၏။ အလုံးစုံစွဲလမ်းအပ်သော ဥပါဒါနက္ခန္ဓာ၏ ကုန်ခြင်းကြောင့် ဆင်းရဲဖြစ်ပေါ်မှုမရှိ၊ ဤလောကကို ကြည့်လော့— အဝိဇ္ဇာဖြင့် နှိပ်စက်အပ်ကုန်သော သတ္တဝါများစွာတို့သည် သားမယားတို့၌ မွေ့လျော်ကုန်သည်ဖြစ်၍ ဘဝမှ မလွတ်နိုင်ကုန်၊ ခပ်သိမ်းသော အရပ်၌ ခပ်သိမ်းသော အပြားအားဖြင့် ဘဝတို့သည် ရှိကုန်၏။ မမြဲကုန်၊ ဆင်းရဲကုန်၏။ ဖောက်ပြန်ခြင်းသဘောရှိကုန်၏။

"ဤ သဘော ကို ဟုတ် တိုင်း မှန် စွာ ကောင်း သော ဝိပဿနာ ပညာဖြင့် ရှုသူသည် ဘဝတဏှာကို ပယ်နိုင်၏။ ဘဝကင်းပြတ်မှု ဥစ္ဆေဒကို မနှစ်သက်၊ အချင်း ခပ်သိမ်း တဏှာတို့၏ ကုန်ခြင်းကြောင့် အကြွင်းမဲ့ ရာဂကင်းချုပ်ရာသည် နိဗ္ဗာန်မည်၏။ (ဥဒါန်း၊ လောကသုတ်)

"အကြင်အခါ ရုပ်နာမ်ဓမ္မ သင်္ခါရတရားတို့သည် မမြဲခြင်းသဘော ရှိကုန်၏။ ဆင်းရဲခြင်းသဘော ရှိကုန်၏။ အတ္တမဟုတ်ကုန်ဟူ၍ ဝိပဿနာပညာဖြင့် ရှုမြင်နိုင်၏။ ထိုအခါ ရုပ်နာမ်ဓမ္မသင်္ခါရတရားတို့၌ ငြီးငွေ့ကုန်၏။ ဤသို့ ငြီးငွေ့ခြင်းသည် ကိလေသာ စင်ကြယ်ရာ နိဗ္ဗာန်၏ အကြောင်းဖြစ်၏။

(ဓမ္မပဒ၊ အဋ္ဌကထာ၊ ဒုက္ခ၊ အနတ္တသုတ်၊ မဂ္ဂဝဂ်)

"သင်တို့သည် ကိုယ်တိုင် အားထုတ်ကြကုန်လော့"

ဘုရားရှင်တို့သည် လမ်းမှန်ကို ညွှန်ကြားရုံမျှဖြစ်ခြင်း၊ ကျင့်ကြံကုန်၍ ကိုလေသာကို ရှု၍မြိုက်ကြကုန်သူတို့သည်သာ မာရ်မင်း၏ အနှောင်အဖွဲ့မှ လွတ်မြောက်နိုင်ကုန်၏။

(ပဉ္စသတဘိက္ခုဝတ္ထု၊ မဂ္ဂဝဂ်၊ ဓမ္မပဒ)

အကြင်ပုဂ္ဂိုလ် တဦးတယောက်သည် ထက်သန်သော စိတ်ဖြင့် မိမိခန္ဓာကိုယ်အတွင်း၌ တခုခုသော ရုပ်နာမ်ဓမ္မ သင်္ခါရ တရားစုကို ရှုမှတ်နေသည် ဆိုကြပါစို့။ ထိုသို့ အားထုတ်စဉ် အတွင်း စိတ်အစဉ်သည် လောကုတ္တရာစိတ်များကား မဖြစ်သေးချေ။ လောကီစိတ်မျှသာ ရှိသေး၏။ သို့ရာတွင် ထိုသို့အားထုတ်နေစဉ် ဖြစ်ပေါ်နေသော စိတ်သည် အဆင့်မြင့်သော လောကီစိတ်သာ ဖြစ်၏။ ဉာဏ်အမြင်နှင့် ပြည့်စုံသောတိဟိတ် (အလောဘ၊ အဒေါသ၊ အမောဟ)စိတ်ဖြင့် အားထုတ်နေခြင်း ဖြစ်၏။ ယင်းသည် ကုသိုလ်စိတ် ဖြစ်၏။ သို့ဖြစ်ရာ အကယ်၍ ထိုသူသည် ဤဘဝ၌ မဂ်ဖိုလ်နိဗ္ဗာန်ကို မရခဲ့ငြားအံ့။ ထိုသူ သေလွန်ပြီးနောက် ဒုတိယဘဝ၌ ကံဘပေါ်က မနှောင့်ယှက်ခဲ့သော် တိဟိတ်ပဋိသန္ဓေကို ရရှိမည် ဖြစ်၏။ သို့မဟုတ် ဘဝတခုခု၌ ထိုကုသိုလ်၏ အကျိုးသည် တိဟိတ်ပဋိသန္ဓေအကျိုးကို ဖြစ်စေလိမ့်မည် ဖြစ်၏။ ယင်းကို အထုံပါရမီဟု ခေါ်လေသည်။ သို့မဟုတ် ထိုသူသည်တိဟိတ်ပဋိသန္ဓေ နေလာသူဖြစ်ပြီး တရားအားထုတ်ရာ၌လည်း အံဝင်ဂွင်ကျဖြစ်သွားပါက၊ မဂ်ကိုရသောအခါ လောကီစိတ်များ လုံးဝ ကုန်လွန်သွားပြီး လောကုတ္တရာနယ်ပယ်သို့ ရောက်ရှိပေလိမ့်မည်။ အမှန်စင်စစ်အားဖြင့် တရား

ကျင့်နေသူသည် လောကုတ္တရာစိတ် ဖြစ်နေသည်ကား မဟုတ်။ တရားကျင့်ခြင်း၊ အားထုတ်ခြင်းမှာ လောကီစိတ်များသာ ဖြစ်ကြောင်း သတိပြုကြရပေလိမ့်မည်။ သို့ဖြစ်ရာ တရားအားထုတ်နေခြင်းကို 'လောကုတ္တရာအလုပ်ကို လုပ်နေသူ'ဟု ဆိုခြင်းထက် လောကုတ္တရာတရားကို ရရှိရန် လောကီစိတ်ဖြင့် တရားအားထုတ်နေသူဟု ခေါ်ဆိုက ပို၍ သင့်လျော်ပေလိမ့်မည်။

ဗုဒ္ဓက"သာဝကများမှာ ပါရမီမလို" ဟု ရဟန်းတပါးအား မိန့်ကြားခဲ့သည်မှန်၏။ သို့ရာတွင် စိတ်ခေတ်ပျော့သည့် သူ(ဒွိဟိတ်) ပဋိသန္ဓေ နေလာသူသည် မျက်မှောက်ဘဝ၌ နိဗ္ဗာန်သို့ ရောက်ရန် မလွယ်ကူကြောင်း အဘိဓမ္မာပညာရှင်များက ယူဆထားကြလေသည်။ ထိုသူများ၏ အယူအဆမှာ ဤသို့ ဖြစ်၏။အကယ်၍ သတ္တဝါတဦးသည် ဒွိဟိတ်ဖြင့် ပဋိသန္ဓေယူလာသည် ဆိုကြပါစို့။ ထိုသူသည် မြင်သိစိတ်၊ ကြားသိစိတ် စသည်ဖြင့် အဖြစ်စိတ်များ ဖြစ်နေသောအခါမှတပါး၊ အိပ်နေသောအခါ၊ မိန်းမောနေသောအခါ၊ သတိလစ်နေသောအခါ စသည်တို့၌လည်း မူလယူခဲ့သော ပဋိသန္ဓေစိတ် နေ၏။ စုတိ (သေ) သောအခါ၌လည်း မူလပဋိသန္ဓေယူခဲ့သောစိတ်ဖြင့် စုတိ(သေ) ရမည်ဟု ယူဆထားလေသည်။ ထို့ကြောင့် သတ္တလောကသားများသည် ပဋိသန္ဓေ၊ ဘဝင် စုတိစိတ်များ တဘဝ၌ တူညီကြသည်ဟု ယူဆထားကြ၏။ အကယ်၍ ယင်းအယူအဆ မှန်ကန်ပါက၊ ဒွိဟိတ်သည် ဒွိဟိတ်ဖြင့်စုတိရမည်ဖြစ်ရာ၊တိဟိတ်ဖြစ်သောလောကုတ္တရာစိတ်သို့မဟုတ် သာတာပန်စသည်တို့ ဖြစ်လာနိုင်ရန်အကြောင်း မရှိချေ။ ထိုဒွိဟိတ်ပဋိသန္ဓေ နေလာသူများသည် စိတ်ခေတ်ပျော့

ညွှံ့ခြင်းကို အခြေခံ၍ တရားဘာဝနာ အားထုတ်ရာ၌ လျော့ရဲခြင်းကြောင့် ဤဘဝ၌ နိဗ္ဗာန်သို့ မရောက်နိုင်ဟူ၍ ကျွန်ုပ်တို့ မှတ်သားကြရပေမည်။

တိဟိတ် ပုဂ္ဂိုလ်များသည်မူကား မူလပဋိသန္ဓေအားဖြင့် စင်ကြယ်သော စိတ်ဓာတ်ရှိသူ ဖြစ်ခြင်း၊ အလုပ်တခုကို လုပ်တော့မည် ဆိုလျှင်၊ အရိုးကြေကြေ၊ အရေခမ်းခမ်း လုပ်ဆောင်တတ်သော အလေ့ဝါသနာ ရှိခြင်း၊ ကာမတိဟိတ် ဖြစ်သော်လည်း လောကုတ္တရာနှင့် ဟိတ်ချင်း တူညီခြင်း စသော အခြေအား ကောင်းနေသောကြောင့် လောကုတ္တရာသို့၊ ဝါ၊ သောတာပန် စသည်သို့၊ ဝါ၊ နိဗ္ဗာန်သို့ ယခုဘဝ၌ပင် ရောက်ရှိနိုင်လေသည်။ ဆိုလိုသည်မှာ လောကုတ္တရာစိတ်သည် အဖြစ် စိတ်သို့မဟုတ် အသိစိတ်ဖြစ်သော တိဟိတ်စိတ်သာ ဖြစ်၏။ ကာမတိဟိတ်ဖြင့်ပဋိသန္ဓေ နေလာသူသည် တရားဘာဝနာ ပွားများပြီး သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ် ဖြစ်သွားသည် ဆိုကြပါစို့။ ထိုသူသည် နောက်တကြိမ်၊ သို့မဟုတ် နှစ်ကြိမ်၊ သုံးကြိမ်၊ ပဋိသန္ဓေ ယူပြီး နောက် နိဗ္ဗာန်အကျင့်ကို ကျင့်ပြီး ရဟန္တာဖြစ်ပြီး နိဗ္ဗာန်သို့ ရောက်သွား ပေလိမ့်မည်။ အကယ်၍ ယခုဘဝ၌ ရဟန္တာ ပုဂ္ဂိုလ် ဖြစ်သွားပါက၊ နောက်ထပ် ပဋိသန္ဓေယူရန် မလိုတော့ဘဲ၊ မိမိပဋိသန္ဓေ ယူစိတ်ဖြင့် ပြန်လည်စုတိကာ ဘဝဇာတ် ချုပ်ငြိမ်းသွားပေလိမ့်မည်။ သို့ရာတွင် တိဟိတ် တိုင်းဘုရားမရ တိဟိတ်သည်လည်း ကျင့်မှရမည်။ ဒေဝဒတ်သည် တိဟိတ်ဖြစ်ကြောင်း သတိပြုရာ၏။ တိဟိတ်ဆိုသည်မှာ စိတ်

ဓာတ်ကို ခေါ်ဝေါ်ခြင်းသာ ဖြစ်သည်။ ဖော်ပြလေ့လာခဲ့ကြသည်ကို ပြန်လည် စုစည်းက အောက်ပါအတိုင်း တွေ့ကြရပေမည်။

(၁) နိဗ္ဗာန်သို့ ရောက်နိုင်ရန် ကျင့်ကြံနည်းမှာ နှစ်မျိုး ရှိသည်။

(၂) သမထ လမ်းစဉ်မှာ ရှေးဟောင်းနည်းလမ်းကို ပြုပြင်ထားသော၊ သို့မဟုတ် အနှစ်သာရအားဖြင့် တိတ္ထိဂိုဏ်းမှ သမထနည်းနှင့် ခြားနားထားသော နည်းလမ်း ဖြစ်သည်။ ယင်းသမထမှ စထင် အားထုတ်သော ပုဂ္ဂိုလ်များသည် အကြားအမြင် စိတ်တန်ခိုးများပါ ပူးတွဲ ခံစားကြရသည်။

(၃) နိဗ္ဗာန်ဟူသော စကားမှာ ရှေးဦးစကား ဖြစ်သည်။ ဝိပဿနာ အားထုတ်နည်းမှာ ဗုဒ္ဓကိုယ်တိုင် စမ်းသပ်တည်ထွင်သော စနစ်ဖြစ်သည်။ ဝိပဿနာ ဟူသော စကားမှာ သိဟိုဠ်ခေတ်လောက်မှ စတင်၍ အသုံးပြုလာသော စကားလုံး ဖြစ်သည်။

(၄) သမထကိုဖြစ်စေ၊ ဝိပဿနာကိုဖြစ်စေ၊ အားထုတ်လိုသူသည် သင့်လျော်သော စရိုက်နှင့် ကိုက်ညီရန် လိုအပ်သည်။

(၅) နိဗ္ဗာန်ကို ရှာဖွေလိုသူသည် မိမိခန္ဓာကိုယ် အတွင်းမှာသာ ရှာရမည်။

(၆) နိဗ္ဗာန်ကို ယခုဘဝ၌ ရနိုင်သူများသည် တိဟိတ်ပုဂ္ဂိုလ်များသာ ဖြစ်သည်။

(၇) တရားဘာဝနာ အားထုတ် လိုသူသည် ကိလေသာ ကာမဂုဏ် တရားများကို ပယ်စွန့်နေစရာ မလို။ တရား ဘာဝနာကို အားထုတ်ရန်သာ လိုသည်။ အားထုတ် သဖြင့် ယင်း ကိလေသာ ကာမဂုဏ်တရားများ ပယ် သွား၊ ခွာသွားလိမ့်မည်။

(၈) နိမိတ်ဆိုသည်မှာ စိတ်အာရုံ၌ မျက်စိ၌မြင်သကဲ့သို့ထင် လာသော အာရုံမျှသာဖြစ်၍ သမထ အားထုတ်သူ သည် ပထဝီ စသည်ကို ရှုမှတ်ရာ၌ မြေကြီးအတုံးအခဲကို ရှေ့၌ ချထား၍ ရှုရမည်မဟုတ်။ စိတ်အာရုံထဲ၌ မြေ ကြီး ပုံသဏ္ဌာန် နိမိတ်ကို ယူ၍ ရှုမှတ်နေရမည်။

(၉) သမထ၊ ဘာဝနာ အားထုတ်လိုသူသည် မည်သည့် အနေ အထားဖြင့်မဆို အားထုတ်နိုင်သည်။ တရား အားထုတ် သည်ဆိုခြင်းမှာ စိတ်အလုပ် ဖြစ်သည်။ တရားအားထုတ် ရာ၌ ရုပ်အနေအထား (လျောင်း၊ ထိုင်၊ ရပ်၊ သွား) ကို အသိအမှတ်ပြု မကန့်သတ်။

# (ဃ) ပွားများခြင်း၊ နိဗ္ဗာန်ကိုမြင်ခြင်း

ကျွန်ုပ်တို့သည် အဘိဓမ္မာအရ သတ္တလောက၏ ဖြစ်ပုံပျက်ပုံ၊ သတ္တဝါတဦး စတင်ဖြစ်ပွားလာပုံ၊ ရုပ်၏အနေအထား၊ စိတ်သဘာဝများ စသည်တို့ကို လည်းကောင်း၊ သတ္တလောကမှထွက်မြောက်ရန် နည်းလမ်းကိုလည်းကောင်း၊ နောက်၌ လေ့လာခဲ့ကြပေပြီ။ ယခုကျွန်ုပ်တို့ လေ့လာရမည့် အချက်မှာ၊ နိဗ္ဗာန်သို့ သတ္တဝါများ မည်သို့မည်ပုံ ရောက်ရှိသည်။ နိဗ္ဗာန်သို့ ရောက်သော ပုဂ္ဂိုလ်၏စိတ်ဖြစ်ပုံ၊ နိဗ္ဗာန်သို့ရောက်ပုံ စသည်များတို့ကို လေ့လာကြမည်ဖြစ်၏။

ဝိပဿနာဟူသော အဖြစ်အပျက်ကို အားထုတ်သူ၏ စိတ်သည် တဖြည်းဖြည်း အမြင်သန်လာမည်ဖြစ်၏၊ ရုပ်နာမ် အဖြစ်အပျက်ကို အမှန်တကယ်မြင်ရန်၊ လက္ခဏာရေးထင်ရန် တဖြည်းဖြည်း နီးစပ်လာမည်ဖြစ်၏။

သမထကို အားထုတ်ရာ၌လည်းပုဗ္ဗေနိဝါသ စသော လောကီဉာဏ်များကို ရရှိပြီး (အကြားအမြင်ကိုရရှိပြီး) နောက် ထိုသူသည် ဆက်လက် အားထုတ်လာသောအခါ အဖြစ် အပျက်များ

ကိုသာ ဆက်လက် ပွားများ လိုလာမည်ဖြစ်၏။ အဖြစ်အပျက်ကိုသာ အားထုတ်မိလာမည် ဖြစ်၏။ နောက်၌ (နွာ - ပြန်ရှု) (ဒိဗ္ဗစက္ခုဉာဏ်ကိုရ၏။ ယင်းနောက် ဆက်လက် အားထုတ်လာသောအခါ စိတ်သည် လုံးဝတုန်လှုပ်မှု မရှိတော့ဘဲ အာသဝက္ခယဉာဏ်သို့ ရောက်နိုင်ရန် စိတ်သည် တဖြည်းဖြည်းနီးစပ်လာ၏။) ဟု ပါဠိတော်မှ စကားစဉ်ကို ပြန်လည် လေ့လာမှတ်သားရပေမည်။ ယင်းစကားသည် သမထမှ ဝိပဿနာသို့ ကူးလာသောသူ၏ စိတ်ကို ယေဘုယျ ဖော်ပြထားချက်ဖြစ်၏။ ဆိုလိုသည်မှာ သမထအားထုတ်သူနှင့် ဝိပဿနာ အားထုတ်သူများသည် ယင်းနေရာမှစ၍ တူညီသွားကြသည်ဟု မှတ်သားကြရမည်ဖြစ်၏။

ပိဋကတ်၌ ဗုဒ္ဓဟောခဲ့စဉ်က အကြောင်းများကို ဖော်ပြသည်ဖြစ်ရာ၊ ကျယ်ပြန့်၍ အစီအစဉ်မရှိ ဖြစ် နေ လေ သည်။ အချို့ကို ဟောကြားရာ၌ ဘယ်တရားကို ပယ် ရ မည် ဟူ၍လည်းကောင်း၊ အချို့သော ပုဂ္ဂိုလ်များကိုဘယ်တရား ထုတ်လန့်ရမည် ဟူ၍လည်းကောင်း၊ ရုပ် နာမ် ဓမ္မများကို ဘယ်လို ခွဲခြားသိရမည်ဟူ၍လည်းကောင်း၊ အဖြစ်အပျက် ဆိုသည်မှာ ဘယ်လိုဟာကိုခေါ်သည် ဟူ၍လည်းကောင်း၊ သင့်သလို ဟောကြားချက်ကိုသံဂါယနာတင်ဆရာများက သူ့ခေတ်သူ့အခါအရ ပြန်လည်စုစည်း၍ ထားခဲ့ခြင်းဖြစ်ရာ ဗုဒ္ဓ ပရိနိဗ္ဗာန်ပြုပြီးနှစ်ပေါင်း ၁၀၀ ကျော်လောက်မှစ၍ အခက်အခဲတခုနှင့် ဗုဒ္ဓ ရဟန်းတော်များ ရင်ဆိုင်ခဲ့ကြရသည်။ ယင်းမှာ ကမ္မဋ္ဌာန်းအားထုတ်သော

သူ၏ စိတ်အစဉ်သည်မည်သို့ကျရောက်သည်၊ မည်သို့စိတ်ပြောင်း လာသည်ဆိုသော အချက်ဖြစ်၏။ ထို့ကြောင့် ဗုဒ္ဓတပည့်များ ဖြစ်ကြသည့် အဘိဓမ္မာပညာရှင်များသည် ယင်းအခက်အခဲကို ကျော်လွှား နိုင်ရန် ကြိုးပမ်းလာ ကြ ရသည်။ သီဟိုဠ်သာသနာ ခေတ်၌ ပေါ်ပေါက်လာသော အဘိဓမ္မာ ကျမ်းများသည် ယင်း အခက်အခဲ ကို ကျော်လွှား နိုင်အောင် ကြိုးပမ်းခဲ့ကြသည်။ သို့ ဖြစ်ရာ အဋ္ဌကထာကျမ်းများ၊ ဋီကာ ကျမ်း များ ကို မှီငြမ်း၍ ကမ္မဋ္ဌာန်းအားထုတ်သူ၊ စတင် အားထုတ်သည်မှ သောတာပန် ဖြစ်သည်အထိ အနုစိပ်အကြောင်းများကို ကျွန်ုပ်တို့ သေ့လာ ကြရပေလိမ့်မည်။

(၁) သမ္မာသနဉာဏ် = ခန္ဓာ၊ အာယတန၊ ဓာတ်တို့၏ အပေါင်းအစည်းကို သုံးသပ်ဆင်ခြင်သောဉာဏ်။

(၂) ဥဒယဗ္ဗယဉာဏ် = အဖြစ်အပျက်ကို ထပ်ကာထပ်ကာ သုံးသပ် ပွားများသော ဉာဏ်။

(၃) ဘင်ဉာဏ် = ပျက်နေသည်ဟုချည်း သုံးသပ် ပွား များသောဉာဏ်။

(၄) ဘယဉာဏ် = ရုပ်၊ နာမ်၊ ဓမ္မ၊ သင်္ခါရတို့သည် ဘေး ကြီး ဖြစ်သည်ဟု ဆင်ခြင် သုံးသပ်နေသော ဉာဏ်။

(၅) အာဒီနဝဉာဏ် = မြင်နေရသော သင်္ခါရ တရားတို့ ကို အပြစ်ကြီးတခု ဖြစ်သည်ဟု ဆင်ခြင် သုံးသပ်နေ သော ဉာဏ်။

(၆) နိဗ္ဗိန္ဒာဉာဏ် = မြင်အပ်သော၊ အပြစ်ရှိသော ဉာဏ် ၌ ငြီးငွေ့သော ဉာဏ်။

(၇) မုစ္စိတုကမျတာဉာဏ် = ဖြစ် ပျက် သင်္ခါရတို့မှ လွတ်လိုသော ဉာဏ်။

(၈) ပဋိသင်္ခါဉာဏ် = သင်္ခါရဓမ္မတို့ကို သိမ်းဆည်းသော ဉာဏ်။

(၉) သင်္ခါရုပေက္ခာဉာဏ် = သင်္ခါရတရား၌ကြောက်ခြင်း၊ နှစ်သက်ခြင်းကို စွန့်လွှတ်၍ လျစ်လျူရှုသောဉာဏ်။

(၁၀) အနုလောမဉာဏ် = အထက်၌ ဖော်ပြခဲ့သော ဉာဏ်စဉ်များ အားထုတ်ပြီး၍ မဂ်သို့ရောက်ရန် နီးစပ်လာသော ဉာဏ်။

ဟူ၍ (၁၀) ပါးဖြင့် သတ်မှတ်ထားကြလေသည်။

ထို့အပြင် အောက်ပါ (ဝိသုဒ္ဓိ ၇-ပါး) ကိုလည်း မှတ်သားထားရဦးမည် ဖြစ်၏။

(၁) သီလဝိသုဒ္ဓိ = သီလ စင်ကြယ်ရမည်။

(၂) စိတ္တဝိသုဒ္ဓိ = စိတ်ကို နီဝရဏာ တရားတို့မှ ကင်းနေစေရမည်။

(၃) ဒိဋ္ဌိဝိသုဒ္ဓိ = ဘုံသုံးပါး၌ ဖြစ်သော တရားတို့သည် နာမ်ရုပ်များသာ ဖြစ်ကြကုန်၏ ဟူ၍ အသိစိတ် ရှိနေပြီး ဖြစ်ရမည်။

(၄) ကင်္ခါဝိတရဏာဝိသုဒ္ဓိ = ရုပ်နာမ်တို့၌ ယုံမှားသံသယ ကင်းနေရမည်။

(၅) မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ = အနိစ္စ၊ ဒုက္ခ၊ အနတ္တတို့ ကွဲကွဲပြားပြား မြင်လာပြီး၊ အဖြစ်အပျက် (ဉဒယဗ္ဗယ

ဉာဏ်) ကို အဘန်ဘန် အထပ်ထပ် ပွားများသော ဉာဏ်။

(၆) ပဋိပဒါ ဉာဏ ဒဿန ဝိသုဒ္ဓိ = ဥဒယဗ္ဗယ ဉာဏ်ကို အထပ်ထပ် ပွားများနေလာပြီး နိဗ္ဗာန်သို့ နီးကပ်လာသော ဉာဏ်စိတ်များ။

(၇) ဉာဏဒဿန = သောတာပန် ဖြစ်သော အသိစိတ်။

"ကမ္မဋ္ဌာန်း အားထုတ်လိုသူသည် သီလကို လုံခြုံစေရမည်ဟု ဗုဒ္ဓက မိန့်ကြားထား၏။ ထို့ပြင် ဣန္ဒြိယသံဝရသီလ၊ လုံခြုံသော သီလ ရှိသည်ဖြစ်၍ ဟူ၍လည်းကောင်း၊ ဣန္ဒြိယဂုတ္တဒွါရော၊ လုံခြုံသော တံခါးရှိသည် ဖြစ်၍ဟု လည်းကောင်း၊ ပါဠိတော်၌ လာ၏။ ဆိုလိုသည်မှာ တရားအားထုတ် နေသူသည် သီလနှင့် ပြည့်စုံနေရမည်။ မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ မန ဟူသောခန္ဓာကိုယ်ပဥ္စကသို့ အပြင်မှ ဝင်ရောက်လာသော အာရုံများကို လုံခြုံစေရမည်ဟူ၍ဖြစ်ရာ၊ အကြင်ပုဂ္ဂိုလ်သည် ဒွါရ ၆ ပေါက်တို့မှ ဝင်လာသော အာရုံအနက် တခုခုကိုသာ လက်ခံရမည်။ ကျန်ဒွါရများမှ ဝင်လာသော အာရုံများကို အသိအမှတ် မပြုရ။ မဝင်လာရအောင် တားဆီးထားနိုင်ရမည် ဖြစ်လေသည်။ ယင်းသို့ တားဆီးနိုင်မှသာလျှင် အာရုံမများဘဲ မိမိအာရုံပြုနေသော အရာ၌ နိစ္စ၊ ဒုက္ခ၊ အနတ္တ တရားများကို မပြတ်မလပ် ရှုမှတ် ပွားများနိုင်မည်ဖြစ်၏။ ထို့အပြင် လောဘ၊ ဒေါသ၊ မောဟ၊ စိတ်တွေဝေမှု၊ ယုံမှားသံသယ ရှိမှု၊ အာရုံကို မဆုံးဖြတ်နိုင်မှုတို့မှ စိတ်ကို တားဆီးနိုင်မည် ဖြစ်၏။ ကာမစ္ဆန္ဒ စသော နီဝရဏတို့၏ အဓိပ္ပာယ်မှာ အပိတ်အပင် အတားအဆီး

တို့၏ အမည်ဖြစ်၏။ သို့ကြောင့် ကမ္မဋ္ဌာန်း အားထုတ်သူသည် ယင်း တရားစုတို့ကို လုံး၀ မပယ်နိုင်သေးသော်လည်း အခိုက် အတန့်၌ ပယ်ထားရမည် ဖြစ်လေသည်၊ ထို့အပြင် ၁၁-ဘုံ၌ ဖြစ် ပျက်သမျှသော တရားစုတို့သည် နာမ်နှင့်ရုပ်သာ ဖြစ်ကြကုန်၏ ဟူ၍ စွဲမြဲစွာ မှတ်သားထားရမည် ဖြစ်၏။

ဤဖြင့်ရာ သီလဝိသုဒ္ဓိ၊ စိတ္တဝိသုဒ္ဓိ၊ ဒိဋ္ဌိဝိသုဒ္ဓိ ၃မျိုးသည် လည်းကောင်း၊ သမ္မာသနညာဏ်သည် လည်းကောင်း၊ တရား အားထုတ်နေသောအခါ၌ ဖြစ်ပေါ်လာသော သဘောတရား များကား မဟုတ်သေးချေ။ တရားအားထုတ်ရန် ရည်ရွယ်၍ ဆိတ်ငြိမ်ရာ တနေရာ၌ တရားအားထုတ်ရန်ဆဲဆဲကာလ၌ဆောင် ရွက်ရမည့် စိတ်အနေအထားမျှသာ ဖြစ်ကြလေသည်။

ပွားများအားထုတ်မည့် တရား၌ ယုံမှားသံသယ ဟူသော အတားအဆီး စိတ်မကြည်လင်မှုဟူသော အတားအဆီး မရှိဘဲ စိတ်သည် ကြည်လင်ပြတ်နေရမည်ဟု ဆိုလိုသည်။ အစ ပထမ ကမ္မဋ္ဌာန်းတမျိုးကို ကြိမ်ဖန်များစွာ အားထုတ်လာပြီး၍၊ ဉာဏ် အမြင်၌ ယုံမှားသံသယကင်းနေသူ၊ သို့မဟုတ် သမထ တရား များကို ပွားလာပြီး အနိစ္စ၊ ဒုက္ခ၊ အနတ္တထင်လာပြီး ပုဂ္ဂိုလ် ဖြစ် နေရမည်ဟု ဆိုလိုသည်။

ကမ္မဋ္ဌာန်း အားထုတ်သူသည် ဉာဏ်အမြင်၌ မိမိအားထုတ် နေသော တရားမေ့များ၌အနိစ္စ၊ ဒုက္ခ၊ အနတ္တဟူသော လက္ခဏာ ရေးများ မပြတ်မလပ် မြင်လာ၏။ အစ၌ မြင်လိုက်ပျောက်သွား လိုက် ရှိနေရာမှ အားထုတ်ဘန် များသောအခါ ရုပ်နာမ်မေ့ သည် အမြန်တကယ် ဖြစ်ပြီး ပျက်နေသော သဘာ၀တရားပါ

ကလားဟူ၍ စွဲစွဲမြဲမြဲ ထင်လာသည်။ ယင်းအမြင်ချည်း မြင်လာသည်။ တခြားအာရုံနိမိတ်များ လုံးဝ ကင်းစင်လာသည်။ ရုပ်နာမ်ဓမ္မ၏ အဖြစ်အပျက်သည်သာ အမြဲထင်လာမြင်လာသည်။ ယင်းသည် ဥဒယဗ္ဗယဉာဏ် မည်လေ၏။ ယင်းသည် သင်္ခါရဝိတရကာ ဝိသုဒ္ဓိ မည်လေသည်။ ထို့ကြောင့် ကမ္မဋ္ဌာန်းဘာဝနာပွားများသူသည် အချိန်ကာလ မည်မျှ နှစ်လတာရှည် အားထုတ်နေပါသော်လည်း ထိုသူ၏စိတ်၌ အဖြစ်အပျက် (ဥဒယဗ္ဗယဉာဏ်) စတင် ပေါ်ပေါက်လာသော အခါမှသာ် မဂ်ဖိုလ် နိဗ္ဗာန်နှင့် နီးစပ်လေလိမ့်မည်။

ဥဒယဗ္ဗယဉာဏ်သည် ဘာဝနာလုပ်ငန်း၏ အစ ဟုလည်း ဆိုနိုင်သည်။ ဤ၌ ကျွန်ုပ်တို့၌ ဉာဏ်ဆိုသောစကားကို အသုံးပြုရမည် ဖြစ်၏။ အမှန်စင်စစ် ယင်းဉာဏ်ဆိုသည်မှာ စိတ်ကိုပင် ခေါ်ဝေါ်ခြင်း ဖြစ်၏။ တရားအရာ၌ စိတ်အစဉ်သည့်ကောင်း မြတ် ကြည်လင်နေသည်ဖြစ်သောကြောင့် ယင်းအဖြစ်အပျက်ကို မြင်နေသော စိတ်ကို လည်းကောင်း၊ တရားအားထုတ်ရာ၌ ဖြစ်ပေါ်လာသော တခြားတခြားသောစိတ်ကိုလည်းကောင်း၊ ဉာဏ်ဟုပင် သုံးစွဲကြလေသည်။ ဥဒယဗ္ဗယဉာဏ် ဝါ-အဖြစ်အပျက်ကို မြင်နေသောစိတ်သည်တရားအားထုတ်နေသူ၏စိတ်၌ အမြဲမပြတ် ဖြစ်ပေါ်လာနေသည်၊ တခြား အာရုံနိမိတ် စိတ်ကူး စိတ်သန်းများ ပျောက်နေသည် ဆိုကြပါစို့။ ထိုတရား အားထုတ်သူ သည် မိမိအားထုတ်ပြသော သို့မဟုတ် မိမိယူထားသော အာရုံနိမိတ်၌ အနိစ္စ၊ ဒုက္ခ၊ အနတ္တဟူသော လက္ခဏာယာဉ် ၃-ပါးကိုသာ ဆက်လက် အားထုတ်နေရမည် ဖြစ်၏။

ယင်းသို့ ကြိမ်ဖန်များစွာ ပွားများအားထုတ်နေခဲ့ပါကစိတ်သည် အဖြစ်အပျက်ကို တဖြည်းဖြည်းချင်း ခွဲလာပေလိမ့်မည်။ အဖြစ်ကို အာရုံပြုနေမှုထက် အပျက်ကို အာရုံပြုနေမှု၊ မြင်နေမှုက ပို၍ အားသန်လာကြောင်း တွေ့ရှိရပေလိမ့်မည်။ ယင်းသို့ အဖြစ်စိတ်အား နည်းလာပြီး အပျက်စိတ် အားသန်လာခြင်းကို ဘင်္ဂဉာဏ်ဟု ခေါ်လေသည်။ အားထုတ်ဘန် များသောအခါ အဖြစ်ကို လုံးဝမမြင်တော့ဘဲ အပျက်ချည်းသာ ထိုသူ၏ စိတ်၌ ဖြစ်ပေါ်လာတော့သည်။

အပျက်ဆိုသည်မှာ ရုပ်နာမ် ဓမ္မတရားတို့ကို အနိစ္စ၊ ဒုက္ခ၊ အနတ္တဟူ၍ ရှုမှတ်နေရာမှ အဖြစ်အပျက်ကို မြင်နေပြီးမှ ယင်းရုပ်နာမ် ဓမ္မတို့သည် ပျက်ချည်းနေသည်ကို နောက်ထပ်မြင်လာခြင်း၊ စိတ်၌ ပေါ်လာခြင်းကို ဆိုလိုကြပေသည်။ ထိုသို့ဆက်ကာဆက်ကာ ပွားများနေသောသူသည် အပျက်ချည်း မြင်နေရာမှ ကြောက်စိတ်တမျိုးအာရုံ၌ထင်လာကြောင်းတွေ့ရှိရပေလိမ့်မည်။

ကြောက်စိတ် ဆိုသည်မှာ အနိစ္စ၊ ဒုက္ခ၊ အနတ္တကို မြင်နေရသော ဝါ၊ ရုပ်၊ နာမ်တရားတို့သည် အမှန်တကယ် အားဖြင့် ဖြစ်ပျက်နေသော သဘောတရားသာ ဖြစ်သည်ဟု မြင်နေရပြီး ယင်းမြင်နေသော စိတ်အာရုံ၌ ထင်နေရသော အပျက်တရားသည် အမှန်စင်စစ်အားဖြင့် ကြောက်စရာကြီးပါကလား။ သံသရာကို ဤရုပ်နာမ်တရားကပင် ပြုပြင်ဖန်တီးနေပါကလား၊ အမှန်တကယ် ဖြစ်ပျက်နေသော တရားတို့ကို အမှန်တကယ် ဖြစ်ပျက်နေသော တရားဟု မသိမြင်ခဲ့စဉ်က သတ္တလောကသည် ပျော်စရာကြီး၊ သတ္တလောကသည် နှစ်သက်စရာကြီးဟူ၍ ထင်မှတ်ခဲ့

သော်လည်း ယခု တွေ့မြင်ရသော ရုပ်နာမ်တရားသည် ကြောက်စရာ အမှန်စင်စစ်ဖြစ်၏ဟု အာရုံပြုမှု၌ ပေါ်ပေါက်လာခဲ့လေရာ ယင်းသို့ စိတ်အာရုံ၌ ကြောက်စရာအဖြစ် ပေါ်လာမှုကို ဘယဉာဏ်ဟု ခေါ်ဝေါ်လေသည်။

ဘယဉာဏ်၏ သဘောသည်လည်း စိတ်အာရုံ ပြောင်းလာမှု အပေါ်၌ အခြေတည်နေခြင်း ဖြစ်၏။ ရုပ်၊ သို့မဟုတ် စိတ် တခုခုကိုအနိစ္စ ဒုက္ခ အနတ္တဟူ၍ ပွားများနေရာမှ ရုပ်နာမ်တို့၏ အပေါ်၌ ဝါ-မိမိ အားထုတ်နေသောစိတ်၊ သို့မဟုတ် ရုပ်၌ ကြောက်စရာအဖြစ် ထင်လာ မြင်လာ စိတ်ပြောင်းလာခြင်းကို ဆိုလိုရင်း ဖြစ်၏။

ယင်းသို့ အနိစ္စ၊ ဒုက္ခ၊ အနတ္တဟူ၍ ဆက်လက်အားထုတ်လာသောအခါ၊ ထိုပုဂ္ဂိုလ်၏စိတ်၌ သတ္တလောက၌ အပြစ်ဟုထင်လာ မြင်လာသော စိတ်အာရုံများ ဖြစ်ပွားလာတတ်၏။ ထိုသို့ မိမိနှင့် သက်ရှိ သတ္တလောကသားများသည် အမှန်စင်စစ်အားဖြင့် ဆိုး ပြစ်တခုကိုလက်ခံရရှိထားကြခြင်းဖြစ်၏။ ဆိုးသောအပြစ်ကြီးဖြစ်သည့် အတ္တဘောတို့သည် သဘာဝအားဖြင့် အပြစ်ဒဏ်တခုကို ကျခံနေရခြင်းသာဖြစ်၏ဟု ရှုမြင်သောစိတ်အစဉ် ဖြစ်ပေါ်တတ်၏။ ထိုသို့ဖြစ်ပေါ်လာခြင်းကိုအာဒိနဝဉာဏ်ဟု ခေါ်လေသည်။

အမှန်စင်စစ်အားဖြင့် အာဒိနဝဉာဏ် ဆိုသည် မှာလည်း ရုပ်နာမ်တို့ကို လက္ခဏာရေးတရားဖြင့် ကြောက်စရာအဖြစ် ပွားများနေရာမှ ထိုပုဂ္ဂိုလ်၏စိတ်၌ အပြစ်ဟု ထပ်မံ၍ စိတ်အစဉ် ပြောင်းလဲလာခြင်းပင်ဖြစ်၏။ သတ္တလောကကို အပြစ်ဟု မြင်နေဆင်ခြင်နေရာမှ ထိုသူ၏စိတ်၌ ယင်းရုပ်နာမ် ဓမ္မအပေါ်၌ ငြီး

ငွေ့လာပြန်လေသည်။ မလိုချင်ခြင်း၊ စက်ဆုတ်ခြင်း၊ နောက်တဖန် ထိုရုပ်နာမ်ဓမ္မများ ဖြစ်ပွားရမည်ကို ငြီးငွေ့ခြင်းများသည် တဖြည်းဖြည်း ပို၍ပို၍ အားကောင်းလာ၏။ ထိုနောက် လုံးဝမလိုလားတော့ဘဲ လုံးဝငြီးငွေ့သောစိတ်သာ ထိုပုဂ္ဂိုလ်၏ စိတ်၌ စွဲစွဲမြဲမြဲဖြစ်နေလေတော့သည်။

အနိစ္စ၊ ဒုက္ခ၊ အနတ္တတို့ကို မြင်လိုက်၊ ငြီးငွေ့လိုက်စသည်ဖြင့် စိတ်သည် ယင်းငြီးငွေ့မှု၌ လုံးဝ အနယ်ထိုင် သွားလေတော့သည်။ ယင်းသည် နိဗ္ဗိဒါဉာဏ်မည်လေတော့သည်။ ယင်းငြီးငွေ့စိတ်ကို ကြိမ်ဖန်များစွာ အားထုတ်လာသောအခါ ထိုသူ၏ စိတ်၌ ရုပ် နာမ် ဓမ္မ သင်္ခါရတရားတို့မှ လွတ်လိုသော စိတ်သည် တဖြည်းဖြည်း ဖြစ်ပေါ်လာရာမှ ပိုမို အားသန်လာခဲ့လေသည်။

ယင်းသို့ အားသန်လာခဲ့ပြီးနောက် စိတ်သည် လွတ်လိုစိတ်၊ ဝါ၊ သံသရာမှလွတ်လိုစိတ်၌ လုံးဝ အခြေတကျ ဖြစ်လာတော့သည်။ ယင်းသို့ သံသရာကို ငြီးငွေ့ရာမှတဆင့် သံသရာမှ လွတ်လိုသောစိတ်ဖြစ်ပေါ်မှုကိုမုစ္စိတုကမျတာဉာဏ်ဟုခေါ်လေသည်။ အားထုတ်နေသူသည် ဆက်လက် အားထုတ်လာသောအခါ ပြန်လှန်၍ သင်္ခါရတရားတို့၌ သိမ်းဆည်းသောစိတ်များ ဖြစ်ပေါ်နေတတ်ပြန်လေသည်။ သင်္ခါရတရား၏ အမှန် ဖောက်ပြန်နေကြောင်း ကိုယ်တိုင်အကျင့်ဖြင့် သိရှိနေရပြီး ထိုသူ၏စိတ်၌ ကြောက်လာခြင်းအပြစ်ဟု မြင်လာငြီးငွေ့ခြင်း၊ လွတ်လိုခြင်းများဖြစ်ခဲ့၏။ ထိုသို့ဖြစ်ပွားပြီး ထိုသူ၏စိတ်၌ အပြန်အလှန် သဘောအားဖြင့် သင်္ခါရတရားတို့ကို ဆင်ခြင် သုံးသပ်နေမိ၏။ ယင်းသည် ပဋိသင်္ခါဉာဏ် မည်လေသည်။ ပဋိသင်္ခါဉာဏ်၏

သဘောသည် ပြန်လှန်၍ သုံးသပ်ခြင်း၊ မြင်ပြီးသောအသိဉာဏ်များကို သိမ်းဆည်းခြင်းဟူ၍ဖြစ်၏။ သို့ကြောင့် ထိုသူသည်တရားမတော်၌ ဝါ-သင်္ခါရဓမ္မ၌ အနိစ္စစသည်ဖြင့် ပြန်လှန် သုံးသပ်နေခြင်းမျိုး ဖြစ်လေသည်။

ယင်းသို့ ပြန်လှန်သုံးသပ်နေပြီးနောက် ထိုပုဂ္ဂိုလ်၏ စိတ်၌ ကြောက်ခြင်း၊ လှန့်ခြင်း၊ နှစ်သက်ခြင်း၊ ဝမ်းမြောက်ခြင်းစသော သုခဝေဒနာ၊ ဒုက္ခဝေဒနာများ၊ ဒေါမနဿဝေဒနာများ လုံးဝ မဖြစ်တော့ဘဲ ငြိမ်းအေးမှုကို စတင်ခံစားနေရလေသည်။ ထိုသို့ ငြိမ်းအေးခြင်းစိတ်အစဉ်သည် သင်္ခါရုပေက္ခာဉာဏ်မည်၏။ ရုပ်နာမ်တို့၏ဖောက်ပြန်နေခြင်းကို တွေ့ရှိနေရသော်လည်း စိတ်ချမ်းသာမှု၊ စိတ်ဆင်းရဲမှု၊ ကြောက်မှု၊ ထိတ်လန့်မှု၊ ငြီးငွေ့မှု၊ လွတ်လိုမှုများ မဖြစ်တော့ဘဲ စိတ်ငြိမ်းအေးနေသော သဘာဝပင် ဖြစ်၏။ သင်္ခါရုပေက္ခာနှင့် အနုလောမဉာဏ်များကို အချို့ကျမ်းဂန်များက ဝုဋ္ဌာနဂါမိနီဝိပဿနာဟု အမည်ပေးထားကြလေသည်။

ဝုဋ္ဌာန ဂါမိနီဟုခေါ်သော သင်္ခါရုပေက္ခာဘာဝနာကို ကြိမ်ဖန်များစွာ ပွားများနေသောသူသည် မိမိအားထုတ်၍ ပေါ်လာခဲ့သော စိတ်များ တမျိုးပြီးတမျိုး ပြန်လှန်၍ ပေါ်လာတတ်ပြန်သည်။ ယင်းတို့ကို အပြန်အလှန် သုံးသပ်နေမိရကား အနုလောမဉာဏ်ဟု ခေါ်လေသည်။ အနုလောမ ဉာဏ်သည်လည်း ပြန်လှန်သုံးသပ်သော ဉာဏ်တမျိုးသာ ဖြစ်ကြောင်း သိရှိကြပေမည်။

အပြန်အလှန် အထပ်ထပ်အခါခါ သုံးသပ်နေမိသော ထိုသူ၏စိတ်သည် တဖြည်းဖြည်း အားကောင်း လာပေလိမ့်မည်။ ယင်းသို့ အားကောင်းလာလေ၊ နိဗ္ဗာန်ကိုမြင်ရန် နီးကပ်လာလေဖြစ်ရကား မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ မည် လေ တော့သည်။ ကျွန်ုပ်တို့သည် ဘာဝနာ ပွားများသူတဦး၏ နောက်ဆုံး နိဗ္ဗာန်မြင်ခါနီး စိတ်ဖြစ်ပုံကို လေ့လာခဲ့ကြပြီးဖြစ်၏ ထိုသို့ လေ့လာခဲ့ရာ၌ စိတ်အစဉ်သည် တဖြည်းဖြည်း ရွေ့လျားနေပုံကို တွေ့ရမည်ဖြစ်၏။ ထိုသူ၏ အလုပ်သည် ခန္ဓာ ကိုယ် အ တွင်း တခုခုကို မမြဲခြင်း၊ ဆင်းရဲခြင်း၊ ငါမပိုင်ခြင်း ဟူသော သဘောတရား ၃ - ခုဖြင့် အမှန်တကယ်ဖြစ်ပြီး ပျက်နေမှုကို ရှုဆင်ခြင်နေခြင်းဖြစ်၏။ သူ၏စိတ်သည် တည်ကြည်ပြီးသူ တဦးဖြစ်ရကား အမှန်အဖြစ်အပျက်ပေါ်၌ အမှန်အတိုင်း မြင်လာရန် အားထုတ်နေခြင်းဖြစ်လေသည်။

အနိစ္စ၊ ဒုက္ခ၊ အနတ္တများ ထင်ဟာမြင်လာပြီးဖြစ်၏။ ဖြစ်ပျက် သဘော သဘာဝသည်လည်း ထိုသူ၏ စိတ်၌ ထင်ရှား နေပြီးဖြစ်၏။ သို့ရာတွင် တရားရပြီဟုကား မဆိုနိုင်သေးချေ။ အဘယ့်ကြောင့်ဆိုသော် ထိုသူ၏ အားထုတ်နေသော စိတ်သည် လောကီ၊ တိဟိတ်ကုသိုလ်စိတ်ဖြစ်ခြင်း၊ ဖြစ်ပေါ် လာခဲ့သော ဉာဏ်စဉ် (စိတ်) မှာလည်း လောကီဉာဏ်စဉ် (စိတ်) ဖြစ်ခြင်း စသည် တို့ကြောင့် ဖြစ် လေ သည်။ ယင်းနှင့် တ ဆက် တည်း ကျွန်ုပ်တို့ သတိပြုရမည့် အချက်တရပ်မှာ၊ ထို အား ထုတ်နေသူအား ဖျက်စီးမည့် အဖျက်များပင်ဖြစ်၏။ မဂ်သို့နီးလာသော

ထိုသူ၏စိတ်ကို ဝါ၊ မဂ်ကိုမရအောင် ဝင်ရောက်လာတတ်သော အဖျက်မျိုးဖြစ်၏။ ယင်းအဖျက်အဆီးမှာ -၁၀- မျိုးရှိ၏။

(၁) ဩဘာသ = အလင်းရောင်
(၂) ဉာဏ် = အသိဉာဏ်အထူး
(၃) ပီတိ = နှစ်သက်ခြင်း
(၄) ပဿဒ္ဓိ = အေးငြိမ်ခြင်း
(၅) သုခ = ချမ်းသာခြင်း
(၆) အဓိမောက္ခ = စိတ်ကြည်လင်ခြင်း၊ သဒ္ဓါတရား အားကြီးလာခြင်း
(၇) ပဂ္ဂဟ = ပို၍ အားထုတ်လာခြင်း ဝီရိယလွန်ကဲခြင်း
(၈) ဥပဋ္ဌာန = မတုန်မလှုပ် တည်နေခြင်း
(၉) ဥပေက္ခာ = လျစ်လျူရှုခြင်း
(၁၀) နိကန္တိ = ငြိမ်သက်ခြင်း

ဆိုလိုသည်မှာ တရား အားထုတ်သူသည် နိဗ္ဗာန်ကို မြင်ရန် နီးကပ်လာသောအခါ၊ နိဗ္ဗာန်၏ အတုအယောင်များ ဝင်ရောက်လာတတ်ပြီး မြင်ရသော အာရုံကို "နိဗ္ဗာန်ဘဲ" ဟု အာရုံပြုသွားတတ်၊ စွဲမြဲစွာ မှတ်ယူသွားတတ်၏။ အမှန်စင်စစ် နိဗ္ဗာန်ကား မဟုတ်သေးချေ။

သို့ဖြစ်ရာ တရား အားထုတ်သူ၏ အာရုံ၌ အလင်းရောင် တမျိုးမျိုးကို မြင်လိုက်မိခြင်း၊ အနိစ္စ၊ ဒုက္ခ၊ အနတ္တတို့၌ ကွဲကွဲပြားပြား မြင်လာပြီးဖြစ်သောကြောင့် ယင်းသည်နိဗ္ဗာန်ဖြစ်လိမ့်မည်ဟု မိမိဉာဏ်၌စွဲမြဲစွာ မှတ်သားမိတတ်ခြင်း၊ မိမိ မြင်ရသော

တရားစုများ၌ နှစ်သက်နေတတ်ခြင်း စိတ်သည် ငြိမ်သက်နေတတ်ခြင်း၊ နှစ်သက်နေတတ်ခြင်း၊ အလွန် ချမ်းသာနေပြီဟု အထင်ရောက်တတ်ခြင်း၊ မတွေ့ဘူးသော တရားများကို တွေ့နေရသဖြင့် ဘာသာရေး တရား၌ ယခင်ကထက် သဒ္ဓါတရား အားကြီးလာခြင်း၊ အားထုတ်နေသည့် အချိန်ကာလထက် မြန်မြန် တရားမြင်လိုသော ဆန္ဒဖြင့် ဝီရိယ ပိုမို အားကောင်းလာခြင်း၊ စိတ်မတုန်မလှုပ် ဖြစ်နေခြင်း၊ လျစ်လျူရှုနေခြင်းနှင့် ငြိမ်းအေးငြိမ်သက် နေခြင်းတို့သည် မိမိ လုပ်နေသော တရားများကို နှောင့်နှေးအောင် တားဆီးတတ်သောကြောင့် ဝိပဿနာ၏ အဖျက်များဟု သတ်မှတ်ထားလေသည်။

ဆိုလိုသည်မှာ မိမိ အားထုတ်နေသော တရား၌ အထင်မကြီးအောင်၊ အထင်မသေးအောင် မူလ အားထုတ်နေသည့်အတိုင်း ဆက်လက် အားထုတ်ပါ။ တွေ့ကြုံရသော အရောင်အလင်းများနှင့်တကွ တခြား အကြောင်းအရာများ ဝင်လာသော် ယင်းတို့၏ နောက်သို့ မလိုက်ပါနှင့် ဟု ဆိုလိုရင်း ဖြစ်ပေသည်။

ယင်းအဖျက်များ ဝင်ရောက်လာတတ်သည် ဆိုရာ၌ အားလုံး ဝင်ရောက်လာမည်ကား မဟုတ်ချေ။ တမျိုးမဟုတ် တမျိုး ဝင်ရောက်လာတတ်သည့် သဘောသာ ဖြစ်လေသည်။ တဖြည်းဖြည်း စိတ်သည် အပြန်အလှန် သုံးသပ်မှု၌ ပို၍ပို၍ အားသန်လာမည် ဖြစ်၏။ ပို၍ပို၍အားသန်လာလေ နိဗ္ဗာန်ကိုမြင်ရန် ပို၍ပို၍နီးလာမည်ဖြစ်၏။ အဖျက်များကို ကျော်လာမည် ဖြစ်၏။ ယင်းသည် ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ မည်တော့သည်။

အနုလောမဉာဏ်နှင့် ပဋိပဒါဉာဏဒဿန ဝိသုဒ္ဓိတို့မှာ လောကီစိတ်သာ ရှိသေး၏။ သို့ရာတွင် ယင်းတို့သည် နိဗ္ဗာန်ကို မြင်ရန် အနီးကပ်ဆုံး စိတ်ဖြစ်ကြောင်းကိုလည်း သိထားရပေလိမ့်မည်။ ဤ၌ ကျွန်ုပ်တို့ နောက်ထပ် လေ့လာရမည့် အချက်မှာ မဂ္ဂင် (၈) ပါးဖြစ်၏။

ဤကျမ်း၏နောက်တနေရာ၌ မဂ္ဂင်အကြောင်းအတော်အသင့် ပေါ်ပြခဲ့ပြီးဖြစ်၏။ ထိုသို့ လေ့လာရာ၌ မဂ္ဂင်ဆိုသည်မှာ အလုပ်တရားဟူ၍ ဆိုခဲ့၏။ သီလအုပ်စု၊ သမာဓိအုပ်စု၊ ပညာအုပ်စု ဟူ၍ အုပ်စု -၃- မျိုးကိုလည်းခွဲခြားခဲ့၏။ မဂ္ဂင် (၈) ပါး တပြိုင်နက် ဖြစ်သော ခဏ၌ မဂ်ဖြစ်သည်။ မဂ္ဂင် (၈) ပါး တပြိုင်နက် ကျရောက်သော ခဏရှိသော ပုဂ္ဂိုလ်ကို မဂ်ပုဂ္ဂိုလ်ဟု ခေါ်သည် ဟုလည်း လေ့လာခဲ့ကြပြီး ဖြစ်၏။ ယခု ပရားပွားများနေသူသည် မည်သည့် မဂ္ဂင်ဖြစ်နေသည်ကို လေ့လာကြရပေလိမ့်မည်။

အားထုတ်နေသောသူအား ရုပ်၊နာမ်၊ ဓမ္မတို့၏အမှန်တကယ် ဖြစ်ပျက်သဘောကို မြင်နေရပြီးဖြစ်ရာ၊ သီလမဂ္ဂင် (၃) ပါး၊ သမာဓိမဂ္ဂင် (၃) ပါးနှင့် ပြည့်စုံနေပြီး ဖြစ်၏။ သို့ရာတွင် ပညာမဂ္ဂင် (၂) ပါးနှင့်မူ မပြည့်စုံသေးချေ။ သို့မဟုတ်၊ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝဟု ဆိုအပ်သော သီလမဂ္ဂင်၊ သမ္မာဝါယမ၊ သမ္မာသတိ၊ သမ္မာသမာဓိဟူသော သမာဓိ မဂ္ဂင်များနှင့် ပြည့်စုံနေပြီး ဖြစ်၏။ သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ မဂ္ဂင်များနှင့်ကား မပြည့်စုံသေးဟု ဆိုလို၏။ မှန်၏။ တရားအားထုတ် သူသည် သီလနှင့် ပြည့်စုံနေပြီးသူ၊ သမာဓိသတိတို့နှင့် ပြည့်စုံသူ ဖြစ်နေ၏။ ထို့အပြင် အားထုတ်ခြင်း ဝီရိယလည်း ပုံမှန် ရှိနေ

ပြီး ဖြစ်၏။ သို့ဖြစ်ရာ မဂ္ဂင်(၆) ပါးသည် တရားအားထုတ်သူ၌ “အလုပ် လုပ်နေကြောင်း” တွေ့ရှိရပေလိမ့်မည်။

ထို့ထက် ယခုအခါ ဉာဏ်အမြင်သည်ပင် အထွဋ်အထိပ်သို့ ရောက်ခါနီး ဖြစ်နေရကား သီလနှင့် သမာဓိသတိ၊ ဝီရိယ (ဝါယမ) တို့သည် အစွမ်းကုန် ပြည့်စုံနေပြီး၊ အစွမ်းကုန် အလုပ်လုပ်နေပြီးဖြစ်ကြောင်း တွေ့ရပေလိမ့်မည်။

ထိုအပြင် အနိစ္စ၊ ဒုက္ခ၊ အနတ္တဟူသော လက္ခဏာများ ဖြစ်ပွားများနေသည့် ရုပ်နာမ်မှတို့၏ ဖြစ်ပြီး ပျက်နေသည်ကိုလည်း အမှန်အတိုင်း တွေ့နေရပြီး ဖြစ်၏၊

သို့ရာတွင် ထိုသို့အဖြစ်အပျက်ကို တွေ့ရှိမှုသည် ခိုင်မြဲသည် မဟုတ်သေး၊ မခိုင်မြဲဘဲ အခိုက်တန့် တွေ့ရှိရမှုသာဖြစ်၍ နောက်တချိန်ချိန်၌ သံသယစိတ်များ ဝင်ရောက်နိုင်သေးခြင်း (ဝိစိကိစ္ဆာ) မှားသောအယူ (မိစ္ဆာဒိဋ္ဌိ-ရုပ်နာမ်များ အမှန်တကယ်ဖြစ်ပျက်နေမှု၌ ယုံကြည်မှု အားနည်းနိုင်ခြင်း)တို့ ပြန်လည်သက်ဝင်လာနိုင်ခြင်း စသော အကြောင်းများ ရှိနေသေးသောကြောင့် ပညာမဂ္ဂင်နှင့် လူကား မပြည့်စုံသေးချေ။ ဝါ၊ သမ္မာဒိဋ္ဌိ၊ သမာသင်္ကပ္ပမဂ္ဂင်များ၊ ထိုအနုလောမဉာဏ်နှင့် ပြည့်စုံသူများ၌ မပြည့်စုံသေးချေ။ ဝါ၊ ထိုအနုလောမဉာဏ်ရောက် ပုဂ္ဂိုလ်အား၊ တခြားမဂ္ဂင်များနှင့်အတူ ပညာမဂ္ဂင်ကို မရသေးချေ။ ဝါ၊ ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာ ရှိနေသေးသည်ဟု မှတ်ထားကြရပေမည်။

တခြားမှတ်သားစရာတခုမှာအထက်၌ဖော်ပြခဲ့သောဉာဏ်စဉ် (၁၀)ပါးတို့သည် မိမိအာရုံပြုနေသော အလွန်မြန်ဆန်လှသည့်

ရုပ်၊ သို့မဟုတ် နာမ်တရားစု၌ တကြိမ်တည်းစီသာ ဖြစ်သလော။ ယင်းတို့သည် အကြိမ်ကြိမ်ဖြစ်ခဲ့သလောဆိုသော အချက်ဖြစ်၏။ အမှန်အားဖြင့် ဉာဏ် (၁၀) ပါးတို့သည် တကြိမ်တည်းစီသာဖြစ်ကြသည်ကား မဟုတ်ကုန်။ အကြိမ်ကြိမ်ဖြစ်ခဲ့ခြင်း၊ ပြန်လည်ပျောက်သွားခြင်း၊ နောက်ထပ်အားထုတ်ပြန်ရာ ပြန်လည်ပေါ်လာခြင်း စသည်ဖြင့် လုံးလည်လိုက်ကာဖြစ်ခဲ့ကြခြင်းဖြစ်၏။

တိုသို့အားထုတ်လာခဲ့ရာ ထိုအားထုတ်သူသည် ဂေါတြဘူဟူသော ဉာဏ်တမျိုး (စိတ်တမျိုး) သို့ ရောက်ရှိလာမည် ဖြစ်၏။ ဂေါတြဘူ၏အဓိပ္ပာယ်မှာ ကာမအနွယ်ကို ဖြတ်တောက်၍ မဂ်စိတ်ဖြစ်ရန် အားပြုခြင်းဟူ၍ အဓိပ္ပာယ်ရ၏။ ထိုဂေါတြဘူသည် ကာမစိတ်နှင့် မဂ်စိတ်နှစ်ခုအကြား၌ဖြစ်သော စိတ်ဖြစ်၏။ ကာမကိုလည်းမြင်၏။ မဂ်ကိုလည်း မြင်၏။ (နိဗ္ဗာန်ကိုလည်းမြင်၏။ ဟုဆိုလိုသည်) ဂေါတြဘူစိတ်ကို ဥပမာပေးကြရာ၌ တောင်ထိပ်နှင့်တူသည်ဟု ဆိုကြ၏။

တောင်ထိပ်သည် လာလမ်းကိုမြင်၏။ သွားရမည့်တောင်ခြေကိုလည်းမြင်၏။ ထို့အတူ ဖြတ်သန်းလာခဲ့သော ကာမဂုဏ်ဘာရ၏ အမှန်တကယ်ဖြစ်ပျက်နေသော ရုပ်နာမ်ဓမ္မကိုလည်း မြင်နေရသည်။ ရောက်ရှိမည့်နိဗ္ဗာန်ကိုလည်း မြင်ရသည်ဟု ဆိုလိုရင်းဖြစ်၏။ ကျွန်ုပ်တို့သည် နိဗ္ဗာန်ကိုမြင်ရသည်။ သို့မဟုတ် သောတာပန်ဖြစ်သည့်စိတ်ကို ပိုမိုသဘောပေါက်ရန်၊ သောတာပန်ဖြစ်ပုံ စိတ်အစဉ် (ဝီထိ) ကို ကြည့်နေရာ၌ ပထမ စတင်လေ့လာကြရပေမည်။ အဘယ့်ကြောင့်ဆိုသော် သတ္တဝါတဦး စတင်ဖြစ်ပုံမှာ အဝိဇ္ဇာကြောင့်ဟု ကျွန်ုပ်တို့ နားလည်ခဲ့ကြ၏။ ပဋိသန္ဓေ ယူပုံ

ကိုလည်း (တဘဝမှ တဘသို့ ကူးပုံ ကိုလည်း) ကျွန်ုပ်တို့ ဝိထိစဉ်ဖြင့် လေ့လာခဲ့ကြ၏။ အဝိဇ္ဇာကြောင့်ဖြစ်သော သတ္တလောကသားများသည် နောင်တဖန် မဖြစ်လာအောင် အဝိဇ္ဇာကင်းမှ ဖြစ်ပေလိမ့်မည်။ ယခု တရားအားထုတ် နေသူသည် အဝိဇ္ဇာကင်းရန် ကြိုးစားနေသူဖြစ်၏။ အနုလောမဉာဏ် ရသည် အထိ အဝိဇ္ဇာကား မကင်းသေးချေ။ အဝိဇ္ဇာ၏ ဆန့်ကျင်ဘက် ဝိဇ္ဇာသို့မဟုတ် ပညာ မဂ္ဂင်တရား သည်ကား ထိုသူ၌ မပြည့်စုံသေးချေ။ ထို့အပြင် သတ္တဝါတဦး စုတိပုံကိုလည်း ကျွန်ုပ်တို့ လေ့လာခဲ့ကြ၏။ စုတိမှုရှိခဲ့လျှင် မစုတိမှုရှိရမည်ဟု ဗုဒ္ဓ အခိုင်အမာယူဆထား၏။ မစုတိနိုင်သော နည်းလမ်းကိုလည်း ဗုဒ္ဓက အခိုင်အမာတည်ထောင်ထား၏။ သို့ဖြစ်ရာသတ္တဝါတဦး၏ စုတိကုန်ရာဖြစ်သော နိဗ္ဗာန်သို့ သွားလမ်း၌ လျှောက်လာ သော တရားကျင့်သူတဦးသည် မည်သို့မည်ပုံ အဆုံးသတ်ကို တွေ့ရမည် နည်း၊ နိဗ္ဗာန်ကိုမြင်ရသော သောတာပန်တဦး၏ သောတာပန် ဖြစ်ပုံကို ဗုဒ္ဓ၏တပည့် အဘိဓမ္မာပညာရှင်များက အောက်ပါ စိတ်ဖြစ်ပုံ (ဝိသိ) ဖြင့် ရှင်းလင်း ပြသထားကြလေသည်။

| ကာမနယ် | | | | | | | |
|---|---|---|---|---|---|---|---|
| ဘ" | နှ | ဒ | မ | ပ | ဥ | နု | ဂေါ |
| ၀၀၀ | ၀၀၀ | ၀၀၀ | ၀၀၀ | ၀၀၀ | ၀၀၀ | ၀၀၀ | ၀၀၀ |

| နိဗ္ဗာန် | | | |
|---|---|---|---|
| မ | ဖ | ဖ" | ဘ |
| ၀၀၀ | ၀၀၀ | ၀၀၀ | ၀၀၀ |

| | | | | |
|---|---|---|---|---|
| န | = | ဘဝင်္ဂစလန | = | ဘဝင်လှုပ်ခြင်း |
| ဒ | = | ဘဝင်္ဂုပစ္ဆေဒ | = | ဘဝင်ပြတ်ခြင်း |
| မ | = | မနောဒွါရာဝဇ္ဇန် | = | မနောဒွါရ၌စိတ်ဖြစ်ခြင်း |
| ပ | = | ပရိကမ္မ | = | ပရိကမ် ကာ မာ ဝစရ စိတ် ပထမဖြစ်ခြင်း |
| ဥ | = | ဥပစာရ | = | ဥပစာ = ကာ မာ ဝစရ စိတ်ဖြစ်နေခြင်း |
| နု | = | အနုလုံ | = | ကာမာဝစရစိတ်ကို ထပ်သုံးသပ်ခြင်း |
| ဂေါ | = | ဂေါတြဘူ | = | ကာမာဝစရစိတ် နောက်ဆုံးဖြစ်ခြင်း |
| မ | = | မဂ္ဂ | = | မဂ်စိတ် တကြိမ်ဖြစ်ခြင်း |
| ဖ၊ဖ | = | ဖလ | = | ဖိုလ်စိတ်နှစ်ကြိမ်ဖြစ်ခြင်း |
| ဘ | = | ဘဝင်္ဂ | = | ဘဝင်စိတ်ဖြစ်ခြင်း |

ဝဝဝ = စိတ်တခုစီ၏ ဥပါဒ်၊ ဌီ၊ ဘင်၊ ဖြစ်ပုံသင်္ကေတ သည့် အမှတ်အသားများ—

အထက်ပါဝီထိပုံ ရှင်းလင်းချက်မှာ ဤသို့ဖြစ်၏။ ဂေါတြဘူစိတ်ဖြစ်ပြီးနောက် သို့တရားကျင့်နေသူသည် နိဗ္ဗာန်ကိုမြင်ရန် ပို၍ နီးကပ်လာပြီးဖြစ်ရာ ၊ ဆက်လက်၍ မိမိအားထုတ်နေသော တရား၌ ပွားများနေပါက၊ ပထမဘဝင်စိတ် ဖြစ်ပေလိမ့်မည်။ နောက် ယင်း ဘဝင်စိတ်ကိုဖြတ်သော စိတ်၊ မနောဒွါရ၌ အာရုံယူသောစိတ်၊ ထိုနောက် ကာမာဝစရစိတ်ဖြစ်သော သို့မဟုတ် မိမိ အားထုတ်နေရာ၌ ဖြစ်နေသည့် ကာမစိတ်ကို ဖြတ်၍

နိဗ္ဗာန်ကို မြင်ရန်အားပြုသော ကာမစိတ် စတင်ဖြစ်ပေါ်လာ၏။ ယင်းကို ပရိကံဟုခေါ်သည်။ ယင်းစိတ် ထပ်ဖြစ်ခြင်းကို ဥပစာ၊ နောက်ထပ်တကြိမ်ဖြစ်ခြင်းကို အနုလုံဟုခေါ်၍ ယင်း ကာမာ ဝစရကုသိုလ် အဆုံးသတ်ရန် နောက်ဆုံးဖြစ်ပွားခဲ့မှုကို ဂေါတြ ဘူစိတ်ဟု ခေါ်လေသည်။ သို့ကြောင့် ပရိကမ်၊ ဥပစာ၊ အနုလုံ၊ ဂေါတြဘူ၊ ဟူသောစကား၏ မူလအမည်မှာ "ကာမာဝစရ ကုသိုလ်စိတ်"၏ အမည်များ ဖြစ်လေသည်။ ယင်း သုံးမျိုး ဖြစ်ပြီးနောက်ထိုသူ၏စိတ်သည်"မဂ်"စိတ် တကြိမ်ဖြစ်သည်။မဂ် စိတ်တကြိမ်ဖြစ်ပြီးနောက် ဖိုလ်စိတ်နှစ်ကြိမ်ဖြစ်သည်။(ထက်သန် သော ဝီရိယ၊ ဉာဏ်ရှိသူ ဖိုလ်နှစ်ကြိမ်၊လျော့သော ဝီရိယ၊ ဉာဏ် ရှိသူ၊ဖိုလ်၃-ကြိမ်ကျသည်) ထို့နောက် ဘဝင်စိတ် ထပ်ဖြစ်သည်။ ဤကား သောတာပန် ပုဂ္ဂိုလ်တည်း၊ မဂ်ကို ရသူတည်း။ နိဗ္ဗာန် ကို မြင်သူတည်း။

အကြင်ပုဂ္ဂိုလ်သည် သောတာပတ္တိ မဂ်စိတ်တကြိမ်ဖြစ်သည်။ ထိုပုဂ္ဂိုလ်အား နောက်ထပ် မဂ်စိတ် မဖြစ်တော့ချေ။ နောင် (သကဒါဂါမိမဖြစ်မီ) မည်မျှ အားထုတ်စေကာမူ နောက်ထပ် မြင်ရသော နိဗ္ဗာန်ကို မြင်စိတ်မှာ သောတာပတ္တိဖိုလ်စိတ်များ သာ ဖြစ်သည်ဟု ဆိုထားလေသည်။မဂ်စိတ်သည်တကြိမ်ထက် ပို၍ မဖြစ်ဟူလို။သောတာပန်ဖြစ်ပြီးပုဂ္ဂိုလ်ရရှိသော အကျိုးများမှာ-

(၁) ဒိဋ္ဌိ၊ ဝိစိကိစ္ဆာကင်းခြင်း၊ ဒိဋ္ဌိဝိစိကိစ္ဆာကုန်ခြင်း

(၂) (က) သတ္တက္ခတ္တုပရမ သောတာပန် = ကာမဘုံ၌ (၇) ကြိမ် ထက်ပို၍ ပဋိသန္ဓေ မယူရတော့ပြီ။

ဗြဟ္မာဘုံ၌မှု(၇) ကြိမ်ထက်ပို၍ နေသေးသည်။
(၇-ကြိမ်နေပြီး ရဟန္တာ ဖြစ်မည့်သူ)

(ခ) ကောလံကောလသောတာပန် = ကာမဘုံ၌တကြိမ်သာ မျိုးစေ့ ပဋိသန္ဓေနေသူ။ တကြိမ်နေပြီး ရဟန္တာ ဖြစ်မည့်သူ။

(ဂ) ကောလံကောလ သောတာပန် = ကာမဘုံ၌ နှစ်ကြိမ်မှ ၆-ကြိမ်အထိ ပဋိသန္ဓေ နေနိုင်သူ (၃) ကြိမ်အထိ-သို့မဟုတ်-၂-ကြိမ်၊ သို့မဟုတ် ၄-၅-ကြိမ်နေပြီး ရဟန္တာ ဖြစ်မည့်သူ)

(၃) အပါယ်-၄- ဘုံသို့ မကျရောက်နိုင်ခြင်း
သောတာပန်ဖြစ်သူ၏ လက္ခဏာများမှာ (၁) ဘုရား၌ ယုံကြည်ခြင်း (၂) တရားတော်၌ ယုံကြည်ခြင်း၊ (၃) သံဃာတော်၌ ယုံကြည်ခြင်း၊ (၄) ငါးပါးသီလ မကျိုးမပြတ်ခြင်းနှင့် သမာဓိ အခြေခံ အမြဲရှိနေခြင်း များ ဖြစ်၏။

(၄) သောတာပန်ဖြစ်လာရခြင်းအကြောင်းတရားများမှာ-
၁။ သူတော်ကောင်း တရားကို ဆည်းကပ်ခြင်း (သပ္ပုရိသူပနိဿယ)
၂။ သူတော်ကောင်းတရားကို ကြားနာခြင်း (သဒ္ဓမ္မဿဝန)
၃။ ကောင်းသော နှလုံးသွင်းရှိခြင်း (ယောနိသောမနသိကာရ)

၄။ လောကုတ္တရာတရားနှင့်လျော်သောအကျင့်ကိုကျင့်ခြင်း (ဓမ္မာနုဓမ္မ ပဋိပတ္တိ)

သောတာပန်ပယ်ထားသော အကုသိုလ် တရားစုများမှာ-ကံနှင့် ကမ္မဖလကို ယုံကြည်ခြင်း၊ ရတနာ သုံးပါးကို ယုံကြည်ခြင်း၊ ဘဝပြတ်မှု၊ ပဋိသန္ဓေယူမှုစသည်တို့၌ ယုံမှား သံသယ မရှိခြင်းစသော ဒိဋ္ဌိနှင့်ဝိစိကိစ္ဆာ အကုသိုလ် တရားစုနှစ်ပါးကို ပယ်ထားလေသည်။

ကျွန်ုပ်တို့သည် တရား အားထုတ်သူတဦး သောတာပန်ဖြစ်ပုံ၊ သောတာပန်ဖြစ်သည်ဆိုခြင်းမှာ နိဗ္ဗာန်ကို ရှေးဦးစွာမြင်သည်ကို ခေါ်ဝေါ်ပုံနှင့်တကွ သောတာပန်ဖြစ်သော စိတ်အစဉ်များကိုပါ လေ့လာခဲ့ကြပြီး ဖြစ်၏။ သို့ရာတွင် သောတာပန်ဆိုသည်မှာ အဘယ်သို့ မဂ်စိတ်ဖြစ်သည်၊ မဂ်စိတ် ဖြစ်သည်ဆိုသည်မှာ အဘယ်သို့ ဖြစ်သည်ဆိုသည်ကို နားရှင်းရန် လိုအပ်ပေလိမ့်မည်။ တရားအားထုတ်သူသည် ဥဒယဗ္ဗယဉာဏ်မှစ၍ အနိစ္စ၊ ဒုက္ခ၊ အနတ္တဟု အမှန်တကယ်ဖြစ်ပျက်နေသော ရုပ်နှင့်နာမ်ကို သုံးသပ်လာခဲ့သူဖြစ်ကြောင်း တွေ့ရှိရပေလိမ့်မည်။

ဥဒယဗ္ဗယဉာဏ်မှစ၍ အနုလောမဉာဏ်တိုင်အောင် ယင်းရုပ်၊ နာမ်တရားများကို မမြဲခြင်း၊ ဆင်းရဲခြင်း၊ ငါ မပိုင်ခြင်းဟူ၍ သုံးသပ်ခဲ့ခြင်းဖြစ်ရာ၊ တရားအားထုတ်သူသည် ဥဒယဗ္ဗယဉာဏ်မှစ၍ အနုလောမဉာဏ်တိုင်အောင် အနိစ္စ၊ ဒုက္ခ၊ အနတ္တကို ပွားများခဲ့ခြင်းသာ ဖြစ်၏။ ယင်း ဉာဏ်-၁၀-မျိုး သို့မရောက်မီက အနိစ္စ၊ ဒုက္ခ၊ အနတ္တကို အားထုတ်ခြင်းဖြစ်၏။ သို့ဖြစ်ရာ တရားအားထုတ်သူသည် အစမှအဆုံး အနိစ္စ၊ ဒုက္ခ၊ အနတ္တဟူ၍သာ

သုံးသပ်နေသူဖြစ်ကြောင်း တွေ့မြင်ကြရပေမည်။ ရုပ်သည် မမြဲ၊ ဖောက်ပြန်သော သဘောရှိ၏။ ဥပါဒ်၊ ဌီ၊ ဘင်အားဖြင့်အမြဲဖြစ်ပျက်နေ၏။ မျက်တောင်တခတ်လျှပ်တပြက်အတွင်း ကုဋေပေါင်းများစွာ ဖြစ်ပျက်နေ၏။ နာမ်ဟုဆိုသော အသိစိတ်သည်လည်း မမြဲ၊ ဖောက်ပြန်နေ၏။ ဖြစ်ပြီး ပျက်နေ၏။ ဥပါဒ်၊ဌီ၊ ဘင်အားဖြင့် ပြောင်းလဲနေ၏၊ ယင်းစိတ်သည် မျက်တောင်တခတ် လျှပ်တပြက်အတွင်း ကုဋေပေါင်းများစွာ ဖြစ်ပြီး ပျက်နေ၏ဟုကျွန်ုပ်တို့ နားလည်ထားခဲ့ကြ၏။

အမှန်တကယ် အဖြစ်အပျက်ကို အမှန်တကယ် မသိသဖြင့် လိုချင်မှု၊ စွဲလမ်းမှု၊ မရမကရှာဖွေမှုစသည်ဖြင့် ကျွန်ုပ်တို့ စိတ်သည် မမှန်မကန်ဆောင်ရွက်မှုကြောင့် သတ္တလောက၌ နောက်ထပ်တဖန် ပဋိသန္ဓေယူရမှုစသော အကျိုးတရားကို ထပ်တလဲလဲ ရရှိနေခြင်းဖြစ်၏၊ အမှန်တကယ် ဖြစ်ပြီး ပျက်နေသော တရားစုမှာလည်း အလွန်ပင်လျင်မြန်ရကား သာမညမံသစက္ခုဖြင့်သော်လည်းကောင်း သာမညပညာ စက္ခုဖြင့် သော်လည်းကောင်း ဖြစ်ပျက်တိုင်းကိုမြင်နိုင်ရန မလွယ်ကူချေ။ မလွယ်ကူသောကြောင့် ယုံကြည်ရန် ခဲယဉ်းနေလေသည်။ သာမန် ပုထုဇဉ်များသည် ကြား၍၊ နာရ၍၊ ဖတ်ဖူးမှတ်ဖူး၍ ယုံကြည်ခြင်းမျိုးသာဖြစ်ရာ မိမိမသိသော အကြောင်းအရာ တခုခုကို သိရှိသူ တဦးဦးက ဖောက်သည်ချသည်ကို မှတ်သား ယုံကြည်ခြင်းမျိုးသာ ဖြစ်လေသည်။

တရားဘာဝနာ ပွားများသူတဦးသည် စတင် အားထုတ်စဉ်ကလည်း ဖြစ်ပျက်ကို အားထုတ်နေပြီး နောက်ဆုံး သောတာပန်

ဖြစ်သည်အထိ ဖြစ်ပျက်ကိုပင် အားထုတ်နေကြောင်း အထက်၌ ကျွန်ုပ်တို့ နားလည်ခဲ့ကြ၏။ ထိုသူသည် အမှန်တကယ်ဖြစ်ပျက်ကို အားထုတ်သည်ဆိုသော်လည်း မျက်တောင်တခတ် လျှပ်တပြက် အတွင်း ကုဋေပေါင်းများစွာ ဖြစ်ပျက်သွားသော ရုပ်နာမ်တို့၏ ဖြစ်ပျက်တိုင်းကို မြင်လိမ့်မည် မဟုတ်ချေ။ ဥပမာအားဖြင့်- အစ အားထုတ်စဉ်က (အဖြစ်အပျက်ကို စတင်ကြည့်ရှုစဉ်က) ကုဋေ ပေါင်း သိန်းသန်း ဖြစ်ပျက်ထဲမှ တကြိမ်ကိုသော်လည်းကောင်း၊ နှစ်ကြိမ်ကို သော်လည်းကောင်း မြင်တွေ့ရပေလိမ့်မည်။ ကျန် သော ဖြစ်ပျက်များကိုကား မြင်လိုက်နိုင်လိမ့်မည် မဟုတ်။ ပျံ့ လွင့်နေသော စိတ်များသည် မည်မျှ အနယ်ထိုင်စေကာမူ စတင် အားထုတ်သူ၏စိတ်သည် အနည်းငယ်နှင့် အများပျံ့လွင့်မှု ရှိနေ မည်မှာ သံသယဖြစ်စရာ မလိုချေ။ ဆက်ကာဆက်ကာအားထုတ် လာသူ၏ စိတ်သည် ပို၍ပို၍ အနယ် ထိုင်လာမည်။ ငြိမ်သက် မည်။ ပျံ့လွင့်မှုနည်းလာမည်မှာမွေတာသဘာဝပင်ဖြစ်သည်။ ပို၍ စိတ်ငြိမ်သက်လာမှုကြောင့် အဖြစ်အပျက်များကိုလည်း ယခင့် ယခင်ထက် ပို၍ မြင်လာပေလိမ့်မည်။ သို့ရာတွင် အမှန်အတိုင်း မူကား မြင်နိုင်စွမ်းရှိလိမ့်မည် မဟုတ်သေးချေ။ အားထုတ်ဖန် များမှု၊ စိတ် ပိုမိုငြိမ်သက်လာမှု၊ ဆက်ကာဆက်ကာ ဖြစ်လာမှု ကြောင့် အကြိမ်တသိန်း ဖြစ်ပျက်သွားရာ၌ တကြိမ်နှစ်ကြိမ် မြင် နေရာမှ၊ အကြိမ်တသောင်း ဖြစ်ပျက်တိုင်း တကြိမ် နှစ်ကြိမ် မြင်လာခဲ့ပေလိမ့်မည်။ အကြိမ်တထောင်မှာ တကြိမ်၊ အကြိမ် တရာ ဖြစ်ပျက်တိုင်း တကြိမ် နှစ်ကြိမ်စသည်ဖြင့်၊ စိတ်ငြိမ်သက် လေ၊ ဖြစ်ပျက်ပိုမိုများများ မြင်လာရလေဖြစ်လာရပေမည်။

ယင်းသို့ မျက်တောင်တခတ် လျှပ်တပြက်အတွင်း ဖြစ်ပျက်အကြိမ်တရာ၊ သို့မဟုတ်-၅၀-စသည် မြင်လာရခြင်းကို ကျွန်ုပ်တို့က ဥဒယဗ္ဗ၊ ဘင်္ဂ၊ စသည်ဖြင့် အမည်နာမတပ်၍ ခေါ်ဝေါ်ခြင်းဖြစ်ပေလိမ့်မည်။ သို့ရာတွင် အမှန်အတိုင်း ဖြစ်ပျက်ကို မူကား မမြင်သေးချေ။ မမြင်လိုက်ရသော အဖြစ်အပျက်များ ကျန်နေသေးချေသည်။

အားထုတ်သူသည် မိမိ၏ ပညာစက္ခုဖြင့် ဖြစ်ပျက်တိုင်းကို ကြည့်နေလေ၊ တဖက်မှလည်း စိတ်လေလွင့်မှုနည်းပါးလာလေ၊ စိတ်ငြိမ်သက် အနေထိုင်လာလေဖြစ်လာပြီး နောက်ဆုံး အမှန်တကယ်ဖြစ်ပျက်နေသော (လျှပ်တပြက်အတွင်း ကုဋေပေါင်းများစွာ ဖြစ်ပျက်နေသောစိတ်၊ ရုပ်တို့၏ ကုဋေပေါင်းများစွာ ဖြစ်ပျက်အတိုင်း မြင်ရမည်ဖြစ်ပြီး ထိုကုဋေပေါင်းများစွာ ဖြစ်ပျက်အထဲမှ ပထမဆုံးဖြစ်ပျက်တခုကို မြင်လိုက်ရခြင်းကို သောတာပတ္တိမဂ်ဟုခေါ်သည်ဆိုလျှင် ဖြစ်နိုင်၊ မဖြစ်နိုင် စဉ်းစားစရာဖြစ်၏။)

"မျက်စိ၊ နား၊ နှာ၊ လျှာ ကိုယ်တို့သည် အမြဲ တမျိုးတဖုံ ဖြစ်လာတတ်သည်ကို ယုံကြည်သက်ဝင်သူသည် သဒ္ဓါသို့ သက်ဝင်ယုံကြည်ပြီးဖြစ်သောကြောင့် ပုထုဇဉ်တို့ဖြစ်ရာဘုံကို လွန်မြောက်ပြီး ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသုရကာယ်ဘုံသို့ မရောက်မူဘဲ သောတာပတ္တိဖိုလ်ကို မျက်မှောင် မပြုဘဲ သေခြင်းငှာ မထိုက်"

"ရဟန်းတို့ ဤတရားတို့ကို ဤသို့သိသူ၊ ဤသို့မြင်သူကို အပယ်သို့ကျခြင်း သဘောမရှိသော ကိန်းသေမြဲသော အထက်

မင်္ဂ ၃၃-ပါးသာလျှင် လားရာရှိသော သောတာပန်ဟု ဆိုအပ်၏။
(သြကန္တသံယုတ်-စက္ခုသုတ်၊ ခန္ဓဝဂ္ဂသံယုတ်) ၁၇၇။

တကြိမ်ဖြစ်ပျက်မြင်ပြီးနောက်၊ နောက်ထပ် ဆက်ကာဆက်ကာ ဖြစ်ပျက်တိုင်း အမှန်အတိုင်း (ပျောက်နေသော ဖြစ်ပျက်များမရှိတော့ဘဲ) မြင်ရမှုကို ဖိုလ် (ဝါ) သောတာပတ္တိဖိုလ်စိတ် (ဝါ) ထိုဖိုလ်စိတ်အကြိမ်ကြိမ်ဖြစ်နေသူကို သောတာပန်ပုဂ္ဂိုလ်ဟု ခေါ်ဆိုသည်ဟု ယူဆလျှင်ဖြစ်နိုင်၊ မဖြစ်နိုင် စဉ်းစားသင့်ပေသည်။ ကျွန်ုပ်တို့သည် ဂေါတြဘူဉာဏ်အထိ ပညာမဂ္ဂင်နှင့်မပြည့်သေးကြောင်း တွေ့ခဲ့ကြသည် သတိပြုမိကြပေလိမ့်မည်။ အမှန်အတိုင်း မြင်မှု မရှိသေးသောကြောင့် ပညာမဂ္ဂင် ဝါ သမ္မာဒိဋ္ဌိ၊ မှန်ကန်စွာမြင်ခြင်း၊ သမ္မာသင်္ကပ္ပ၊ မှန်ကန်စွာ တွေးဆမိခြင်းတို့နှင့် မပြည့်သေးကြောင့် စဉ်းစားကြရပေမည်။

အမှန်စင်စစ်အားဖြင့်ဥဒယဗ္ဗယမှစ၍ တရားပွားများသူသည် အဖြစ်အပျက်များကိုရှုမြင် သုံးသပ်နေသည်မှာမှန်၏။ သို့ရာတွင် ဖြစ်ပျက်တိုင်း မမြင်လိုက်မိခြင်းကြောင့် အမှန်အတိုင်းမမြင်သော ပညာမဂ္ဂင်ကို မရခြင်းဖြစ်သည်။ ပညာမဂ္ဂင်နှင့် မပြည့်စုံမှုကြောင့် ကျန်မဂ္ဂင်များနှင့် ပြည့်စုံသော်လည်း သောတာပန်ဟူ၍ မခေါ်ဝေါ် မသတ်မှတ်ခြင်းဖြစ်ပေလိမ့်မည်။ အမှန်တကယ် ဖြစ်ပျက်တိုင်းကို မလွတ်တမ်း ကြည်လင်ပြတ်သားစွာ မြင်ရမှုသည် ဘုရားဟော တရားတော်၌ သံသယကင်းခြင်း၊ အမှန်အတိုင်းမြင်ရသဖြင့် မှန်ကန်စွာမြင်သော သမ္မာဒိဋ္ဌိနှင့် ပြည့်စုံပြီး မှားသော ယုံကြည်ခြင်းမှ၊ လုံးဝကင်းစင်ခြင်းစသော ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာများ ကင်းစင်သွားပေလိမ့်မည်။

ယင်းသို့ ကြည်လင်ပြတ်သားသော အဖြစ်အပျက်မှန်ကို မြင်ရသဖြင့် ဘုရား၊ တရား၊ သံဃာ၌ လုံးဝမတုန်မလှုပ် သက်ဝင်ယုံကြည်မှုကိုလည်းဖြစ်စေနိုင်ပေလိမ့်မည်။ ဤ၌ တခြားလေ့လာစရာ တခုမှာ ဝေဒနာချုပ်သည်။ တဏှာချုပ်သည်။ သင်္ခါရချုပ်သည် စသော စကားများဖြစ်၏။ ဝေဒနာချုပ်သည်ဆိုသော စကား၏ အဓိပ္ပာယ်မှာ နောက်ထပ် ဝေဒနာမဖြစ်တော့ဟူ၍ အဓိပ္ပာယ် သက်ရောက်၏။

ယင်းသို့ အဓိပ္ပာယ်မျိုးကားမဟုတ်ချေ။ ဝေဒနာ = ခံစားမှု ဖြစ်ရာ၌ အဖြစ်အပျက်ကိုမြင်လိုက်ခြင်းကိုပင် ဝေဒနာနိရောဓော ဟုခေါ်ဆိုခြင်းဖြစ်၏။ သင်္ခါရဆိုသော ပြုပြင်စီရင်ပြောင်းလဲနေပုံကိုအမှန်အတိုင်းသိမြင်မှုသည်သင်္ခါရနိရောဓမည်လေသည်။ သင်္ခါရ၊ ဝေဒနာ၊ စသည်များ လုံးဝမဖြစ်တော့ဟူ၍ကား မဆိုလိုချေ။ ဤခန္ဓာ ရှိနေသမျှ ဝေဒနာ၊ သင်္ခါရစသော တရားများကား အမြဲရှိနေမည်ဖြစ်၏။ ယင်းတို့သည် အမြဲ အလုပ်လုပ်နေမည်ဖြစ်၏။ သာမန်ပုထုဇဉ်များအနေဖြင့် ဝေဒနာ၏ ဖြစ်ပြီးပျက်သွားပုံကိုလည်းကောင်း၊ သင်္ခါရဝိညာဏ်စသည်တို့၏ ဖြစ်ပြီးပျက်သွားပုံကိုလည်းကောင်း၊ မည်သည့်နည်းနှင့်မျှ သိရှိနိုင်မည် မဟုတ်ချေ။

ယင်းသို့မသိခြင်းကိုပင် ဝေဒနာမချုပ်သေးသမျှ၊ သညာ၊ သင်္ခါရမချုပ်သေးသမျှ နိဗ္ဗာန်သို့မရောက်နိုင်ဟု ဟောကြားခဲ့ခြင်းသာဖြစ်လေသည်။ ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရစသော တရားများသည် ခန္ဓာကိုယ်အတွင်း၌ အမှန်ရှိနေသော တရားဖြစ်၏။

ယင်းအမှန်ရှိနေသော ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ်တို့သည်လည်း အမှန်စင်စစ် ဖြစ်ပြီးပျက်နေသော တရားစုဖြစ်၏။ ပုထုဇဉ်သည် ယင်းအမှန် ဖြစ်ပျက်သည်ကိုလည်းမသိ၊ ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ် ဆိုသည်ကိုလည်း အမှန်မသိ၊ သို့ဖြစ်ရာ အပြင်မှဝင်လာသော အာရုံများ၌ လိုချင်ခြင်း၊ နှစ်သက်ခြင်း၊ စွဲလမ်းခြင်း၊ ယောကျ်ားမိန်းမ မခွဲခြား၍ သိသောစိတ်ဖြစ်ခြင်း စသည်ဖြင့် အာရုံများ ထွေပြားနေလေသည်။

အကယ်၍ တရားအားထုတ်သူသည် အမှန်အတိုင်းမြင်လာပါက ဝေဒနာ၏ အဖြစ်အပျက်တိုင်းကိုလည်း အမှန်အတိုင်းသိလာမည်။ သညာ၊ သင်္ခါရ၊ ဝိညာဏ်တို့၏ အဖြစ်အပျက်ကို အမှန်အတိုင်းသိလာမည်။ ဝေဒနာဖြစ်သည်ကိုလည်း အမှန်အတိုင်းသိလာမည်။ ဝေဒနာပျက်သွားသည်။ (ချုပ်သွားသည်) ကိုလည်း အမှန်အတိုင်းသိလာမည်။

ထိုအခါ ထိုတရားအားထုတ်သူအား အပြင်မှ ရူပါရုံစသည်တို့ ဝင်လာသော်လည်း လိုချင်မှုမဖြစ်၊ နှစ်သက်မှုမဖြစ်၊ စွဲလမ်းမှုမဖြစ်၊ မိန်းမ ယောကျ်ားဟုလည်း မခွဲခြားတော့ချေ။ ယင်းကိုပင် တဏှာချုပ်သည်၊ ဥပါဒါန်ချုပ်သည်ဟု ခေါ်ဝေါ်ခြင်းဖြစ်ပေသည်။

ဆိုလိုသည်မှာ ဝေဒနာ၏ အမှန်ဖြစ်ပျက်ကို မြင်နေသူ၌ နောက်ထပ် တဏှာဝင်ရောက်ရန်နေရာမရှိရကားယင်းကို တဏှာချုပ်သည်ဟု ခေါ်ခြင်းဖြစ်၏။ တခြား လေ့လာစရာ တခုမှာ

 နိဗ္ဗာန်သည် အကြောင်းတရားလော၊ အကျိုးတရားလောဟူ

သော အချက်ဖြစ်၏။ ကျွန်ုပ်တို့မေ့မှုကြောကို လေ့လာခဲ့ရာ၌ မဂ္ဂသစ္စာသည် အကြောင်းသစ္စာ၊ နိရောဓသစ္စာ နိဗ္ဗာန် သည် အကျိုးသစ္စာဟူ၍ လေ့လာမှတ်သားခဲ့ကြ၏။

သို့ရာတွင် ဝိထိစဉ်ဖြင့် မဂ်ဖြစ်ပုံကို လေ့လာကြသောအခါ နိဗ္ဗာန်(နိရောဓသစ္စာသည်)အကြောင်းတရားဖြစ်နေသည်ကိုတွေ့ ရှိနေရလေသည်။ ပဋ္ဌာန်းကျမ်း အာရမ္မဏပစ္စယကို ပြဆိုရာ၌လည်း (နိဗ္ဗာနံမဂ္ဂဿ) "နိဗ္ဗာန်သည် မဂ်အား အာရမ္မဏ ပစ္စည်းဖြင့် ကျေးဇူးပြုသည်" ဆိုထားပေသည်။ (နိဗ္ဗာန်သည် မဂ်ကိုအာရုံ ပြုသည်ဟုဆိုလို၍ နိဗ္ဗာန်သည် အာရုံပြုတတ်သော အကြောင်း တရား မဂ်သည်အာရုံပြုခံရသောအကျိုးတရားဟူ၍ ပဋ္ဌာန်းကဆို ထားသည်) အမှန်စင်စစ် နိဗ္ဗာန်သည် အကြောင်းအကျိုးတရား ကား မဟုတ်ချေ။

ရုပ်နာမ်တို့၏ အမှန်တကယ်အဖြစ်အပျက်ကို မြင်ခြင်းမှာ ရုပ် လည်းမဟုတ်တော့၊ နာမ်လည်းမဟုတ်တော့ဘဲ "အဖြစ်အပျက် သာ" ဖြစ်ရာ ပရမတ်အစစ်ဖြစ်နေပြီး ဖြစ်သောကြောင့် ယင်း ပရမတ်အစစ်သည်ရုပ်နာမ်မဟုတ်တော့ဘဲ အဖြစ်အပျက်သာ ဖြစ် ရကား အဖြစ်အပျက်သည် ခန္ဓာကိုယ်လည်းမဟုတ်၊ အသိစိတ် လည်းမဟုတ်တော့သဖြင့် အကြောင်းအကျိုးဟူ၍ သတ်မှတ်၍ မရတော့ချေ။

ထို့အပြင် မာတိကာကျမ်း၌ နိဗ္ဗာန်ကို မဟိဒ္ဓတရားဟူ၍သတ် မှတ်ခဲ့၏။ ရောဟိတနတ်သားအား ဟောကြားရာ၌ "ဤတလံ မျှလောက်သော ခန္ဓာကိုယ်အတွင်း၌ နိဗ္ဗာန်သည် ရှိ၏ဟု နိဗ္ဗာန် ကို အဇ္ဈတ္တတရား၌ ဟောကြားခဲ့၏။ သို့ရာတွင် နိဗ္ဗာန်သည်

အဇ္ဈတ္တတရားလည်း မဟုတ်၊ ဗဟိဒ္ဓတရားလည်း မဟုတ်ချေ။ နိဗ္ဗာန်ကို အလိုရှိသူသည် အားထုတ်စဉ်က ဤခန္ဓာကိုယ်ကို ပင် ပြန်လှန် ကြည့်ရှုနေရမည် မှန်သော်လည်း၊ နိဗ္ဗာန်ကို မြင်သောစိတ် ဆိုသည်မှာ "အမှန်အတိုင်း ဖြစ်ပျက်"ကို မြင်ခြင်းကို ခေါ်ဆိုခြင်းဖြစ်ရာ၊ အမှန်အတိုင်း ဖြစ်ပျက်သည် ရုပ်လည်း မဟုတ်၊ နာမ်လည်း မဟုတ်၊ ခန္ဓာလည်း မဟုတ်၊ အာယတန လည်း မဟုတ်၊ ဓာတ်လည်း မဟုတ်တော့သော ဖြစ်ပျက်တရား သာ ဖြစ်သောကြောင့် ယင်းကို အဇ္ဈတ္တဟူ၍ လည်းကောင်း၊ ဗဟိဒ္ဓဟူ၍လည်းကောင်း၊ ကာလ ၃-မျိုး၌ တမျိုးမျိုး ဟူ၍ လည်းကောင်း၊ တခြားတမျိုးမျိုးဟူ၍ လည်းကောင်း သတ်မှတ် ရန် မသင့်တော့ချေ။ နိဗ္ဗာန်ဆိုသည်မှာ အဇ္ဈတ္တ ဗဟိဒ္ဓအတွင်းသို့ မသက်ဝင်သော တရားစုသာ ဖြစ်၏။ အချို့နေရာ၌ ဟောထား ချက်တို့မှာ ဒေသနာစဉ် ကျစေလိုသောကြောင့်၊ နာခံသူများ လွယ်ကူစွာ နားလည်စေလိုသောကြောင့် ဟောထားခြင်းသာ ဖြစ်ပေလိမ့်မည်။ အမှန်စင်စစ်အားဖြင့် အဇ္ဈတ္တ၊ ဗဟိဒ္ဓဟူသော အမည်များ၊ အကြောင်းအကျိုးဟူသော အမည်များ၊ အယုတ် အမြတ်၊ အနီးအဝေး၊ သိမ်မွေ့ခြင်း၊ ရုန်းရင်း ကြမ်းတမ်းခြင်း ဟူသော အမည်နာမ များတို့နှင့်တကွ အခြား အမည်နာမ ဟူ သမျှတို့မှာလူနှင့်သတ္တလောကသားများက သတ်မှတ်ထားသော ပညတ်အမည်နာမများသာ ဖြစ်ရကား၊ ပရမတ်စင်စစ်ဖြစ်သော "နိဗ္ဗာန်"၌ ပညတ်၏ ခြေရာလက်ရာများကား မရှိတော့ချေ။

ပရမတ္ထ = ဟူသော စကားမှာ = ပရမ+အတ္ထ = ပရမတ္ထ ပရမ—ဥတ္တမ၊ ပဝရ၊ ဇေဋ္ဌ၊ ပမုခ၊ အနုတ္တရ၊ ဝရ၊ မုချ၊ ပဓာန၊

ပါမောက္ခ၊ ပရအဂ္ဂည၊ ဥတ္တရ၊ ပဏီတ၊ ပရမ၊ သေဃျ၊ ကာမဏီ၊ သေဋ္ဌ၊ သတ္တမ၊ ဝိသိဋ္ဌ၊ အရိယ၊ နာဂကော၊ အာသဘ၊ အဂ္ဂ၊ မောက္ခ၊ ပုင်္ဂဝ = ဟူ၍ ပရမ၏ ပရိယာယ်ပုဒ် ၂၆-ပုဒ်ပါ၏။ ပရမနှင့် ယင်းအားလုံးတို့၏ အမည်များမှာ မြတ်သည်ဟု အဓိပ္ပာယ်ရ၏။

အတ္တ = မမြင်ပျောက်ကွယ်ခြင်း၊ နေဝင်တောင်
(အနောက်အရပ်)

ဥစ္စာပစ္စည်းဟူသော အနက်ကို ဟော၏။
ပရမတ္တ = အမြင် ပျောက်ကွယ်နေသောကြောင့် မြတ်သည်ဟု ဆိုလိုရင်းရှိ၏။ကျန် အနက် အဓိပ္ပာယ်များကား ပရမတ္ထဟူသော စကားနှင့် မသက်ဆိုင်ချေ။ ပရမတ္တတရား = ရုပ်နာမ် ဓမ္မတရားတို့သည် အမှန်စင်စစ်အားဖြင့် စက္ကန့်မလပ်၊ ဗီဇနာမလပ်ပျောက်ဆုံးနေကြသည်။ ယင်းသို့ ပျောက်ဆုံး၊ ချုပ်ဆုံး၊ ပျက်ဆုံးနေမှုသည် နောက်တဖန် ဖြစ်ပေါ်လာရန် အကြောင်းမရှိ၊ ဖြစ်ပြီးနောက် ပျောက်ဆုံးသွားသောအရာဟူသမျှကို နောက်ထပ်တဖန် မြင်ရနိုင်တော့မည် မဟုတ်။ ယင်းသို့ ပျောက်ဆုံးရှုံး နေမှုကို ပျောက်ဆုံးရှုံးနေသည့်အတိုင်း မြင်ရမှုသည် အမြတ်ဆုံး နိဗ္ဗာန် တည်း၊ (ဝါ)သောတာပန်ဘည်း၊(ဝါ) ပရမတ္တတည်း။

သောတာပန်အကြောင်း အတော်အသင့် လေ့လာခဲ့ပြီး နောက်ထပ် လေ့လာစရာ ရှိသေးသည်မှာ သောတာပန်သည် လောဘ၊ ဒေါသ၊ မောဟဟူသော အကုသိုလ် တရားစုများကို မပယ်နိုင်သေးခြင်း၊ ထို့ကြောင့် အထက်မဂ်များကို ဤဘဝ၌ ဆက်လက် မရရှိနိုင်ခဲ့ပါက၊ အများဆုံး (၇) ဘဝထိ လည်နိုင်

ဦးမည်ဖြစ်ကြောင်းတို့ကို တွေ့ရ၏။ သောတာပန်သည် နိဗ္ဗာန်ကို မြင်သည် (အမှန် အဖြစ်အပျက်ကို မြင်သည်) ဖြစ်သောကြောင့် နိဗ္ဗာန်သို့ ရောက်သူ၊ နိဗ္ဗာန်ကို ရသူ မဟုတ်သေးခြင်း၊ ကာမဂုဏ်တရားတို့၌ ပျော်မွေ့နေနိုင်ခြင်း၊ မူလ ဗီဇကာမာဝစရ ပဋိသန္ဓေစိတ်ကို မဖျက်ဆီး၊ မပယ်နိုင်သေးခြင်း စသည်တို့ကြောင့် ပြန်လည်၍ ကာမာဝစရ စုတိစိတ်ကျရပေဦးမည်။ ကာမာဝစရစိတ်ဖြင့် စုတိခြင်းသည် အကြောင်းကမ္မဖြစ်ရာ၊ ကမ္မ၏ ကမ္မဖလဖြစ်သောအကျိုးပဋိသန္ဓေကို ထပ်မံရရှိပေဦးမည်။သို့ရာတွင် နောက်ဘဝတို့၌ဆက်လက်အားထုတ်လိုစိတ် ရှိနေခြင်း၊ထပ်မံ အားထုတ်ခြင်း စသည်တို့ကြောင့် အများဆုံး (၇) ဘဝသာ သံသရာလည်တော့မည်ဟု ဆိုထားလေသည်။ တခြား မှတ်သားစရာများမှာ ရဟန်းဘဝဖြင့် သောတာပန် ဖြစ်ပါက လူမထွက်လိုတော့ခြင်းနှင့် လူသောတာပန်များ အရက်သေစာ မသောက်စားတော့ခြင်းဟူ၍ ဖြစ်လေသည်။

သကဒါဂါမိ = သကိံ+အာဂါမိ-သကိံ-တကြိမ်၊ အာဂါမိ-ပဋိသန္ဓေရသူ-ဤကာမဘုံ၌ဝါကြိမ်သာ ပဋိသန္ဓေနေရတော့မည့်သူ။

(၁) ဤကာမဘုံ၌ သကဒါဂါမ်ဖြစ်ပြီး နောက်ဘဝသည် ဤကာမဘုံ၌ ပြန်လည် ပဋိသန္ဓေယူပြီး ရဟန္တာ ဖြစ်သွားသူ။

(၂) နတ်ပြည်၌ သကဒါဂါမ်ဖြစ်ပြီး ထိုနတ်ပြည်၌ပင် ပြန်လည် ပဋိသန္ဓေယူပြီး ရဟန္တာ ဖြစ်သွားသူ။

(၃) လူ့ပြည်၌ သကဒါဂါမ်ဖြစ်ပြီး၊ နတ်ပြည်၌ ပဋိသန္ဓေယူပြီး၊ ရဟန္တာ ဖြစ်သွားသူ။

(၄) နတ်ပြည်၌ သကဒါဂါမိဖြစ်ပြီး လူ့ပြည်၌ ပဋိသန္ဓေ တဖန်ယူပြီး၊ ရဟန္တာ ဖြစ်သွားသူ။

(၅) ဤလူ့ပြည်၌ သကဒါဂါမိအဖြစ်သို့ ရောက်၍ ထိုနတ်ပြည်၌ဖြစ်၍ ဤလူ့ပြည်၌ ပရိနိဗ္ဗာန် ပြုသူဟူ၍ ငါး မျိုးရှိ၏။

သကဒါဂါမိ ပုဂ္ဂိုလ်သည် လောဘ၊ ဒေါသ၊ မောဟ၊ တရား များကို နည်းပါးအောင်သာ ပြုနိုင်သေးသည်။ မည်သည့် ကိ လေသာ တရားများကိုမျှ မပယ်နိုင်သေးချေ။ သကဒါဂါမိ ဆို သည်မှာ သောတာပန် ဖြစ်ပြီးနောက် ဆက်လက် တရားအား ထုတ်နေသူသည် အဖြစ်အပျက်များကို အမြဲ မြင်တွေ့နေခြင်း၊ စိတ်သည် ပိုမို၍ အားကောင်းလာခြင်း၊ ကိလေသာ ကာမဂုဏ် တရားများ အားနည်းလာခြင်း၊ တရားဓမ္မ၌ ပိုမို စိတ်သန့်လာ ခြင်း၊ စသည်များ ဖြစ်နေခြင်းကို ခေါ်ဝေါ်ခြင်း ဖြစ်၏။ သော တာပန်နှင့် များစွာ ခြားနားခြင်း မရှိသေးချေ။ သို့ရာတွင် စိတ် သည် ပိုမို နူးညံ့လာနေပြီး ဖြစ်ရကား ကာမဂုဏ် တရားများ၌ ယခင့်ယခင်ကလောက် အားမရှိတော့ဘဲ ပိုမို၍စိတ်ဓာတ် ကြည် လင်လာသည်ကို သကဒါဂါမိဟု ခေါ်ဝေါ်ခြင်း ဖြစ်၏။

အနာဂါမိဆိုသည်မှာ—

အနာဂါမိ = န + အာဂါမိ

န = မရောက်၊ မလာ၊ မဖြစ်၊ မရှိ၊ မဟုတ် = မ

အာဂါမိ = လာ၊ ရောက်၊ ဖြစ်၊ ရှိ၊ ဟုတ်

အနာဂါမိ = ရောက်သည်မဟုတ်ဝါ – မလာရောက်၊ မရှိ၊ မဖြစ်၊

အနာဂါမိပုဂ္ဂိုလ်သည် ဤ ကာမဘုံသို့လုံးဝ မလာတော့ချေ။

ကာမဂုဏ်တရား၌ တပ်ခြင်း မရှိ၊ တဏှာ လောဘ မရှိ၊ ဒေါသလည်းမထွက်တော့ပြီ၊ အနာဂါမိပုဂ္ဂိုလ်သည်။ လောဘနှင့် ဒေါသကိုပယ်ပြီးဟူလို-

သကဒါဂါမိ ပုဂ္ဂိုလ်နှင့် အနာဂါမိ ပုဂ္ဂိုလ် ဆိုသည်မှာ သောတာပန်ဖြစ်ပြီးသော ပုဂ္ဂိုလ်သည် တရားဆက်လက် အားထုတ်လာသောအခါ စိတ်များ ပိုမိုကြည်လင်လာခြင်း၊ ပိုမို၍ အဖြစ်အပျက်တရား၌ ထင်မြင်လာလွယ်ခြင်းများ ဖြစ်လာပြီး တဘက်မှ ဗုဒ္ဓ တရားတော်၌ သက်ဝင်ယုံကြည်မှု ပိုမိုအားကောင်းလာခြင်းနှင့် တခြားတဘက်မှ အကုသိုလ်တရားတို့၌ ပိုမို အားနည်းခြင်းများ တဖြည်းဖြည်း အားကောင်းလာခြင်းတို့ကို ခေါ်ဝေါ်ခြင်းမျိုးဖြစ်၏။ ဆိုလိုသည်မှာ သောတာပန် ဖြစ်ပြီးသောသူ၏ ဆက်လက် အားထုတ်မှုသည် နိဗ္ဗာန်ကိုရရှိရန် ပိုမိုနီးကပ်လာပြီးဖြစ်ရကား သံသရာ၌ ကျင်လည်တတ်သော တရားများ တဖြည်းဖြည်း ဝေးကွာ သွားခြင်းသဘော ရှိလာခြင်း ကိုပင် သကဒါဂါမိ၊ အနာဂါမိဟု ခေါ်ဝေါ်ခြင်းမျိုး ဖြစ်လေသည်။

# (၄) ရဟန္တာ

ရ ဟ န္တာ။ ။ အနာဂါမ်ဟူသော လောဘနှင့် ဒေါသ ကိုပယ်ပြီး နောက် ဆက်လက်အားထုတ်နေသူသည် တချိန်ချိန်၌ လောဘ၊ ဒေါသ၊ မောဟတရားများ လုံးဝကင်းစင် သွားတော့ သည်။ အဖြစ်အပျက်တရားသဘောကို မည်သည့်အချိန်၌ သုံး သပ်စေကာမူ၊ အချိန်မရွေး၊ ကာလမရွေး၊ မည်သည့်အခါမှ လောဘဘက်သို့ စိတ်မရောက်၊ ဒေါသဘက်သို့ စိတ်မရောက်၊ မောဟဘက်သို့ စိတ်မရောက်တော့ဘဲ၊ စိတ်သည် အဖြစ်အပျက် တရားများ၌သာအမြဲကြည်လင်နေသောသူသည် ရဟန္တာမည်၏။ ရဟန္တာ၏စိတ်သည်လောဘ၊ဒေါသ၊မောဟကင်းနေရကား(ဝါ) အဖြစ်အပျက်ကိုသာ အမြဲမြင်နေရကား ထိုသူတို့၏ စိတ်သည် လိုချင်မှု ၊ မလိုချင်မှု၊ နှစ်သက်မှု၊ စွဲလမ်းမှု စသော သံသရာကို လည်စေတတ်သော စိတ်များနှင့် မပတ်သက် တော့ချေ။

ယင်းသို့ မပတ်သက်ခြင်းကိုပင်၊ လောဘ၊ ဒေါသ၊ မောဟ၊ အဝိဇ္ဇာ၊တဏှာ၊ မာန၊ ဒိဋ္ဌိ စသည်တို့ကို ပယ်ပြီးပြီဟု ကျွန်ုပ်တို့က ခေါ်ဝေါ်ခြင်းဖြစ်၏။ မလိုချင်ခြင်းသည် မရရှိခြင်းကို ဖြစ်စေ

၏။ မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ်တို့မှ ဝင်လာသမျှကို အဖြစ်အပျက်ချည်း မြင်နေသူ၌ လိုချင်မှု မလိုချင်မှု၊ ဒေါသဖြစ်မှု၊ စွဲလမ်းမှု များ မည်သည့်အခါမျှ ဝင်လာလိမ့်မည်မဟုတ်ချေ။ လိုချင်မှုသည် ရရှိခြင်းအကျိုးကို ဖြစ်စေရကား-အဖြစ်အပျက်ကိုချည်း မြင်နေသူ-ဝါ- လောဘ၊ ဒေါသ မောဟများနှင့်တကွ ကိလေသာ (၁၀) ပါးလုံးမဖြစ်သူ၊ ဝါ အမှန်တရား၌ စိတ်သည် အမြဲကိန်းဝပ်နေသူ၌ အဘယ်သို့လျှင် သံသရာလည်တော့အံ့နည်း။

ထိုပုဂ္ဂိုလ်၏ စိတ်အစဉ်သည် အဖြစ်အပျက်ကို အမြဲမြင်နေ ဝါ- နိရောဓကို အမြဲအာရုံပြုနေရကား ယင်းသည် နိဗ္ဗာန်ကို ရနေခြင်းဖြစ်သတည်း။ ဤ၌-

(၁) နိဗ္ဗာန်ကိုမြင်ခြင်း

(၂) နိဗ္ဗာန်ကိုရခြင်း

(၃) နိဗ္ဗာန်သို့ရောက်ခြင်း-ဟူ၍ -၃-မျိုးရှိ၏။ နိဗ္ဗာန်ကိုမြင်ခြင်းဆိုသည်မှာ သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်ပုဂ္ဂိုလ်များဖြစ်၍ နိဗ္ဗာန်ကိုရခြင်းမှာ ရဟန္တာဖြစ်ပြီး အဖြစ်အပျက်ကို အမြဲမြင်နေပြီး၊ နိရောဓဖြစ်နေပြီး သူသည်လက်ရှိရထားသော ခန္ဓာကိုယ်ကို မစွန့်မီအတွင်း(ပရိနိဗ္ဗာန်မပြုမီအတွင်း)၌နိဗ္ဗာန်ကို ရနေသူမည်၏၊ ထိုရဟန္တာပုဂ္ဂိုလ်သည် လက်ရှိ ခန္ဓာကိုယ်ကို စွန့်ပြီးနောက် (ပရိနိဗ္ဗာန်ပြုပြီးနောက်) နောက်ထပ် ပဋိသန္ဓေ ထပ်မံ၍မဖြစ်မှုသည် နိဗ္ဗာန်သို့ ရောက်သည်မည်၏။

"ရဟန်းတို့ နိဗ္ဗာန်တို့သည် ဤနှစ်မျိုးတို့ဘည်း အဘယ် နှစ်မျိုးတို့နည်းဟူမူ ခန္ဓာငါးပါး အကြွင်းအကျန်ရှိသော သဉပါဒိ

သေသနိဗ္ဗာန်ဓါတ် ဟူ၍တမျိုး၊ ခန္ဓာငါးပါး အကြွင်းမရှိသော အနုပါဒိသေသနိဗ္ဗာနဓါတ်ဟူ၍တမျိုး ဖြစ်၏။ ရဟန်းတို့ -ခန္ဓာငါးပါးအကြွင်းမရှိသော နိဗ္ဗာနဓါတ်ဟူသည် အဘယ်နည်း၊ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် ပူဇော်အထူးကို ခံထိုက်သူ၊ အာသဝေါကုန်ခမ်းသူ၊ အကျင့်မြတ်ကို ကျင့်ပြီးသူ၊ ပြုအပ်ပြီးသော မင်္ဂကိစ္စရှိသူ၊ ခန္ဓာဝန်ကိုချပြီးသူ၊ မိမိအကျိုး အရဟတ္တဖိုလ်သို့ ရောက်ပြီးသူ ဘဝသံယောဇဉ် ကုန်ခမ်းပြီးသူ ကောင်းစွာသိ၍ ကိလေသာမှ လွှန်မြောက်ပြီးသူ ဖြစ်၏။ ထိုရဟန္တာပုဂ္ဂိုလ်အား (နောက်ဆုံးဘဝ၏ အကြောင်းကံ မကုန်သေးသမျှ) ဣန္ဒြေငါးပါးတို့သည် တည်ရှိ ကုန်သည်သာလျှင်တည်း။ ထိုရဟန္တာပုဂ္ဂိုလ်သည် ယင်း ဣန္ဒြေ ၅-ပါးတို့၏ မချုပ်ကုန်သောကြောင့်ပင် နှစ်သက်ဖွယ် မနှစ်သက်ဖွယ် အာရုံကို ခံစား၏။ ချမ်းသာဆင်းရဲကို ခံစား၏။ ထိုရဟန္တာပုဂ္ဂိုလ်အား အကြင်ရာဂကုန်ခမ်းမှု၊ ဒေါသကုန်ခမ်းမှု၊ မောဟကုန်ခမ်းသည် ရှိ၏။ ဤရာဂဒေါသ၊ မောဟ၊ ကုန်ခမ်းမှုကိုပင် ခန္ဓာငါးပါး အကြွင်းရှိသော သဉပါဒိသေသနိဗ္ဗာနဓါတ်ဟု ဆိုအပ်၏။

"ရဟန်းတို့ ခန္ဓာငါးပါးအကြွင်းမရှိသော အနုသာဒိသေသနိဗ္ဗာနဓါတ်ဟူသည် အဘယ်နည်း -ရဟန်းတို့ ဤ သာသနာတော်၌ ရဟန်းသည် ပူဇော်အထူးကို ခံလိုက်သူ၊ အာသဝေါကုန်ခမ်းသူ (ပ) ကောင်းစွာသိ၍ ကိလေသာမှ လွတ်မြောက်ပြီးသူဖြစ်၏။ ဤအတ္တဘော၌ပင် ရဟန္တာပုဂ္ဂိုလ်အား ခံစားမှုဝေဒနာအားလုံးတို့သည် ရာဂစသည်တို့ဖြင့် မနှစ်သက်မှု၍တဖန် မဖြစ်သောအားဖြင့် ငြိမ်းအေးကုန်လတ္တံ့၊ ရဟန်းတို့ ဤခံစားမှု

ဟူသမျှတို့၏ တဖန်မဖြစ်သောအားဖြင့် ချုပ်ငြိမ်းမှုကိုပင် ခန္ဓာ အကြွင်းမရှိသော အနုပါဒိသေသနိဗ္ဗာနဓါတ်ဟု ဆိုအပ်၏။

(နိဗ္ဗာနဓါတုသုတ်၊ ဒုတိယဝဂ်၊ ဣတိဝုတ်)

ဆိုလိုရင်းမှာ နိဗ္ဗာန်ရသူ(သဉပါဒိသေသနိဗ္ဗာန်)သည်မျက်စိ နား၊ နှာ၊ လျှာ၊ ကိုယ်စိတ်ဟူသော ဣန္ဒြေ ၅မျိုး ရှိနေရကား ချမ်းသာ၊ ဆင်းရဲကို ခံစားရဦးမည် ဖြစ်၏။ (သို့ရာတွင် တဏှာ၊ လောဘစသည်များ မဖြစ်တော့ဟုဆိုလို၏။) ထိုသူသည်ရဟန္တာ ပုဂ္ဂိုလ် ဖြစ်နေရကား မဂ်ကိုစွဲ၍ ကျင့်ပြီးသူ ဖြစ်သောကြောင့် ရရှိထားသော ဝိပါက ဝဋ္ဋတုံးကြီး (ခန္ဓာကိုယ်)၏ ကမ္မဖလ အလျှောက် အသက် ရှည်နေဦးမည် ဖြစ်၏။ နိရောဓကို ရပြီးသူသည် (နိဗ္ဗာန်ရပြီးသူသည်)နိရောဓကို ရပြီးသည့် အချိန်မှစ၍ ခန္ဓာဝန်ကိုချသည့် (သေသည့် ပရိနိဗ္ဗာန်ပြုသည့်)အချိန်အတွင်းထိ ခန္ဓာရှိသေးသော ဝါ၊ နိရောဓကို မြင်ပြီးသော ဝါ၊ နိဗ္ဗာန်ကို ရပြီးသောသူဟုသတ်မှတ်လေသည်။ ရဟန္တာပုဂ္ဂိုလ်ပရိနိဗ္ဗာန်ပြုပြီးနောက်၊ နောက်ထပ် ပဋိသန္ဓေ မယူတော့ခြင်းကို အနုပါဒိသေသ နိဗ္ဗာန်ဟု ခေါ်သည်။ ယင်းသို့ နောက်ထပ် ပဋိသန္ဓေ မယူတော့ခြင်းကို ဝါ၊ မလိုချင်သောကြောင့် နောက်ထပ် မဖြစ်ခြင်းကို ဝါ၊ အဖြစ်အပျက်သာ ထိုရဟန္တာပုဂ္ဂိုလ်၏ စိတ်၌ အမြဲကိန်းနေသဖြင့် လိုချင်မှု၊ နှစ်သက်မှု၊ မရမက စွဲလန်းမှု ရအောင် ကြိုးစားမှုများ ထိုရဟန္တာပုဂ္ဂိုလ်၏ စိတ်၌ မဖြစ်ပေါ်မှုကြောင့် နောက်ထပ်တဖန် ပဋိသန္ဓေယူမှု မဖြစ်တော့ခြင်းကို နိဗ္ဗာန်သို့ဝင်စံသည်။ နိဗ္ဗာန်ရွှေပြည်သို့ကြွသွားသည်။ စသည်ဖြင့် တင်စားအမွှန်းတင်၍ ခေါ်ဆိုကြခြင်း ဖြစ်လေသည်။

သန္တိသုခ (အလွန်အေးချမ်းသည့် နေရာ)
ဒုက္ခက္ခယ (ဒုက္ခ၏ ကုန်ရာ)
အဗျာပဇ္ဈ (ကြောင့်ကြကင်းရာ)စသည်ဖြင့် နိဗ္ဗာန်နှင့် ပတ်သက်၍ ပါဠိစာပေ၌ အမည်နာမ်းတင်ထားကြောင်း တွေ့ရ၏။
ရဟန်းတပါးက ဤသို့မေး၏။

ရဟန်း။ ။အရှင်ဘုရား ခေတ်ကြီးလေးပါးသည်အာကာသအရပ်၌ ချုပ်သနည်း။

ဗုဒ္ဓ။ ။ရဟန်း ဤသို့ မမေးသင့်။ အာကာသအရပ်၌ ခေတ်လေးပါးတို့ မတည်ပါသနည်း။ အာကာသအရပ်၌ အတိုအရှည်၊ အကောင်းအဆိုး၊ အကြီးအငယ်တို့ မရှိပါသနည်း။ အာကာသအရပ်၌ နာမ်ရုပ်တို့ ချုပ်ပါသနည်း၊ ဤသို့သာ မေးသင့်၏။

ရဟန်း။ ။မျက်စိဖြင့် မမြင်ရသော ဥပါဒ်၊ ဌီ၊ ဘင်၊ အပိုင်းအခြား မရှိသော ထက်ဝန်းကျင် ဆိပ်ကမ်းရှိသော ဉာဏ်အထူးဖြင့်သာ သိအပ်သော နိဗ္ဗာန်သည် ရှိ၏။ ယင်း နိဗ္ဗာန်၌ ခေတ်လေးပါး မရှိကုန်။ အရှည်အတို၊ အကြီးအငယ်၊ အဆိုးအကောင်း မရှိ၊ နိဗ္ဗာန်၌ နာမ်နှင့် ရုပ်တို့သည် အကြွင်းမဲ့ ချုပ်ကုန်၏။

(သီလက္ခန္ဓဝဂ်)

"ဗာဟိယ-တွေ့ရာ၊ မြင်ရာ၊ ကြားရာ စသည်တို့၌ မြင်ကာမျှ တွေ့ကာမျှ၊ ကြားကာမျှဟူ၍ ကျင့်အပ်၏။ ယင်းသို့ ကျင့်သဖြင့် ရာဂ၊ လောဘ၊ တဏှာ"များ ဖြစ်လိမ့်မည် မဟုတ်ချေ။

ထိုအခါ၌ သင်သည် ဤဘဝ၊ ထိုဘဝ၊ နှစ်ပါးစုံဘဝ၌ မည်လိမ့် မဟုတ်တော့။ ယင်းသည် ဆင်းရဲ၏ အဆုံးပေတည်း။

(ဗာဟိယသုတ်ဥဒါန်း)

ပုထုဇ္ဇန်ကား တပ်မက်မှု၊ အလွန်နှစ်သက်မှု၊ အထူးထူးအပြားပြား အာရုံတို့၌ အခါခပ်သိမ်း မွေ့လျော်နေသော များစွာသော ကိလေသာ၊ မသိခြင်းလျှင် အရင်းအမြစ်ရှိသော ဇာတ်ကြာဟူသော ဤတရားအားလုံးကို အမြစ်နှင့်တကွ-ငါ ဖျက်ဆီးအပ်ပြီ။

(သဂါထာဝဂ္ဂသံယုတ်၊ ကဋ္ဌာဟာရသုတ်)

"ခန္ဓာငါးပါးတို့၏ အဖြစ်အပျက်ကို မရှုမြင်ဘဲ၊ အနှစ်တရာ ပတ်လုံး အသက်ရှည်ရခြင်းထက် ခန္ဓာငါးပါးတို့၏ အဖြစ်အပျက် ကို မပြတ် ရှုမြင်သော ပုဂ္ဂိုလ်၏ တရက်မျှ အသက်ရှည်ရခြင်း သည် မြတ်၏။"

"သေခြင်းကင်းသော နိဗ္ဗာန်ကို မမြင်ဘဲ အနှစ်တရာပတ်လုံး အသက်ရှည်ခြင်းထက် သေခြင်းကင်းသော နိဗ္ဗာန်ကို မြင်သော ပုဂ္ဂိုလ်၏ တရက်မျှ အသက်ရှည်ရခြင်းသည် မြတ်၏။

(ဓမ္မပဒ၊ပါဠိပဝဂ် ၁၂၊၁၃)

"ထိုရဟန်းသည်အထင်မမှားသည်ဖြစ်၍ လောက၌ အဘယ် အရာကိုမျှ မစွဲလမ်း၊ မစွဲလမ်းသော် မတောင့်တ၊ မတောင့်တ သော် မျက်မှောက်ဘဝ၌ပင် ငြိမ်းအေး၏။ ပဋိသန္ဓေနေမှု ကုန် ပြီ၊ မြတ်သောအကျင့်ကို ကျင့်သုံးပြီးပြီ၊ မဂ်ကိစ္စကို ပြုပြီးပြီ။ ဤမဂ်ကိစ္စအလို့ငှာ တပါးသော ပြုဘွယ်မရှိတော့ပြီ" ဟု ပိုင်း

ခြား၍သိ၏။ ရဟန်းတို့ အထင်မှားမှုအားလုံးကို ပယ်ခွာရန် သင့်လျော်သောအကျင့်ဟူသည် ဤသည်ပင်တည်း။

(သဗ္ဗဝဂ်၊သဋ္ဌာယတနသံယုတ်)၊

"အဖန်ဖန် ပဋိသန္ဓေနေရခြင်းသည် ဆင်းရဲလှသောကြောင့် ခန္ဓာအိမ်ကို တည်ဆောက်တတ်သူ တဏှာလက်သမားကို ရှာသောငါသည် ထိုတဏှာလက်သမားကို မြင်နိုင်သောဉာဏ် မရသေးသဖြင့် ဘဝများစွာ ကျင်လည်ခဲ့ရလေပြီ၊

"ခန္ဓာအိမ်ကို တည်ဆောက်တတ်သော၊ ဟယ် တဏှာလက်သမား၊ ငါသည် သင့်ကို မျက်စိဖြင့် ယခုမြင်ရပေပြီ။ သင်သည် ခန္ဓာအိမ်ကို နောက်တဖန် တည်ဆောက် ရတော့မည်မဟုတ်၊ သင်၏ ကိလေသာတည်းဟူသော အခြင်းရနယ် အားလုံးတို့ကို ငါချိုးဖျက်အပ်ပြီ၊ အဝိဇ္ဇာတည်းဟူသော အိမ်အထွဋ်ကို ဖျက်ဆီးအပ်ပြီ။ ငါ၏စိတ်သည် ပြုပြင်ခြင်းကင်းရာနိဗ္ဗာန်သို့ ရောက်ပြီ၊ တဏှာ ကုန်ရာကုန်ကြောင်း အရဟတ္တဖိုလ်ကိုရပြီ။

(အနေကဇာတိ သံသာရံဂါထာ ဓမ္မပဒ ၁၅၃)။

တခါသော် တခုသောသစ်ပင်ရင်း၌ ထိုင်နေသော သောမာဘိက္ခုနီမ အနီးသို့ မာရ်နတ်သည် ရောက်လာ၍ အောက်ပါ စကားကို ပြောဆို၏။

မာရ်နတ်။ ။ရောက်နိုင်ခဲ့သော အရဟတ္တဖိုလ်သို့ သူတော်ကောင်းတို့သည် ရောက်အပ်၏။ သင်သည် မိန်းမ၏ လက်နှစ်သစ်မျှသော ပညာဖြင့် အရဟတ္တဖိုလ်သို့ရောက်ခြင်းငှာ တတ်နိုင်လိမ့်မည်မဟုတ်။

သောမာထေရီ။ ။ကောင်းစွာ တည်ကြည်သော စိတ်၌ ဖလသမာပတ် ဉာဏ် ဖြစ်သည်ရှိသော်တရားကို ကောင်းစွာမြင်သောသူအား မိန်းမအဖြစ်သည် အဘယ်ပြုအံ့နည်း။

အကြင်သူအားငါကားမိန်းမဟူ၍လည်းကောင်း ယောကျ်ားဟူ၍ လည်းကောင်း၊ တခြား တစုံ တခုဖြစ်၏ဟူ၍လည်းကောင်း (တဏှာမာနဒိဋ္ဌိ) တို့ဖြင့် ဤသို့ဖြစ်ရာ၏။ ထိုသူကိုသာလျှင် မာရ်နတ်သည် ဆိုခြင်းငှာထိုက်၏။ (သောမာသုတ် ဘိသံယုတ်) တခါသော် ဝဇီရာဘိက္ခုနီမသည် အန္ဓဝနတော သစ်ပင်ရင်း တခုအနီး၌ ထိုင်လျက် တရားဘာဝနာ ပွားများနေ၏။ မာရ်နတ်သည် ရောက်လာ၍ ဤစကားကိုဆို၏။

မာရ်နတ်။ ။အရှင်မ အဘယ်သူသည် သတ္တဝါကို ဖြစ်စေသနည်း၊ သတ္တဝါကို ပြုတတ်သောသူကား အဘယ်သူနည်း။ အဘယ်ကြောင့် သတ္တဝါဖြစ်ပေါ်လာရသနည်း။ အဘယ့်ကြောင့် သတ္တဝါ ချုပ်သနည်း။

ဝဇီရာ။ ။မာရ်နတ် သင်သည် အဘယ်ကို သတ္တဝါဟု ယုံကြည်ဘိသနည်း၊ သင့်အား မကောင်းသော အမြင်သည် အစဉ်လိုက်၏။ ဤသတ္တဝါဟူသည် သင်္ခါရအစု သက်သက်သာတည်း၊ ဤသင်္ခါရ အစု၌ သဘောအားဖြင့် သတ္တဝါဟူသည်ကို မရ

အပ်။ အစိတ်အပိုင်း အဆောက်အဦ ရှိသော
ကြောင့် ရထားဟူ၍ ခေါ်ဝေါ်သကဲ့သို့၊ ထို့
အတူ ခန္ဓာငါးပါးတို့ ထင်ရှားရှိကုန်လတ်သော
သတ္တဝါဟူ၍ သမုတ်ခြင်းဖြစ်၏။

('ဝဇိရာသုတ်၊ ဘိက္ခုနီသံယုတ်၊ သဂါထာဝဂ္ဂ)

ဤ၌နိဗ္ဗာန်နှင့် ပတ်သက်၍ ကျွန်ုပ်တို့ လေ့လာခဲ့သမျှကို အကျဉ်းချုပ်လိုက်ပါက အောက်ပါအချက်များကို တွေ့ရမည် ဖြစ်၏။

(၁) နိဗ္ဗာန်ကိုမြင်သည်၊ နိဗ္ဗာန်ကိုရသည်၊ နိဗ္ဗာန်သို့ ရောက်သည်။

(၂) နိဗ္ဗာန်ဆိုသည်မှာ ရုပ်၊ နာမ်တရားတို့၏ အမှန် တကယ်အဖြစ်အပျက်ကိုမြင်ရတွေ့ရသည်ကို ခေါ်ဆို ခြင်းဖြစ်သည်။

(၃) နိဗ္ဗာန်သည် အကြောင်းအကျိုး တရားမျိုး မဟုတ်။

(၄) သံသရာဆိုသည်မှာ လိုလားနှစ်သက်၍ ရရှိထားခြင်း ဖြစ်သည်။ နိဗ္ဗာန်ဆိုသည်မှာ မလိုလား၊ မနှစ်သက် ခြင်းကြောင့် နောက်ထပ် ပဋိသန္ဓေ မယူသည်ကို ခေါ်သည်။

(၅) နိဗ္ဗာန်ဆိုသည်မှာ ရွာ၊ မြို့၊ တိုင်းပြည်မဟုတ်။

(၆) မဂ္ဂင် (၈)ပါးဆိုသည်မှာ ကမ္မဋ္ဌာန်းအားထုတ်သူ၏ "အလုပ်တရား"ကို သတ်မှတ် ခေါ်ဝေါ်ခြင်းဖြစ် သည်။

(၇) ပရမတ္ထ-ဆိုသောစကား၏ အဓိပ္ပာယ်။

(၈) နိဗ္ဗာန်နှင့်ပတ်သက်သော စကားလုံးများ
(၉) သောတာပန်အမျိုးအစား
(၁၀) သကဒါဂါမ်၊ အနာဂါမ်တို့သဘာဝ။

“နောက်ဆက်တွဲ”

# မဟာယာနနိဗ္ဗာန်

(အမှာ)။ ။မဟာယာနနှင့်ပတ်သက်၍ လေ့လာရန်မှာ များစွာ ခဲယဉ်းပါသည်။ ဗုဒ္ဓ ပရိနိဗ္ဗာန် ပြုပြီးနောက် အိန္ဒိယ၌ ဗုဒ္ဓဝါဒီရဟန်းတော်များ ဂိုဏ်းအသီးသီး ကွဲကြပါသည်။ ထိုသို့ ဂိုဏ်းအသီးသီးကွဲလာသောဗုဒ္ဓဝါဒီ ရဟန်းတော်များသည် နှစ်ပေါင်း ၃၀၀ ခန့်မျှ အိန္ဒိယ၌ အင်အားပြိုင်လာပြီးနောက် ကမ္ဘာ့နိုင်ငံများသို့ ပျံ့နှံ့သွားကြပါသည်။ အိန္ဒိယ၌ ဂိုဏ်းကွဲစဉ်ကပင် ထေရဝါဒဂိုဏ်းမှာ ကွဲပြီးရင်း ကွဲရင်း၊ ကွဲလာရ အင်အား အလွန်နဲပါးသွားဟန်ရှိပါသည်။ ထိုထိုဂိုဏ်းကွဲရဟန်းတော်များ ကမ္ဘာအနှံ့သို့ ပျံ့နှံ့သွားကြရာ၌ ထေရဝါဒ ရဟန်းတော်များမှာ သီဟိုဠ်ကျွန်း၌ အခြေတည်သွားပါသည်။ မဟာယာနဂိုဏ်းမှာ တိဘက်နှင့်တရုပ်၊ ဂျပန်တို့၌ အခြေတည်လာခဲ့ပါသည်။ ထိုမှတဆင့် ထေရဝါဒဂိုဏ်းမှာ ထိုင်း၊

ကမ္ဘောဒီးယား၊ လော၊ မြန်မာစသော နိုင်ငံငယ်များသို့ ပျံ့နှံ့ခဲ့သလို၊ မဟာယာနဂိုဏ်းမှာလည်း တရုပ်၊ ဂျပန်၊ တိဘက်တို့မှ ဗီယက်နမ်၊ အင်ဒိုနီးရှား၊ ကိုးရီးယား၊ မွန်ဂို၊ ဆိုဗီယက်စသော နိုင်ငံများသို့ ပျံ့နှံ့သွားခဲ့ပါသည်။ မြန်မာပြည်သည် ထေရဝါဒဗုဒ္ဓဘာသာ ထွန်းကားသော နိုင်ငံဖြစ်၍ မဟာယာန ဗုဒ္ဓဝါဒီများတို့၏ ပိဋကတ်များ မရှိပါ၊ ရဟန်းသံဃာများလည်း သင်ကြားခြင်းမပြု၊ ထို့ကြောင့် မဟာယာနနှင့်ပတ်သက်၍ ရေးသားလိုလျှင် ထိုထိုပညာရှင်များ ပြုစုကြသော စာပေများကို ရှာဖွေ၍သာ ပြုစုကြရပါသည်။

# နိဗ္ဗာန်

မဟာယာန၌ နိဗ္ဗာန်ကို မိမိတကိုယ်တည်း မသွားလိုဘဲ။ အများသတ္တဝါကိုပါ ကယ်တင်ရန်ဟူသော ရည်ရွယ်ချက်သည် ထူးခြားသော ရည်ရွယ်ချက်ဖြစ်၏။ ထို့ကြောင့် ရဟန်းဘိက္ခု နှင့်ရဟန်းမဘိက္ခုနီများသည် နိဗ္ဗာန်ကိုရရှိနိုင်ရန် ပထမဆုံးသော ရည်ရွယ်ချက်မှာ ဘုရားအဖြစ်သို့ ရောက်ရှိရေးအကျင့်ဖြစ်၏။ ဗုဒ္ဓသည်မိမိတဦးတည်း သံသရာဝဲဩဃဲထွက်မြောက်ပြီးဘုရားအဖြစ် ကိုရနိုင်ပါလျက် အများ သတ္တဝါ တို့ကို ငဲ့ကွက် သောကြောင့် နိဗ္ဗာန်သို့ မကူးသေးဘဲ ကမ္ဘာပေါင်းများစွာ ဘုရားအဖြစ်ကို ရရှိနိုင်ရန် ကျင့်ကြံ ကြိုးစား အား ထုတ် ခဲ့၏။ ထို့ ကြောင့် နိဗ္ဗာန်သို့ ရောက်ရေးနှင့် အများသတ္တဝါတို့ကို ကယ်တင်ရေး ဟူသော ဦးဘည်ချက်နှစ်မျိုးဖြင့် ကျင့်ကြံရမည်ဟု မဟာယာန ဗုဒ္ဓဝါဒက အခိုင်အမာ တည်ဆောက်ထားလေသည်။ မှန်၏။ သတ္တလောကသားများသည် သံသရာ ဝဲဩဃအတွင်း၌ ဒုက္ခ ပေါင်းများစွာတို့ဖြင့်နစ်မွန်းနေကြ၏။ ထိုထို သတ္တလောကသား

များအတွက် အေးချမ်းရာအမှန်ကား နိဗ္ဗာန်ပေတည်း။ ယင်း အေးချမ်းရာ နိဗ္ဗာန်သို့ သိကြသော ဗုဒ္ဓဝါဒီများက တွဲခေါ်ရန် တာဝန်ရှိ၏။ ဗုဒ္ဓဘုရားမဖြစ်မီ နှစ်ဥကာလက နိဗ္ဗာန်ကိုယူက ရနိုင်ခဲ့သည်မှာ ထင်ရှား၏၊ သို့ရာတွင် မိမိတဦးတည်း နိဗ္ဗာန်ကို ယူသဖြင့် အဘယ် အကျိုးရှိအံ့နည်း။ အများ သတ္တဝါကိုပါ နိဗ္ဗာန်သို့တပါတည်း ခေါ်ဆောင်ယူရမည် မဟုတ်လော.... ဤအယူအဆကိုအခြေခံ၍၊မဟာယာန ဗုဒ္ဓဝါဒီများသည် တချိန် သောကာလ၌ ဗုဒ္ဓအဖြစ်ကို ခံယူနိုင်ရန် ကျင့်ကြံကြိုးစားကြရ၏။ "တထာဂတ၏ ကြီးကျယ် မြင့်မြက်ခြင်းကို ကြားသိရ၍ အပြည့် အစုံနှစ်သိမ့်ကြေနပ်ခြင်းသည် ဒုက္ခကုန်ရာ နိဗ္ဗာန်သို့ သွားလမ်း ကိုတွေ့ရှိနိုင်သော လမ်းစဖြစ်၏၊" ဟုဆိုထားသည်။ အစပထမ၌ နိဗ္ဗာန်သို့ သွားလိုသူသည် တထာဂတ၌ ယုံကြည်သက်ဝင်မှု လုံးဝ ရှိနေရမည်ဖြစ်၏။ ယင်းသို့ ယုံကြည် သက်ဝင်မှုသည် နိဗ္ဗာန်သို့ရောက်နိုင်သော လမ်းစ၏ အခြေခံဖြစ်၏။

အရှင်နာဂဇ္ဇုန၏ အဆိုအရ "ဗုဒ္ဓ၊ လောက၊ ကမ္မ၊ သံသရာ ဟူ၍ သမုတ်ထားသောအရာ၏နောက်တွင် အစစ်အမှန်ဖြစ်သော အရာသည် နှုတ်ဖြင့် မြွက်ဆိုနိုင်သော အရာမဟုတ်သော သာ မကသာ ဖြစ်၏။ အစစ်အမှန်ဖြစ်သောအရာကို မည်သည့် ဂုဏ် အရည်အချင်းနှင့်မျှ ယှဉ်တွဲ၍ မရသောကြောင့် ထိုအစစ်အမှန် ဖြစ်သော အရာထဲ၌ဖြစ်ခြင်း၊ ပျက်ခြင်း၊ ကုန်ခမ်းခြင်း၊ စွဲမြဲခြင်း တခုတည်းဖြစ်ခြင်း၊ အများဖြစ်ခြင်း၊ ဝါ၊ လာခြင်း၊ ထွက်သွား ခြင်းတို့သည် မရှိကုန်။ ၎င်းအပြင် နိဗ္ဗာန်သို့ ဝင်ရောက်ခြင်း သည် လွတ်လပ်သော လဟာပြင် သုညထဲသို့ ဝင်ရောက်မျိုး

ဖြစ်၏။ အဘယ့်ကြောင့်ဆိုသော် နိဗ္ဗာန်သို့ ဝင်ရောက်ခြင်းသည် အရာဝတ္ထုတိုင်းမှ ဂုဏ်းအရည်အချင်းကို ခွာချွတ်ပြီး လွတ်လပ်သော လဟာဆိတ်ငြိမ်ရာသို့ ဝင်ရောက်သွားခြင်းကို ဆိုသောကြောင့်တည်း”။ သတ္တလောကသားများ ထင်မြင်ယူဆထားသောအရာများမှာ အမှန်စင်စစ်အားဖြင့် သဘောသတ္တိမျှသာဖြစ်ကြ၏။အစစ်အမှန်သဘာဝကို မည်သည့် အရာဝတ္ထုများနှင့်မျှတိုင်းတာ၍ မရချေ။ အစစ်အမှန်ထဲ၌ ဖြစ်ခြင်း ပျက်ခြင်းများမရှိ၊ကုန်ခမ်းခြင်း၊ တိုးပွားခြင်းများမရှိ၊ ယင်းသည် ပရမတ်မည်၏။ အကြောင်သူသည် နိဗ္ဗာန်သို့ရောက်၏။ ထိုသို့ နိဗ္ဗာန်သို့ရောက်သည်ဆိုခြင်းမှာ မည်သည့် အရာမျှမရှိသော လဟာပြင်သည်ထဲသို့ ရောက်သွားခြင်းပင် ဖြစ်လေသည်။ မဟာယာနနိဗ္ဗာန်ကို အောက်ပါအတိုင်း၄-မျိုး ခွဲပြထား၏။

၁။ ပထမတမျိုးမှာ ဓမ္မကာယသဘောဖြစ်၏။ ခပ်သိမ်းကုန်သော အရာတို့၏ တည်ပုံ၊ ဖြစ်ပုံကို ပြဆိုထားသည်။ ဤနိဗ္ဗာန်မျိုး သတ္တဝါတိုင်း ရရှိနိုင် ရနေသည်။ ပါရမီ ပြည့်သည် ဖြစ်စေ၊ ပါရမီပြည့်နိုင်သော အရည်အချင်းရှိသည်ဖြစ်စေ နိဗ္ဗာန်ကို ရရှိနိုင်၏။

၂။ ဒုတိယတမျိုးမှာ အကြွင်းရှိသော နိဗ္ဗာန် (သဉပ ဒိသေသ) ဖြစ်၏၊ မွေးခြင်း သေခြင်းရှိ၏။ ယင်း နိဗ္ဗာန်မျိုးကို သာဝကနှင့် ပစ္စေကဗုဒ္ဓာများ ရရှိကြ၏။

၃။ တတိယတမျိုးမှာ- အကြွင်းမရှိသောနိဗ္ဗာန် (အနုပါဒိသေသ) ဖြစ်၏။ သာဝကများ ပစ္စေကဗုဒ္ဓါများ ခန္ဓာကိုယ်ကိုစွန့်ပြီးနောက် (သေပြီးနောက်) ရရှိသော နိဗ္ဗာန်ဖြစ်၏။

စတုတ္ထတမျိုးမှာ -ဌာန-၃-မျိုးမရှိသော နိဗ္ဗာန်ဖြစ်၏။ ထို နိဗ္ဗာန်သို့ ရောက်ပြီးနောက် သံသရာမှ လွတ်သွားလေသည်။ ထို နိဗ္ဗာန်၌ နေရာဘုံ၊ စံစားစရာဗိမာန်ဟူ၍ တွယ်တာစရာမရှိတော့ ချေ။ စင်စစ်အားဖြင့် နိဗ္ဗာန်နှင့် သံသရာ နှစ်ဌာနစလုံးမှ လွတ် မြောက်သွားပြီဖြစ်၏။ မိမိအတွက်တစုံတရာ တွေးတောခြင်းပြုမူ ခြင်း မရှိတော့ချေ။ သူတပါးအတွက် ကယ်တင်ရန်သာရှိတော့ သည်။ ဤနိဗ္ဗာန်သည် ဗုဒ္ဓဘုရားများသာ ရောက်နိုင်၊ ရနိုင် သော နိဗ္ဗာန်မျိုး ဖြစ်လေသည်။ "အရာဝတ္ထု အားလုံးတို့သည် မျက်လှည့်သဘွယ်ဖြစ်၏။ သမ္မာသမ္ဗုဒ္ဓ ဆိုသည်မှာလည်း မျက် လှည့်သဘွယ်ဖြစ်၏။ နိဗ္ဗာန်သည်လည်း မျက်လှည့် သဘွယ် ဖြစ်၏။ နိဗ္ဗာန်ထက် ထူးခြားသော တရားတမျိုးမျိုး ရှိမည် ဆိုလျှင်လည်း မျက်လှည့်သဘွယ်ဖြစ်၏။ သို့ဖြစ်ရာ မျက်လှည့်နှင့် နိဗ္ဗာန်သည် နှစ်မျိုးမဟုတ်-တမျိုးတည်းသာတည်း။

(ပညာပါရမိတသုတ်)

ထိုအပြင် ဘုရားလောင်းတို့သည် နိဗ္ဗာန်ဘုံ၌ ရှိနေကြ၏။ ထို ဘုရားလောင်းတို့သည် လောကကယ်တင်ရန်မပြတ်အားထုတ်နေ ကြလေသည်။ သတ္တဝါတို့သည် ဒုစရိုက် များစွာတို့ကို မပြတ် ပြုလုပ်နေကြသည်။ ထိုထိုဒုစရိုက်တို့ ရောမွှမ်းနေသော လူသား များကို ဘုရားလောင်းများသည် ကယ်တင်ရန် စိတ်ဆန္ဒ ပြင်းပြ လျက် ရှိကြသည်ဟု ဆိုထားလေသည်။ ထိုသို့ လူသားများ ဒုက္ခပင်လယ်၌ နစ်မြုပ် နေကြသည်ကို မြင်သိကြသဖြင့်သံသရာမှ နိဗ္ဗာန်ကို မြင်နိုင်သည်၊ နိဗ္ဗာန်မှ သံသရာကို မြင်နိုင်သည်ဟု နားလည်ရပေသည်။

ဗောဓိသတ္တ၊ ဘုရားဝါဒသည် ပိုမို၍ ကျယ်ပြန့် လာ၏။ ဘုရားလောင်းတို့၏ ဂုဏ်ပုဒ်များကိုလည်း အထူး ဝိသေသပြု၍ ချီးမွမ်းထားကြ၏။ "လောကကို စောင့်ရှောက်တတ်သူ၊ သာယာနှစ်သက်ဘွယ်ရှိသော ဂုဏ်ကြက်သရေ၊ ကောင်းကင် တိုက်ခန်း၊ ကျောက်သံပတ္တမြားထွက်သော တွင်း၊ ဝရဇိန်လက်နက်ကိုင်ထားသူ၊ ပဒုမ္မာကြာပွင့် ကိုင်ထားသူ၊ မျက်လှည့်ဆရာ၊ မှော်ဆရာ၊ ရတနာတိုက်ခန်း" စသည်ဖြင့် ဘုရားလောင်း၏ ဂုဏ်ပုဒ်များကို ချီးကျူးထားကြ၏။ ယင်းသို့ ချီးကျူးရာမှ နိဗ္ဗာန်သည် အနောက်အရပ်၌ ရှိ၏ဟု ယူဆကြလေသည်။ အနောက်အရပ် တနေရာ၊ ကောင်းကင်ဘုံ၊ သို့မဟုတ် နိဗ္ဗာန်ဘုံ၌ သုခဝတီ ပြည်ကြီးသည် တည်ရှိ၏။ ယင်း သုခဝတီဘုံသည် လူနှင့် တိုက်ရိုက်ဆက်ဆံနိုင်ခြင်း မရှိ။ ထို့ကြောင့် လူနှင့် သုခဝတီဘုံတို့ အကြား ဆက်သွယ်နိုင်ရန်၊ ဘုရားလောင်းများသည် ဖြစ်ပေါ်လာရ၏။ အမှန်စင်စစ် သုခဝတီဘုံ၌ တည်ရှိကြကုန်သော ဘုရားလောင်းများပင် လူနှင့်တိုက်ရိုက် ဆက်ဆံနိုင်ခြင်း မရှိချေ။ ထို သုခဝတီဘုံ၌ များစွာသော ဘုရားလောင်းများသည် ရှိနေကြပြီးဖြစ်ရာ၊ လူသားများကို ကယ်တင်ရန်အတွက် လူသားလောက၌ ဘုရားလောင်းများ သက်ဆင်း၍ ဗုဒ္ဓ၏ တရားတော်များ၊ လူ့ကိုယ်ကျင့်တရားများနှင့် နိဗ္ဗာန်တရားများကို ဟောကြားကြရ၏။ အမှန်စင်စစ် သိဒ္ဓတ္ထမင်းသားသည်ပင် သုခဝတီဘုံမှ ဘုရားလောင်း တပါးမျှသာ ဖြစ်၏။ လူနှင့် သက်ရှိများကို တရားမြေ့ချီးမြှင့်ရန် 'တမန်' ကြွလာခြင်းသာ ဖြစ်၏။ များစွာသော ဘုရားလောင်းတို့သည် သုခဝတီဘုံ၌ ရှိနေကြလေသည်။

ဗုဒ္ဓဂေါတမ၏ ရှေးအထက် ကာလက ဘုရားများစွာ ရှိ၏။ ဂေါတမဗုဒ္ဓနှင့် များစွာသော ဘုရားတို့သည် သုခဝတီဘုံ၌ ရှိနေကြ၏။ ဘုရားဟူသော အမည်မှာ ပရမတ်သဘော၏ အမည်မျှသာဖြစ်၍ ဘုရားအားလုံးတို့သည် တစုတပေါင်းတည်း ဖြစ်ကြကုန်၏။ သုခဝတီနိဗ္ဗာန်ဘုံမှာ ဆန်းကျယ်လှ၏။ထိုဘုံ၌ ဒုက္ခဟူ၍မရှိ၊ သုခသာ ရှိ၏။ သစ်ပင်တောတောင်၊ ရေကန် စသည်များမှာ ပန်းမျိုးစုံ ရတနာအတိဖြင့် ပြီး၏။ ငှက်မျိုးစုံတို့၏ အသံ၊ ဒူရိယာသံ၊ သီချင်းသံများ လွှမ်းမိုးလျက်ရှိ၏။ အလွန် ဆန်းကျယ်ပြီး နတ်ပြည်ထက် ထူးခြား၏။ ထို သုခဝတီပြည်သို့ ရောက်နိုင်ရန်မှာ၊ အမိတာဘာ ဘုရားကို စွဲစွဲမြဲမြဲ နေ့စဉ်ရက် သုံးရက်မျှ အာရုံထဲ၌ ပြုရွတ်နေလျှင်၊ သေကာနီးကာလ ထိုသူ၏ အာရုံထဲ၌ အမိတာဘာဘုရားနှင့်တကွ တခြား ဘုရားများကို တွေ့မြင်ရ၏။သေလွန်ပြီးနောက်သုခဝတီပြည်သို့ရောက်ရှိသွားလေသည်။ သုခဝတီပြည်သို့ ရောက်ရန် အဆင့်၉-ဆင့်ရှိပြီး၊ နောက်ဆုံး၌ သုခဝတီပြည်သို့ ကိုယ်တိုင် ရောက်ရှိသွားသည်။ ထို့နောက် မိမိကိုယ်တိုင် ဘုရားဖြစ်သွားလေတော့သည်။

သဗ္ဗတ္ထိဝါဒီတို့သည် အသင်္ခတဟူသော ပုဒ်ကို-၃- မျိုး သတ်မှတ်ထားကြ၏။ (၁) အာကာသ၊ (၂) ပတိသင်္ချာနိရောဓ၊ (၃) အပတိသင်္ချာ နိရောဓဟူ၍ သတ်မှတ်ထားကြလေသည်။ အာကာသ ဆိုသည်မှာ အပိုင်းအခြားရှိသော အရာမဟုတ်၊ မည်သည့်အရာကမျှလည်း ဖုံးကွယ်ထားခြင်းမရှိ၊ သို့ဖြစ်ရာ အာကာသသည် မဖောက်ပြန်သော ဓမ္မဖြစ်၏။ ပြောင်းလဲခြင်းမျိုး သို့ဖြစ်ရာ၊ အာကာသသည် မည်သည့် အကြောင်းကြောင့်မျှ

ဖောက်ပြန်ခြင်းမရှိသောကြောင့် အသင်္ခတပင်ဖြစ်၏။ ပတိသင်္ချာနိရောဓဆိုသည်မှာ ပညာဉာဏ်ပင်ဖြစ်၏။ တစုံတယောက်၌ ရာဂ၊ ဒေါသ၊ မောဟ ကင်းစင်သွားပါက၊ ယင်းသည် ပတိသင်္ချာနိရောဓ တည်၏။ သို့ရာတွင် သံယောဇဉ်တမျိုးမျိုး ကင်းပြတ်ရုံမျှဖြင့် နိဗ္ဗာန်သို့ မရောက်နိုင်ကြချေ။ သံယောဇဉ်ဆိုသည်မှာ တခုနှင့်တခု ခြားနားကြ၏။ သို့ဖြစ်ရာ အကြွင်းမဲ့ပုဂ္ဂိုလ်၌ သံယောဇဉ်အားလုံး ကုန်ခမ်းခဲ့ပြီးအံ့၊ ယင်းသည် နိရောဓ ယင်းသည် နိဗ္ဗာန်မည်လေသည်။ အပတိသင်္ချာ နိရောဓဆိုသည်မှာ ပညာမဟုတ်သော သဘာဝချုပ်ငြိမ်းခြင်းကို ခေါ်ဝေါ်သော အမည်ဖြစ်၏။ ဆိုလိုသည်မှာ မည်သည့် တပ်နှစ်ခြင်းမျှ မဖြစ်တော့ခြင်းသည် အပတိသင်္ချာ နိရောဓမည်၏။

ပတိသင်္ချာ နိရောဓသည် အာသဝက္ခယ ဉာဏ်ဖြစ်၍ အပတိသင်္ချာနိရောဓသည်နိရောဓ၏အကျိုး(ဝါ-ဗိုလ်)ပင်ဖြစ်၏။ အပတိသင်္ချာနိရောဓသည် အနာဂတ်ကာလ၌လည်း မည်သည့်ကိလေသာတရားမျှ မဖြစ်နိုင်တော့သော သံသရာမှ အပြီးလွတ်မြောက်သော သန္တိသုခပင်တည်း၊ သဗ္ဗတ္တိဝါဒီများ၏ အဆို၌လည်း အနိစ္စ၊ ဒုက္ခ၊ အနတ္တဟူသော လက္ခဏာ ယာဉ်သုံးပါးရှိ၏။ ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရတို့သည်ရှိကုန်၏။ ယင်းတို့သည် အနိစ္စ၊ ဒုက္ခ၊ အနတ္တဟူသော လက္ခဏာများ ရှိ၏။ အတိတ်၊ အနာဂတ်၊ ပစ္စုပ္ပန်ဟူသော ကာလသုံးပါး ဖြစ်ကြကုန်၏။

မျက်စိနှင့်ရုပ်ကြောင့် စက္ခုဝိညာဏ်ဖြစ်၏။ ပ ။ ယင်းတို့သည် အတိတ်၊ အနာဂတ်။ ပစ္စုပ္ပန်ဟူသော ကာလသုံးပါးဖြင့် ဖြစ်ကြကုန်၏။

သုတ္တန္တိက ဆရာများကမူ၊ ကိလေသာ ကာမဂုဏ်တရားများ မဖြစ်ပေါ်ခြင်းသည် သံသရာ၌ မဖြစ်ခြင်းမည်၏။ ဟု ယူဆထားလေသည်။ မှန်၏။ သတ္တဝါသည် ကိလေသာကို အကြောင်းခံ၍ သတ္တလောက၌ဖြစ်ပေါ်လာကြခြင်းဖြစ်၏။ အကယ်၍ကိလေသာ တရားများမဖြစ်ရန် စောင့်ထိန်းနိုင်ပါက၊ သံသရာ၌ မဖြစ်ခြင်းပင် ဖြစ်၏။ သို့ရာတွင် သုတ္တန္တိက ဆရာများအားလုံးက သံသရာသည် ထင်ရှားရှိသော တရားများဖြစ်၍ နိဗ္ဗာန်သည် ထင်ရှားမရှိသော တရားအဖြစ် သတ်မှတ်ထားကြ၏။ သတ္တလောကသည် သင်္ခတ တရားများဖြစ်၍ နိဗ္ဗာန်သည်အသင်္ခတ တရားများ ဝါ- အသင်္ခတဟူသော စကား၏ အဓိပ္ပာယ်ကို ကြီးကျယ်လေးနက်ရန် အကျိုးငှာ သုညဟူ၍ ယူဆရာမှ ပေါ်ပေါက်လာလာခြင်းဖြစ်၏။ ထို့ပြင် အရာဝတ္ထုတို့သည် အမှန်စင်စစ်အားဖြင့် မိမိ သဘာဝအတိုင်း ပေါက်ပြန် ပျက်စီးနေကြ၏။ အနိစ္စတရားမျိုးမဟုတ် ခဏတိုင်း ပျက်နေကြသည့် သဘာဝတရားသာ ဖြစ်၏။ အရာဝတ္ထုတို့သည် ခဏတိုင်း ပျက်စီးနေကြသည်။ ခဏတိုင်း ဖြစ်ပေါ်နေကြသည်။ ထို့ကြောင့် သဘာဝ ဓမ္မသည် အတိတ်ဟူ၍လည်းကောင်း၊ အနာဂတ်ဟူ၍လည်းကောင်း မရှိ၊ ယင်းတရားဓမ္မတို့သည် ပစ္စုပ္ပန်တို့သာဖြစ်ကုန်၏။ အရာဝတ္ထုတိုင်းသည် အမြဲပျက်စီးနေရကား ဒုက္ခချည်းသာ ဖြစ်ကြပြီး သူဟူ၍ မည်သည့် အရာဝတ္ထုကိုမျှ သတ်မှတ်နိုင်စွမ်း မရှိချေ။ သတ္တလောကသည် ဒုက္ခဘုံသာဖြစ်၏။ ထူးခြားသည်မှာ ရုပ်တရားကို လေ့လာရာ၌ ပုံသဏ္ဌာန်နှင့် အဆင်းဟူ၍ နှစ်မျိုး ခြားနားထား၏။ အချို့ ရုပ်များသည် ပုံသဏ္ဌာန်ဖြစ်ကြပြီး၊ အချို့ ရုပ်များမှာ အဆင်း

အနံ့စသည်တို့ ဖြစ်ကြလေသည်။ သို့ရာတွင် ယင်း ရုပ်တို့သည် အနုမြူဖြစ်သည့်တိုင်အောင် တခုနှင့်တခု ပေါင်းစပ်ခြင်းကားမရှိချေ။ အမှန်အားဖြင့် ရုပ်ဟူသမျှသည် တခုနှင့်တခုခြားနားလျက် တခုနှင့်တခု အသီးအခြားစီသာ ဖြစ်ကုန်၏။

တခြား အယူအဆမှာ ဝိညာဏဝါဒ ဖြစ်၏။ ဝိညာဏဝါဒ၏ သဘာဝအခြေခံမှာ မည်သည့် အရာမဆို စိတ်ကြောင့် ဖြစ်သည် ဟူသော အယူအဆမှ စတင် ပေါ်ပေါက်ခြင်း ဖြစ်၏။ စိတ်သည် ဖြစ်ခြင်းတရား၊ စိတ်သာ လွတ်မြောက်ခြင်းတရား၊ စိတ်သာဖြစ်သည် စိတ်သာချုပ်သည်၊ စိတ်သာလျှင် တခုတည်းသော မှန်ကန်သော သစ္စာတရားဖြစ်၏။ သတ္တလောက၌ အရာဝတ္ထုအားလုံး၌ ဆုံးဖြတ်တတ်သော တခုတည်းသော တရားမှာ စိတ်ပင်ဖြစ်၏။ စိတ်သည် ဆန်းကျယ် ခမ်းနားစွာ အမျိုးမျိုး ဖောက်ပြန်နေနေကြောင်း တွေ့ရမည်ဖြစ်၏။ ပရမတ္ထဟူသော အမည်ကို ကျွန်ုပ်တို့က ဝေါဟာရ အမျိုးမျိုးဖြင့် အသုံးပြုနေကြ၏။ အမှန်စင်စစ် အားဖြင့် တထာဂတဟူသော စကား နိဗ္ဗာနဟူသော စကား စသည်တို့မှာ ပရိယာယ်မျှသာ ဖြစ်ကြကုန်၏။

အမှန်စင်စစ် သတ္တလောက၏ကြီးကျယ်ခြင်း၊ ဆုတ်ယုတ်ခြင်း ဟူသမျှမှာ စိတ်မှ တပါး တခြားအကြောင်းများ မရှိချေ။ စိတ်ဖောက်ပြန်မှုကြောင့် သတ္တလောကသည် ပျက်စီးရပြီး စိတ်၏ တွန်းပေးမှုကြောင့် သတ္တလောကသည် ကြီးကျယ်လာရ၏။ ထို ဝိညာဏဝါဒသည် ယောဂါစာရ အလုပ်ကို အဓိက ထားပေးထား၏။ ထို့ကြောင့်ဈာန် (သမထ)သည်သူတို့၏ အဓိကလုပ်ငန်းဖြစ်လေသည်။ အထက်၌ ဆိုခဲ့သော အာကာသ၊ သင်္ချာပတိတ

စသော အယူအဆအပြင်၊ အစလနှင့် သညာနိရောဓတို့ကိုလည်း လက်ခံထား၏။ အစလ၏ အဓိပ္ပာယ်မှာ မတုန်မလှုပ်ခြင်းဟူ၍ အဓိပ္ပာယ်ရှိပြီး သမထ (ဈာန်) အားကောင်းလာသည်နှင့်အမျှ သတ္တလောကသားတို့၏ စိတ်သည် လုံးဝတုန်လှုပ်မှု မရှိတော့ဘဲ တည်ကြည်လာခဲ့လေသည်။ စတုတ္ထဈာန် အဆင့်ပင်တည်း။ စတုတ္ထဈာန်၏အဆုံး၌ ဖလသမာပတ် ဝင်စား၏။ အမှတ်ပြုခြင်း၊ ခံစားခြင်းတို့ကို လုံးဝသိမ်းဆည်း ချုပ်ကိုင်ထား၏။

ယင်းသည် လုံးဝ ဖောက်ပြန်ခြင်းမရှိသော ပရမတ္ထဓမ္မဖြစ်၏၊ သို့ဖြစ်ရာ မိမိတို့ (ဈာန်စိတ်) ဖြင့် လုံးဝ သိမ်းဆည်းထားနိုင်သော စိတ်အစဉ်သည် ဖောက်ပြန်ခြင်း မရှိရကား အသင်္ခတတရား ဖြစ်လေတော့သည်။ ယင်းသည် လောကုတ္တရာဉာဏ် (စိတ်) ဖြစ်သောကြောင့် ပရမတ္ထဓမ္မသည် ယင်းတရားများကို မဂ္ဂင် (၈) ပါးတို့ဖြင့် ကျင့်ဆောင်ရာ၏။ အမှန်တရားဖြစ်သော မဂ္ဂင် ရှစ်ပါးဖြင့် စိတ်၏ နောက်ဆုံး အဆင့်ဖြစ်သော လုံးဝ ထိန်းချုပ်နိုင်သည့် သဘောသည်၊ အသင်္ခတဓမ္မပင်ဖြစ်၍ ယင်းသည် နိဗ္ဗာန်မဂ်တည်း။ သတ္တလောကသားများသည် ကောင်းသောအရာကို ကြံစည်ရာမှ (တင့်တယ်သည်ဟု ဆင်ခြင်ရာမှ) ရာဂတရားများ ဖြစ်ပေါ်လာတတ်၏။ မတင့်တယ်၊ မလိုချင်၊ မနှစ်သက်စသည်တို့ကို ကြံစည်စိတ်ကူးရာမှ ဒေါသတရား ဖြစ်ပေါ်လာ၏။

မမှန်မကန် ကြံစည်စိတ်ကူးရာမှ မောဟတရားများ ဖြစ်ပေါ်လာတတ်၏။ ယင်းသို့လျှင် လောဘ၊ ဒေါသ၊ မောဟတရားတို့သည်သတ္တလောကအတွင်း ပြည့်စုံလာလေတော့၏။ အမှန်စင်စစ်

အားဖြင့် လူနှင့် သက်ရှိသတ္တဝါများ၏ ကြံစည် စိတ်ကူးမှုများ သည် တဏှာ (ဒေသာဘ) ကို ဖြစ်စေခြင်းဖြစ်ရာ- မကြံစည်ခြင်း၊ မတွေးတောခြင်း၊ သုဘ၊ အသုဘနှင့်တကွ တင်ကြို မစဉ်းစားခြင်း ဖြင့်တဏှာကုန်ရာနိဗ္ဗာန်သို့ရောက်နိုင်လေသည်၊သတ္တလောကသား များသည် ကြံစည်ရာမှ ဖြစ်ပေါ်လာသော ယောကျ်ား- မိန်းမ- တောတောင်၊ သစ်ပင်၊ ရေမြေဟူသော အမည်များသည် ခွဲထွင် သောအသိဖြစ်၏။ အကယ်၍ ယင်းသို့ ကြံစည်မှုများ ချုပ်ငြိမ်းခဲ့ ပြီးအံ့၊ အနတ္တဉာဏ်သို့ သက်ဝင်သွားလေတော့သည်။ ကမ္မနှင့် ကိလေသာဟူသော ဖြစ်ပေါ်မှုသည်စိတ်ကြောင့်ဖြစ်၏။ သို့လျှင် သံသရာ၌သတ္တဝါသည် လှည့်လည်ရတော့၏။ အကယ်၍အကျင့် မှန်တရားဖြင့် သတ္တဝါသည် ရာဂ၏ အနှောင်အဖွဲ့၊ ဒေါသ၊ မောဟ၏ အနှောင်အဖွဲ့မှလွတ်အံ့၊ ယင်း ယောဂီသည် နိဗ္ဗာန်သို့ ရောက်သည်မည်၏။

သို့ဖြစ်ရာ ယောဂီသည် ပပဉ္စဟူသော အမည်နာမပညတ်များ ကိုခွာ၍အကျင့်ဖြင့်မြတ်သော သုညတာနိဗ္ဗာန်ကို မျက်မှောက် ပြုရာ၏ဟု ဝိညာဏဝါဒဗုဒ္ဓအဘိဓမ္မာ ပညာရှင်များက ခိုင်လုံစွာ ရှင်းလင်းပြထားကြလေသည်။ ဆိုလိုသည်မှာ သတ္တလောကသား များသည်မမှန်ကန် ကြံစည်စိတ်မှ စတင် ပေါက်ဖွားလာခြင်း ဖြစ်ပြီး အကယ်၍ သုညတာအဖြစ်မှန်တရားဖြင့် စိတ်ကိုထိန်းချုပ် နိုင်လျှင် သံသရာမှ လွတ်လိမ့်မည်ဟူ၍ ယူဆထား၏။ သတ္တဝါ သည် စိတ်ကြောင့် ဖြစ်ပေါ်လာပြီး စိတ်ကြောင့် သေလွန်နေကြ သည်။ နောက်ထပ်တဖန် စိတ်ကြောင့် ဖြစ်ပေါ်လာပြန်သည်

ဟူ၍ လောကကို စိတ်ကြောင့် ဖြစ်ပေါ်လာသည်ဟု ယူဆမှုပင် ဖြစ်၏။

နောက်အယူအဆ တမျိုးမှာ၊ သံသရာလည်း ထင်ရှား၍ နိဗ္ဗာန်လည်း ထင်ရှားရှိသည်ဟု ယူဆသောအယူဖြစ်၏။ သူတို့၏ ဝါဒ အနှစ်သာရမှာ- ယေဓမ္မာ မေတုပဘာဝါ၊ တေသံဟေတုတထာဂတောဟူသောဂါထာဖြစ်၏၊ ထိုဂါထာသည်ရှင်အဿဇိ မထေရ်က ရှင်မောဂ္ဂလာန်နှင့် ရှင်သာရိပုတ္တရာ အလောင်းတော် ဖြစ်သော ဥပတိဿနှင့် ကောလိတပရိဗိုဇ်တို့အား ပြောပြသော ဂါထာဖြစ်၏။ ထိုဂါထာ၏ ဆိုလိုရင်းမှာ "ဤလောက၌ရှိသမျှ သော သက်ရှိသက်မဲ့ အရာဟူသမျှသည် အကြောင်းတရား ကြောင့် ဖြစ်ပေါ်လာခြင်း ဖြစ်၏။

ယင်း အကြောင်းတရားများကို တထာဂတ (ဗုဒ္ဓ) က ဟောကြားတော်မူ၏။ ယင်း အကြောင်းတရားများသည် ချုပ် ခြင်းလည်း ရှိနေကြ၏။ ကြီးမြတ်သော ဗုဒ္ဓသည် ယင်းသို့ အယူ ရှိ၏ ဟူ၍ ဖြစ်သည်။ ယင်း ဂါထာပါစကား၏ အနှစ်သာရမှာ သတ္တလောကသည် အကြောင်းတရားကြောင့် အကျိုးတရား ဖြစ် ပေါ်နေကြသည် (ပဋိစ္စသမုပ္ပါဒ် လည်နေမှုကို ခေါ်သည်ဟု ထေရဝါဒများက လက်ခံထားကြ၏။) အကြောင်း မရှိဘဲ အကျိုးတရား ဖြစ်ပေါ်လာစရာမရှိဟူ၍ ဖြစ်၏။

ယင်းဂါထာ၏ယူဆချက်ကိုသံသရာနှင့်နိဗ္ဗာန်သည်ထင်ရှားရှိ သောတရားဟုယူဆသူများကတရားဟူသည်တခုသော တရားအစု နှင့် တခြားသော တရားအစုတို့သည် သီခြားကင်းလွတ်ကြသည်။ တရားတခုနှင့်တခုရောထွေးခြင်းမရှိ၊အမှန်အားဖြင့်သတ္တလောက

သည် သိမ်မွေ့သော တရားအစုမျှသာ ဖြစ်သည်။ ယင်းတို့သည် ဓမ္မတာသဘာဝကြောင့် ဖြစ်ပေါ်နေကြသည်ဟု ဆိုလိုပေသည်။

အဝိဇ္ဇာ (မောဟ) နှင့် ဝိဇ္ဇာ (ပညာ) မှာ အချင်းချင်း ဆန့်ကျင်ဘက် တရားများ ဖြစ်ကြ၏။ အဝိဇ္ဇာတည်းဟူသော အမှောင်တရားကြောင့် သတ္တလောကသည် တသွင်သွင် စီးနေသော ရေအယဉ်ကဲ့သို့ မပြတ်ဖြစ်နေ၏။ အကယ်၍ ပညာ(ဝိဇ္ဇာ) ဉာဏ်ပေါ်လာခဲ့ခြင်းအံ့၊ စိတ်နှင့် ဘူတရုပ်တို့သည် အေးငြိမ်းသော ချမ်းသာအထူးသို့ သက်ဝင်လာလေတော့သည်။ အဝိဇ္ဇာ တရား ဖုံးလွှမ်းနေသမျှကာလပတ်လုံး သတ္တဝါကို ပုထုဇဉ်ဟူ၍ ခေါ်ဆိုရပြီး ပညာနှင့်ပြည့်စုံသောအခါ အရိယာ၊ ရဟန္တာအဖြစ်သို့ ရောက်ရှိသွားလေသည်။ ထို့အပြင် သစ္စာလေးပါး တရားကို အောက်ပါအတိုင်း ပိုင်းခြားထား၏။

(၁) သတ္တလောကသားများ ပြုမူ ဆောင်ရွက်လုပ်ရှားခြင်း ဟူသမျှသည် ဒုက္ခသစ္စာမည်၏။

(၂) ပြုမူရန်အကြောင်း ဆောင်ရွက်ရန်အကြောင်းဟူသမျှ သည် သမုဒယသစ္စာမည်၏။

(၃) စိတ်ပိုင်း ရုပ်ပိုင်းတို့၏ အလွန်ငြိမ်သက်ရန် အကြောင်း တရားဟူသမျှသည် မဂ္ဂသစ္စာမည်၏။

(၄) စိတ်၊ စေတသိတ်တို့၏ အမှန်မြတ်ဆုံးသော၊ ငြိမ်သက် သော၊ မဖောက်မပြန် မှန်ကန်သော၊ ငြိမ်းအေးချမ်းသာ သောအလုပ်မှာနိရောဓမည်၏၊ယင်းသည်နိဗ္ဗာန်မည်၏။ အသခ်တတရားဟူ၍လည်းဆိုရ၏။အမှန်စင်စစ်အသခ်တ

တရားစုဆိုသည်မှာ အချင်းချင်း အညမညပေါင်းဆုံ၍ ဖြစ်ပေါ်လာသော ဓမ္မများပင်တည်း။

ကျွန်ုပ်တို့သည် မဟာယာန နိဗ္ဗာန်နှင့်ပတ်သက်၍ ထိုထို မဟာယာနဂိုဏ်းအသီးသီးတို့၏ အခြေခံအချက်အလက်များကို လေ့လာခဲ့ကြပြီးဖြစ်၏။ သုခဝတီနိဗ္ဗာန်ဟူသော ယူဆချက်များမှာ ပုဂ္ဂိုလ်ကို ချီးမြှောက်ရာမှ စတင်ပေါ်ပေါက်လာခြင်းဖြစ်၍ နိဗ္ဗာန်ဆိုသည်မှာအလွန်အေးချမ်းသော နေရာဌာနတခု- ဘုံဌာန တခုအဖြစ်သို့ ရောက်ရှိသွားခြင်းဖြစ်၏။ ဘုရားနှင့်တကွအရိယာ အရှင်များသည် အကယ်တိတိ တရားဓမ္မများကို ကျင့်ကြံခဲ့ကြသော ထူးခြားသည့်ပုဂ္ဂိုလ်များဖြစ်၍ထိုပုဂ္ဂိုလ်များသည် နိဗ္ဗာန်ဟုဆိုအပ်သော ခန္ဓာငါးပါး ချုပ်ငြိမ်းရာသို့ ရောက်ရှိသွားသည်ဆိုပါက လူပြိန်းများ နားလည်ရန် အလွန်ခဲယဉ်းရကား နိဗ္ဗာန်ကို ချမ်းသာသောဘုံအဖြစ် သတ်မှတ်မှသာလျှင် အားလုံး လက်ခံကြလိမ့်မည်ဖြစ်၏။

သို့ဖြစ်ရာ နိဗ္ဗာန်သည် လူသာမန်များအတွက် ဘုံဗိမာန် အဖြစ်သတ်မှတ်ရန်မှတပါး တခြားနည်းလမ်း မရှိချေ။ ယင်း အခြေခံကိုမူတည်၍ နိဗ္ဗာန်ကို ဗိမာန်အဖြစ် တည်ဆောက် ထားခြင်းဖြစ်ပေလိမ့်မည်။ တခြားဂိုဏ်းအသီးသီးမှ ယူဆသော အကြောင်းအရာများ၌မူ ထေရဝါဒနှင့် များစွာ ကွဲလွဲချက်မရှိချေ။ "စိတ္တေန နီယတေလောကော" ဟူသော စကားသည် ထေရဝါဒ၌ နေရာယူထားရကား-သတ္တလောကသားများသည် စိတ်ကြောင့် ဖြစ်ပေါ်နေကြသည်။ စိတ်မှတပါး တခြားမရှိဟု ထေရဝါဒများ ယုံကြည်နေကြသည်ကို ကျွန်ုပ်တို့သတိပြုမိ

ကြလျှင် အထက်တွင်ဆိုခဲ့သော မဟာယာန ဝိညာဏဝါဒသည် လည်း အဆန်းမဟုတ်ချေ။ ထို့အပြင် မဟာယာနဂိုဏ်းအားလုံး တို့သည် အနိစ္စ၊ ဒုက္ခ၊ အနတ္တဟူသော လက္ခဏာများကို လည်း ကောင်း၊ ဗုဒ္ဓ၏ အနတ္တဝါဒကိုလည်းကောင်း၊ မပစ်ပယ်ကြချေ။ မဟာယာနသည် အမှန်စင်စစ်အားဖြင့် အနတ္တတရားကို ပယ်ကြ သည်မဟုတ်ချေ။ ကျမ်းစာတစောင်ကမူ လူသည်မရှိ၊ မိန်းမ သည်မရှိ၊ ယောကျ်ားသည်မရှိ၊ တော၊ တောင်၊ ရေ၊ မြေသည် မရှိ၊ နိဗ္ဗာန်သည်မရှိ၊ အကယ်၍ ယင်းတို့ရှိသည်ဆိုပါက မျက် လှည့်မျှသာ ဖြစ်ကြပေလိမ့်မည်ဟု ဆိုထား၏။

အနတ္တဟူသောစကားကို သုံးသပ်ရာ၌ ထေရဝါဒထက်ပင် ပြတ်သားကြောင်း တွေ့ရှိရပေသည်။ ဗုဒ္ဓဘာသာ၌ အရေးကြီး ဆုံးသောအခြေခံမှာ ပဋိစ္စသမုပ္ပါဒ်ဖြစ်၏။ သတ္တဝါကို သုံးသပ်ရာ၌ ပဋိစ္စသမုပ္ပါဒ်သည် ဗုဒ္ဓဘာသာ၏ မှတ်ကျောက်ဖြစ်၏။ မဟာ ယာန ကျမ်းတစောင်က သဘာဝဓမ္မသည် အချင်းချင်းအမှီသဟဲ ပြုမှုကြောင့် အမူအရာ အသွင်အပြင် ဖြစ်ပေါ်လာ၏။ ယင်းသို့ ဖြစ်ပေါ်လာမှုသည် ကျိုးကြောင်း သဘာဝအခြေ၌ တည်၏။ လောက၌ တစုံတခု ဖြစ်ပေါ်လာခြင်းသည် ကြောင်းကျိုး သဘောလျှင် အခြေခံရှိ၏။ ယင်းသို့ ဖြစ်ပေါ်လာမှုသည် သဘာဝအားဖြင့် ဆက်စပ်နေ၏။ ယင်းသည် ပဋိစ္စသမုပ္ပါဒ် မည်၏ ဟု ဖွင့်ဆိုထားလေသည်။ ကျွန်ုပ်တို့ လက်ခံထားသော ပဋိစ္စသမုပ္ပါဒ်၏ အကျဉ်းဆုံးစကားဖြစ်သည့် "ယေဓမ္မာဟေတု ပဘဝါ"ဟူသော စကားကို မဟာယာနများကလည်း အမြတ် တနိုး တန်ဘိုးထားကြလေသည်။

သတ္တဝါတို့၏ သံသရာနှင့်ပတ်သက်၍ ထေရဝါဒ ကျမ်းပြုများက ဆီမီးဥပမာဖြင့်လည်းကောင်း၊ မျိုးစေ့ဥပမာဖြင့်လည်းကောင်း၊ ပြဆိုကြကုန်၏။ မဟာယာနကမူ အောက်ပါဥပမာကို ထုတ်ပြထားလေသည်။ မြစ်တခုသည်တောင်တခုကိုဖြတ်၍စီးဆင်းနေ၏။ တဖက်ကမ်းရှိ တောင်၌ မီးလျှံသည် တောက်လောင်လျက်ရှိ၏။ အတန်ငယ်ကြာသောအခါ တဖက်တောင်၌မီးတောက်တခုသည် ဖြစ်ပေါ်လာ၏။ ထိုဥပမာ၌ ပထမ စတင်တောက်လောင်သောမီးလျှံသည် တခြားတဖက်ကမ်းသို့ ကူးသွားသည်မဟုတ်၊ လေ၏အဟုန်ကြောင့် တဖက်၌ စွဲလောင်ခြင်းဖြစ်၏။

အမှန်စင်စစ် မူလရှိမီးတောက်လျှံသည် မြစ်ကို ကူးသွားခြင်းကားမဟုတ်ချေ။ သို့ရာတွင် ပထမ စွဲလောင်သော မီးနှင့်ဒုတိယ စွဲလောင်သောမီးသည် တခြားစီကားမဟုတ်။ ထို့အပြင်သီးခြားလည်းမဟုတ်ချေ။ ပထမမီးလျှံနှင့် ဒုတိယမီးလျှံသည်အဆက်အစပ်ရှိနေကြ၏။ ထို့အတူ ရုပ်နာမ် ဓမ္မတရားများသည် လက်ရှိခန္ဓာငါးပါး ပျက်စီးစေကာမူ အဝိဇ္ဇာတဏှာဟူသောအစွမ်းသတ္တိကြောင့် အကြွင်းမဲ့ချုပ်သွားခြင်းကားမရှိချေ၊ ဟူ၍ ဥပမာ ထုတ်ပြထားလေသည်။ ထေရဝါဒ၌ မဂ္ဂင်ကိုဖောင်ဖြင့် ဥပမာပြထားကြ၏။ မဂ္ဂင်ဖောင်ကြီးဟုပင် ခေါ်ဝေါ်ကြ၏။ သံသရာကိုသမုဒ္ဒရာဟု သတ်မှတ်ကြ၏။ ယင်းနှင့်ပတ်သက်၍ သုတ္တန်အတော်များများ၌ ဖော်ပြထား၏။ မဟာယာန၌မူယာဉ်ဟု သတ်မှတ်ထား၏။ အနိစ္စ၊ ဒုက္ခ၊ အနတ္တဟူသောစကားကို ကျွန်ုပ်တို့ လက္ခဏာယာဉ် ၃-ပါးဟု သတ်မှတ်ထားသလို မဟာယာနများကလည်း ယာဉ်ဟုပင် သတ်မှတ်ထား၏။

ဤသို့ဖြင့် အကျင့်တရားဟူသမျှကို ယာဉ်ဟု သတ်မှတ်ထား လေရာ မဟာယာနဟူသော စကားအဓိပ္ပါယ်မှာ "မြတ်သော အကျင့်တရားဟူ၍ အဓိပ္ပါယ်ရှိလာခဲ့သည်။ မဂ္ဂင်ယာဉ်၊ လက္ခဏာ ယာဉ်ဟူ၍ သုံးနှုန်းကြလေသည်။ နိဗ္ဗာန်သို့သွားစရာ ဝါ နိဗ္ဗာန် ရောက်ကြောင်း အကျင့်ဟူသမျှကို ယာဉ်ဟု ခေါ်ဝေါ် သုံးနှုန်း ခြင်းဖြစ်လေသည်၊ ဤ၌ ကျွန်ုပ်တို့ လေ့လာနေသည်မှာ မဟာ ယာန နိဗ္ဗာန်အကြောင်းဖြစ်၏။ မဟာယာန ကျမ်းစာတစောင် က သတ္တဝါနှင့်သံသရာကို အောက်ပါအတိုင်း ဥပမာဖြင့် ဖွင့်ဆို ထား၏။

"အိမ်တဆောင်၏အတွင်း၌ ကလေးများရှိနေ၏။ ထိုအိမ်ကို မီးလောင်စဲရာ လူကြီးများက အိမ်အတွင်းသို့ဝင်၍ ကလေးများ ကို လိုက်ဆွဲပါလျှင် ကလေးများထွက်ပြေးကြလိမ့်မည်။ မီးထဲသို့ ကလေးများကျရောက်သွားလိမ့်မည်။ သို့ဖြစ်၍ လူကြီးများသည် ကလေးများကို ဤသို့ဆိုရာ၏။ ကလေးတို့ ငါတို့မှာ လှေယာဉ် လှည်းယာဉ်တို့ရှိကုန်၏။ နွားလှည်း၊ ဆိတ်လှည်း၊ သမင်လှည်း တို့ရှိကုန်၏။ လာခဲ့ကြလော့။ ထိုယာဉ်ကိုစီး၍ အပြင်ထွက်၍ ကစားကြလော့ဟုဆိုလျှင် ကလေးများ အားရဝမ်းသာစွာထွက် လာကြကုန်ရာ၏။ ဤဥပမာတွင် မီးလောင်မှုကို သံသရာဟူ၍ လည်းကောင်း၊ ကလေးများကို သတ္တဝါဟူ၍ လည်းကောင်း၊ ခေါ်ထုတ်သူကို ဘုရားဟူ၍လည်းကောင်း၊ စီးစရာ ယာဉ်များ မှာ အကျင့်သို့မဟုတ် သာဝကယာဉ်၊ သာဝကအကျင့်၊ ပစ္စေကာ ဗုဒ္ဓါယာဉ်၊ ပစ္စေကာဗုဒ္ဓါအကျင့်၊ ဗုဒ္ဓယာဉ်သည် ဗုဒ္ဓအကျင့် ဟူ၍ သတ်မှတ်ထားလေသည်။ ဆိုလိုရင်းမှာ ကလေးများနှင့်

တူသောသတ္တလောကသားများသည်အဝိဇ္ဇာတဏှာကိုအခြေခံ၍ အိမ်ကြီးနှင့်တူသော သံသရာတွင်းမှ မထွက်မြောက်နိုင်ကြ၊ လမ်းမှန်သို့မရောက်ဘဲ ပိတ်မိနေကြ၏။ မီးနှင့်တူသော ကိလေသာ ကာမဂုဏ်တို့၏ အလောင်အကြွမ်းကို ခံနေကြရ၏။

သံသရာသည် အမှန်စင်စစ် မီးတောက်မီးလျှံနှင့်တူ၏၊ ထွက်ပေါက်မရှိ၊ သို့ရာတွင် အကျင့်တည်းဟူသော ယာဉ်ကို စီး၍ ထွက်လာခဲ့ပါမူကား သံသရာတည်းဟူသော မီးဘေးမှ လွတ်မြောက်ကြလိမ့်မည်။ အ ပုထုဇဉ်များသည် ထွက် ပေါက်ကိုလည်းရှာမရ၊ ထွက်စရာ ယာဉ်တမျိုးမျိုးလည်း မရှိရကား သံသရာတည်းဟူသော အလွန်ကြောက်စရာ ကောင်းသည့် မီးလျှံ၏ ဝါးမျိုခြင်းကို ခံစားနေကြရသည်။ ဗုဒ္ဓသည် အသိအလိမ္မာနှင့် ပြည့်စုံ၏၊ သတ္တဝါများကို ကယ်ချွတ်တတ်သူဖြစ်၏။ လမ်းညွှန်တတ်သူဖြစ်၏။ အကြင် ရိုးသွားများကို ဤလည်း ယာဉ်ကိုစီး၍ သွားလော့ ယာဉ်ကို ပေးကမ်းတတ်သူ ဖြစ်၏။ သို့ဖြစ်ရာ ဗုဒ္ဓသည် မီးလျှံများတို့ဖြင့် လောင်မြိုက်ခြင်းကို ခံရတော့မည့် ဒုက္ခသားတို့အား မဂ္ဂင်ယာဉ်ကို ပေးအပ်၍ ဤယာဉ်ဖြင့် မီးလွတ်ရာ သို့မဟုတ် မီးနှင့်တူသော သံသရာမှ လွတ်မြောက်ရာသို့ သွားကြလော့ဟု ပေးအပ်နိုင်သူ ဖြစ်လေသည်။

သို့ဖြစ်ရာ ယင်းစကားအရ၊ ဗုဒ္ဓသည် သူတပါးအား နိဗ္ဗာန်သို့ တိုက်ရိုက် ကယ်တင်နိုင်သူ မဟုတ်ဘဲ၊ လမ်းညွှန် ပြသူသာ ဖြစ်ကြောင်း ထင်ရှား၏။ ဗုဒ္ဓပေးသော လမ်းညွှန်မှုမှာ အကျင့်တဆုံးပင်ဖြစ်၍ ယင်းအကျင့်တရားကို ကျင့်ကြံရသူမှာ နိဗ္ဗာန်သို့ ရောက်နိုင်လေသည်။ တခြား ထူးခြားသော အချက်များကို

ကျွန်ုပ်တို့ လေ့လာ ရမည်မှာ၊ ပပဉ္စ ဟူသော စကား ဖြစ်၏။ ထေရဝါဒများက ပပဉ္စဟူသောစကားကို တဏှာမာန၊ ဒိဋ္ဌိ ဟူ၍ သတ်မှတ်ထားကြ၏။ အကုသိုလ် နာမ်တရားစုများ ဖြစ်ကြ၏။ သို့ရာတွင် မဟာယာနဦးမူ၊ ပပဉ္စတရားဟူသည်မှာ အသိဉာဏ်–သိသင့်သောတရား ဆိုဘွယ်ဆိုခြင်း အိုး-ပုဆိုး မိန်းမ ယောကျ်ား၊ လာဘ၊ အလာဘ၊ သုခ၊ ဒုက္ခစသည်တို့ကို စဉ်းစား ခြင်းဖြစ်၏ဟု ဆိုထားလေသည်။ ဆိုလိုသည်မှာ၊ ပပဉ္စသည် စိတ်ကူးဉာဏ်ကို ခေါ်ဝေါ်ခြင်းဖြစ်၍ ကောင်းသော အကြောင်း အရာ၊ မကောင်း သော အ ကြောင်း အရာ၊ မှန် ကန် သော အကြောင်းအရာ မမှန်ကန်သော အကြောင်းအရာ ဟူသမျှကို စဉ်းစား နေမိခြင်းသည် ပပဉ္စဖြစ်၏။

ဥပမာ၊ ကုသိုလ်အကြောင်း စဉ်းစားနေခြင်း အကုသိုလ် အကြောင်း စဉ်းစားနေခြင်းစသည်များ–သို့မဟုတ် ကုသိုလ်နှင့် အကုသိုလ်အလုပ်တို့ကိုစဉ်းစားနေမှုများ၊သို့မဟုတ် ပညတ်တရား ဖြစ်သော အိုး၊ ပုဆိုး၊ မိန်းမ၊ ယောကျ်ား စသည်များကို စဉ်း စား နေခြင်းများ၊ ယင်း စဉ်းစားမှု မှန်သမျှသည် ပပဉ္စဉာဏ် မည်၏။သံသရာကို ရှည်လျားစေတတ်သော စိတ်ကူး စိတ်သန်း များသာ ဖြစ်၏။ အကယ်၍ယင်း ပပဉ္စများချုပ်ပါက၊ ဝါ- ယင်း အထက်ပါတရားများကို စိတ်ကူး စိတ်သန်၍ မပေါ် ပေါက်အောင် ကြိုးပမ်း၍ ပေါ်မလာတော့ပါက၊ ယင်းသည် အနုတ္တရဉာဏ် ဖြစ်လေ တော့သည်။ သဗ္ဗဓမ္မာအနုတ္တာဟူသော ပုဒ်အရ အနုတ္တဉာဏ်မည်၏ဟု ယူဆထားလေသည်။ တခြား လေ့လာစရာမှာ မဟာယာနဂိုဏ်း၌ အဓိကအားဖြင့် လေးဂိုဏ်း

ရှိ၏။ ယင်း ဂိုဏ်းတို့သည် နိဗ္ဗာန်နှင့် ပတ်သက်၍ အယူအဆ လေးမျိုး ရှိနေကြလေသည်။

ဝေဘာသိကဂိုဏ်း၊ သံသရာထင်ရှားရှိ၍ နိဗ္ဗာန်လည်း ထင်ရှားရှိသည်။

သုတ္တန္တိကဂိုဏ်း သံသရာထင်ရှားရှိ၍ နိဗ္ဗာန်ထင်ရှားမရှိ၊

ယောဂါစာရဂိုဏ်း သံသရာထင်ရှားမရှိ၊ နိဗ္ဗာန်ထင်ရှားရှိ။

မဇ္ဈိမိကဂိုဏ်း သံသရာလည်း ထင်ရှားမရှိ၊ နိဗ္ဗာန်လည်း ထင်ရှားမရှိဟူ၍ လေးဂိုဏ်းရှိ၏။ ယင်း ဂိုဏ်းတို့၏ နိဗ္ဗာန်နှင့် သံသရာကို သုံးသပ်မှုသည် အမှန်စင်စစ် အနတ္တကို သုံးသပ်ရာမှ စတင်ကွဲလွဲခြင်း ဖြစ်ပေလိမ့်မည်။ အထက်တွင် ကျွန်ုပ်တို့ လေ့လာခဲ့ကြသော အကြောင်းအရာများကို ပြန်လှန်သုံးသပ်ပါက၊ မည်သည့်မဟာယာနဂိုဏ်းကမျှ၊ အနိစ္စ၊ ဒုက္ခ၊ အနတ္တဟူသော လက္ခဏာ ယာဉ်ကို လည်းကောင်း၊ သင်္ခါရနှင့် သတ္တလောက တည်ဆောက်ပုံကို လည်းကောင်း၊ မပစ်ပယ်ကြချေ။ သို့ရာတွင် မဟာယာနဂိုဏ်းများသည် မူရင်း စကားလုံးများ၏ အဓိပ္ပါယ်များကို ပိုမိုကြံစည်သော အစဉ်အလာ ရှိကြ၏။

လို့ကြောင့်လည်း သူတို့က "မဟာယာနသည်အမြဲတမ်း ဆန်းနေရမည်၊ အမြဲဆန်းသစ်နေသည်" ဟု ကြွေး ကျော်ထားကြလေသည်။ ကျွန်ုပ်တို့အထက်တနေရာတွင် ယောဂါစာရဂိုဏ်း အကြောင်း သူတို့၏ရည်ရွယ်ချက်နှင့် သူတို့၏ နိဗ္ဗာန်အကြောင်း အနည်းအကျဉ်း လေ့လာမိခဲ့ကြ၏။ ယင်း ယောဂါစာရဂိုဏ်းသည် ဈာန်လမ်းကို အဓိကထား၍ ကျင့်ကြံကြလေသည်။ ဈာန်ကို စတင်တည်ဆောက်သူမှာ ဆရာတော် အရှင်အသင်္ဂ ဖြစ်

သော်လည်း နောက်ပိုင်း၌မူ၊ ဈာန်ဂိုဏ်းသည် ဂျပန်၌ အခြေတည်သွားလေသည်။ ဈာန်သည် သမထလုပ်ငန်းဖြစ်၏။ သမထသည် အကြားအမြင်ကို အဓိကအခြေခံ၍ အကြားအမြင်၌ပင် အဆုံးသတ်၏။ ရေပေါ်၌အိပ်နိုင်သည်။ သစ်ရွက်ပေါ်၌ အိပ်နိုင်သည်။ ကောင်းကင်၌ သွားနိုင်သည်ဟု ယုံကြည်ကြ၏။ ဗုဒ္ဓ၏ သမထနည်းအရ အကြားအမြင် ရကြောင်း ထေရဝါဒပါဠိပိဋကတ်များ၌ ဖော်ပြထားသည်ကိုတွေ့ရ၏။ ဈာန်ဂိုဏ်း သို့မဟုတ် ယောဂါဝစရဂိုဏ်းသည်လည်း အဓိကအားဖြင့် သမထကို အာရုံစိုက်ကြရလေသည်။ သမထကို စတင်အားထုတ်သူ ဆရာတော် အရှင်ဗောဓိဓမ္မသည် အလွန်တန်ခိုးအာနုဘော်ရှိကြောင်း၊ မဟာယာနသာသနာ ကျမ်းရေးဆရာဒေသ၌ အောက်ပါအတိုင်း၊ပြောစမှတ်ပြုကြလေသည်။ ဆရာတော် ဗောဓိဓမ္မသည် တရားကျင့်ရာ၌ အိပ်သည့်အချိန်ဟူ၍ပင် မသတ်မှတ်၊ တရားကျင့်ရာ၌ အိပ်ပျော်သွားမည်ကို စိုးရိမ်သောကြောင့် မိမိမျက်ခွံကို လှီးဖြတ်ပစ်သည်။ ထို မျက်ခွံမှ နောင်တွင် လဘက်ပင် ပေါက်လာသည်ဟု ဂုဏ်ပြုချီးကျူး ပြောဆိုလေ့ရှိကြသည်။

ယောဂါဝစရ (ဈာန်ဂိုဏ်း) မှ သက်ဆင်းသည့် လား မား ဂိုဏ်းတို့သည်မူ အကျင့်ကို ကျင့်ခြင်းထက် ဂါထာမန္တရား မန်းမှုတ်မှု၌ ပို၍ ဝါသနာထုံလာကြပြီး၊ တန္တရ၊ မန္တရ အလုပ်ကို အဓိကထားလာကြ၏။ တရံရောအခါ ဒိန္နာဂ အမည်ရှိသော ရဟန်းတော်တပါး ရှိခဲ့၏။ သူသည် ဥယျာဉ်အတွင်း ပေါက်ရောက်နေသော ခြောက်သွေ့နေသည့် ဖန်ခါးပင်ကြီးကို မန်းမှုတ်ရာ (၇) ရက်အတွင်း စိမ်းလန်းစိုပြေသွား၏။

ကျွန်ုပ်တို့ နောက်ထပ် အကျဉ်းအားဖြင့် လေ့လာရမည့် အချက်မှာ သုညတာ၊ အမတ၊ အသခ်ိတ၊ သခ်ိတ၊ နိဗ္ဗာန ဟူသော စကားနှင့် ပတ်သက်၍ ထေရဝါဒများက နားလည် ထားသော အဓိပ္ပါယ်နှင့် အနည်းငယ်ကွဲလွဲခြင်းအကြောင်းပင် ဖြစ်၏၊ သုညသည် အဘာဝမျိုး မဟုတ်မူဘဲ– ဝစီဗေဒဖြင့် ပြောပြ၍ မဖြစ်နိုင်သော မြင့်မြတ်သည့် သဘောတရား ပရမတ္ထသစ္စာကို သုညဟု ခေါ်ဝေါ်ကြလေသည်။ သုညသည် အမှန်စင်စစ်အားဖြင့် အဘာဝအမျိုးအစား မဟုတ်ချေ၊ ဘာဝ ဖြစ်ခြင်း၏ ဆန့်ကျင်ဘက်သည် အဘာဝ မဖြစ် ထွန်းခြင်း ဖြစ်၏။

သို့ရာတွင် သုည၌မူဆန့်ကျင်ဘက်ဟူ၍ မရှိရကား သုညသည် အဘာဝမဟုတ်ကြောင်း ထင်ရှားလေတော့သည်။ သုညသည် အဘာဝအမျိုးအစား အဘယ့်ကြောင့် မဟုတ်သနည်း ဟူမူ၊ သုညသည် ပရမတ္ထဓမ္မကိုသာ ငဲ့ခြင်းသဘောရှိပြီး အဘာဝကို သော် လည်းကောင်း၊ ဘာဝကို သော် လည်းကောင်း၊ ငဲ့ခြင်းသဘော မရှိသောကြောင့်တည်း။ ထို့အပြင် သခ်ိတ အသခ်ိတဟူသော အမည်များကို ထေရဝါဒများက ပြုပြင် ခြင်း၊ ပြုပြင်မှုကြောင့် ဖြစ်ပေါ်ခြင်း၊ မပြုပြင် ပင်ကိုယ် သဘောဟူ၍ ဖွင့်ဆိုထားကြကုန်၏။ မဟာယာန ဂိုဏ်းများကမူ အကြောင်းနိမိတ်ဟူ၍ ယူဆကြလေသည်။ ကာမဓာတ်၊ ရူပ ဓာတ်နှင့် အရူပဓာတ်တို့၏ ဖြစ်ရာ အခြေခံသဘာဝသည် သခ်ိတ မည်၏ဟု ဆိုထား၏။ ဆိုလိုသည်မှာ၊ ရုပ်နာမ်တို့၏ ဖြစ်ခြင်းကို

ဖန်တီးတတ်သော အခြေခံအကြောင်းမှာ သင်္ခတဖြစ်၏ဟု ဆိုလိုရင်း ဖြစ်၏။

အသင်္ခတ ဆိုသည့် ကား၊ သင်္ခတ၏ ဆန့်ကျင်ဘက် တရားသည် အသင်္ခတမည်၏။ ဆိုလိုသည်မှာ၊ ရုပ်နာမ်ဓမ္မများ ဖြစ်ပေါ်လာရန် အကြောင်းနိမိတ် အခြေခံမဟုတ်သော တရားစုသည် အသင်္ခတမည်၏ဟု ဆိုလို၏။

နိဗ္ဗာနဟူသော စကားကိုမူ၊ အေးငြိမ်းခြင်းသဘော ဟူ၍ပင် လက်ခံ ထားကြ၏။ သို့ရာတွင် တည်ထွင်ခြင်း၊ ကြံဆခြင်း၊ နောက်ထပ် တွေ့ရှိချက်ကို အစားထိုးခြင်း၊ အယူအဆ ဟောင်းများကို စွန့်လွှတ်ပစ်ခြင်း စသော အကြောင်းများ ကြောင့် ဗုဒ္ဓ၏ နိဗ္ဗာန်နှင့် ပတ်သက်သော အယူအဆအမျိုးမျိုး ခြားနားလာခဲ့ကြ၏ဟု ယခုခေတ် ပညာရှင်များက ယူဆထား ကြလေသည်။ မဟာယာနများကမူ ထေရဝါဒ ပိဋကတ်မှာ ဉာဏ်အမြင် နုသူများအတွက်ဖြစ်၍၊ ယင်းပိဋကတ်သည် ဘုရား ဟော ပိဋကတ်ပင် ဖြစ်သည်ဟု ပြောဆိုကြလေသည်။ မည်သို့ ဖြစ်စေ၊ မဟာယာနသည် ပြုပြင်ခြင်း၊အသစ်တည်ထွင်ခြင်းတို့ကို အခြေခံရာမှ ကွဲပြားလာခဲ့ခြင်းဖြစ်ရာ နိဗ္ဗာန်နှင့် ပတ်သက်၍ အယူအဆများသည် မိမိတို့ ဂိုဏ်းအလိုက် ခြားနားသွားကြခြင်း ဖြစ်၏။

ကျွန်ုပ်တို့ နောက်၌ လေ့လာခဲ့သော နိဗ္ဗာန်နှင့် ပတ်သက် သော အခြေခံ အချက်အလက်များအရ၊ နိဗ္ဗာန်သည် အမှန် တကယ် လိုလားအပ်သော တရားဖြစ်သည်ဆိုသော အချက်ကို လည်းကောင်း၊ ယင်းနိဗ္ဗာန်သို့ရောက်ရန် အရေးတကြီး လိုအပ်

သည် ဟူ၍လည်းကောင်း၊ မဟာယာန ဂိုဏ်းဝင်များ **အားလုံးက** တညီတညွတ်တည်း လက်ခံထားကြကြောင်း၊ နားလည်ကြရပေလိမ့်မည်။ ထို့အပြင် အနိစ္စ၊ ဒုက္ခ၊ အနတ္တဟူသော လက္ခဏာတရားစုများကိုလည်း မည်သည့် မဟာယာန ဂိုဏ်းများကမျှ မပစ်ပယ်ဟူ၍လည်း နားလည်ကြရ ပေလိမ့်မည်။ မဟာယာန ဂိုဏ်း၌ အဓိကအရေးတကြီး အချက်မှာ အကျင့်ဖြစ်၏။ အကျင့်ကို ကျင့်ရာ၌ ပထမ ဘုရားလောင်းကျင့်စဉ်ကို စတင် ကျင့်သုံးကြရ၏။ ယင်းဘုရားလောင်းကျင့်စဉ်၌ အဆင့် ၁၀-ဆင့် သတ်မှတ်ထား၏။

၁။ ။ပရမုဒိတာ။ ။ဝမ်းမြောက်ခြင်း၊ ကြေနပ်ခြင်း၊ ဆိုလိုသည်မှာ၊ ငါသည် သတ္တဝါများကို ကယ်မရတော့မည်ဟု ဝမ်းမြောက်ခြင်းသည် ဘုရားလောင်း ကျင့်စဉ်၏ ပထမဆုံးအဆင့်မည်၏။

၂။ ။ဝိမလာ။ ။ကိုယ်စိတ် သန့်ရှင်း စင်ကြယ်ခြင်း၊စိတ်သည် မကောင်းမှု အကုသိုလ်အလုပ်မှ ကင်းဝေးလာခြင်း၊ စိတ်ကြည်လင် လာခြင်း။

၃။ ။ပဘာကရီ။ ။သတ္တလောကကြီး၏ ပေါက်ပြန် ပျက်စီးနေပုံ၊ မတည်မြဲပုံ၊ သံသရာကျင်လည်ပုံ စသည်များကို မြင်ရတွေ့လာရသောဉာဏ်။

၄။ ။အာစိသမထိ။ ။၃၇-ပါးသော ဗောဓိပက္ခိယ တရားများ ပြည့်စုံလာခြင်း၊ အကုသိုလ်စိတ်များ ကင်းဝေးလာခြင်း။

၅။ ။သုဒုဇ္ဇယ။ ။သတ္တလောကသား အားလုံးကို မေတ္တာနှင့် ယှဉ်သောစိတ်ဖြင့် ပျံ့နှံ့၍ နေနိုင်လာခြင်း၊ ခဲယဉ်းသော

အောင်မြင်မှုကို ရရှိခြင်း၊ သစ္စာလေးပါးကို စတင် မြင်တွေ့လာခြင်း။

၆။ ။အဘိမုခီ။ ။ထိုးထွင်းသော နက်နဲသောတရားများကို တဖြည်းဖြည်း မြင်လာခြင်း၊ ပြလာခြင်း၊ သိလာခြင်း။

၇။ ။ဒုရင်္ဂမာ။ ။ဝေးစွာရောက်ခြင်း၊ သို့မဟုတ် ပါရမီကို ဖြည့်ခြင်း၊ အထက်တန်း ဉာဏ်အမြင်ကို ရရှိခြင်း၊ သိခြင်းပါရမီ ဆယ်ပါးကို ဖြည့်ခြင်း။

၈။ ။အစလာ။ ။မတုန်မလှုပ်ခြင်း၊ သည်းခံ နိုင်လာခြင်း။

၉။ ။သာဓုမတိ။ ။ကောင်းမွန်တော်တည့်သောအသိ ဖြစ်ပေါ်လာခြင်း၊ သတ္တဝါတို့၏ အကျိုးကို ဆောင်ရွက်နိုင်လာခြင်း။

၁၀။ ။ဓမ္မမေဃ။ ။တရားမိုး၊ လောကကိုတရားမိုးဖြင့် ဆွတ်ဖြန်းရွာသွန်းနိုင်ခြင်း၊ ဗောဓိဉာဏ်ကို ရခြင်း၊ ဘုရားလောင်းအဖြစ်သို့ ရောက်ရှိသွားခြင်း။

အထက်ပါ အကြောင်းအရာများကို လေ့လာပါက ထေရဝါဒ၌ရှိသော ဉာဏ်စဉ် ၁၀-ပါးဆိုသော အယူအဆမျိုးနှင့် ဆင်ဆင်တူနေကြောင်း တွေ့ရမည်ဖြစ်၏။ ကျင့်ပုံကျင့်နည်းနှင့် ပတ်သက်၍မူ၊ မဟာယာနသည် ဗြာဟ္မဏတို့၏ ရှေးဟောင်းအယူအဆဖြစ်သော ဋ္ဌရိယာပုတ် မပြောင်းရွှေ့ခြင်းကို ပိုမို နှစ်သက်ဟန် ရှိ၏။ တရားကျင့်သော ယောဂီတို့၏ စိတ်အစဉ်ဖြစ်ပုံ၊ စိတ်ကူးစိတ်သန်နှင့် ယင်း ယောဂီတို့၏ လုပ်နည်းလုပ်ဟန်များကို အထက်၌ တွေ့ရမည်ဖြစ်၏။ ဆိုလိုသည်မှာ ယောဂီ၏ အကျင့်တရားကို အခြေခံ၍ စိတ်အစဉ်သည် ပြောင်းရွှေ့လာမည်ဖြစ်၏။ စိတ်ပြောင်းရွှေ့လာမှုကြောင့် အလုပ်တရားသည်လည်း ပြောင်း

လာမည်ဖြစ်၏။ ဥပမာ ယောဂီသည် စတင် တရားကျင့်စဉ်က ငါသည် တရားကျင့်တော့မည်။ သတ္တဝါများကို ကယ်ချွတ်ရ တော့မည်ဟု စိတ်ကူးခဲ့သော်လည်း တရား ပြည့်ဝလာသည်နှင့် အမျှ စိတ်ကြည်လင်လာခြင်း၊ အကုသိုလ်စိတ်များ ကုန်လွန်လာ ခြင်း၊ပါရမီ ၁၀-ပါးကိုဖြည့်ကျင့်လိုလာခြင်း၊ဖြည့်ကျင့်လာခြင်း၊ စသည် ဖြစ်ပေါ်လာမှုသည် ယောဂီ၏ စိတ်ကူးစိတ်သန် တိုး တက် အားကောင်းမှု အပေါ်၌ အခြေခံနေကြောင်း နားလည် ကြရပေလိမ့်မည်။ ယင်းသို့ တဖြည်းဖြည်း ကျင့်ဆောင်လာခဲ့ရာ နောက်ဆုံး ဘုရားလောင်းများစံရာ နိဗ္ဗာန်သို့ ရောက်ရှိသွားလေ တော့သည်။ ထို့နောက် ဘုရားလောင်းများစံရာ နိဗ္ဗာန်မှ အခါ အားလျော်စွာ လူ့ပြည်သို့ သက်ရောက်၍ သတ္တဝါများကိုကယ် ချွတ်လေတော့သည်။ ယင်းသို့လျှင် ဘုရားလောင်းများသည် ကျင့်စဉ် ၁၀-မျိုးကို ရရှိအောင်၊ ကျင့်စဉ် ၁၀-မျိုးနှင့် ပြည့် စုံအောင် အားထုတ်ကြလေသည်။

ကိုယ်ကျင့်တရားနှင့် စပ်လျဉ်း၍မူ၊ ထေရဝါဒက ပါရမီ (၁၀)ပါးဟူ၍ ပြဆို၏။ သို့ရာတွင် မဟာယာနက ပါရမီ ၆- ပါးသာ လာသည်။ (၁) ဒါန၊ (၂) သီလ၊ (၃) ခန္တီ၊ (၄) ဝီရိယ၊ (၅) ဈာန၊ (၆) ပညာဟူ၍ ဖြစ်လေသည်။

(နိက္ခမ၊ သစ္စာ၊ မေတ္တာ၊ အဓိဋ္ဌာန်၊ ဥပေက္ခာ၊ငါးပါးမပါ။ ဈာန သည်မဟာယာန၌ပါ၍-ထေရဝါဒ၌ မပါ)

သို့ဖြစ်၍ ကျွန်ုပ်တို့သည် မဟာယာန နိဗ္ဗာန်နှင့် ပတ်သက်၍ အကျဉ်းချုပ်လိုက်ပါက၊ နိဗ္ဗာန်ဟူသည် စာဖြင့် ရေးသား၍၊ သို့ မဟုတ် နှုတ်ဖြင့် မြွက်ဆို၍ မဖြစ်နိုင်သော၊ ကြီးကျယ် မြင့်မြတ်

သော သဘောသတ္တိ ရှိသည်။ ယင်း နိဗ္ဗာန်သို့ အကျင့်တရားဖြင့် သာရောက်ရှိနိုင်သည်။အဝိဇ္ဇာတကျော်ကို အခြေခံ၍ သတ္တလောက သားများသည် သံသရာ၌ ကျင်လည်နေကြသည် ဟူ၍ လည်း ကောင်း၊ နိဗ္ဗာန်သို့ သွားရာ၌ ယာဉ် ၃-မျိုးရှိသည်။ ယင်းယာဉ် ၃-မျိုးမှာ၊ သာဝကယာဉ်၊ ပစ္စေကာ ဗုဒ္ဓါယာဉ်၊ ဗုဒ္ဓါယာဉ် ဟူ၍ဖြစ်သည်။ သာဝကယာဉ်နှင့် ပစ္စေကာဗုဒ္ဓါယာဉ် ဆိုသည်မှာ ဘုရားလောင်းအကျင့်ကိုကျင့်၍ နိဗ္ဗာန်ရွှေပြည် (ဘုံဗိမာန်) သို့ရောက်ရှိသွားကြသည်။ဘုရားလောင်းများသည်သတ္တလောက သားများကို ကယ်ချွတ်ရန် အခါအားလျော်စွာ လူ့ပြည်သို့ သက်ဆင်း (လူလာဖြစ်) ကြသည်။ လူသတ္တဝါများကို တရား ဓမ္မများကို ဟောပြကြသည်။ နောက် ပရိနိဗ္ဗာန်ပြုကြပြန်သည်။ ဗုဒ္ဓယာဉ်မှာမူ-သို့မဟုတ် ဘုရားရှင် စင်စစ် ဖြစ်ပြီးသောအခါ၌မူ မည်သည့်အခါမျှ ပြန်ကြွမလာတော့သော သုညတာနိဗ္ဗာန်- အဘာဝ အဖြစ်သို့ ရောက်သွားသည်ဟူ၍ အကျဉ်းမှတ်သားကြရ ပေလိမ့်မည်။

ပြီးပါပြီ။

ကျမ်းကိုးများ

(၁) မဟာယာနဗုဒ္ဓဝင် ရှင်ဥက္ကဌ
(၂) နိဗ္ဗာန်ဝါဒသမိုင်း မာဃ
(၃) မြောက်ပိုင်းဗုဒ္ဓဘာသာ ဦးဘိုးကျား
မဟာယာနဂိုဏ်း

(၄) Buddhism in Chinese History
by F. wright
(၅) A. History of Chinese Phlosophy
by Tunang Yu-Lan

# အမှားပြင်ဆင်ချက်

| မျက်နှာ | ကြောင်းရေ | အမှား | အမှန် |
|---|---|---|---|
| ၁၇ | ၁ | လောဘ ဒေါသ မောဟဖြင့် | လောဘ ဒေါသ မောဟ တို့ဖြင့် |
| ၂၀ | ၂ | ထင်မြင်ယူဆသော | ထင်မြင်ယူဆကာ |
| ၂၁ | ၂ | ရဟန်းများသို့ | ရဟန်းများအား |
| ၂၂ | ၄ | အားကိုးရာအစစ်<br>အရဟတ္တဖိုလ်ကို | အားကိုးရာ အစစ်ဖြစ်သော<br>အရဟတ္တဖိုလ်ကို |
| ၃၃ | ၂ | မှာကြားထားခဲ့သဖြင့် | မှာကြားထားခဲ့ သော |
| ၄၁ | ၇ | ယင်းတို့သည် | ယင်းတို့ကို |
| ၄၅ | ၃ | ဝိစိကိစ္စ | ဝိစိကိစ္ဆာ |
| ၄၆ | ၁ | ပဋိလုံဖြင့် | ပဋိလုံအားဖြင့် |
| ၄၇ | ၁၂ | သေသွားရမည် | သေသွားရမည်ဟု |
| ၄၉ | ကျမ်းကိုး | သင်္ဂဳဟကာများ | သင်္ဂဳဟဋီကာများ |
| ၅၀ | ၁ | ဥစ္စာဖြင့် | ဥစ္စာ၌ |

| မျက်နှာ | ကြောင်းရေ | အမှား | အမှန် |
| --- | --- | --- | --- |
| ၅၂ | ၁ | ကျွန်ုပ် ပတ်ဝန်းကျင် | ကျွန်ုပ်တို့ ပတ်ဝန်းကျင် |
| ၅၂ | ၃ | သတ္တိစွမ်းအင်ရှိ | သတ္တိစွမ်းအင်လည်းရှိ |
| ၅၃ | ၁ | သွားအိမ်ဖြင့် | သွားအိမ်၌ |
| ၅၃ | ၅ | အချိန်အခါ၌ | အချိန်အခါနှင့် |
| ၅၄ | ၃ | ဗုဒ္ဓအဘိဓမ္မာအရသည် | ဗုဒ္ဓအဘိဓမ္မာသည် |
| ၅၅ | ၃ | ဘူတလေးမျိုး | ဘူတရုပ်လေးမျိုး |
| ၅၈ | ၃ | သံသရာလည်မှုသည် | သံသရာလည်မှုသည် |
| ၆၅ | ၄ | အကျင့်များဖြင့် | အကျင့်များကို |
| ၈၃ | ၄ | ဖြစ်ကြောင်းနှင့် | ဖြစ်ကြောင်း |
| ၈၅ | ၂ | ကျွန်ုပ်နားလည် | ကျွန်ုပ်တို့နားလည် |
| ၈၇ | ၁ | သမုဒယသစ္စာနှင့်<br>နိရောဓသစ္စာနှစ်မျိုးသည် | သမုဒယသစ္စာနှင့်<br>ဒုက္ခသစ္စာနှစ်မျိုးသည် |

| မျက်နှာ | ကြောင်းရေ | အမှား | အမှန် |
|---|---|---|---|
| ၁၀၀ | ၂ | ယခု ပစ္စက္ခတ်၌ | ယခု ပစ္စက္ခ၌ |
| ၁၀၈ | ၆ | ပတာတဗ္ဗ | ပဟာတဗ္ဗ |
| ၁၁၀ | ၉ | ပုနပ္ပဝ | ပုနဗ္ဘဝ |
| ၁၂၂ | ၂ | ထေရဝါဒများကို | ထေရဝါဒများက |
| ၁၃၁ | ၁ | အတွိတဘွင် | အတီတဘွင် |
| ၁၃၃ | ၇ | လူကား | မူကား |
| ၁၃၅ | ၁ | သံသေဇ | သံသေဒဇ |
| ၁၄၁ | ၁ | လူတဦး၏ | လူတဦးစီ၏ |
| ၁၈၈ | ၁၅ | ဒိဟိတိ | ဒွိဟိတိ |
| ၂၂၆ | ၁၅ | အဖြစ်အပျက်မျာ | အဖြစ်အပျက်များ |
| ၂၃၂ | ၁၉ | ကင်္ခါဝိတရကာ | ကင်္ခါဝိတရဏာ |
| ၂၃၅ | ၅ | သင်္ခါဝိတရကာ | ကင်္ခါဝိတရဏာ |
| ၂၃၈ | ၂၀ | အပြန်အလှန်သတော | အပြန်အလှန်သဘော |
| ၂၄၀ | ၄ | မဂ္ဂါမဂ္ဂဉာကာဒဿန | မဂ္ဂါမဂ္ဂဉာဏဒဿန |

| မျက်နှာ | ကြောင်းရေ | အမှား | အမှန် |
|---|---|---|---|
| ၂၄၁ | ၃ | ဩကာသ | ဩဘာသ |
| ၂၄၀ | ၁၂ | = နိက္ခန္တိ = ငြိမ်သက်ခြင်း။ | နိက္ခန္တိ = နှစ်သက်ခြင်း။ |
| ၂၅၅ | ၇ | တွေ့ခဲ့ကြသည်၊ | တွေ့ခဲ့ကြသည်ကို |
| ၂၅၈ | ၁ | မဟိဒ္ဓတံရပ | ဗဟိဒ္ဓတရား |
| ၂၆၁ | ၃ | နောက်ဘဝသည် | နောက်ဘဝ |
| ၂၇၃ | ၃ | ထင်ရှားကုန်လတ်သော | ထင်ရှားကုန်လတ်သော် |
| ၂၈၀ | ၂ | လောကဏယ်တင်ရန် | လောကကိုကယ်တင်ရန် |
| ၂၈၂ | ၁၁ | ရွတ်နေလျှင် | ရွတ်ဘက်နေလျှင် |

F–9 စာမျက်နှာနံပါတ် ၁၄၄-အဆုံးတွင် ၁၄၅ မှ ၁၆၀-နံပါတ်စဉ်အစား ၁၂၉-မှ ၁၄၄-ဟူ၍ ရိုက်နှိပ် မိရှိသွားသည်ကို ၁၄၅-မှ ၁၆၀-ဟူ၍ ပြင်ဆင် ဖတ်ရှုပါရန် မေတ္တာရပ်ပါသည်။

စာချ-စာသင် လက်သုံး

ဦးဝရာလင်္ကာရ (ဓမ္မာစရိယ၊ စာချ) ပြုစုသော

# သဒ္ဒါကြီးနိဿယံ ပထမပိုင်း

ထွက်နေပြီ

အလိုရှိသော ရဟန်း သာမဏေများ ပြား ၅၀ တန် တံဆိပ်ခေါင်း
အပိုထည့်၍ စာပေါ်လျှင် တအုပ်ကျစီ အလှူခံနိုင်ပါသည်။

မြသန္တာစာပေဖြန့်ချိရေး
ကျိုက္ကဆံအရှေ့ပိုင်း ဆ/၁ ရပ်ကွက်၊ သင်္ဃန်းကျွန်း၊ ရန်ကုန်မြို့၊

မှတ်ချက်။ ။မကြာမီ သဒ္ဒါကြီးနိဿယံ အပြည့်အစုံ ထွက်မည်။

ဗုဒ္ဓခေတ်-

ဘုရားအကြောင်း၊ တရားအကြောင်း၊ သံဃာ အကြောင်း၊ လူ့ဥပသကာ အကြောင်း၊ အမျိုးသမီး ဥပသကာ အကြောင်း၊ တိတ္ထိတက္ကတွန်းတို့ အကြောင်း အပြည့်အစုံ

# ရှင်ရာဟုလာ

# ဗုဒ္ဓဝါဒနှင့် ဗုဒ္ဓသံဃာ

## ထွက်နေပြီ။

ဖြန့်ချိ (၁) ဝင်းမော်ဦးစာပေဖြန့်ချိရေး
အမှတ် ၅၀၁-ကုန်သည်လမ်း
ရန်ကုန်မြို့။

(၂) မတင်ထွေးယဉ်
အမှတ် ၅၀-
ရွှေတိဂုံဘုရားတောင်ဘက်မုခ်
ရန်ကုန်မြို့။

အနယ်နယ် အရပ်ရပ်မှ စာအုပ်ဆိုင်များမှာ မေးပါ။

— အဘိဓမ္မာကို အခြေခံကျကျ လေ့လာလိုသူများ

— အဘိဓမ္မာ သင်တန်းသားများ

— သက်ကြီး အဘိဓမ္မာသမားများအတွက်

( သက်ဆိုင်ရာမှ ခွင့်ပြုပြီး )

ရှင်ရာဟုလာ

# ဗုဒ္ဓဝါဒ အခြေခံအဘိဓမ္မာ

ထွက်ခါနီးပြီ

အကြားအမြင်နှင့်ပတ်သက်သော အမျိုးပေါင်း၊ နည်းပေါင်း ၁၀၀-ကျော် ပါဝင်သည်။

ဤစာအုပ်မျိုး မြန်မာပြည်မှာ တကြိမ်တခါမျှ မထွက်ပေါ်ဖူးသေး။ အရှေ့တိုင်းနည်း၊ အနောက်တိုင်းနည်း- စသည်

ရှင်ရာဟုလာ

ပိဋကတ်လာ

# စိတ်တန်ခိုးနှင့် အကြားအမြင်

မကြာမီထွက်မည်

မြသန္တာစာပေ ဖြန့်ချိရေး
ကျိက္ကဆံ အရှေ့ပိုင်း၊ ဆ/ခ ရပ်ကွက်၊ သင်္ဃန်းကျွန်း၊ ရန်ကုန်မြို့။

24